www.burmeseclassic.com




BURMESE CLASSIC .com

# မင်းလူ ငှက်ကလေး

စတုဋ္ဌအငြိမ်း

www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက်အမှတ် ၊ ၅၀၀၈၀၇၀၇၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၊ ၅၀၀၈၄၆၀၈၁၁

ပုံနှိပ်ခြင်း ၊ ပထမအကြိမ်၊ ၁၉၈၁၊ အောက်တိုဘာ
ဒုတိယအကြိမ်၊ ၁၉၉၀၊ စက်တင်ဘာ
တတိယအကြိမ်၊ ၂၀၀၂၊ ဖေဖော်ဝါရီ

ယခု ၊ စတုတ္ထအကြိမ်၊ ၂၀၁၁၊ စက်တင်ဘာ

ထုတ်ဝေသူ
ဦးစန်းမွန်အောင်(ငါတို့စာပေ)
75(ဃ)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံး
ထွန်းဝင်းအောင်

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးဇော်မြင့်ဝင်း
(ကာလာဇုန်ပုံနှိပ်တိုက်)

အုပ်ရေ
၅၀၀

**တန်ဖိုး** ၊ **၂၃၀၀ ကျပ်**

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅.၈၃
မင်းလူ
ငှက်ကလေး/မင်းလူ-ရန်ကုန်။
ငါတို့စာပေ။ ၂၀၁၁။ ၂၃၅ - စာ။
၁၃ စင်တီမီတာ x ၂၀ စင်တီမီတာ




မေမေသည် ပြတင်းဘောင်ပေါ်တွင် ယှက်တင်ထားသည့် လက်နှစ်ဖက်ပေါ်တွင် မေးတင်လျက် သီချင်းဆိုသည်။

ကိုယ်နှင့် မေမေအိပ်သော ခုတင်ခေါင်းရင်းတွင် ပြတင်းပေါက်ရှိသည်။ ညတိုင်ကျပြီဆိုလျှင် မေမေသည် ခုလိုပဲ သီချင်းဆိုတတ်သည်။ မေမေ သီချင်းဆိုသည်ကို ကိုယ်သည် အိပ်ရာပေါ်တွင် လှဲရင်းဖြစ်ဖြစ်၊ မေမေ့ဘေးမှာ ထိုင်၍ဖြစ်ဖြစ် နားထောင်နေတတ်၏။ ထိုအခါမျိုးတွင် မေမေ့မျက်နှာသည် ရွှင်ရွှင်ပျပျ မရှိ။ ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေတတ်သော မေမေ့မျက်နှာကို ကြည့်ပြီးလျှင် ဘာကြောင့်မှန်း မသိဘဲ မေမေ့ကို ကိုယ်သနားနေမိပါသည်။

အမှန်တော့လည်း မေမေသည် ဘယ်သောအခါမှာမှ ဟက်ဟက်ပက်ပက် ရယ်မောပျော်ရွှင်ခဲ့သည်မှ မရှိဘဲ။

ကိုယ်ကာယေစိတ်ထဲ၊ ဆွဲဆောင်တဲ့ နတ်တွေ

လာစေရန် စိတ်ကို နှိုးလိုက်ပ၊ ရှိခိုးလို့တောင်းပန်...

မေမေဆိုသော သီချင်းများ၏ အဓိပ္ပာယ်ကို ကိုယ်တိတိကျကျ နားမလည်ပါ။ ရှေးသီချင်းများပင် ဖြစ်လိမ့်မည် ထင်ပါသည်။ ကြားနေကျဖြစ်သောကြောင့် သီချင်းစာသား တချို့ကို မှတ်မိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



*ညဥ့်သုံးယံအခါ… လေပြေလာ… လေပြေလာ… လို့… ရွှေရင်မှာ…။ မြစပယ်ငုံ…လလယ်ယုန်… ဆဆယ်ပုံပျက်ပါပေါ့ဘုရား…*

မေမေ့အသံသည် လွမ်းစရာကောင်းကြောင်းကို ကိုယ်သိသည်။ မေမေသည် ဖေဖေ့ကို လွမ်းနေခြင်း ဖြစ်လေသလားဟု တစ်ခါတစ်ခါ ကိုယ်တွေးမိသည်။ သို့သော်လည်း မေမေ ဘာကြောင့် လွမ်းမှန်း ကိုယ်နားမလည်နိုင်ပါ။ ဖေဖေသည် အဝေးတစ်နေရာသို့လည်း သွား၍ မနေပါ။ ညဥ့်နက်မှ ပြန်လာသည်က လွဲ၍ အိမ်ကို နေ့စဉ်ပြန်လာတတ်ပါသည်။

ဘာပဲဖြစ်ဖြစ်…

မေမေက 'ကိုယ်တော်ရေ… တွေးရခက်ကြီး'ဟု ဆွဲဆွဲငင်ငင် ဆိုလိုက်သောအခါ ကိုယ် လိုက်ခဲ ဝမ်းနည်းသွားမိတတ်လေသည်။ ဘာကို ဝမ်းနည်းသွားမှန်းတော့ ကိုယ်မသိ။

*

ကိုယ့်ကိုယ်ကို 'ကိုယ်'ဟုသာ သုံးနှုန်းတတ်ပါသည်။

ထိုအကျင့်ကို ပေးခဲ့သူမှာ ဦးလေးမောင်မောင်ကြီး ဖြစ်ပါသည်။ ဦးလေးမောင်မောင်ကြီးသည် ဖေဖေ့သူငယ်ချင်းဖြစ်သည်။ ရန်ကုန်မှာ နေသည်။ အရောင်းအဝယ်လုပ်သည်ဟု ကိုယ် သိထားသည်။ ဘာတွေရောင်းသည် ဝယ်သည်ကိုဖြင့် ကိုယ် တိတိကျကျ မသိပါ။ ဖေဖေ့လုပ်ငန်းနှင့် ဆိုင်သော စက်ကိရိယာပစ္စည်းတွေလည်း ပါမည်ထင်သည်။ သူသည် ကိုယ်တို့မြို့ကို ရောက်ရောက်လာတတ်ပြီး ဖေဖေနှင့် စက်ပစ္စည်းတွေ အကြောင်း ပြောလေ့ရှိသည်။ ဖေဖေကလည်း တစ်ခါတလေ ဦးလေးမောင်မောင်ကြီးရှိရာ ရန်ကုန်သို့ ဆင်းသွားတတ်ပါသည်။

ဦးလေးမောင်မောင်ကြီးသည် လူပိန်သလောက် အသံကျယ်ပါသည်။ စကားပြောလည်း အလွန်ကောင်းပါသည်။ ဖေဖေကမူ 'မောင်မောင်ကြီးဟာ စကားသိပ်များလွန်းတယ်၊ ဒါကြောင့် ဒီကောင် မိန်းမ မရတာ'ဟု ပြောလေသည်။ သို့သော်လည်း ဦးလေးမောင်မောင်ကြီးကို ကိုယ် သဘောကျပါသည်။ သူ စကားပြောလျှင် ဘေးကနေ ငေးကြည့်နေရပါသည်။





သူပြောသောအကြောင်းတို့သည် နားထောင်၍ အလွန်ကောင်းပါသည်။ ကြယ်တွေ၊ လတွေ၊ ဂြိုဟ်တွေအကြောင်း၊ ယန်းကန်ပြားပျံအကြောင်းမှ စ၍ ပုံပြင်များ အထိ၊ သူပြောသော ပုံပြင်များသည်ပင် ကိုယ်ငယ်စဉ်က မေမေပြောတတ် သော ရွှေကျီးကန်းကြီးတို့၊ မြွေမင်းသားတို့လို မဟုတ်ချေ။ ရောမ ခေါမတိုင်းပြည်မှ မြင်းပြိုင်ပွဲများ၊ အနောရထာမင်းကြီးနှင့် သူ့ရဲကောင်းလေးယောက်၊ ကမ္ဘာကြီးကို အခြားဂြိုဟ်သားများက လာရောက်တိုက်ခိုက်ကြပုံ စသည်တို့ ဖြစ်သည်။

ဦးလေးမောင်မောင်ကြီးသည် သူ့ကိုယ်သူ 'ကိုယ်'ဟု သုံးနှုန်းတတ်ပါသည်။ ကိုယ် အလွန်သဘောကျသည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုလည်း 'ကိုယ်'ဟု ပြောတတ်လာခဲ့ခြင်း ဖြစ်လေသည်။

ဦးလေးမောင်မောင်ကြီးလာလျှင် ဖေဖေနှင့်သာ စကားပြောပါသည်။ ဖေဖေမရှိသော အခါကျမှ မေမေနှင့် စကားပြောသည်။ ဧည့်သည်တစ်ယောက်ကို ဖေဖေရော မေမေပါ အတူထိုင်၍ စကားပြောလေ့မရှိပါ။ ဖေဖေ့ ဧည့်သည်ဆိုလျှင် ဖေဖေနှင့်သာ စကားပြော၍ မေမေက အခန်းထဲ ဝင်နေတတ်သည်။ မေမေ့ဧည့်သည်လာလျှင်လည်း ဖေဖေက သူ့စာဖတ်ခန်းထဲ ဝင်၍ နေတတ်ပါသည်။ စာဖတ်ခန်းဆိုသည်မှာ ဖေဖေ့အိပ်ခန်းပင် ဖြစ်ပါသည်။

ကိုယ်ကမူ ဘယ်သူ့ဧည့်သည်လာသည်ပဲဖြစ်ဖြစ် ခပ်လှမ်းလှမ်းမှ နေ၍ သူတို့ပြောကြသော စကားများကို နားထောင်လေ့ ရှိပါသည်။

ဖေဖေနှင့် မေမေတို့သည် ဧည့်သည်လာသော အချိန်မှာမှ မဟုတ်။ သားအမိ သားအဖသုံးယောက်ထဲ ရှိနေသော အချိန်များတွင်လည်း စကားမပြောကြပါ။ ကိုယ်နှင့် မေမေ စကားပြောသည်။ ကိုယ့်နှင့် ဖေဖေ စကားပြောသည်။ ဖေဖေနှင့် မေမေ စကားမပြောကြပါ။ တစ်အိမ်ထဲမှာနေသော လူနှစ်ယောက်တို့ စကားမပြောကြခြင်းသည် ထူးဆန်းသည်ဟု ကိုယ်ထင်သည်။ ဖေဖေနှင့် မေမေတို့သည် ကိုယ့်ကို ဧည့်သည်လိုပင် တစ်ယောက်တစ်လှည့်စီ ဧည့်ခံသလို ဖြစ်နေသည်။ သို့သော်လည်း ကိုယ်သည် ဧည့်သည်တစ်ယောက် မဟုတ်ပြန်ပါ။ စဉ်းစားရ ခက်ပဲ ခက်လိုက်လှပါသည်။

*



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေသည် ကိုယ်ပိုင်စက်မှုလုပ်ငန်း လုပ်ပါသည်။ တွင်ခုံဟု ခေါ်ကြသော အလုပ်ဖြစ်သည်။ မော်တာတို့၊ ရေစုပ်စက်တို့၊ ဓာတ်မီးစက်တို့လည်း ပြင်သည်။ တစ်ခါတစ်ရံ ရန်ကုန်သို့ ဆင်းပြီး စက်ကိရိယာတွေ ဘာတွေ လေလံဆွဲသည်။ ပြင်ဆင်ပြီး ပြန်ရောင်းရာ တော်တော်ပိုက်ဆံရသည်ဟု ပြောသံ ကြားဖူးပါသည်။

မေမေသည် ကိုယ်တို့မြို့က ဆက်သွယ်ရေးစခန်းမှာ အလုပ်လုပ်ပါသည်။ လခလေးရာလောက် ရသည်ဟု ကိုယ်သိ၏။ ဘာရာထူးလဲတော့ တိတိကျကျ မသိပါ။

အိမ်မှာ ထမင်းချက်၊ အဝတ်လျှော်၊ အမှိုက်တွေ ဘာတွေ လှဲခြင်းတို့ကို ဆော်လီမားဆိုသော ကုလားမကြီးက လုပ်ပါသည်။ ဒါကလည်း ကိုယ့်အတွက် ပြဿနာတစ်ခုပဲ။

ကိုယ်သည် ဝက်သားတို့၊ အမဲသားတို့ကို အလွန်ကြိုက်သည်။ ဆော်လီမားကလည်း ဒီအသားတွေကို စေ့စေ့ပင် ကြည့်သူ မဟုတ်ပါ။ ကိုယ့်မှာ ကျောင်းရှေ့က တရုတ်ကြီးရောင်းသော အူမကြီးတို့၊ သွေးခဲတို့ကို တုတ်ဖြင့် ထိုး၍ ရောင်းသော 'ဝက်သားတုတ်ထိုး'ကိုပင် ငါးပြားဖိုး၊ ဆယ်ပြားဖိုး ဝယ်၍ အချဉ်ရည်ဖြင့် တို့စားရင်း ကျေနပ်ခဲ့ရသည်။

ဆော်လီမားသည် အသက်ကြီးပါပြီ။ ကိုယ့်ကိုလည်း ဂရုစိုက်ရှာပါသည်။ သို့သော်လည်း သူသည် တစ်နေကုန် မီးဖိုချောင်ထဲက ထွက်ရသည် မရှိပါ။ ထွက်ရသော အချိန်တွင်လည်း အဝတ်လျှော်၊ တံမြက်စည်းလှဲ စသည်ဖြင့် အားရသည်ပင် မရှိပါ။ ထို့ကြောင့် ကိုယ့်နှင့် ပတ်သက်လျှင် မနက် ထမင်းဘူးထည့်ပေးဖို့နှင့် ညနေကျောင်းက ပြန်လာလျှင် ထမင်းထည့်ကျွေးဖို့လောက်သာ ဂရုစိုက်နိုင်ရှာပါတော့သည်။

ကိုယ်တို့ကျောင်းသည် မနက်ရှစ်နာရီမှ ညနေသုံးနာရီထိ ကျောင်းတက်ရသည်။ မနက်ခုနစ်နာရီဆိုလျှင် ကိုယ်ကျောင်းသွားသည်။ ထိုအချိန်တွင် မေမေသည် အလုပ်သွားဖို့ ပြင်ဆင်နေတုန်း၊ ဆော်လီမားက မီးဖိုချောင်ထဲမှာ၊ ဖေဖေကတော့ အိပ်ရာမှပင် မနိုးသေးချေ။

ကိုယ်ကျောင်းက ပြန်လာသော အချိန်တွင် ဖေဖေရော မေမေပါ





အိမ်ပြန်မရောက်တတ်ကြပါ။ ဆော်လီမား ထည့်ကျွေးသော ထမင်းဟင်းကို စားပြီးလျှင် ကိုယ်တို့ ခြံဝင်းကလေး၏အပေါက်ဝမှ ခုံတန်းလျားမှာ ထိုင်၍ မေမေ့ကို စောင့်သည်။ မေမေသည် ငါးနာရီထိုးကာနီးမှ အိမ်ပြန်ရောက်တတ်သည်။ ရောက်ရောက်ချင်း မေမေ့နားသို့ မကပ်နိုင်သေးပါ။ မေမေ ရေမိုးချိုး၊ ထမင်းစားပြီးသောအခါကျမှ ကပ်ခွင့်ရတော့သည်။ ထိုအချိန်မှာ မှောင်စပင် ပျိုးနေပါပြီ။ ကိုယ့်အဖို့ တစ်နေ့တာ၏ အပျော်ရွှင်ဆုံး အချိန်များပင် ဖြစ်ပါသည်။

ညရှစ်နာရီလောက်ဆိုလျှင် မေမေသည် ပြတင်းဘောင်ပေါ်သို့ မေးတင်ပြီးလျှင် အရင်သီချင်းများကို ဆိုပြန်သည်။ ကိုယ်သည်လည်း သီချင်းကို နားထောင်ရင်းက မေမေ့ကို သနားနေပြန်သည်။ သနားရင်းကပင် ကိုယ် အိပ်ပျော်လေသည်။

မေမေဆိုသော သီချင်းများသည် ကိုယ့်ကို ချော့သိပ်သော သီချင်းများ မဟုတ်နိုင်ပါ။ ကိုယ့်ကို ချော့သိပ်တာဆိုလျှင် မေမေသည် ကိုယ့်တင်ပါးကိုပုတ်၍၊ ပုတ်၍ သီချင်းဆိုရမည် မဟုတ်လား။ ငယ်ငယ်တုန်းက ထိုကဲ့သို့ ချော့သိပ်ခံခဲ့ရဖူးသည်ဟု ရေးတေးတေး မှတ်မိသည်။

ညဘက်ဆိုလျှင် ကိုယ် အိပ်ပျော်သွားသည်ထိ ဖေဖေသည် ပြန်ရောက်မလာတတ်ချေ။

စနေနေ့များတွင် မေမေရုံးမှ အစောကြီးပြန်ရောက်သည်။ ကိုယ်တို့ ကျောင်းကမူ စနေနေ့ မပိတ်သောကြောင့် ကိုယ် ကျောင်းက ပြန်လာမှပင် မေမေ ပြန်ရောက်နေသည်ကို တွေ့ရသည်။ ဖေဖေကတော့ စနေနေ့တွင်လည်း အိမ်ပြန်နောက်ကျမြဲ။

တနင်္ဂနွေနေ့များသည် ကိုယ့်အတွက် အပျော်ဆုံးနေ့များပင် ဖြစ်ပါသည်။ ဖေဖေအိပ်ရာမှ နိုးသည်ထိ ကိုယ်စောင့်နေနိုင်သည်။ ဖေဖေနှင့် ထမင်းတူတူ စားခွင့်ရသည်။ ထမင်းစားရင်း ဖေဖေနှင့် ကိုယ် စကားအနည်းငယ်လောက် ပြောဖြစ်လေ့ရှိသည်။ တစ်ခါတလေလည်း ဖေဖေက သူ့ဘာသာ ဘာတွေစဉ်းစားနေမှန်း မသိသောကြောင့် မပြောဖြစ်။ ထိုအချိန်တွင် မေမေသည် ထမင်းစားခန်းထဲ၌ မရှိ။ သူ့အခန်းထဲမှာပင် ဝင်နေတတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထမင်းစားပြီးလျှင် ဖေဖေသည် သူ့အလုပ်ရှိရာသို့ သွားလေတော့သည်။ ဖေဖေ့အလုပ်သည် ကိုယ်ပိုင်အလုပ် ဖြစ်သောကြောင့် တနင်္ဂနွေနေ့တွင်လည်း နားလို့ မဖြစ်ဟု ဖေဖေက ပြောဖူးပါသည်။

ဖေဖေသွားသောအခါမှ မေမေ သူ့အခန်းထဲက ထွက်လာသည်။ ထိုအခါတွင် မေမေနှင့် ကိုယ် စကားတွေ ပြောကြပြန်သည်။ တစ်နေ့လုံး ညအိပ်ခါနီးထိ။ ဖေဖေကတော့မူ ထုံးစံအတိုင်း ကိုယ် အိပ်ပျော်သွားပြီးသော အချိန်ကျမှပင် ပြန်လာလိမ့်မည် ထင်ပါသည်။

*

ကိုယ့်မှာ နားမလည်နိုင်သော ကိစ္စတွေနှင့်သာ ခဏ ခဏကြုံရသည်။

မေမေ့ပြောစကားအရဆိုလျှင် ကိုယ်သည် အလွန်တတ်သိနားလည်သော ကလေးတဲ့။ ဆယ့်နှစ်နှစ်သား ဆိုပေမယ့် ဆယ့်လေးငါးနှစ်သားတွေ ပြောတတ်သော စကားမျိုးတွေ၊ အတွေးမျိုးတွေ ပြောတတ်၊ တွေးတတ်လို့ဟု ဆိုပါသည်။ မေမေ ပြန်ပြောပြတာ တစ်ခုရှိသည်။

ကိုယ် နှစ်နှစ်သားလောက်တုန်းက ထမင်းဆာသောကြောင့် အရမ်းငိုသည်။ ထမင်းကလည်း မကျက်သေး။ ထို့ကြောင့် မေမေက ကိုယ့်ကို ချီပြီး ပြတင်းပေါက်နားမှာ ရပ်၍…

'*ဖိုးလမင်းကြီးရေ… ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ပေးပါ*' လို့ ပြောသည်။ ထိုအခါ ကိုယ်က ချက်ချင်းအငိုရပ်လိုက်ပြီး…

'ထမင်းက ဖိုးလမင်းဆီမှာ တောင်းလို့ မရဘူး၊ မီးဖိုထဲမှာ သွားယူမှ ရမှာ'

ဟု ပြန်ပြောသည်တဲ့။ သားက သိပ်စကားတတ်တာဟု မေမေ ပြောသည်။

ဘာပဲဖြစ်ဖြစ် ကိုယ် နားမလည်တာတွေ ရှိနေသည်တော့ အမှန်ပါ၊ ကိုယ်သည် ကိုယ့်အရွယ်နှင့် မဆိုင်သော ကိစ္စတွေကို သိချင်နေသောကြောင့် နားမလည်ခြင်း ဖြစ်နိုင်သည်။ ဒီလို သိချင်နေသောကြောင့်ပင် ကိုယ်သည်





အရွယ်နှင့်မလိုက်အောင် သိတတ်ခြင်း ဖြစ်ချင် ဖြစ်ပါလိမ့်မည်။ အို… စဉ်းစားရင်းကပင် ရှုပ်ကုန်ပြန်ပါပြီ။

အိမ်ကို လာလည်တတ်သော ဧည့်သည်များအကြောင်းကို ပြောပြချင်ပါသည်။

ဦးလေးမောင်မောင်ကြီးကတော့ ကိုယ့်အကြိုက် ဖြစ်သောကြောင့် ထွေထွေထူးထူး ပြောစရာ မရှိပါ။ သူလာလျှင် ကိုယ် ပျော်ပါသည်။ ဖေဖေနှင့် ကိုယ် ပြောချင်သော စကားမျိုးကို သူနှင့် ပြောခွင့်ရသောကြောင့် ဖြစ်ပါသည်။

တချို့ ဧည့်သည်တွေကိုကျတော့ ကိုယ် မကျေနပ်ပါ။ အထူးသဖြင့် မေမေ့ဆီလာသော မိန်းမကြီးတွေ။ သူတို့သည် အလွန်အကြွားသန်ကြသည်ဟု ကိုယ် ထင်သည်။ အိမ်ကို လာပြီဆိုလျှင် သူတို့ဝယ်ထားသော ပစ္စည်းအသစ်တွေ ယူလာပြသည်။ သူတို့၏ သားသမီးတွေ အလွန်စာတော်ကြောင်း ပြောပြကြသည်။ အမှန်တော့ သူတို့ပြောတာ မဟုတ်ကြောင်း ကိုယ် သိတာပေါ့။ တချို့ကောင်တွေဆိုလျှင် ကိုယ်တို့အတန်းထဲမှာ ဘိတ်ချိုးကနေတဲ့ ကောင်တွေပဲ။

ပြီးတော့လည်း သူတို့ ယောက်ျားကြီးတွေက သူတို့ကို ကြောက်ရကြောင်း ပြောတတ်သည်။ ဒီလို စကားမျိုးတွေ ပြောပြီဆိုလျှင် မေမေ့မျက်နှာကို ကိုယ်သတိထား၍ ကြည့်မိသည်။ မေမေသည် သူတို့ ပြောနေသည်ကို ခေါင်းတညိတ်ညိတ် နားထောင်နေသော်လည်း သေသေချာချာမှ ကြားပါရဲ့လား မသိ။ သူတို့ကို ကြည့်နေသော်လည်း တကယ်မှ သူတို့ကို မြင်ပါရဲ့လား မသိ။ ကိုယ့်စိတ်အထင် ပြောရခြင်း ဖြစ်လေသည်။ အဘယ်ကြောင့်ဆိုသော် တစ်ခါတလေ သူတို့က ပြောနေရင်းက မေမေ့ကို တစ်ခုခုမေးသောအခါ မေမေက 'ဟင်… ဘာလဲ၊ ဘာကိုလဲ' ဟု ပြန်ပြန်မေးရတတ်သည်ကို ခဏခဏ တွေ့ဖူးသည်။

ကိုယ် သိပ်သဘောမကျသူ တစ်ယောက် ရှိသေးသည်။ မေမေက လှစ်ဟု ခေါ်၍ ကိုယ်က အန်တီလှူးဟု ခေါ်သော မိန်းမကြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့နာမည်ရင်းကိုတော့ ကိုယ် မသိချေ။ သူကျတော့ တစ်မျိုးဖြစ်သည်။ တခြားသူတွေလို အကြွားတော့ မသန်ပါ။ အရယ်သန်လွန်းသည်။ အမှန်မှာ နေရာတကာတွင် သူ့အမူအရာ ပိုလွန်းသည်ဟု ထင်သည်။ သူ့ကို ကြည့်ရသည်မှာ တခြားရိုးရိုးလူတွေနှင့် မတူဘဲ ရုပ်ရှင်မင်းသမီးနှင့် တူသည်ဟု ကိုယ် ထင်သည်။

အန်တီလူးမှာ ယောက်ျားရှိပုံ မရချေ။ ဘာလို့ဆို ဖေဖေက သူ့ကို တစ်ခါတလေ ဦးလေးဦးမောင်မောင်ကြီးနှင့် စလေ့ရှိသောကြောင့် ဖြစ်ပါသည်။ သို့သော်လည်း သူသည် အပျိုမဟုတ်ဘူးတဲ့။ တစ်ခုလပ်ဟု ပြောသံကြားဖူးသည်။ တစ်ခုလပ် ဆိုသည်မှာ ယောက်ျားနှင့် ကွဲနေတာဖြစ်ဖြစ်၊ ယောက်ျားသေသွားတာဖြစ်ဖြစ် တစ်ခုခု ဖြစ်လိမ့်မည်ဟု ထင်သည်။ သူရယ်၊ ဦးလေးဦးမောင်မောင်ကြီးရယ်၊ ဖေဖေရယ်က သူငယ်ချင်းတွေ။ ပြီးတော့ သူက မေမေနှင့်လည်း သူငယ်ချင်းဖြစ်ဖူးသည်။ သူအောင်သွယ်ပေးသောကြောင့် ဖေဖေနှင့်မေမေ ရကြတာဟု တစ်ခါက သူ ကိုယ့်ရှေ့မှာ ပြောဖူးပါသည်။

အန်တီလူးသည် အင်္ဂလိပ်လို သိပ်ပြောချင်တတ်လေသည်။ အဲဒါကိုလည်း ကိုယ် သိပ်သဘောမကျပါ။ ကိုယ့်မှာက သိချင်နေတာတွေများလှသည်။ သိချင်သမျှ အားလုံးကိုလည်း သူတို့ကို မမေးရဲ။ တချို့ကိစ္စများကို မေးသောအခါ သူတို့က 'မသိချင်ပါနဲ့ကွာ'၊ 'မင်းနားလည်မှာမဟုတ်ပါဘူး'၊ 'ကိုယ်နဲ့ မဆိုင်တာတွေ မမေးရဘူးလေ သား' စသည်ဖြင့် ပြောတတ်ကြပါသည်။ ဒီတော့ သူတို့ စကားပြောနေလျှင် ခပ်လှမ်းလှမ်းမှနေ၍ ကိုယ်သိချင်သော ကိစ္စပါမပါ နားထောင်ကြည့်ရသည်။ ဒီလိုနှင့် ကိုယ် သိခဲ့ရတာတွေလည်း ရှိသည်။

အန်တီလူးကျတော့ နားထောင်လို့ ကောင်းနေတုန်းကျမှ အင်္ဂလိပ်လို ပြောင်းပြောင်း၍ ပြောတတ်သည်။ သူပြောသော အင်္ဂလိပ်စကားများထဲတွင် ခဏခဏ ပါတတ်သော 'ယော်ဟာပ်စဘင်း' ဆိုသော စကားတစ်ခွန်းကို ကိုယ် နားလည်၏။ 'မင်းယောက်ျား' ဟု မေမေ့ကိုပြောခြင်း ဖြစ်သော





ကြောင့် ဖေဖေ့အတင်းပြောတာဟု ကိုယ်သိသည်။ ကိုယ် နားမလည်အောင် အင်္ဂလိပ်လို ပြောခြင်းသည် ဖေဖေ့မကောင်းကြောင်းပြောခြင်း ဖြစ်ရမည်။ မေမေသည် အန်တီလူးနှင့်ဆိုလျှင် ပို၍ စကားများများ ပြောလေ့ရှိသည်။ မေမေကိုယ်တိုင်ကပင် ဖေဖေ့အတင်းကို ပြောသော စကားများကို ဘာကြောင့် ကောင်းကောင်းမွန်မွန် နားထောင်ရတာလဲ၊ ဘာဖြစ်လို့ကော ပြန်ပြန်ပြီး ပြောရတာလဲ၊ မေမေသည် ဖေဖေ့ကို မချစ်ဘူးလား။

ဖေဖေသည်လည်း ဦးလေးမောင်မောင်ကြီးနှင့် တွေ့လျှင် မေမေ့အတင်းကို ပြောမည်လား မသိပါ။ ဒီလိုဆိုလျှင် ဖေဖေကကော မေမေ့ကို မချစ်ဘူးလား။ ကိုယ်ကမူ ဖေဖေ့ကိုရော မေမေ့ကိုရော ချစ်ပါသည်။ ဖေဖေနှင့် မေမေတို့သည်လည်း တစ်ယောက်ကို တစ်ယောက် ချစ်စေချင်ပါသည်။

အန်တီလူးကို ကိုယ်မကြိုက်တာ တစ်ခုရှိသေးသည်။ တစ်ခါတလေကျလျှင် သူသည် ကိုယ့်ကို သူ့ပေါင်ပေါ် ဆွဲတင်ပြီး 'အိုး··· ဗဲရီးပူးဝါး' ဟု ညည်းသလို ပြောတတ်ပါသည်။ စဉ်းပဲ စဉ်းစားကြည့်ပါဦး။ ဗဲရီးပူးဝါးဆိုတာ သိပ်ဆင်းရဲတယ်လို့ ပြောတာမဟုတ်လား။ ကိုယ့်ဖေဖေသည် ကားမရှိသော်လည်း ဆင်းရဲသားမဟုတ်ဟု ကိုယ်ထင်သည်။ ပြီးတော့ မေမေကလည်း အလုပ်က ပိုက်ဆံရသေးသည်။

ကိုယ် တီချာမေကို ပြန်မေးကြည့်သည်။ အန်တီလူးက ဒီလိုပြောကြောင်း မေးခြင်းမဟုတ်ပါ။ အင်္ဂလိပ်ကားထဲမှာ ကြည့်ရသလိုလို လုပ်ပြီး မေးကြည့်ခြင်း ဖြစ်သည်။ တီချာမေက 'ဗဲရီးပူးဝါးဆိုတာ သိပ်ဆင်းရဲတယ်ဆိုတဲ့ အဓိပ္ပာယ်တစ်ခုတည်း မဟုတ်ဘူး၊ သိပ်သနားစရာကောင်းတယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ရတယ်' ဟု ပြောပါသည်။

ဒီလိုဆိုလျှင် ကိုယ်က သိပ်သနားစရာ ကောင်းနေတာပေါ့။ အန်တီလူးသည် မကြာခဏဆိုသလို သနားသော အမူအရာမျိုးဖြင့် ကြည့်တတ်ကြောင်း သတိရမိသည်။ သူက ကိုယ့်ကို ဘာကြောင့် သနားရကြောင်း ကိုယ်နားမလည်နိုင်ပြန်ပါ။ ကိုယ်သည် သူများတကာတွေ သနားတာကို



www.burmeseclassic.com

www.burmeseclassic.com

မခံလို။ ကိုယ့်ကို ကျောင်းက ရေခဲချောင်းရောင်းသော ကောင်လေးလို့ သဘောမထားစေလိုပါ။ ကိုယ့်မှာ အဝတ်အစားတွေလည်း ရှိသည်။ ကစားစရာတွေလည်း ရှိသည်။ မုန့်ဖိုးလည်း မှန်မှန်ရသည်။ ကိုယ့်မှာ ဘာများလိုအပ်နေပါသလဲ။

■



ကျောင်းတက်ရသည်ကို ကိုယ် မပျော်ချေ။ ဒါဆိုလျှင် အိမ်မှာပဲနေတော့ကော ပျော်မှာလားဆိုလျှင် အိမ်မှာလည်း မပျော်ပါ။ ဘာလို့ဆို ကျောင်းမတက်ဘဲ အိမ်မှာနေလျှင်လည်း ကိုယ် တစ်ယောက်တည်းပဲ နေရမည်။ ဖေဖေနှင့် မေမေတို့က နေ့ခင်းဆို အိမ်မှာမှ မရှိဘဲ။

တီချာမေကတော့ ကိုယ့်ကို ချစ်ပါသည်။ တီချာမေသည် ကိုယ်တို့ ခြောက်တန်းအေက အတန်းပိုင်ဆရာမ ဖြစ်သည်။ မြန်မာစာသင်သည်။ စာအသင်အပြလည်း အလွန်ကောင်းသည်။ သဘောလည်း ကောင်းသည်။ ပြီးတော့ မြန်မာစာသင်ရသည်ကို ကိုယ်ပျော်ပါသည်။ သို့သော်လည်း တီချာမေသည် အတန်းပိုင်ဖြစ်သောကြောင့် ပထမဦးဆုံးတစ်ချိန် သင်ပြီးလျှင် တစ်နေ့လုံး ပြန်ရောက်မလာတော့ပါ။ ပြောစရာအကြောင်းထူးရှိမှပင် ခဏ ပြန်လာတတ်လေသည်။ တခြားဆရာ၊ ဆရာမများသည် အတန်းပိုင် မဟုတ်သောကြောင့် အတန်းထဲက လူများအကြောင်းကို မသိချေ။ သင်္ချာဆရာသည် ကိုယ့်အကြောင်းကို မသိဆုံးဟု ထင်၏။

သင်္ချာကို ကိုယ် စိတ်မဝင်စားပါ။ သင်္ချာတစ်ရော၊ သင်္ချာနှစ်ရော၊ တကယ်တော့ ကိုယ်သည် သင်္ချာညံ့သူ မဟုတ်ပါ။ ကိုယ်က ဉာဏ်ကောင်း


www.burmeseclassic.com

www.burmeseclassic.com



သည်ဟု တီချာမေက ပြောဖူးပါသည်။ သင်္ချာတစ်ပုဒ်ကို တစ်ခါတွက်ပြလျှင် ကိုယ် နားလည်ပါပြီ။ ဆရာကမူ နောက်ထပ် သုံးခါလောက် ထပ်၍ တွက်ပြတတ်ပြန်သည်။ ကိုယ် နားလည်ပြီးသား ဖြစ်သောကြောင့် နောက်ထပ် ရှင်းပြသောအခါများတွင် ဆရာကို ကြည့်မနေတော့ပါ။ ကိုယ့်ဘာသာ မြန်မာဖတ်စာအုပ် ထုတ်၍ ဖတ်ချင်ဖတ်သည်။ ဒါမှမဟုတ် အတန်းပြင်သို့ ငေးကြည့်ချင် ကြည့်နေလိုက်သည်။ ဒါကို ဆရာက မကျေနပ်ချေ။ သူပြနေတာကို မကြည့်ရကောင်းလား ဆိုပြီး ကိုယ့်ကို ခဏခဏဆူသည်။ ဆရာသည် ထိုအကြောင်းများကြောင့် ကိုယ့်ကို မုန်းနေသလား မသိပါ။ ကိုယ့်ကိုဆိုလျှင် အမြဲလိုလို အပြစ်ရှာနေတတ်သည်ဟု ထင်၏။

သင်္ချာကို ကိုယ် စိတ်မဝင်စားဘဲ ဖြစ်လာရသည့် အကြောင်းကို ပြောပြချင်သည်။

အရင်ကဆိုလျှင် သင်္ချာတွက်ရသည်ကို ကိုယ် တကယ်ပျော်ပါသည်။ ကျောင်းမှ အိမ်သို့ပြန်ရောက်ပြီဆိုလျှင် လွယ်အိတ်ကို စားပွဲပေါ် ပစ်တင်ပြီး ရေမြန်မြန်ချိုးသည်။ ထမင်းမြန်မြန်စားသည်။ ပြီးသည်နှင့် သင်္ချာတွက်လေတော့သည်။ အိမ်တွက်တွေ အကုန်ပြီးပြီဆိုမှ ကိုယ် ကစားသည်။

ငါးတန်းမှ ခြောက်တန်းတက်ပြီး နှစ်စလောက်တွင် ကိုယ် အရမ်းဖျားလေသည်။ တစ်လနီးပါးလောက် ကျောင်းမတက်နိုင်ဘဲ ဖြစ်ရသည်။ ကျောင်းပြန်တက်နိုင်သောအခါ တခြားဘာသာတွေကို ပြန်မီအောင် လိုက်နိုင်သော်လည်း သင်္ချာတွင် မလိုက်နိုင်တော့ပါ။ သင်္ချာဆိုတာ အမြဲတွက်နေနိုင်မှ တိုးတက်မှုရှိတယ်ဟု ဆရာက ပြောဖူးသည်။ ကိုယ်သည် ကျောင်းပျက်ခဲ့သော ရက်တွေတုန်းက သင်ခန်းစာတွေကို နားမလည်တော့။ ခုကျောင်းပြန်တက်မှသင်သော ပုစ္ဆာတွေ ဆိုလျှင် ပို၍ နားမလည်ဘဲ ဖြစ်ရသည်။ ရှေ့ကဟာတွေကို တတ်ထားမှ ခုဟာတွေကို တွက်လို့ရမည် ထင်သည်။

အတန်းထဲက သူငယ်ချင်းတွေကို မေးကြည့်ဖို့ကလည်း မလွယ်ချေ။ ကိုယ်တို့ အတန်းသည် စာအတော်ဆုံးလူတွေ စုထားသော အခန်းဖြစ်သည်။ အတန်းထဲကကောင်တွေသည် တစ်ယောက်နှင့် တစ်ယောက်





စာအတော်ချင်း အမြဲပြိုင်နေကြသူများ ဖြစ်သည်။ တစ်ယောက်ယောက်က သာသွားလျှင် အမြဲမနာလို ဖြစ်နေတတ်ကြလေသည်။ သူတို့ကို ကျော်တက်၍ အဆင့်တစ်နေရာကို ခဏခဏ ရတတ်သော ကိုယ့်ကို သူတို့ ရှင်းမပြချင်ကြချေ။ တင်အောင်နိုင် တစ်ယောက်သာ ကိုယ့်ကို ကူညီဖော်ရလေသည်။ သူကလည်း စာသာ တော်သည်။ ရှင်းမပြတတ်ချေ။ သူ့ဘာသာသူ တတ်သော်လည်း ကိုယ် နားလည်အောင် ပြောမပြတတ်။ 'ငါသိတော့ သိတယ်ကွ၊ မင်းသိအောင် ဘယ်လိုပြောပြရမှန်းတော့ မသိဘူး' ဟု ခေါင်းကုတ်ရင်း ပြောလေ၏။

သင်္ချာဆရာကိုကား ကိုယ် လုံးဝမမေးရဲချေ။ ဆရာသည် ကိုယ့်ကို ကြည့်လို့မရသူ ဖြစ်သည်။ ကိုယ့်ကို ပြမပေးဘဲ ဟောက်လိမ့်မည်ဟု ထင်သည်။ တင်အောင်နိုင်ကတော့ ပြောသည်။ ဆရာဆိုတာ ဘယ်ကျောင်းသားကိုမှ မမုန်းဘူး။ တပည့်တွေ အားလုံးကို ချစ်တာပဲလို့ တီချာမေပြောဖူးတယ် မဟုတ်လားတဲ့။ တီချာမေကတော့ ဟုတ်ချင် ဟုတ်မည်။ သင်္ချာဆရာကတော့ ဟုတ်ချင်မှ ဟုတ်မည်ဟု ကိုယ့်စိတ်ထဲ စွဲနေပါသည်။ ပြီးတော့ ကိုယ်သည် သင်္ချာဆရာနှင့် မျက်နှာချင်းဆိုင် စကားပြောရမည်ကို ပင် လန့်နေလေသည်။ ထို့ကြောင့် ကျောင်းပြန်တက်ပြီး တစ်ပတ်၊ နှစ်ပတ်လောက်အကြာတွင် ကိုယ့်အခြေအနေသည် ပိုဆိုးလာ၏။

အိမ်မှ မေမေ့ကို ပြနိုင်းမည်ဟု စိတ်ကူးကြည့်သည်။ မေမေသည် ရုံးက ပြန်လာသောအခါ 'မောလိုက်တာကွယ်' ဟု ညည်းတတ်သည်ကို ကိုယ် ကြားဖူးသည်။ ထို့ကြောင့် မေမေ့ကို သနားသဖြင့် မမေးဖြစ်ခဲ့။ နောက်ဆုံး မသိတာတွေ များလာတော့မှ တနင်္ဂနွေနေ့တစ်နေ့တွင် မေးရလေတော့သည်။ မေမေသည် ငယ်ငယ်တုန်းက စာတွေ မေ့ကုန်သောကြောင့် သင်္ချာတစ်ပုဒ်၊ တစ်ပုဒ်ကို တော်တော်ကြာအောင် ရှင်းပြရသည်။ မေမေ ရှင်းပြပုံကလည်း တင်အောင်နိုင်နှင့် သိပ်မထူးလှပါ။ ဖေဖေ့ကိုမူ မေးဖို့ အချိန်ပင် မရ။ ပြီးတော့ မေးလည်း မမေးရဲ။ အန်တီလူးကိုတော့ စိတ်ကူးထဲပင် မထည့်မိ။ ခုနေခါ ဦးလေးဦးမောင်မောင်ကြီးလာလျှင် ကောင်းမည်။ သူကလည်း ခုရက်ပိုင်း ကိုယ်တို့မြို့ကို ရောက်မလာခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



မေမေက စာရှင်းပြရင်းက ပြောပါသည်။

'သား... စာတွေ မလိုက်နိုင်ဘူးလား၊ ဒီလိုဆို ကျူရှင်ယူမှ ထင်တယ်'

ကိုယ် လန့်သွား၏။ ကျူရှင်ကို လုံးဝ မတက်ချင်ပါ။ ကိုယ့်မှာ မနက်ရှစ်နာရီမှ ညနေသုံးနာရီထိလည်း ကျောင်းတက်ရသေးသည်။ သည်ကြားထဲက ကျူရှင်ကို ထပ်တက်ရဦးမည် ဆိုလျှင်တော့ ကိုယ့်မှာ အချိန်ဆိုလို့ ဘာမျှ ကျန်တော့မှာပါလဲ။ အရေးကြီးဆုံးကတော့ မေမေ့နားမှာ နေရမည့် အချိန်နှင့် တနင်္ဂနွေမနက်ပိုင်း ဖေဖေနှင့် စကားပြောခွင့်ရမည့် အချိန်တို့ မရနိုင်တော့မှာကို စိုးရိမ်ခြင်း ဖြစ်သည်။ ထို့ကြောင့်...

'အို... ကိုယ် စာလိုက်နိုင်ပါတယ်၊ ခုဟာက ဒီနေ့ သင်တာကလေးပဲ'

'သားက ဆရာ စာသင်တာ ကြည့်မနေလို့လား'

'ဟုတ်ပါဘူး၊ ဒီနေ့ သင်္ချာအချိန်မှာ ကိုယ်က ဟိုဥစ္စာ ဗိုက်နာလို့ ဟုတ်တယ်၊ အဲဒါ အိမ်သာသွားတာနဲ့ လွတ်သွားလို့'

နောက်တစ်နေ့က စပြီး မေမေ့ကို မမေးတော့။ တီချာမေတစ်ယောက်ပဲ ကျန်တော့သည်။ တီချာမေကို မေးလို့ လုံးဝမဖြစ်နိုင်ပါ။ မေးလျှင် သင်္ချာဆရာကို ဘာလို့မမေးလဲလို့ မေးလျှင် ကိုယ် ဘယ်လိုဖြေရမည် မသိ။

ဗုဒ္ဓဟူးနေ့တွင် သင်္ချာနှစ်ချိန်ဆက် ရှိသည်။ ဆရာက ပုစ္ဆာတွေကို အတန်းထဲမှာပင် တွက်ပြီး ချက်ချင်းလာပြစေသည်။ ခါတိုင်းနေ့တွေက အိမ်စာတွက်ခိုင်းသော ပုစ္ဆာများကို တင်အောင်နိုင် စာအုပ်ထဲက ကူးရေးပြီး စာအုပ်ထပ်ခဲ့သောကြောင့် ဆရာမသိ။ သည်နေ့ကျတော့လည်း အဲဒီလို လုပ်လို့မရတော့။ ဆရာက ပုံနှိပ်စာအုပ်ထဲမှ ပုစ္ဆာငါးပုဒ်ကို ရွေးပြီး တွက်ခိုင်းသည်။

ကိုယ်တို့ အတန်းမှာ ကိုယ့်စားပွဲနှင့်ကိုယ် ကိုယ့်ကုလားထိုင်နှင့်ကိုယ် တစ်ယောက်စီ ထိုင်ရခြင်း ဖြစ်သည်။ တင်အောင်နိုင်ဆီက စာအုပ်ကို လှမ်းယူ၍ ကူးဖို့ မလွယ်ချေ။ သူပင် တွက်လို့မပြီးသေး။ ကိုယ်တို့တွက်နေ





ကြတုန်းတွင် ဆရာသည် ခုံတွေကြားထဲ လျှောက်သွားပြီး လိုက်ကြည့်နေသည်။

ကိုယ်သည် သိပ်နားမလည်သော်လည်း ကြိုးစားပြီး တွက်ကြည့်သည်။ တွက်လို့မရ။ အက္ခရာသင်္ချာ ဖြစ်နေသောကြောင့် ပိုဆိုးသည်။ ကိုယ် မသိသာ လှည့်ကြည့်သောအခါ ဆရာသည် ကိုယ်တို့ဘက်သို့ ကွေ့ဝင်လာသည်ကို မြင်ရ၏။ ကိုယ့်ရင်သည် တဒိတ်ဒိတ်ခုန်လာသည်။ ဆရာ့ခြေသံသည် တရှပ်ရှပ်မြည်နေရာမှ ရပ်သွားသည်။ ကိုယ် လှည့်မကြည့်ရဲသော်လည်း ဆရာသည် ကိုယ့်နားမှာ လာရပ်နေကြောင်း သိလိုက်သည်။

ဆရာ့လက်သည် ကိုယ့်စာအုပ်ပေါ်သို့ တင်လိုက်သောအခါ ကိုယ် ဆတ်ခနဲ တုန်သွားသည်။ ဆရာ့လက်ထဲတွင် ဘောလ်ပင်တစ်ချောင်း၊ ကိုယ်တွက်ထားသော သင်္ချာပုစ္ဆာပေါ်တွင် မင်အနီဖြင့် ကြက်ခြေခတ်ကြီး ခြစ်လိုက်သည်။ စာရွက်တစ်ခုလုံး အပြည့်လောက်နီးပါး ခြစ်ချပစ်လိုက်ခြင်း ဖြစ်သည်။

'ထစမ်း'

ကိုယ် မတ်တတ်ရပ်သည်။ ဆရာ့ကို မကြည့်ရဲ။

'သိပ်ဟုတ်တဲ့ ကောင်ပဲကွ၊ ဟော့... အားလုံးကြားမှုးကြရဲ့လားကွ၊ သုံးကကြီးထဲက နှစ်ကကြီးနုတ်တာ တစ်ကကြီး ကျန်တယ်တဲ့'

ရယ်သံများ ခပ်တိုးတိုး ထွက်လာသည်။ ကိုယ် ဆရာ့ကို ဖျတ်ခနဲ မော့ကြည့်မိသည်။ ဆရာ့မျက်လုံးများသည် ဒေါသဖြစ်နေကြသည်။

'တစ်ကကြီးဆိုတာ ရှိလို့လားကွ ဟင်၊ ပြီးတော့ မင်း တွက်ထားတာ အမှားတွေချည်းပဲ၊ ငါပြနေတုန်းက မင်း ဘယ်လျှောက်ငေးနေသလဲ'

ဆရာ့အသံသည် ပို၍ ကျယ်လာသည်။

'ပြောစမ်း'

ကိုယ် ဘာမျှ ပြန်မဖြေမိ။

'ပြောလေကွာ'

ဆရာသည် ကိုယ့်ပါးပြင်ပေါ်တွင်လည်း ဘောလ်ပင်နှင့် ကြက်ခြေခတ်တစ်ခု ခြစ်ပစ်လိုက်သည် ထင်သည်။ ပြီးတော့ 'ရအောင်တွက်' ဟု



www.burmeseclassic.com

www.burmeseclassic.com

ပြောပြီး ထွက်သွားသည်။ ကိုယ့်ပါးကို လက်ဖြင့် စမ်းသည်။ ပြန်ကြည့်သောအခါ လက်ချောင်းကလေးများတွင် မင်နီတွေ စွန်းပေလာသည်။ စိတ်ကို တင်းထားသော်လည်း ကိုယ် မျက်ရည်ဝဲလာလေသည်။

*

ကိုယ့်မှာ အားငယ်တတ်သော စိတ်လည်း ရှိသည် ထင်၏။ တခြားသူတွေနှင့် ယှဉ်လိုက်လျှင် ကိုယ်က အလျှော့ပေးလိုက်ရတတ်သည်။ ကိုယ်က သူတို့ထက် အသက်လည်း ငယ်သည် မဟုတ်လား။ သူတို့က ကိုယ့်ကို အနိုင်ကျင့်ချင်တတ်ကြသည်။ ကိုယ့်အပေါ် ကောင်းတတ်သော တင်အောင်နိုင်ကျတော့လည်း မုန့်စားလွှတ်ပြီ ဆိုလျှင် သူ့အစ်ကိုက အိမ်မှာ ထမင်းပြန်စားဖို့ စက်ဘီးနှင့် လာခေါ်သွားတတ်သည်။ ထို့ကြောင့်ပင် ကိုယ်သည် တစ်ယောက်တည်းနေချင်တတ်သော အကျင့်ကို စွဲလာခဲ့သလား မသိ။

တစ်ခါတလေတော့ သူတို့နှင့် ဝင်ကစားကြည့်သည်။ အဲဒီအခါကျပြန်တော့လည်း ဘယ်သူမှ မလုပ်ချင်၊ မနေချင်သော နေရာမှာ ကိုယ့်ကို ထားတတ်ကြသည်။ စစ်တိုက်တမ်း ကစားကြသောအခါ 'မင်းက ကင်းစောင့်' ဆိုပြီး ကိုယ့်ကို တစ်နေရာမှာ တစ်ယောက်တည်း ထားပစ်ခဲ့တတ်သည်။ ကိုယ့်မှာ တုတ်ချောင်းတစ်ချောင်းကို ထမ်း၍ ဟိုလျှောက် သည်လျှောက်လုပ်ရင်း နေခဲ့ရလေသည်။

ပြီးတော့လည်း တစ်ခါတုန်းက ဘောလုံးကန်ကြသည်ကိုပင် ကြည့်။ မုန့်စားလွှတ်ချိန်တွင် ဖြစ်သည်။ ကိုယ်သည် ထမင်းစားပြီးကာစ ဖြစ်သော်လည်း ကစားချင်နေသောကြောင့် ဗိုက်အောင့်မှာတို့ ဘာတို့ စဉ်းစားမနေတော့။

ကျောင်းရှေ့က ကွက်လပ်ကြီးမှာ ဖြစ်သည်။ အားလုံး ဆယ့်နှစ်ယောက်ရှိသောကြောင့် တစ်ဖက် ခြောက်ယောက်စီ ခွဲကန်ကြသည်။ သူတို့က ကိုယ့်ကို ဂိုးဖမ်းခိုင်းသည်။ သူတို့သည် ကိုယ့်အပေါ် ညှာညှာတာတာ မကစားကြ။ နှစ်ယောက်ချင်းဆိုင်တွေ့ကြပြီ ဆိုလျှင်လည်း အသာကလေး





ဘေးကို ထိုးကန်လိုက်ရုံဖြင့် ဂိုးဝင်မှန်းသိပါလျက် တအားကြုံး၍ ကန်သည်။ အနီးကပ်၍ကန်သောကြောင့် တစ်ခါတလေ ဘောလုံးကို ဖမ်းဖို့ပင် အချိန်မရလိုက်။ ဘောလုံးသည် ကိုယ့်ခေါင်း၊ ရင်ဘတ်တို့ကို အရှိန်နှင့် ထိမှန်တတ်သည်။

တစ်ခါကျတော့ ကိုယ်တို့ဘက်မှ နောက်တန်း ကစားသော ဖရက်ဒီက ကိုယ့်ဆီသို့ ဘောလုံးကို ပြန်လိုမ့်ကန်ပေးသည်။ 'ဘက်ပတ်စ်' ပေးခြင်းဖြစ်သည်။ ကိုယ်က ဘောလုံးကို ထွက်ကောက်သည်။ ဟိုဘက်က အုန်းသီးဆိုသောကောင် ပြေးဝင်လာ၏။ ကိုယ်က အရင်ဦးနေသည်။ အမှန်မှာ ဘောလုံးစည်းကမ်းအရ ဂိုးသမားက ဘောလုံးကို ကောက်ယူလိုက်လျှင် ဝင်မကန်ရတော့။ သို့သော်လည်း ဘောလုံးကို ကောက်ယူလိုက်စဉ်မှာပင် အုန်းသီးသည် ကိုယ့်လက်ထဲက ဘောလုံးကို တအားဝင်ကြုံးကန်သည်။ ဘောလုံးသည် ကိုယ့်လက်ထဲက လွတ်၍ ဂိုးဝင်သွားသည်။ လက်အဆစ်က ဖြောင်းခနဲ မြည်သွားသလားဟု အောက်မေ့ရသည်။ တစစ်စစ်နာလာ၏။

'ဂိုး' ဆိုသော အသံ။

'ဘယ်ရမလဲ၊ ဂိုးသမားလက်ထဲက လုကန်တာ၊ ဖောင်းဘော'

'မရဘူး'

ဆိုသောအသံတွေကိုတော့ ကြားနေရသည်။ ညာဘက်လက်အဆစ်ကို ဘယ်ဘက်လက်ဖြင့် ဆုပ်ကိုင်ရင်း ဆွဲဆန့်ထားရသည်။ ကြိတ်မှိတ်ခံသော်လည်း မရ။ ပို၍ပို၍ နာလာသည်။ မျက်ရည်ဝိုင်းလာသည်။ သူတို့ကတော့ ကိုယ့်ကို ဂရုမစိုက်။

မုန့်စားလွှတ်ပြီး၍ ကျောင်းပြန်တက်သော အချိန်သည် သမိုင်းချိန်ဖြစ်သည်။ သမိုင်းဆရာမ မလာသောကြောင့် အချိန်အားရနေသော ကိုယ်တို့ တီချာမေ ဝင်လာသည်။ တီချာမေသည် စာစီစာကုံးတစ်ပုဒ်ကို ပေးထားပြီး ကျောင်းခေါ်ချိန် စာရင်းများ လုပ်နေသည်။

ကိုယ့်လက်ဆစ်သည် ယောင်ကိုင်းလာ၏။ ကိုယ်သည် ပိန်သောကြောင့် လက်အဆစ်တွင် အရိုးဖုကလေး ပေါ်နေတတ်သည်။ ခုအခါ ထိုအဖုကလေးကိုပင် မမြင်ရတော့ပါ။ သိပ်နာလာသောကြောင့် လက်ကိုင်



www.burmeseclassic.com

www.burmeseclassic.com



ပဝါဖြင့် တင်းနေအောင် စည်းထားလိုက်သည်။ စာစီစာကုံးကို မရေးနိုင်တော့။

တီချာမေသည် စာရင်းတွေ လုပ်နေရာမှ မျက်လုံးကို ဝေ့ရင်းအတန်းကို ကြည့်သည်။ ကိုယ်မှလွဲ၍ တစ်တန်းလုံး စာစီစာကုံးကို ငုံ့၍ရေးနေကြသည်။ တချို့လည်း စဉ်းစားသလို ခေါင်းကုတ်နေကြသည်။ တီချာမေသည် ကိုယ့်ကို ဂရုစိုက် ကြည့်လာပြန်သည်။ မျက်နှာပျက်နေသောကိုယ့်ကို တီချာမေ ရိပ်မိသွားသည်။ ခါတိုင်း စာစီစာကုံးရေးရန် တစ်ခုခုပေးပြီဆိုလျှင် ခုချိန်လောက်ဆို ကိုယ် ခေါင်းမဖော်ဘဲ တကုန်းကုန်း ရေးနေလိမ့်မည်ကို တီချာမေ သိသည်။ တီချာမေသည် ကိုယ့်ကို နားလည်သည်ဟုထင်ခြင်းမှာ မမှားချေ။ ကိုယ် စာစီစာကုံး မရေးသည့်အတွက် သင်္ချာဆရာတို့လို ဆူပူကြိမ်းမောင်းဖို့ကို အရင်မစဉ်းစား။

'ညီညီ··· ဘာဖြစ်လို့ စာမရေးတာလဲ'

ကိုယ် မတ်တတ်ရပ်လိုက်သည်။

'လက်နာနေလို့ပါ တီချာ'

နာနေသောလက်ကို ဘယ်လက်ဖြင့် မြှောက်ပြလိုက်သည်။ တီချာမေ မေးသည်။

'ဘယ်လိုဖြစ်တာလဲကွယ်'

'ဘောလုံးကန်ရင်း'

'ဘယ်သူနဲ့ ဖြစ်တာလဲ'

ကိုယ့်ကိုမညှာတတ်ကြကြောင်း တီချာမေ သိနေပြီလားဟု စဉ်းစားမိသည်။ အုန်းသီးသည် ကိုယ့်ကို အံကြိတ်ပြီး ကြည့်နေပါမည်လား။

'ဘယ်သူနဲ့မှ မဟုတ်ပါဘူး၊ ကိုယ့်ဘာသာဖြစ်တာပါ၊ လဲကျလို့'

တီချာမေသည် ခြင်းတောင်းထဲက ပုလင်းပုပုလေးတစ်လုံးကို ထုတ်ယူလိုက်သည်။ ပရုတ်ဆီပုလင်း ဖြစ်လိမ့်မည်ဟု ထင်ပါသည်။ ကိုယ့်ဆီသို့ လျှောက်လာသည်။ ကိုယ့်ညာဘက်လက်ကို ကိုင်ကြည့်သည်။ ကိုယ် တွန့်ခနဲ ဖြစ်သွားသောကြောင့် 'သိပ်နာနေသလား' ဟု မေးသည်။ ဘာမျှပြန်မပြောဘဲ ငြိမ်နေလိုက်၏။ တီချာမေသည် စည်းထားသော လက်ကိုင်ပဝါကို ဖြေသည်။





'အို··· ယောင်နေပါလား'

ပရုတ်ဆီပုလင်းကို ဖွင့်၍ လက်နှင့် နှိုက်ယူသည်။ ယောင်နေသောနေရာကို အသာလိမ်းပေးသည်။ ပရုပ်ဆီနံ့နှင့်အတူ တီချာမေ့ကိုယ်မှ ပေါင်ဒါနံ့၊ ရေမွှေးနံ့၊ သနပ်ခါးနံ့ ခွဲခြား၍ မရသော အနံ့တစ်မျိုးရသည်။ မေမေ့ကိုယ်မှ ရနေကျ အနံ့မျိုး။ တီချာမေက ကိုယ့်ကို ဂရုစိုက်သောကြောင့် ဝမ်းသာမိသလား မသိ။ ဝမ်းနည်းသလိုလည်း ဖြစ်နေမိ၏။

ကျောက်သင်ပုန်းပေါ်မှာ ရေးထားသော စာစီစာကုံး ခေါင်းစဉ်ကိုငေးကြည့်နေမိသည်။

'မိဘကျေးဇူး'

■

www.burmeseclassic.com



လက်နာနေသောကြောင့် ကျောင်းနှစ်ရက် ပျက်ရပြန်ပါသည်၊ စာတွေ ထပ်ပြီးနောက်ကျရပြန်ဦးမည်။ ကိုယ်သည် ကျောင်းတွင် သိပ်မပျော်လှသော်လည်း စာမတတ်ဘဲ နေမည်ကိုတော့ ကြောက်မိပါသည်။ ထို့ကြောင့် ကျောင်းမတက်ဘဲ နေသောရက်တွင် စိတ်ထဲ၌ တစ်မျိုးကြီး ဖြစ်နေရ၏။

သို့သော်လည်း ကိုယ့်အတွက် ပျော်စရာကောင်းသော အကြောင်း တစ်ခု ဖြစ်လာသည်။ ဦးလေးမောင်မောင်ကြီး ရောက်လာခြင်းပင် ဖြစ်ပါသည်။ သူသည် မေမေမှာထားသော စက်ပစ္စည်းတွေ လာပို့ခြင်း ဖြစ်သည်။ သူရောက်လာသောကြောင့် ကိုယ် ပထမဆုံး သတိရလိုက်သော ကိစ္စမှာ သင်္ချာပြဿနာများဖို့ ဖြစ်သည်။ ထို့ကြောင့် ဦးလေးမောင်မောင်ကြီးကို သင်္ချာ မလိုက်နိုင်ကြောင်း ပြောပြလိုက်သည်။ သူကလည်း မေမေပြောသလိုပင်

'ဒါဆိုရင် ညီညီ ကျူရှင်ယူပါလားကွ'

'ဟာ… ကျူရှင်တော့ မယူချင်ဘူး'

'ဘာဖြစ်လို့လဲကွ'

'ဘာဖြစ်လို့လဲ ဆိုတော့ ကျောင်းတက်ရတဲ့ အချိန်တွေလည်း အများကြီး ဦးလေးရဲ့၊ ဒီကြားထဲ ကျူရှင်ထပ်တက်ရဦးမယ် ဆိုရင် ကိုယ့် အတွက် အချိန်ဘယ်ကျန်တော့မလဲ'





'ကိုယ့်အတွက် ဟုတ်လား၊ မင်းအတွက် ဘာအချိန်တွေများ လိုချင်သေးလို့လဲ'

'အို… ကစားချိန်တို့ ဘာတို့ပေါ့၊ ပြီးတော့လည်း ဟို မေမေနဲ့ စကားတွေဘာတွေ ပြောဖို့ရှိသေးတာပဲ၊ ကိုယ်မရှိရင် မေမေလည်း ပျင်းနေမှာပေါ့'

ဦးလေးမောင်မောင်ကြီးက ရယ်သည်။

'နေပါဦးကွ၊ မင်းစာမလိုက်နိုင်တာ မေမေ့ကိုကော ပြောမပြဘူး လား'

'ဟင့်အင်း… မေမေက ရုံးက ပြန်လာပြီဆိုရင် မောမောနေတတ် တယ်၊ ကိုယ့်ကို ထပ်ပြီး စာပြပေးရရင် ပိုမောမှာပေါ့၊ ပြီးတော့ ကိုယ်စာမရ ဘူးဆိုရင် မေမေ စိတ်မကောင်းဖြစ်သွားမှာပေါ့'

ဦးလေးမောင်မောင်ကြီးသည် ပြုံးလိုက်ပြီး ကိုယ့်ခေါင်းကို တစ် ချက်ပုတ်လိုက်သည်။ ပြီးတော့…

'ညီညီက သိပ်လိမ္မာတာပဲကိုးကွ၊ အေး… ဒါပေမယ့် စာမလိုက် နိုင်ဘူး ဆိုတာကိုတော့ အသိပေးရမှာပေါ့'

'တစ်ခါတော့ မေမေ့ကို စာပြခိုင်းဖူးသေးတယ်၊ မေမေက စာတွေ မေ့ကုန်လို့ ကောင်းကောင်းမပြနိုင်ဘူး၊ ပြီးတော့ ကျူရှင်တက်ခိုင်းသေးတယ်၊ အဲဒါ ကိုယ်မတက်ချင်ဘူး၊ ဦးလေးလည်း ကိုယ်စာမလိုက်နိုင်တာ မေမေ့ကို မပြောနဲ့နော်'

ဦးလေးမောင်မောင်ကြီးက စဉ်းစားသလို လုပ်နေသည်။

ကိုယ် ဆက်ပြောသည်။

'နောက်ပြီးတော့ ကိုယ်က ကျောင်းပျက်တုန်းက စာတွေ မသိလို့ သာ နောက်ပိုင်းသင်တာတွေ မလိုက်နိုင်တာပါ၊ အဲဒါတွေသာ ဦးလေးပြန် သင်ပေးနော်၊ ဒါဆို ကိုယ် စာကောင်းကောင်းလိုက်နိုင်မှာပါ၊ ဦးလေးသင် ပေးမယ်ဆိုရင် ပထမအစမ်းမှာ တစ်ရာရအောင် ကိုယ် ဖြေပ့ါမယ်'

'အေးပါကွာ၊ ဟုတ်ပါပြီ၊ တကယ်တော့လည်း ကျူရှင်တက်စရာ မလိုပါဘူး၊ မင်းက တော်ပြီးသားပဲဟာ'



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးမောင်မောင်ကြီးက ကိုယ့်ကို သချာပြပေးလေသည်။ တကယ့် တကယ်ကျတော့လည်း ဘာမှမဟုတ်။ ဦးလေးမောင်မောင်ကြီးက အသင်အပြကောင်းလို့ ထင်သည်။ ကိုယ် နားမလည်ခဲ့တာတွေ အကုန်လုံး သိသွားသည်။ ပထမနေ့ နေ့လယ်ပိုင်းနှင့် နောက်တစ်နေ့ ညနေပိုင်း နှစ်ခါပဲ သင်ရသည်။ ကိုယ် နောက်ကျသမျှ အကုန်မီသွားသည်။ ကျောင်းမှာမသင်ရသေးသော ပုစ္ဆာသုံးပုဒ်ကိုပင် ပိုတွက်လိုက်သေးသည်။ ကိုယ် သိပ်ဝမ်းသာသွားလေသည်။ လက်နာနေသည်ကိုပင် မေ့သွား၏။

ဒုတိယနေ့က ကိုယ့်ကို စာပြပြီး ညနေစောင်းတွင် ဦးလေးမောင်မောင်ကြီး အပြင်ခဏ ထွက်သွားသည်။ ကိုယ်လည်း ရေချိုး၊ ထမင်းစားပြီးလျှင် ခြံဝက ခုံတန်းကလေးမှာ မေမေ့ကို ထွက်စောင့်နေသည်။ မေမေပြန်လာသောအခါ ပြေးဖက်၍ ကြိုလိုက်သည်။ ညပိုင်းတွင် မေမေရှိရာ အိမ်ခန်းထဲသို့ပင် ကိုယ်ခဏဝင်၍ မေမေနှင့် စကားပြောသည်။ ပြီးတော့ ဧည့်ခန်းသို့ ပြန်ထွက်လာပြီး စာရေးစားပွဲမှာ ထိုင်လိုက်သည်။ အက္ခရာသချာတွေ တစ်ပုဒ်ပြီး တစ်ပုဒ်တွက်သည်။ အားလုံးလိုလိုပင် လွယ်လွယ်လေး တွက်လို့ရသည်။ ကိုယ် အားတက်လာပြီး ဂျီသြမေတြီ ပုစ္ဆာတွေပါ ထပ်တွက်သည်။

ခုနစ်နာရီခွဲလောက်တွင် ဖေဖေနှင့် ဦးလေးမောင်မောင်ကြီးတို့ နှစ်ယောက် အတူပြန်လာသည်။ ဖေဖေသည် ဒီနေ့ အစောကြီးပြန်လာသောကြောင့် ကိုယ် အံ့သြမိသေးသည်။ နောက်မှ ဦးလေးမောင်မောင်ကြီး ညနေကပြောသွားသော စကားကို သတိရသည်။ သူက ကိုယ့်ကို စာပြနေရင်းက မေးသည်။

'ညီညီရ နေပါဦးကွ၊ မင်း ဖေဖေကိုကော စာမပြခိုင်းဘူးလား'

'ဟင့်အင်း··· ကိုယ် မမေးရဲဘူး'

'ဟ··· ဘာဖြစ်လို့လဲကွ'

'ဟိုဥစ္စာလေ၊ ဘာမှမဟုတ်ပါဘူး၊ ဖေဖေက အလုပ်များတယ် မဟုတ်လား၊ ကိုယ် ကျောင်းသွားတဲ့ အထိတောင် ဖေဖေက အိပ်ရာက နိုးသေးတာ မဟုတ်ဘူး၊ ညကျတော့လည်း ကိုယ်အိပ်တာတောင် ဖေဖေက ပြန်မရောက်ဘူး မဟုတ်လား၊ အချိန်မှ မရှိဘဲ'





'ဒါနဲ့ ခုနက မမေးရဲဘူးဆိုတာ ဘာလဲကွ'

ခုန ကိုယ် လွတ်ခနဲပြောမိသည်ကို သူက ပြန်မေးသည်။ ဖေဖေက အိမ်မှာအမြဲတမ်း မျက်နှာထားတည်တည်ကြီးနှင့် နေတတ်သောကြောင့် မေးရမှာကြောက်သည်ဟု ကိုယ်မပြောချင်။ ဘာလို့ မပြောချင်တာလဲတော့ ကိုယ်မသိပါ။

'ဟိုဟာလေ၊ မမေးရဲတာ မဟုတ်ပါဘူး၊ ဖေဖေက အမြဲအလုပ်ရှုပ်နေတော့ မေးရမှာ အားနာလို့'

'အားနာလို့ ဟုတ်လား'

'မဟုတ်ဘူးလေ'ဟု ပြောပြီးမှ ကိုယ် ဘာဆက်ပြောရမှန်း မသိ။ ကိုယ့်အဖေကို အားနာတယ်ဆိုတာလည်း မဟုတ်သေးပါဘူး။

'ကိုယ် မပြောတတ်ဘူး ဦးလေးရာ၊ တစ်မျိုးပဲ'

ဦးလေးမောင်မောင်ကြီးသည် ကိုယ့်ပခုံးလို ဖက်၍ ဆွဲလှုပ်ပြီး အသံထွက်အောင်ပင် ရယ်သည်။

'မင်းက လူလည်လေးပဲကွ'

ကိုယ်က ဘာမှမပြောဘဲ ငြိမ်နေလိုက်၏။ ဦးလေးမောင်မောင်ကြီးက 'ညကျရင် စောစောပြန်လာမယ်ကွာ၊ မင်း ဖေဖေပါခေါ်ခဲ့မယ်၊ တို့စကားပြောကြတာပေါ့'ဟု ပြောသွားခဲ့သည်။

တံခါးခေါင်းလောင်းသံ ကြားသောအခါ ကိုယ်ပြေးသွားပြီး ဖွင့်ပေးလိုက်သည်။ ထိုအချိန်တွင် စိတ်ထဲက တစ်ခုသွားစဉ်းစားမိသည်။ ညည ဖေဖေပြန်လာလျှင် ဘယ်သူ တံခါးဖွင့်ပေးသလဲ။ ဆော်လီမားသည် မိုးချုပ်လျှင် ပြန်ပြန်သွားတတ်သည်။ ကိုယ်က အိပ်ပျော်နေသောကြောင့် တံခါးထဖွင့်ပေးမည့်သူ မေမေတစ်ယောက်တည်းသာ ရှိသည်။ ထိုအခါကျလျှင် ဖေဖေနှင့် မေမေစကားပြောကြမလား မသိပါ။ တစ်ရက်ရက်တော့ မအိပ်ဘဲ စောင့်ကြည့်မည်ဟု စိတ်ကူးထားလိုက်သည်။

ဖေဖေက ကိုယ့်ကို မြင်မြင်ချင်း 'သား လက်နာသေးလား'ဟု မေးသည်။ ကိုယ်က ခေါင်းခါပြလိုက်သည်။ ဦးလေးမောင်မောင်ကြီးက···

'ဒီကောင် လက်နာဖို့ နေနေသာသာ သချာတွက်လို့တောင် အားရမှာ မဟုတ်ဘူး၊ စာတော့ တကယ် ကြိုးစားတဲ့ကောင်'



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောပြီး ဖေဖေမမြင်အောင် မျက်စိတစ်ဖက် မှိတ်ပြသည်။ ဖေဖေတို့သည် မြို့ထဲကနေ ထမင်းစားလာကြပုံရသည်။ ရောက်ရောက်ချင်း ရေချိုးကြလေသည်။ ကိုယ်လည်း ဦးလေးမောင်မောင်ကြီး ဝယ်လာပေးသော ရောက်သီးဆေးပြားထုပ်ကို ဖောက်၍ တစ်ပြားချင်းယူစားရင်း သင်္ချာဆက်တွက်နေသည်။ ခဏကြာတော့ ဦးလေးမောင်မောင်ကြီး ကိုယ့်နားရောက်လာသည်။ စားပွဲပေါ်ကို လက်ထောက်ပြီး…

'တွက်လှချည်လားကွ၊ အညောင်းပြေအောင် နည်းနည်းပါးပါး မကစားဘူးလား'

'ညနေ ရေချိုးခါနီးက ကိုယ်လမ်းလျှောက်သေးတယ်'

'အေးအေး… ကောင်းတယ်၊ အမြဲတမ်း စာချည်းပဲ ကြည့်နေတာလည်း မကောင်းဘူးကွ၊ အညောင်းမိတတ်တယ်၊ ကစားတာရော၊ အိပ်တာရော၊ စာကျက်တာရော မျှတအောင်လုပ်မှ၊ အေး… အမြဲတမ်း လျှောက်ကစားပြီး စာတစ်လုံးမှ မကြည့်တာလည်း မကောင်းဘူး'

ကိုယ် ခေါင်းညိတ်ပြလိုက်သည်။ ပြီးတော့ တွက်လက်စ ဂျီသြမေတြီပုစ္ဆာကို ဆက်တွက်သည်။ ဦးလေးမောင်မောင်ကြီးသည် ဘေးက ရပ်ကြည့်နေသည်။ ကိုယ်က တြိဂံပုံဆွဲရန် အခြေမျဉ်းကို ဆွဲလိုက်သောအခါ·

'ဟော့… ဟော့… အခြေမျဉ်းကို အဲဒီလောက် အရှည်ကြီး မဆွဲနဲ့လေကွာ၊ အဲဒါဆို တြိဂံအကြီးကြီး ဖြစ်သွားပြီး စာရွက်မဆန့်ဘဲ နေလိမ့်မယ်'

အနေတော်လောက် ပြင်ဆွဲ၏။ တစ်ပုဒ်တွက်ပြီးသွားသောအခါ ဦးလေးမောင်မောင်ကြီးသည် ကိုယ့်လက်ထဲက ဖောင်တိန်ကို ဆွဲယူ၍ အဖုံးပိတ်လိုက်သည်။

'ကိုင်း… ဒီလောက်တွက်ရင် တော်လောက်ပြီ၊ နောက်နေ့မှ ဆက်တွက်တော့ ထကွာ၊ စကားလေး ဘာလေး ပြောရအောင်'

ဦးလေးမောင်မောင်ကြီးက ကိုယ့်လက်မောင်းကို ကိုင်၍ ဆွဲခေါ်သွားသည်။ ဖေဖေ့စာကြည့်ခန်းနားသို့ ရောက်လာ၏။

'ဘယ်သွားမှာလဲ ဦးလေး'

'ဒီထဲကိုလေကွာ၊ မင်းဖေဖေလည်း အထဲမှာရှိပါတယ်ကွ'





စာကြည့်ခန်းထဲကို မေးငေါ့ပြသည်။

'ဟင်… ကိုယ်မလိုက်ချင်ဘူး'

'ဘာဖြစ်လို့လဲကွ'

'ကိုယ်မလိုက်ရဲဘူး၊ ဖေဖေက ကိုယ့်ကို မှာထားတယ်၊ စာကြည့်ခန်းထဲကို မဝင်ရဘူးတဲ့'

'အိုကွာ… ဦးလေး ပြောထားပြီးပါပြီ၊ လာ… လာ'

ကိုယ်သည်တွန့်ဆုတ် တွန့်ဆုတ်လုပ်ရင်း အခန်းထဲ ပါသွားသည်။ ဖေဖေသည် ကိုယ်တို့ ဝင်လာသည်ကို မြင်သောအခါ စားပွဲတွင် ထိုင်၍ စာရေးနေရာမှ မျက်လုံးကို လှန်ကြည့်သည်။

ကိုယ်တို့သည် ကြိမ်ထိုင်ခုံအဝိုင်းကလေးတွေမှာ ဝင်ထိုင်ကြသည်။ အလယ်ခေါင်က ကြိမ်စားပွဲဝိုင်းကြီးပေါ်မှာ ရေနွေးကြမ်းအိုးနှင့် ပန်းကန်လုံးတွေ ရှိ၏။ ဦးလေးမောင်မောင်ကြီးက ဖေဖေ့ကို လှမ်းပြောသည်။

'ဖေအောင် လာကွာ၊ မင်းစာရင်းတွေ နောက်မှလုပ်'

ဖေဖေက လှည့်မကြည့်ဘဲ ခေါင်းကိုသာ ညိတ်ပြပြီး…

'အေးပါ၊ ဒီမှာ ပြီးတော့မှာပါ'

ခဏကြာမှ ဖေဖေထလာသည်။ ကိုယ့်ကို တစ်ချက်လှမ်းကြည့်ပြီး ခုံမှာဝင်ထိုင်သည်။ ပြီးတော့ 'သား မအိပ်သေးဘူးလား' မေးသည်။

'အိပ်မလို့ ဖေဖေ၊ ဟို… သား'

ဦးလေးမောင်မောင်ကြီးကို လှည့်ကြည့်သည်။ သူကပင် ပြော၏။

'ဒီကောင်ကွာ၊ တစ်နေ့လုံး သင်္ချာတွက်နေရတာ၊ ဒါကြောင့် အပျင်းပြေ စကားလေးဘာလေး ပြောရအောင် ငါခေါ်လာတာ'

ဖေဖေက ဘာမှမပြောတော့ဘဲ နေလိုက်သည်။ ကိုယ်သည် ဖေဖေ့မျက်နှာကို သေသေချာချာ မကြည့်ရဲ။ ကိုယ့်စိတ်ထင် ဦးလေးမောင်မောင်ကြီး ရှိနေသောကြောင့်သာ ဖေဖေ ကိုယ့်ကို မဆူခြင်းဖြစ်ရမည်။ သူ့စာဖတ်ခန်းရော၊ တွဲလျက်ရှိသော သူ့အိပ်ခန်းထဲ ဝင်လာတာကိုရော ဖေဖေလုံးဝ မကြိုက်ချေ။

ဖေဖေရေနွေးကြမ်း တစ်ပန်းကန် ငှဲ့သောက်သည်။ ဒူးယားဘူးကို


www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူပြီး ဦးလေးမောင်မောင်ကြီးကို လှမ်းပေးသည်။ ဦးလေးမောင်မောင်ကြီးက လက်ကာပြပြီး 'ငါ ဒီကိုရောက်ရင် ပူစီပဲ သောက်တယ်ကွ' ဟု ပြော၍ သူ့လက်ထဲက ပူစီဆေးပေါ့လိပ်ကို မြှောက်ပြသည်။ ဖေဖေက ဒူးယားတစ်လိပ်ကို မီးညှိလိုက်ပြီး . . .

'တစ်ခုကို ငါးမူးလောက်သာ ကျန်ကွာ၊ ငါ လုပ်ရဲတယ်'

ဦးလေးမောင်မောင်ကြီးက ကျွတ်ဆိုလုပ်ပြီး ခေါင်းကို ဖြည်းဖြည်း ရမ်း၏။

'ဖေအောင်ရာ မင်းမလဲ အလုပ်ကိစ္စပဲ စိတ်ကူးနေတော့တာပဲ ကိုးကွ'

'ငါ့မှာ အဲဒါပဲ ပျော်စရာရှိတာကိုးကွ'

'တော်ကွာ ဟေ့ကောင်၊ ခုလိုအချိန်မျိုးမှာ နားနားနေနေ နေစမ်းပါ၊ အလုပ်ထဲမှာပဲ ပျော်စရာရှိတာ မဟုတ်ပါဘူး'

'ငါ့အတွက် ပြောတာပါ'

'အေးပါ၊ မင်းအတွက်ပါပဲ ဘာပဲဖြစ်ဖြစ်လေ အလုပ်ချိန်ရဲ့ အပမှာ ကိုယ့်မိသားစုနဲ့ . . .'

ဖေဖေက ဦးလေးမောင်မောင်ကြီးကို တစ်ချက်စိုက်ကြည့်လိုက်သည်။ ဦးလေးမောင်မောင်ကြီး စကားဆက်မပြောတော့ဘဲ ကိုယ့်ကို လှည့်ကြည့်သည်။

'ဟား . . . ညီညီ ပျင်းနေပြီလားကွဟေ'

ကိုယ် ခေါင်းခါပြလိုက်သည်။ သို့သော်လည်း ကိုယ် ခုလိုကြီး မနေတတ်တာတော့ အမှန်ပါ။ ကိုယ် အိပ်တော့မယ်ဟု ပြောပြီး ထသွားဖို့ ခဏ ခဏစဉ်းစားမိသေးသည်။ ဦးလေးမောင်မောင်ကြီးသည် ဆေးပေါ့လိပ်ကို ဖွာရင်း တစ်ခုခု စဉ်းစားနေပုံ ရသည်။ ဖေဖေကမူ သူ့လက်ထဲမှ စီးကရက်က ထွက်နေသော မီးခိုးတွေကို စိုက်ကြည့်နေသည်။ ခဏကြာမှ ဦးလေးမောင်မောင်ကြီးက ဖေဖေ့လက်မောင်းကို လှမ်းပုတ်လိုက်ပြီး ပြော၏။

'ဒါနဲ့ ဟေ့ကောင်၊ မင်းရန်ကုန်ရောက်ရင် ဒေါ်ဒေါ်သိန်းဆီ ဝင်သေးလား'





ဖေဖေက ခေါင်းညိတ်ပြသည်။

'တစ်ခါတလေတော့ ရောက်တယ်၊ ငါ့မလဲကွာ အလုပ်ကိစ္စနဲ့ တက်သုတ်နှင်သွားရတာဆိုတော့'

'အေးကွာ၊ မင်းတစ်ခါလောက်တော့ ညီညီ့ကို ဒေါ်ဒေါ်သိန်းဆီ ခေါ်သွားပါဦးကွာ၊ ဒီကောင့်ကို သိပ်ချစ်တာကွ၊ ညီညီ . . . မင်းဘွားမေသိန်းကို မှတ်မိသေးရဲ့လား'

ကိုယ် ခေါင်းညိတ်ပြလိုက်သည်။ ဘွားမေသိန်းမှာ ဖေဖေ့အဒေါ် ဖြစ်သည်။ ငယ်ငယ်က ကိုယ်တို့အိမ်မှာ နေသွားဖူးသည်။ ကိုယ့်ကို သိပ်ချစ်သည်။ ကိုယ် သုံးလေးနှစ်သားလောက်ထိ ဘွားမေသိန်းက ထိန်းပေးသေးသည်။ နောက်တော့ ရန်ကုန်က သူ့သားအိမ်မှာ ပြန်နေသည်။ ခုလောက်ဆို အသက်တော်တော်ကြီးပြီ။

'ဟား . . . ဟား ပြောရင်းဆိုရင်း ဒေါ်ဒေါ်သိန်းအကြောင်း သွားသတိရသကွာ၊ ငယ်ငယ်က ညီညီ့ကို ထိန်းရင်း သီချင်းဆိုတဲ့အကြောင်း'

ဦးလေးမောင်မောင်ကြီးသည် ခုလိုပဲ ရယ်စရာတစ်ခုခု ပြောခါနီးပြီဆိုလျှင် မပြောခင် အရင်ရယ်တတ်သည်။ ထိုအခါမျိုးတွင် ကိုယ့်သည် မရယ်ရခင်ကပင် ရယ်ချင်၍ နေတတ်ပါသည်။

'အဲဒီတုန်းက ညီညီက နှစ်နှစ်၊ သုံးနှစ်ပဲ ရှိဦးမယ်ထင်တယ်၊ ဒီကောင့်ကို ဆောင်ပန်းပုခက်ကြီးထဲ ထည့်ပြီး ချော့သိပ်တာလေကွာ၊ ဒေါ်ဒေါ်သိန်းတို့များ ကလေးချော့တဲ့ သီချင်းကိုလည်း ကြည့်ပါဦး'

ဦးလေးမောင်မောင်ကြီးက ကျကျနန ဆိုပြနေသည်။ သူ့ဆိုပုံမှာ ဘွားသီလရှင်တွေ တရားသီချင်းဆိုပုံမျိုး။

'ညီညီတို့နဲ့ တွေ့ရ၊ ဒုက္ခမှန်စွာ
ဒီမှောင်တွင်း၊ ရှောင်ကွင်းမလွတ်သာ' တဲ့။

သူ့ဟာသူ ဆိုပြီး ရယ်ပြန်သည်။

'ကိုင်းကွာ၊ စဉ်းစားကြည့်၊ ဒါ ကလေးချော့တဲ့ သီချင်းလားကွ၊ ဒေါ်ဒေါ်သိန်းတို့လုပ်ပုံ၊ အဲဒီအခါကျရင် ညီညီက ဘွားမေသိန်း အိုအိုး မဆိုနဲ့၊ မေမေ အိုအိုးဆိုလို့ ထအော်ရောကွ၊ အဲ . . . ရှိသေးတယ်၊ သူဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



သီချင်းတစ်ခု၊ နို့မှို့နှတေးထပ်လေကွာ၊ အရွတ်စုရုပ်တစ္ဆေကို၊ မဟုတ်လေ ကိုယ်ထဲ၊ အပုပ်ရည်စိုရွဲလို့ ဆိုတော့ ညီညီက ကြောက်တယ်၊ ကြောက်တယ် ဆိုပြီး ထငိုပါလေရောဟေ့၊ ဟား… ဟား… ဟား'

ပြောလည်းပြော ရယ်လည်းရယ်ပြီး ကိုယ့်ခေါင်းကို အသာပုတ်၍ 'မှတ်မိလားကွဟေ့' ဟု မေးသည်။ ကိုယ်လည်း ရယ်နေမိသည်။ အမြဲလိုလို တည်တည်ကြီး နေတတ်သော ဖေဖေပင် သွားပေါ်လောက်ထိ ပြုံးသည်။ ထိုအချိန်တွင် ကိုယ်တစ်ခု သတိရမိ၏။

ဒီနေ့ မေမေ သီချင်းဆိုသံကို မကြားရ။

*

မုန့်စားဆင်း ခေါင်းလောင်းထိုးသည်။

အပြင်မထွက်တော့ဘဲ အတန်းထဲမှာပင် ထမင်းစားတော့မည်ဟု စဉ်းစားပြီး ထမင်းဘူးကို ဖွင့်လိုက်သည်။ ဆော်လီမား၏ လက်ရာ ငါးမွေ ထိုးဟင်း၊ ငါးမွေထိုးကို ကိုယ်သိပ်မကြိုက်ပါ။ အကောင်ကြီးလျှင် နည်းနည်း တော်သေးသည်။ အခုဟာက အကောင်သေးသေးလေးတွေ။ အရိုးပေါ်မှာ ကပ်နေသော အသားမာမာတွေကို ဖဲ့ယူရတာကိုက စိတ်မရှည်စရာ။ ထမင်း ကို နည်းနည်းပဲ စားတော့သည်။

မနေ့ကစ၍ ကျောင်းပြန်တက်ခြင်း ဖြစ်သော်လည်း လက်က နည်းနည်း နာနေသောကြောင့် ဘောလုံးကွင်းဘက် မသွားမိပါ။ ဒီနေ့တော့ လက်မနာတော့။ ကျောင်းရှေ့ကွက်လပ်သို့ ထွက်လာခဲ့သည်။ သူတို့ လူခွဲ[illegible] စီစဉ်နေတုန်း ကိုယ်ရောက်သွားသည်။

'ကိုယ် ဘယ်ဘက်က ပါရမလဲ'

အုန်းသီးက ဘောလုံးကို ကိုင်ထားရာမှ လှည့်ကြည့်သည်။

'ဘယ်ဘက်ကမှ မပါနဲ့'

သူ နောက်ပြောတာမှတ်လို့ ကိုယ် ပြုံးပြလိုက်သည်။

သို့သော်လည်း သူ့မျက်နှာက ဒီအတိုင်း။

'ကိုယ်လည်း ပါမယ်ကွာ'





ကိုယ်ထပ်ပြောသည်။ သူတို့သည် ကိုယ့်ကို ဘာမျှပြန်မပြောကြဘဲ သူတို့ဘာသာ လူစုခွဲနေကြသည်။ ကိုယ် နည်းနည်းရှက်သွားသည်။ ထွက် မသွားသေးဘဲ ဆက်၍ ရပ်နေသည်။ ဖရက်ဒီသည် ဂိုးဖမ်းရန် ဂိုးတိုင်နား သို့ လျှောက်လာရင်း ရပ်နေသော ကိုယ့်ကို တွေ့သွားသည်။ သူက မေး သည်။

'မင်း ပါချင်လို့လား'

ကိုယ်က ခေါင်းညိတ်ပြလိုက်သည်။

'ပါချင်ရင် အိမ်သာထဲ သွားပါပါလားကွ'

အားလုံး ဝိုင်းရယ်ကြသည်။ ကိုယ့်မျက်နှာသည် ရှက်စိတ်ကြောင့် ပူရှိန်းသွားသည်။ အုန်းသီးက လှမ်းအော်ပြောသည်။

'ဒီကောင်ပါရင် စာရင်းရှုပ်တယ်၊ လက်နာရတာနဲ့ ဖင်နာရတာနဲ့ ဘောလုံးမှန်တာလေးတောင် မခံနိုင်ဘူး၊ အလကားကောင် အခြောက်'

'ဘာကွ'

ကိုယ့်အသံကို ကိုယ် အံ့သြသွားသည်။ ဒီလောက် ကျယ်ကျယ် ပြောလိုက်ရမှန်း ခုမှသိ၏။ ကိုယ် သူတို့ကို မကြောက်တော့ဘဲ ဖြစ်သွားသည်။ ကိုယ် အော်ပြောပြန်၏။

'အခြောက် ဟုတ်လား၊ မဟုတ်လား သိရအောင် စမ်းကြည့်ပါ လား'

ကိုယ့်ထက် အသက်လည်း ကြီး၊ အကောင်လည်း ကြီးသော အုန်းသီးကို ပြန်ဟောက်လိုက်သောကြောင့် အံ့သြကုန်ကြသည်။ ကိုယ့်ကို မပြောနှင့် တစ်တန်းလုံးကိုပင် အနိုင်ကျင့်ချင်သော အုန်းသီးသည် သူ့ကို အာခံသောကြောင့် ရှက်သွားသည်။ ဘောလုံးကို ပစ်ပေါက်ချလိုက်ပြီး ကိုယ့်နားသို့ လျှောက်လာသည်။

'မင်းက ဘာပြောတာလဲ'

ကိုယ့်အင်္ကျီရင်ဘတ်စကို သူ ဆွဲကိုင်လိုက်သည်။ သူ ကိုယ့်ကို စိုက်ကြည့်နေသည်။ ကိုယ်ကလည်း ကိုယ့်ထက်မြင့်နေသော သူ့မျက်လုံးများ ကို ပြန်စိုက်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

'မင်းက ဘာလဲ'

'မင်းကကော ဘာလဲ'

အင်္ကျီစကို လာဆွဲထားသော သူ့လက်ကို ကိုယ်ပုတ်ချလိုက်သည်။ သူသည် အံ့ဩလွန်းသဖြင့် ကိုယ့်ကို ပြူးကြောင်ကြည့်နေဆဲ။

သူ့ ဗိုက်ကို လက်သီးနှင့် တအားထိုးချလိုက်သည်။ 'အင့်'ခနဲ အော်ပြီး သူ့ကိုယ်ကြီးသည် ရှေ့သို့ စိုက်ကျလာသည်။ သူ့ မျက်ခွက်တည့်တည့်ကို တအားကြုံးထိုးပစ်လိုက်သည်။ သူဖင်ထိုင်ရက်လဲသွားသည်။ ပြန်မထနိုင်ခင်မှာ သူ့ရင်ပတ်ပေါ်သို့ တက်ခွပြီး လည်ပင်းကို ညှစ်သည်။ သူရုန်းသော်လည်း ကိုယ်မလွှတ်။ တခြားကောင်တွေကလည်း ဝင်မဆွဲရဲဘဲ ဒီအတိုင်းနေကြသည်။ အုန်းသီး၏ မျက်လုံးများသည် ပြူးကျယ်၍ လာသည်။ ကြောက်နေသော သူ့မျက်နှာကို မြင်ရ၏။ သူသည် 'ကြောက်ပြီကွ၊ အေ့··· အစ်၊ ကြောက်ပြီ ညီညီ' ဟု ရုန်းရင်းကန်ရင်း အော်သည်။ သူ့ အသံတွေ မပီသချေ။ သို့သော်လည်း ကိုယ်လွှတ်ပေးဖို့ စိတ်မကူးမိဘဲ ပို၍ပင် ဒေါသဖြစ်လာသည်။ တစ်ယောက်ယောက်က ကိုယ့်ကျောကို တုတ်နှင့် ရိုက်လိုက်သောအခါကျမှ သူ့ကို လွှတ်၍ လှည့်ကြည့်သည်။ ကြိမ်လုံးကို ကိုင်၍ ရပ်နေသော သင်္ချာဆရာကို တွေ့ရလေသည်။

'နှစ်ယောက်စလုံး လိုက်ခဲ့'

ဆရာ/ဆရာမများ အပန်းဖြေခန်းထဲသို့ ခေါ်သွားသည်။ အခန်းထဲတွင် ဆရာမနှစ်ယောက်သာ ရှိသည်။ တခြားဘယ်သူမှ မရှိ။ တီချာမေများလားဟု လှမ်းကြည့်မိသေးသည်။ မဟုတ်။ တခြား ကိုယ်မသိသော ဆရာမတွေ။ သူတို့ကလည်း ဟိုဘက်လှည့်၍ ပိတ်စတွေကို ကိုင်ကြည့်နေကြသည်။

'ဘာဖြစ်ကြတာလဲ'

ဆရာမေးတာကို ကိုယ် မဖြေ။ အုန်းသီးက ဖြေသည်။

'သူ ကျွန်တော့်ကို ဆွဲထိုးတယ်၊ ပြီးတော့··· ပြီးတော့ လည်ပင်းကိုလဲ'

အုန်းသီးသည် စကားမဆက်နိုင်ဘဲ တရှုံ့ရှုံ့ငိုသည်။ သွေးတွေ





စီးကျနေသော နှာခေါင်းကို လက်ဖြင့် သုတ်သည်။ လက်ရာတွေ ထင်နေတုန်းရှိသော လည်ပင်းကိုလည်း ကိုင်စမ်းနေသည်။

'မင်းက လူမိုက်လား'

ဆရာသည် ကိုယ့်ကို မျက်လုံးကြီး ပြူးကြည့်ရင်း မေးသည်။ ကိုယ် ဘာမှပြန်မဖြေ။

'ဟောကောင်··· ငါ မေးနေတယ်'

ဆရာ့အသံက ကျယ်လာသည်။ လေသံလည်း မာလာသည်။ ကိုယ် ပြန်မဖြေဘဲ ကြမ်းပြင်ကိုသာ စိုက်ကြည့်နေလိုက်သည်။ ကိုယ့်ရင်ဘတ်သည် နိမ့်လိုက်မြင့်လိုက် ဖြစ်နေတုန်း။ ကိုယ် ခုထိ ဒေါသမပြေသေး။

'ရွှီ'ခနဲ မြည်သံကြားရပြီး ကြိမ်လုံးသည် ကိုယ့်ခြေသလုံးကို လာထိသည်။ ပူခနဲ ဖြစ်သွား၏။

'ဟင်··· မင်း··· မင်းက ဘာကောင်လဲ'

'ဖြန်းခနဲ၊ ဖြန်းခနဲ' မြည်သံတွေ ကြားရသည်။ တင်ပါး၊ ပေါင်၊ ခြေသလုံး။ ကိုယ် ငိုလည်း မငို၊ ခါးကော့၍ ကော့၍လည်း မသွား၊ ရှောင်လည်း မရှောင်။ ကိုယ်ကို တောင့်၍ခံသည်။ ဘယ်နှစ်ချက်လဲ ကိုယ် မှတ်မထား။ နာရမည်လည်း ကိုယ် မသိတော့။

'အို··· ဆရာ··· ဆရာ···'

အသံတစ်သံ ကြားသည်။ တီချာမေ့အသံ ဖြစ်မည်။ ဆရာသည် အရိုက်ရပ်လိုက်ရ၏။ သို့သော်လည်း ဒေါသမပြေသေးကြောင်း သိသာသည်။ ကြိမ်လုံးကို လေထဲတွင် ယမ်းနေတုန်း။ 'တဝီဝီ' မြည်နေသည်။ ကိုယ်သည်လည်း ခုမှ နာရမှန်း သိလာသည်။ ခြေထောက်တွေ တဆတ်ဆတ်တုန်နေသည်။

'ဘယ်လိုဖြစ်တာလဲ ဆရာ'

'အုန်းသီးကို ထိုးတယ် ဆရာမ'

ဆရာက ပြောသည်။ ဆရာ့လေသံသည် စောစောတုန်းကလို မာမနေတော့။ တီချာမေက အုန်းသီးကို မေးသည်။

'ဘယ်လိုဖြစ်သလဲ အုန်းသီး'



www.burmeseclassic.com

www.burmeseclassic.com



'လည်ပင်းကိုလည်း ညှစ်တယ် တီချာ'

အုန်းသီးသည် ငိုပြန်သည်။ ခါတိုင်းက သူ အနိုင်ကျင့်ပြီး ထိုးလိုက်လို့ ကျောင်းသားငယ်တွေ ငိုကြသည်ကို ကြည့်ရင်း တဟားဟားရယ်တတ်သော အုန်းသီးကို ကိုယ်မသနားချေ။ နောက် တစ်ချက်လောက် ထပ်ထိုးလိုက်ချင်သေးသည်။ တီချာမေကလည်း ဒါကို သိလိမ့်မည်။

'ကဲ… မောင်အုန်းသီး၊ သွားတော့'

ဟု ပြောလိုက်သည်။ ပြီးတော့ ကိုယ့်ဘက်လှည့်၍…

'ဘာဖြစ်လို့ ထိုးတာလဲ ညီညီ'

'ကိုယ့်ကို… ကိုယ့်ကို အခြောက်လို့ ပြောလို့ပါ'

တီချာမေ ဆရာ့ကို ကြည့်လိုက်ပြန်သည်။ သူ အရိုက်လွှန်သွားကြောင်း ဆရာသိသွားဟန်တူသည်။ တီချာမေ စိတ်ဆိုးနေကြောင်းကိုလည်း သူ ရိပ်မိသည်။

'ဒီကောင် သိပ်ဆိုးတယ် ဆရာမ၊ ပြီးတော့ မေးတာကိုလည်း မဖြေဘူး၊ ပေကပ်ကပ် လုပ်နေတယ်၊ ဒါကြောင့် ကျွန်တော်…'

'ဒီမှာ ဆရာ'

တီချာမေ့အသံ နည်းနည်းမာသွားသည်။ ကိုယ်သည် ဘောင်းဘီတို ဝတ်ထားသောကြောင့် ခြေသလုံးက အရိုးရာများကို မြင်နိုင်မည်ထင်သည်။ တီချာမေသည် ကိုယ့်ခြေသလုံးကို တစ်ချက်ကြည့်ပြီး မျက်နှာပျက်သွားသည်။ ဆရာ့ကို ပြောသည်။

'ဒီမှာ ဆရာ၊ ကျွန်မအတန်းက ကျောင်းသားတစ်ယောက်ဟာ ခုလောက် ပြင်းပြင်းထန်ထန် ရိုက်နှက်ပြီး ဆုံးမရလောက်အောင် ဆိုးသွမ်းနေတယ်ဆိုရင် ကျွန်မထိန်းသိမ်းမှု ညံ့လို့ပဲ ဖြစ်လိမ့်မယ် ထင်တယ်'

ဆရာသည် ဘာမျှပြန်မပြောချေ။ တီချာမေသည် ကိုယ့်ကို ကြည့်ပြီးနောက် လေသံကို နည်းနည်းလျှော့လိုက်သည်။

'တကယ်တော့ ညီညီဟာ ကျောင်းသားဆိုးတစ်ယောက် မဟုတ်ပါဘူး ဆရာ၊ ညီညီကို ဆရာ နားမလည်သေးလို့ ဖြစ်ပါလိမ့်မယ်၊ အင်းလေ… အေးအေးဆေးဆေးကျမှ ကျွန်မ ရှင်းပြပါ့မယ်၊ ခုဟာကတော့ သူ့အပြစ်နဲ့ အရိုက်ခံရတာနဲ့ မမျှဘူးလို့ ထင်ပါတယ်'





'ဆောရီးပဲ ဆရာမ၊ ကျွန်တော် နည်းနည်း ဒေါသဖြစ်သွားမိလို့'

တီချာမေသည် အခန်းထဲက ထွက်သွားသော ဆရာ့နောက်ကျောကို ငေးကြည့်နေသည်။ ဆရာ့ကို ကြည့်နေရာမှ ကိုယ့်ဘက်ကို လှည့်လိုက်သော တီချာမေ၏မျက်နှာသည် ချက်ချင်းပြောင်းသွားသည်။ ဆရာနှင့် စကားပြောနေတုန်းကလို မဟုတ်တော့ပါ။

'ညီညီရယ်… ဖြစ်မှ ဖြစ်ရလေကွယ်'

ခုမှပင် ကိုယ်ဝမ်းနည်းလာသည်။ ဝဲလာသောမျက်ရည်ကို ကျမလာအောင် မျက်နှာမော့ထားလိုက်သည်။ အရိုက်ခံခဲ့ရသော နေရာများမှ နာလာပြန်သောအခါ မျက်ရည်တို့ တိတ်သွားကြပြန်သည်။

ခြေသလုံးမှာ အရိုးရာတွေ ထင်နေသည်။ ဒီအရိုးရာတွေနှင့် အတန်းထဲသို့ ပြန်မဝင်လိုပါ။ ဘာကြောင့်ပဲဖြစ်ဖြစ် အရိုက်ခံရပြီးလျှင် အတန်းထဲကို ဝင်ရမှာရှက်သည်။ ကိုယ့်စိတ်များကို တီချာမေက မပြောဘဲနှင့် သိသိနေသည်။

'ကဲ… ညီညီ အတန်းထဲကို ပြန်မသွားနဲ့တော့၊ ဒီမှာပဲ စာဖတ်ရင်း ကျောင်းဆင်းတဲ့ထိနေပေါ့၊ ဟုတ်လား'

ကိုယ် ခေါင်းမြန်မြန်ညိတ်ပြသည်။ တီချာမေက…

'ညီညီ့လွယ်အိတ်ကို တစ်ယောက်ယောက် ပို့ခိုင်းလိုက်မယ်'

ဟု ပြောပြီး ထွက်သွားသည်။ ကိုယ့်အကြောင်းတွေ ကိုယ့်စိတ်တွေကို ဂရုစိုက်တဲ့၊ နားလည်တဲ့ တီချာမေ။ တီချာမေ ထွက်သွားသည်ကို ငေးကြည့်ရင်း အခန်းအပြင်မှာ ရပ်နေသော ကောင်မလေးတစ်ယောက်ကို မြင်လိုက်ရသည်။ ကိုယ်နှင့် ရွယ်တူလောက်ပင် ရှိမည်။ သူသည် ဓားလှီးရေခဲမုန့်ကို စုပ်နေရင်းက ကိုယ့်ကို ကြည့်နေ၏။ သူက ကိုယ့်ကို သနားနေပါသလား မသိ။ ကိုယ်ကလည်း သူ့ကို ပြန်ကြည့်နေကြောင်း သိသွားသောအခါ 'စားမလား' ဆိုသော သဘောဖြင့် သူ့လက်ထဲက ဓားလှီးရေခဲမုန့်ကို မြှောက်ပြသည်။

ကိုယ် ခေါင်းခါလိုက်၏။

*



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ခြေသလုံးက အရှိုးရာတွေကို မြင်သောအခါ ဆော်လီမား က…

'အာယိုယို ဘာရာရေ၊ ဘာဖိတာလဲ နီနီ'

ဟု အော်လေသည်။ 'အာရိုရို ဘုရားရေ၊ ဘာဖြစ်တာလဲ ညီညီ' ဟု ပြောခြင်း ဖြစ်ပါသည်။

'ဘာမှမဖြစ်ပါဘူး'

'ဆန္ဒန်းနော် ထည့်ရမယ်'

ဟု ပြောပြီး မီးဖိုထဲ ဝင်သွားသည်။ နနွင်းပုလင်းကြီး ကိုင်ပြီး ထွက်လာသည်။

'ဟာ… နနွင်းထည့်လို့ မဖြစ်ဘူး၊ မေးခိုင်ပိုး ဝင်လိမ့်မယ်'

'ဘာမေးခိုင်းတာလဲ'

မေးခိုင်ပိုးတွေ ဘာတွေ သူသိမှာ မဟုတ်ပါဘူးဟု စဉ်းစားမိသဖြင့်

'ဘာမှ မဟုတ်ဘူး၊ အင်္ဂလိပ်ဆေး ထည့်မယ်'

ကိုယ်ထွက်လာသည်။ ပြီးမှ ပြန်လှည့်၍…

'မေမေ့ကို ဘာမှပြန်မပြောနဲ့နော် သိလား'

ဆောလီမားကလည်း ထိုကိစ္စလောက်ကို အရေးတကြီး လုပ်မနေတော့ပါ။ လျှော်စရာ အဝတ်ဟောင်းတွေကိုသာ လိုက်စုနေသည်။ ကိုယ်လည်း အကျီချွတ်၊ ရေတစ်ခွက်သောက်ပြီး ရေချိုးခန်းထဲ ဝင်ခဲ့သည်။

ရေတစ်ခွက် လောင်းချလိုက်သောအခါ ခြေထောက်မှ အရှိုးရာတွေက အရမ်းစပ်သွားသည်။ ဆပ်ပြာမတိုက်ရဲတော့ဘဲ ရေမြန်မြန်ချိုးရသည်။ ရေချိုးပြီးတော့ ကိုယ့်မှာ တစ်ထည်တည်းရှိသော လုံချည်အပြာကလေးကို ထုတ်ဝတ်လိုက်သည်။ ဒီလုံချည်ကလေးကို မဝတ်တာကြာပြီ။ လွန်ခဲ့သော သုံးနှစ်ခန့်က ဖွားမေသိန်း ဒီကိုလာတော့ ကိုယ့်အတွက် ဝယ်လာခြင်း ဖြစ်သည်။ သီတင်းကျွတ်၊ တန်ဆောင်တိုင်တို့မှာသာ နှစ်ခါ သုံးခါဝတ်ပြီး သိမ်းထားခဲ့ခြင်း ဖြစ်ပါသည်။ ဒီနေ့တော့ ဒီလုံချည်ကို မဝတ်လို့ မဖြစ်ပါ။ ဘောင်းဘီနှင့်ဆိုလျှင် ခြေထောက်အရှိုးရာတွေကို မေမေ မြင်သွားနိုင်သည်။





ထမင်းစားပြီးတော့ ခြံဝက နံ့တန်းမှာ မေမေ့ကို သွားစောင့်မည် စိတ်ကူးပြီးမှ မစောင့်တော့ဘဲ စာကြည့်စားပွဲမှာ ထိုင်လိုက်သည်။ စာမကြည့် ဖြစ်သေးပါ။ နေ့လယ်က အကြောင်းကို ပြန်စဉ်းစားကြည့်သည်။

အုန်းသီးကို ကိုယ်ခံထိုးခဲ့သည့်အတွက် အံ့သြမိသည်။ ခါတိုင်းက ဆိုလျှင် သူသည် ကိုယ်တို့ကို အနိုင်ကျင့်နေကျ။ ကိုယ်တို့လို ကျောင်းသားငယ်လေးတွေကို တွေ့ပြီဆိုလျှင် ခြေသလုံးကို ပိတ်ပိတ်ကန်တတ်သည်။ သတိထားပြီး မရှောင်မိလျှင် သိပ်နာသည်။ ပြီးတော့ 'မင်း ငါနဲ့ ချမလား' ဟု ကိုယ့်ကို ခဏခဏ မေးသည်။ ကိုယ်က ခေါင်းခါပြလျှင် 'အေး… မင်း ငါ့ကို အာမခံနဲ့ သိလား' ဟု ပြောတတ်သည်။ ဟိုတစ်ခါတုန်းကလည်း တင်အောင်နိုင့် ကွန်ပါဘူးထဲက နှစ်ဘက်ချွန်ကို သူယူ၍ တံခါးကို ပစ်တမ်းကစားသည်။ တစ်ချက်ကျတော့ တံခါးကို မထိဘဲ ဘေးက အုတ်နံရံကို သွားထိရာ ဆူးချွန်ကြီး ကောက်သွားလေသည်။ တင်အောင်နိုင်က ငိုပြီး တီချာမေကို သွားတိုင်သည်။ အုန်းသီး အရိုက်ခံရသည်။ အုန်းသီးသည် သွားတိုင်ရကောင်းလား ဆိုပြီး တင်အောင်နိုင့်ကို ဆွဲထိုး၏။ တင်အောင်နိုင် နှာခေါင်းထဲက သွေးတွေပင် ကျလာသည်။ သို့သော်လည်း နောက်ထပ် အထိုးခံရမည် စိုးသောကြောင့် မတိုင်ရဲတော့ချေ။

နေ့လယ်ကမှု ကိုယ့်စိတ်ထဲက ဘယ်လိုတွေ ဘာတွေ ဖြစ်သွားမှန်းမသိ။ သူတို့ကို မကြောက်မိချေ။ အုန်းသီးကို ပြန်ထိုးသည့်အတွက် ကိုယ့်ကို သတ္တိရှိတယ်ဟု ပြောနေကြမလား မသိ။

မေမေပြန်လာသောအခါ ကိုယ် အရိုက်ခံရသည့်အကြောင်း သိသွားမည်စိုးသဖြင့် မေမေ့နားမကပ်ဘဲ နေသည်။ သို့သော်လည်း မေမေက ကိုယ့်လုံချည်ကို ဂရုစိုက်မိသွား၏။

'အမယ်… သားက လုံချည်တွေ ဘာတွေနဲ့ပါလား'

'ဟုတ်တယ် မေမေ၊ ကိုယ် နောက်ကို လုံချည်ပဲ ဝတ်တော့မယ်နော်'

'အေးလေ၊ ဝတ်ပေါ့ သားက လူပျိုကြီး ဖြစ်နေပြီပဲဟာ'

ကိုယ်ရှက်သွားသလိုလည်း ဖြစ်မိသည်။ ရုတ်တရက်လည်း ပျော်



www.burmeseclassic.com

www.burmeseclassic.com

သွားသောကြောင့် သတိမေ့ပြီး မေမေ့ကို ပြေးဖက်လိုက်မိသည်။ မေမေက လည်း ကိုယ့်ကို ပြန်ဖက်ထား၏။ မေမေ့ထံမှ ကြားရခဲ့သော အသံကို ကြားရသည်။ ရယ်သံပင် ဖြစ်ပါသည်။

'သားက တော်တော်ထွားလာတယ် သိလား၊ ကြီးလာရင် ဘာ လုပ်မှာလဲ သား'

'ဆရာဝန်ပေါ့ မေမေရဲ့'

'ဖြစ်မှာပါ သားက စာတော်တာပဲ'

မေမေ့အသံသည် ကြည်ကြည်လင်လင် ရှိပါသည်။ ထိုကြောင့် မေမေလည်း ပျော်နေကြောင်း သိသာသည်။ မေမေက ရယ်လိုက်ပြီး...

'ဒါပေမယ့် သားက မိန်းမယူမှာ မဟုတ်လား၊ အဲဒီအခါကျတော့ မေမေ့ကို လုပ်ကျွေးနိုင်ဦးမလား'

'အို... ကိုယ်က မိန်းမ မယူပါဘူး၊ မေမေ့ကိုပဲ လုပ်ကျွေးမှာ ပေါ့လို့'

'မေမေသည် ပြုံးနေရာမှ မျက်နှာကို တည်လိုက်သည်။ ပြီးတော့မှ ပြန်ပြုံးလိုက်ပြီး...

'အင်း... မေမေတော့ ဒီသားကြီးကိုပဲ အားကိုးရမှာပဲ'

မေမေသည် ကိုယ့်ကို ဖက်ထားသော လက်ကို လျှော့လိုက်ပြီး ရယ်ပြန်သည်။ ကိုယ့်တင်ပါးကို ချော့သိပ်သလို ပုတ်နေသည်။ အရိုက်ခံထားရသော နေရာမှ ဆစ်ခနဲ နာသွား၏။ သို့သော်လည်း မေမေသိသွားမည်စိုးသောကြောင့် ဘာမှမဖြစ်သလို အောင့်ခံနေလိုက်သည်။ မေမေသိသွားလျှင် ခုလို ပျော်နေသော အရှိန်ကလေး ပျက်သွားမည် စိုးရပါသည်။

■



ကျောင်းတက်ဖို့ ထွက်လာခဲ့သည်။

ခါတိုင်းလို ဘောင်းဘီတို မဝတ်တော့ဘဲ တစ်ထည်တည်းသာရှိသည့် လုံချည်ပြာကလေးကိုပင် ဝတ်လာခဲ့သည်။ ကိုယ့်ခြေလှမ်းများ နှေးပါသည်။ လမ်းလျှောက်နေရသည်ကို စိတ်မပါသလို ဖြစ်နေသည်။ အတန်းထဲက လူများသည် ကိုယ် အရိုက်ခံရသည်ကို သိပြီးသား ဖြစ်နေပါလိမ့်မည်။ ကိုယ့်ကို ဘယ်လို ပြောကြမည်နည်း။ အရိုက်ခံရသောကြောင့် သနားနေကြမလား။ လူဆိုးဟု ပြောကြမှာလား။ သတ္တိကောင်းသည် ဆိုကြမှာလား။ အုန်းသီး၊ ဖရက်ဒီ၊ ပြီးတော့ သင်္ချာဆရာ။

ကိုယ် လျှောက်နေရာမှ ရပ်လိုက်၏။ 'ညီညီရယ်' ဆိုသော အသံကို ကြားမိသည်။ တီချာမေ၏ မျက်နှာကို မြင်ယောင်လာသောအခါ ရပ်နေရာမှ ပြန်လျှောက်မိပြန်သည်။ ဟိုးရှေ့မှာ ကိုယ့်လိုပင် ကျောင်းသို့ သွားနေကြသော ကျောင်းသားနှစ်ယောက်ကို တွေ့ရသည်။ သူတို့ကို မြင်သောအခါမှပင် ကိုယ်တို့ ကျောင်းစည်းကမ်းကို သတိရတော့သည်။

လုံချည်ဖြစ်ဖြစ်၊ ဘောင်းဘီဖြစ်ဖြစ် အစိမ်းရောင်ကိုသာ ဝတ်ရသည်။ အင်္ကျီကျတော့ အဖြူ။ အစိမ်းနှင့် အဖြူ မဟုတ်လျှင် ကျောင်းထဲ မဝင်ရ။ ကိုယ် ဝတ်ထားသည်မှာ အင်္ကျီကတော့ အဖြူမှန်သည်။ လုံချည်က



www.burmeseclassic.com

www.burmeseclassic.com



အပြာ ဖြစ်နေသည်။ သည်အတိုင်းသွားလို့လည်း မဖြစ်သေးပါ။ အိမ်ကို ပြန်ပြီး ဘောင်းဘီတိုလည်း မလဲချင်။ ကိုယ့်ခြေသလုံးသည် မနာတော့သော်လည်း အရိုးရာတွေ ထင်နေတုန်းပါ။ ကိုယ့်ခြေထောက်များသည် တဖြည်းဖြည်း နေးလာရာမှ ရပ်သွားလေသည်။

ကိုယ်သည် ကျောင်းမပြေးဖူးပါ။ ကျောင်းပြေးရမည်ကို ရှက်လည်း ရှက်ပါသည်။ ကြောက်လည်း ကြောက်ပါသည်။ သို့သော်လည်း ကိုယ့်ကို လက်သီးထောင်ပြနေသော အုန်းသီးကို မြင်ယောင်နေသည်။ ကိုယ့်နားထဲတွင် ကြိမ်လုံးသံ 'တရွှီရွှီ'ကိုလည်း ကြားလာ၏။ မျက်မှန်တပ်ထားသော်လည်း ကြင်နာစွာ ကြည့်တတ်သော တီချာမေ၏ မျက်လုံးများကို သတိရသောအခါ အားတက်မိပြန်သည်။

လမ်းလျှောက်လိုက် ရပ်လိုက် လုပ်ရင်းက တံတားကြီးနားကို ရောက်လာသည်။ တံတားကြီးထိပ်မှနေ၍ ကိုယ် ရပ်ကြည့်နေမိသည်။ ချောင်းထဲတွင် ဝါးဖောင်တွေ တွေ့ရသည်။ ဝါးဖောင်ပေါ်တွင် ကိုယ်တို့အရွယ် ကောင်ကလေးတွေ ငါးမျှားနေကြသည်။ ကောင်လေးတစ်ယောက်သည် ရေပေါ်တွင် ပေါ်နေသော တုတ်ချောင်းကလေး တစ်ချက် နှစ်ချက် မြုပ်သွားသည်နှင့် ငါးမျှားတံကို ဆွဲတင်လိုက်သည်။ ငါးမျှားကြိုးတွင် ငါးတစ်ကောင် တန်းလန်းပါလာသည်။ ငါးဆီမှ 'ဇီဇီ'ဆိုသော အသံကို ကြားရသည်။ ထိုအော်သံကို ကိုယ် မကြားဘူးသောကြောင့် အံ့သြသွား၏။ ထိုငါးမျိုးကို ကိုယ်မှတ်မိသည်။ အိမ်မှာ ဆော်လီမား ခဏခဏ ချက်တတ်ပြီး ကိုယ်မကြိုက်သော ငါး၊ ငါးဇင်ရိုင်းဖြစ်သည်။ တချို့ကောင်လေးတွေသည် ချောင်းစပ်လတာပြင်ပေါ်၌ ဖောင်စီးကဏန်းများကို လိုက်ဖမ်းနေသည်။ တချို့ချောင်းထဲမှာ ရေကူးနေကြလေသည်။

ကျောင်းတက်ချင်စိတ် ဖြစ်ပေါ်လာပြန်သည်။ ထိုအချိန်မှာပင် ဘယ်ဆီက လွင့်လာမှန်း မသိသော သံချောင်းခေါက်သံကို ကြားရသည်။ ရှစ်နာရီထိုးပြီး။ ကျောင်းတက်ပြီ ဖြစ်ပါသည်။ သည်ကနေ ကျောင်းကို ငါးမိနစ်လောက်တောင် လျှောက်ရဦးမည်။ ကျောင်းနောက်ကျတာ တပြစ်၊





လုံချည်ပြာဝတ်ထားတာက တပြစ်။ တီချာမေရှိရာ ကိုယ်တို့ အတန်းထဲကို ရောက်ဖို့ ဆရာတစ်ယောက်စီ အလှည့်ကျစောင့်ရသော ကျောင်းဝင်းတံခါးကို ပထမဆုံးဖြတ်ရမည်။ နောက် ကျောင်းအလယ်ပေါက်မှာ လက်နောက်ပစ်၍ ရပ်နေသော စည်းကမ်းကြီးလှသည့် ကျောင်းအုပ်ဆရာကြီးကို တွေ့ရမည်။ ဖြစ်လိုရာ ဖြစ်စေတော့ ဆိုပြီး ကိုယ်လျှောက်လာခဲ့သည်။ ခြေလှမ်းက မြန်သော်လည်း စိတ်လေးနေပါသည်။

ကျောင်းဝင်းတံခါးဝနှင့် ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ကိုယ့်ခြေလှမ်းသည် တုန့်ခနဲ ရပ်သွား၏။ တာဝန်ကျဆရာသည် ကြိမ်လုံးကို ကိုင်၍ အပေါက်ဝတွင် ခေါက်တုန့်ခေါက်ပြန် လျှောက်နေသည်။ ကိုယ့်ကို သူမမြင်။ သင်္ချာဆရာပင် ဖြစ်လေသည်။ ကိုယ် ချာခနဲ လှည့်ထွက်လာခဲ့သည်။

ဘယ်ကို သွားရမှန်းလဲ မသိ။ သူများတွေ ကျောင်းပြေးကြသောအခါ ရုပ်ရှင်ကြည့်သည်။ မဟာစေတီဘက်မှာ ငှက်လျှောက်ပစ်သည်။ ကိုးသိန်းကိုးသန်း၊ ရွှေဂူလေးဘက်မှာ ရေသွားကူးသည်ဟု ကြားဖူးပါသည်။ အဲဒါတွေလည်း ကိုယ်မလုပ်လိုပါ။

တံတားကြီးဘက်သို့ ပြန်လျှောက်လာခဲ့သည်။ ဝါးဖောင်ပေါ်မှာ ငါးမျှားနေသော ကောင်လေးတွေ၊ လတာပြင်မှာ ကဏန်းကောက်နေသော ကောင်လေးတွေ၊ ရေကူးနေသော ကောင်လေးတွေ ရှိနေတုန်း။ ကိုယ်သူတို့ကို ရပ်ကြည့်၍ နေလိုက်သည်။ ချောင်းရေသည် နောက်ကျိနေလေသည်။

ငါးမျှားနေသော ကောင်လေးနှစ်ယောက် တံတားထိပ်သို့ တက်လာသည်။ တစ်ယောက်က ပလိုင်းကလေးကို လွယ်ထားသည်။ နောက်တစ်ယောက်က လွယ်အိတ်စုတ်ကလေးနှင့်။ ကိုယ်သည် လွယ်ထားသော 'ကဝ'လွယ်အိတ်ကလေးကို ယောင်ရမ်း၍ ဆုပ်ကိုင်မိသည်။

သူတို့နှစ်ယောက်သည် ကိုယ့်နားသို့ရောက်လျှင် ရပ်လိုက်၏။ ကိုယ့်ကို ခြေဆုံးခေါင်းဆုံး ကြည့်နေကြသည်။ ကိုယ်ကလည်း သူတို့နှစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ကို ပြန်စိုက်ကြည့်လိုက်သည်။ သူတို့မှာ အင်္ကျီမပါ။ လုံချည်မှာလည်း ရွှံ့ရေတွေ ပေကျံလျက်။

'မင်းက ကျောင်းသားလား'

တစ်ယောက်က မေးသည်။

'အေး… ဟုတ်တယ်'

ကိုယ်ဖြေသည်။

'ကျောင်းမတက်ဘူးလား'

ကိုယ် ခေါင်းခါပြသည်။

'မင်း ကျောင်းပြေးတာလား'

ကိုယ် ဘာမျှပြန်မဖြေပါ။

'ကျောင်းပြေးတယ်ဆိုရင် မင်း အဖေက ဆူမှာပေါ့ကွ၊ ပြီးတော့ ဆရာမတွေ'

နောက်တစ်ယောက်က ဝင်ပြောပြန်သည်။ သူတို့သည် ကိုယ့်ကို လာရန်စနေတာလား၊ သူတို့က စထိုးလျှင် ကိုယ်ပြန်ထိုးမည်ဟု စဉ်းစားထား သည်။ သူတို့ကို ကိုယ်မကြောက်။ တကယ့် တကယ်တော့လည်း သူတို့ ကိုယ့်ကို ကြည့်နေပုံမှာ ကြောက်စရာမကောင်းချေ။ သူတို့နှင့် ကိုယ် စကားပြောချင်လာသည်။

'မင်းတို့ကော ကျောင်းမနေချင်ဘူးလား'

လွယ်အိတ်လွယ်ထားသော ကောင်လေးသည် သူ့ လွယ်အိတ်စုတ်ကလေးကို ဆုပ်ကိုင်လိုက်ပြီး…

'အစကတော့ နေသေးတယ်၊ တစ်တန်းလည်း ရောက်ရော ကျောင်းထွက်လိုက်တာပဲ'

'ငါလည်း သူနဲ့ တူတူပဲ'

ပလိုင်းလွယ်ထားသော ကောင်လေးက ဝင်ပြောသည်။

'ဘာလို့ ကျောင်းထွက်လိုက်တာလဲကွ'

'အဖေတို့ အမေတို့က ဆက်မထားလို့ပေါ့ကွ'





'ငါတို့က ဆင်းရဲတယ်ကွ'

ကိုယ် သူတို့ကို သနားသွားသည်။ ကျောင်းက ရေခဲချောင်းရောင်းသော ကောင်လေးကိုလည်း သွားသတိရလိုက်မိ၏။

'မင်းတို့ ဒီငါးတွေ ရောင်းဖို့လား'

'အေးကွ၊ များများရရင်တော့ ရောင်းတာပေါ့၊ နည်းနည်းပဲ ရရင်တော့ အိမ်မှာပဲ ချက်စားတာပဲ၊ တစ်ခါတလေ ပိုက်ဆံမရှိရင်တော့ ဘယ်လောက်ပဲရရ ရောင်းတာပဲ'

တစ်ယောက်သည် ပလိုင်းကို စလွယ်သိုင်း ပြင်လွယ်လိုက်ပြီး…

'ကဲ… ငါတို့ သွားဦးမယ်၊ ဒီနေ့တော့ ဟင်းစားလေးလောက်ပဲ ရတာကွ၊ ဟင်းချက်ဖို့ အမီ ပြန်ရဦးမယ်'

သူတို့သည် ထွက်သွားမည် ပြုပြီးမှ…

'ဒါနဲ့ မင်းနာမည်က ဘယ်သူလဲ'

ကိုယ် မဖြေ။ ကိုယ့်နာမည်ကို အမှန်အတိုင်း ပြောမပြလိုပါ။ ဘယ်လိုပြောရင် ကောင်းမလဲလို့ စဉ်းစားနေရင်းက ပြန်မေးလိုက်သည်။

'မင်းတို့ နာမည်တွေကကော'

'ငါက မောင်ပါ၊ သူက အေးကြည်'

လွယ်အိတ်နှင့် ကောင်လေးက ဖြေသည်။ တစ်ယောက်က…

'မင်းနာမည်လည်း ပြောဦးလေ'

ကိုယ်သည် ပါးစပ်ထဲ တွေ့ရာကို ပြောမိ၏။

'ဗိုလ်အောင်ဒင်'

'ဘာ… ဗိုလ်အောင်ဒင် ဟုတ်လား၊ သိပ်ကောင်းတဲ့ နာမည်ပဲကွ၊ ဟိုအလှူမှာ ဖွင့်တဲ့ ဇာတ်လမ်းထဲက နာမည်မျိုး'

ကိုယ်သည် ဗိုလ်အောင်ဒင်လိုပင် ရယ်လိုက်ချင်သည်။

အေးကြည်နှင့် မောင်ပါတို့ ထွက်သွားပြီးနောက် ကိုယ်တစ်ယောက်တည်း ကျန်ခဲ့သည်။ ထမင်းဆာလာသည်။ ဝါးဖောင်ပေါ်တက်ပြီး ထမင်းစားရင် ကောင်းမလားဟု စဉ်းစားသည်။ မသွားတော့ဘဲ ချောင်းထဲသို့


www.burmeseclassic.com

www.burmeseclassic.com

ဆင်းသည့် ကုန်းလျှောကလေးမှာပင် ထိုင်ချလိုက်သည်။ ထမင်းဘူးကို ဖွင့်ကြည့်သောအခါ ဆိတ်ကလီဇာဟင်းဖြစ်ကြောင်း တွေ့ရသည်။ ကိုယ့်အ ကြိုက်ဟင်း ဖြစ်သောကြောင့် ထမင်းကုန်အောင် စားနိုင်သည်။ ခါတိုင်းတုန်း ကလို ထမင်းတွေ သွန်မပစ်ရတော့။ ကပ်သတ်ကျန်နေသော ထမင်းစေ့က လေးများကို ချောင်းထဲသို့ လှမ်းပစ်ချရင်း ကိုယ်စဉ်းစားသည်။ ဘယ်ကို သွားမလဲ။

ရဲတံခွန်ရုံမှာ 'ကိုကိုမောင် တော်တော်ဆိုး' ပြနေသည်။ ကျော်ဟိန်း ကားဖြစ်သောကြောင့် ကြည့်ချင်သော်လည်း ကိုယ်မသွားရဲပါ။ ကျောင်း လွယ်အိတ်ကြီးနှင့် ရုပ်ရှင်ရုံကို သွားလို့မဖြစ်။ ဘယ်ကို သွားရမည်မှန်း ကိုယ်စဉ်းစားလို့ မရပါ။ ဒီနေရာမှာလည်း အကြာကြီးထိုင်၍ မနေချင်။

နေရာတစ်ခုကို စဉ်းစားလို့ရသည်။ သွားလို့ဖြစ်မဖြစ်ကိုလည်း စဉ်းစားရပြန်သည်။ မေးလျှင် ဘယ်လိုဖြေမလဲဆိုတာ။ သို့သော်လည်း သွားဖို့ ဆုံးဖြတ်လိုက်သည်။

ပန်းလှိုင်ထဲမှာ ဖေဖေအလုပ်ရုံရှိသည်။ ကိုယ်ငယ်ငယ်က ရောက် ဖူးသည်။ ကိုယ့်ကို သူ အလုပ်ရုံသို့ ခေါ်ခေါ်သွားတတ်သည်။ ခုနောက်ပိုင်း ခေါ်မသွားတော့။ လေးငါးနှစ်လောက်ကြာပြီ ထင်သည်။ နေရာကို ကိုယ် မှတ်မိနေသည် ထင်သည်။

ပန်းလှိုင်ထဲသို့ လျှောက်လာသည်။ ရှေ့မှာ ကိုယ်ငယ်ငယ်က တည်းက မှတ်မိနေသော အုန်းပင်ကြီးကို တွေ့ရသည်။ အုန်းပင်နှင့် တည့် တည့်သည် ဖေဖေ့အလုပ်ရုံ။

'ရတနာ စက်မှုလုပ်ငန်း'

ဆိုင်းဘုတ်ကို တွေ့သည်။ ချက်ချင်းကြီး မဝင်ရဲသောကြောင့် အပြင်ကနေ ရပ်ကြည့်သည်။ အထဲမှာ လူတွေရှုပ်နေ၏။ အလုပ်ရုံ၏ အပြင်ဘက်မှာ လူနှစ်ယောက်သည် သံဘောင်ကြီးတစ်ခုကို 'ဝရိန်' ဆော် နေကြသည်။ ကိုယ့်ကို လုံးဝ မကြည့်ဘဲ သူတို့အလုပ်ကိုသာ ငုံ၍ လုပ်နေ ကြသည်။ အထဲကို လှမ်းကြည့်သော်လည်း ဖေဖေ့ကို မတွေ့ရပါ။ ဝရိန် ဆော်နေသူများနားသို့ ကိုယ် မရဲတရဲ ကပ်သွားသည်။





'ဦးလေး ဖေဖေရှိလား'

သူတို့သည် မော့မကြည့်ဘဲ...

'ဘယ်သူလဲကွ'

'ကိုယ့်ဖေဖေလေ'

တစ်ယောက်က ကိုယ့်ကို မော့ကြည့်၍...

'မင်း ဖေဖေနာမည်က ဘယ်သူလဲ'

ကိုယ်စိတ်ဆိုးသလို ဖြစ်သွား၏။ ကိုယ့်ဖေဖေနာမည်ကိုတောင် သူတို့က မသိကြတော့ဘူးလား။ အမှန်မှာ သူတို့က ကိုယ့်ကို မသိကြခြင်း သာ ဖြစ်သည်။

'ကိုယ့် ဖေဖေနာမည်က ဦးဖေအောင်'

'ဟေ'

'ဟုတ်တယ်၊ ကိုယ့်မေမေက ဒေါ်ခင်စောမြင့်'

သူတို့သည် ဝရိန်ဆော်သည့် သံကောက်ကလေးမှ ထွက်နေသော မီးတန်းကို ငြိမ်းလိုက်သည်။ ပြီးတော့ ပျာပျာသလဲ ထရပ်လိုက်ကြ၏။

'အို... မင်းက ဆရာ့သားကိုး၊ ဦးဦးတို့က မမှတ်မိလို့ပါကွာနော်'

ကိုယ့်ကို မမှတ်မိသည့်အတွက် သူတို့ အပြစ်ဖြစ်မှာ စိုးနေကြသ လား မသိ။ သူတို့ ဖေဖေ့ကို သိပ်ကြောက်ရမည် ထင်သည်။ သူတို့နှစ် ယောက်သည် တစ်ယောက်က ကိုယ့်ပခုံးကိုဖက်၊ တစ်ယောက်က လက်ကို ဆွဲ၍ အလုပ်ရုံထဲသို့ ခေါ်လာသည်။

'ဆရာ... အဲ မင်းတို့ ဖေဖေ ဟိုမှာ'

ဖေဖေ့နေရာသည် အလုပ်ရုံထောင့်က စားပွဲရှည်တစ်လုံးမှာ ဖြစ် သည်။ ဖေဖေသည် သူ့အလုပ်မှာ စိတ်ဝင်စားနေသောကြောင့် ကိုယ်လျှောက် လာသည်ကို မမြင်ပါ။ စားပွဲနားမှာ ရပ်လိုက်သည်ထိ မော့မကြည့်သေးချေ။ သံကွင်းတစ်ခုကို ဗွလိုကီရိယာဖြင့် တိုင်းထွာနေသည်။ ပြီးတော့မှ ကိုယ့်ကို မော့ကြည့်ပြီး...

'ဟာ... သားပါလား၊ ထိုင်လေ... သား'



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဝင်ထိုင်လိုက်သည်။

'သား ကျောင်းမတက်ဘူးလား'

'အစည်းအဝေးရှိလို့ ဒီနေ့ ကျောင်းပိတ်လိုက်တယ် ဖေဖေ'

စဉ်းစားလာခဲ့သည့်အတိုင်း ကိုယ်ပြောလိုက်သည်။ ဖေဖေသည် ကျောင်းတကယ်ပိတ် မပိတ်ကို လိုက်စုံစမ်းမည် မဟုတ်ကြောင်း ကိုယ်သိသည်။ စုံစမ်းဖို့ နေနေသာသာ ကိုယ်ပြန်ပြောသော စကားကိုတောင်မှ သေသေချာချာ နားထောင်ပါရဲ့လား။ ကိုယ့်ကို ဘာမှပြန်မပြောတော့ဘဲ သူ့တပည့်တစ်ယောက်ကို လှမ်းခေါ်လိုက်သည်။

'ဟုတ်ကဲ့ ဆရာ'

လူကြီးတစ်ယောက်သည် ဖေဖေ့ရှေ့မှာ တောင့်တောင့်ကြီး လာရပ်သည်။

'ဒီဘယ်ရင်ကို ကြက်ခြေခတ်ပြထားတဲ့ ဘက်က အဝတစ်ပဲချုပ်၊ အနက်တစ်မတ် ကြားလား၊ သေသေချာချာလုပ်နော်၊ အဝနဲ့ အနက်နဲ့ မှားဦးမယ်၊ နေဦး'

ဆိုပြီး စာရွက်တစ်ခုပေါ်တွင် ရေးပေးလိုက်သည်။

'ဒီမှာ စာနဲ့လည်း ရေးပေးထားတယ်'

'ဟုတ်ကဲ့ ဆရာ'

'အေး... သွားတော့ နေဦး... နေဦး၊ ရင်မျိုးကို ပြောလိုက် ရေခဲသုပ်ငါးခွက် သွားယူခဲ့လို့'

'ဟုတ်ကဲ့ ဆရာ'

ဟု ပြောပြီး ထွက်သွားသည်။

ကိုယ်သည် ကျောင်းစိမ်းလုံချည်ကိစ္စ ပြောချင်စိတ် ဖြစ်လာသည်။ ဖေဖေသည် သူ့စားပွဲပေါ်တွင် တင်ထားသော မော်တာတစ်လုံးမှ ဝိုင်ယာကြိုးများကို ကိုင်ကြည့်နေပြန်သည်။

'ဖေဖေ'

ဖေဖေသည် ဝါယာကြိုးများကို ကိုင်ကြည့်နေရာမှ 'ဘာလဲ' ဆိုသော သဘောဖြင့် မေးငေါ့ပြသည်။





'ကိုယ့်ကို ကျောင်းစိမ်းလုံချည် ဝယ်ပေးပါနော်'

ကိုယ် မရဲတရဲ ပြောသည်။

'အေး... အေး ဝယ်ပေးမယ်'

'ကိုယ် နောက်ကို လုံချည်ပဲ ဝတ်တော့မယ်'

ခေါင်းညိတ်ပြသည်။

'ဒီနေ့ ဝယ်ခဲ့နော် ဖေဖေ'

'အေးပါကွာ'

ပြောပြောဆိုဆို ထသွားသည်။ သူ့တပည့်တွေ အလုပ်လုပ်နေပုံကို လိုက်ကြည့်နေလေသည်။ ဖေဖေမှာလိုက်သော ရေခဲသုပ်ဖန်ခွက် ရောက်လာသည်။ ကိုယ့်ဖို့မှာတာ ဖြစ်မည် ထင်သော်လည်း ဖေဖေက ဘာမှမပြောသေးသောကြောင့် ကိုယ်မစားဘဲ နေသည်။ ခဏကြာတော့ ဖေဖေရောက်လာသည်။

'သား... စားလေကွာ' ဟု ပြောပြီး ပြန်ထွက်သွားသည်။

စက်တွေ လည်နေသံကို ကြားရသည်။ သံစကလေးတွေသည် အလိန်အလိန်ကလေးတွေ ဖြစ်ပြီး ကျလာသည်။ တစ်ယောက်က သံချောင်းတစ်ခုကို လွှဖြင့် ဖြတ်နေသည်။ တချို့ကလည်း သံပြားကြီးကို 'တဒုန်းဒုန်း' ထုနေကြသည်။ ဖေဖေ့အလုပ်ရုံ တစ်ခုလုံးမှာ လှုပ်လှုပ်ရွရွ ဆူဆူညံညံ ဖြစ်နေကြသည်။

ရေခဲသုပ်ကုန်သွားသည်ထိ ဖေဖေသည် စားပွဲရှိရာသို့ ပြန်ရောက်မလာချေ။ ခုမှ ကိုယ်သတိရသည်။ လုံချည်ဝယ်လျှင် နှစ်ထည်လောက် ဝယ်ခဲ့ဖို့ ပြောရဦးမည်။ ဒါမှ တစ်ထည်လျှော်နေတုန်း တစ်ထည်ဝတ်လို့ရသည်။ ပြီးတော့လည်း တခြားအချိန်တွေမှာ ဝတ်လို့ရအောင် လုံချည်အကွက်ကလေး တစ်ထည်လည်း လိုချင်ပါသေးသည်။

ထိုင်နေရာမှကြည့်လျှင် ဖေဖေ့ကို မမြင်ရပါ။ မတ်တပ်ရပ်လိုက်မှ စက်ကြီးတစ်ခုဘေးမှာ ရပ်နေသည်ကို မြင်ရသည်။ ဖေဖေ့ဆီသို့ ကိုယ် လျှောက်သွား၏။ ဖေဖေသည် စောစောကပေးလိုက်သော သံကွင်းကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ရင်း သူ့တပည့်ကို တစ်ခုခုပြောနေသည်။ စက်သံတွေ ဆူညံနေသောကြောင့် ဘာမှမကြားရ။ ဖေဖေ့နားမှာ ကိုယ် သွားရပ်သည်။ ဖေဖေသည် ကိုယ့်ကို တစ်ချက်လှည့်ကြည့်ပြီး စကားဆက်ပြောသည်။

'ငါ ဘယ်နှစ်ခါပြောရမလဲဟင်၊ တစ်ပဲစားရမယ်ဆိုရင် တစ်ပဲအတိ ဘယ်တော့မှမစားနဲ့၊ နည်းနည်းချန်ပြီးတော့စား၊ ပြီးတော့မှ တစ်ပဲရအောင် ဖြည်းဖြည်းချင်းညှိယူပါလို့၊ ခုလို တစ်ပဲအတိ စားချလိုက်တော့ အချောညှိစရာအသား ဘယ်ရှိတော့မလဲ၊ လုပ်လိုက်ရင် အဲဒီလိုချည်းပဲ၊ သောက်သုံးကို မကျဘူး'

ဖေဖေသည် သူ့တပည့်ကို ဆူပူကြိမ်းမောင်းနေခြင်း ဖြစ်ပါသည်။ ထိုလူကြီးသည် အလွန်ကြောက်နေဟန် တူပါသည်။ ဖေဖေက သူ့ကို အလုပ်ထုတ်ပစ်မည် စိုးသောကြောင့်လား မသိပါ။

စက်သံတွေ ဆူညံနေသောကြောင့် ဖေဖေသည် အော်၍ အော်၍ ပြောရ၏။ ဖေဖေအိမ်မှာ စကားပြောလျှင် အသံကျယ်တတ်သည်မှာ ဒီက အကျင့်ပါနေတာ ဖြစ်မည်။

'ဖယ်စမ်း ငါ လုပ်မယ်'

သူ့တပည့်၏ လက်မောင်းကို တွန်း၍ဖယ်ခိုင်းပြီး ဖေဖေကိုယ်တိုင် ဝင်လုပ်သည်။ သံကွင်းကို စက်မှာတပ်၍ညှပ်လိုက်သည်။ ပြီးတော့ ဘာတွေမှန်းမသိ ချိန်ကိုက်နေသည်။ ဖေဖေသည် ကိုယ်အနားရောက်နေကြောင်းကို သတိရတော့မည် မထင်ပါ။ အံကိုကြိတ်ရင်းက ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်၊ ဘီးကို ဟိုဘက်လှည့်လိုက် သည်ဘက်လှည့်လိုက်၊ တိုင်းလိုက်ထွာလိုက် လုပ်နေသည်။ ကျောင်းစိမ်းလုံချည်နှစ်ထည်နှင့် အကွက်ကလေးအကြောင်း မပြောရဲတော့ပါ။ စားပွဲဆီ ပြန်လာပြီး ထိုင်နေလိုက်သည်။

စောစောတုန်းက တစ်ခါတည်း ပြောလိုက်ရကောင်းသားဟု စိတ်ထဲက မကျေမနပ် ဖြစ်နေရသည်။ တော်တော်လေးကြာမှ ဖေဖေရောက်လာသည်။ ဟိုကိစ္စပြောရင် ကောင်းမလား။ ဖေဖေ့မျက်နှာကို မသိမသာကြည့်သောအခါ သုန်သုန်မှုန်မှုန်ကြီး ဖြစ်နေတုန်း။ ထို့ကြောင့် မပြောဖြစ်တော့ပါ။





'ကိုယ် သွားတော့မယ် ဖေဖေ'

'အေး'

ဖေဖေ ဘာများပြောဦးမလဲလို့ ကိုယ်ခဏ ရပ်စောင့်သေးသည်။ ဖေဖေက ဘာမှမပြောတော့ဘဲ ခုနက ဗိုင်ယာကြိုးများကို လှမ်းကိုင်လိုက်သောအခါကျမှ ကိုယ်လည်း ထွက်လာခဲ့သည်။

ဦးလေးမောင်မောင်ကြီးကို မေမေ တစ်ခါက ပြောဖူးသည်။

'ရှင်တို့သူငယ်ချင်းက ဘာကိုမှ စိတ်တိုင်းကျတာ မဟုတ်ဘူး'

*

*ကြာချည်ရှန်... နာရီပြန် ဗဟိုငြိမ့်ပါပေ့*
*မွေးမိတ်လို့ စက်ပါသော်...*
*ရေး... မှ မပျော်။*
*အို... ညချမ်း သီတဂူ တိမ်ယံ့ငှက ပြူထွက်လာဆဲ*
*ခဝဲသင်းပင်း ရုံ့ရွှေတော်ကျင်းတယ် ကြယ်မင်းများ*
*အလယ် တင့်တယ်ပေစွ... သာယာလှချိန်ဝယ်။*
*ရွှေဘောတော် တညာဏ်ပွေ့လို့မလာပေ*
*တာရှည်နေတဲ့ ပျို့ ဘုန်းမော် ကိုလှူလှကိုကွယ်*
*ဘယ်မှုရေးခြယ် တွေးခက်ရတယ်။*

မေမေသည် ပြတင်းဘောင်ပေါ်တွင် လက်ထောက်မေးတင်ရင်း သီချင်းဆိုသည်။ ကိုယ်သည် ခါတိုင်းညများလိုပင် လှိုက်ခနဲ ဝမ်းနည်းသွားမိပြန်သည်။ သို့သော်လည်း ခါတိုင်းညတွေမှာလို သီချင်းတွေ မဆုံးခင် အိပ်ပျော်သွားခြင်းမျိုး မဖြစ်ချေ။ သီချင်းတွေဆုံး၍ 'ဟင်းခနဲ' သက်ပြင်းချလိုက်သော မေမေ့အသံကိုပင် ကောင်းကောင်းကြားရသည်။

ဒီနေ့ည ကိုယ် အိပ်မပျော်ချေ။ မျက်စိကြောင်နေသောကြောင့် မဟုတ်ပါ။ ဖေဖေပြန်အလာကို စောင့်နေခြင်းသာ ဖြစ်ပါသည်။ နေ့လယ်က



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ့ကို ကျောင်းစိမ်းလုံချည်ဝယ်ခဲ့ဖို့ မှာခဲ့သည်။ ထို့ကြောင့် မအိပ်ဘဲ စောင့်နေခြင်း ဖြစ်လေသည်။

ကိုယ်သည် စောစောအိပ်တတ်သူ ဖြစ်သည်။ ခုလည်း ကိုယ် အိပ်ချင်နေပါပြီ။ သို့သော်လည်း စိတ်ကို တင်းထားရ၏။ အိပ်မပျော်သွား အောင် ကြိုးစားနေရသည်။ တစ်ခါတစ်ခါ မှေးခနဲ မှေးခနဲ ဖြစ်ဖြစ်သွား သေးသည်။ မျက်လုံးကို အတင်းနင်းကန် ပြန်ဖွင့်ရလေသည်။ မေမေသည် အိပ်ရာပေါ်တွင် လှဲနေသော်လည်း အိပ်၍ မပျော်သေးကြောင်း ကိုယ်သိ သည်။ မေမေ့ဘက်သို့ လှည့်မကြည့်သော်လည်း အိပ်ရာပေါ်မှာ လူးလိမ့်သံ၊ ခဏခဏ သက်ပြင်းချသံတို့ကို ကြားနေရသည်။

မှေးခနဲတစ်ချက် ငိုက်သွားစဉ်မှာပင် 'ကလင်' ဆိုသော ခေါင်း လောင်းသံ ကြားလိုက်ရသောကြောင့် လန့်နိုးသွားသည်။

ဟော··· ဖေဖေပြန်လာပြီ။

ခုတင်လှုပ်သွားသည်။ ခြေသံ 'တရှပ်ရှပ်' ကြားရသည်။ ထို့ ကြောင့် မေမေ ထသွားကြောင်း သိလိုက်သည်။ ကိုယ့်မှာ သိချင်တာနှစ်ခု ဖြစ်လာလေသည်။

ဖေဖေ ကျောင်းစိမ်းလုံချည် ဝယ်လာလေမလား။

ဖေဖေနှင့် မေမေသည် ခုလို ကိုယ့်ကွယ်ရာကျမှ စကားပြောကြ မလား။

ခုတင်ပေါ်မှ အသံမမြည်အောင် ဆင်းလိုက်သည်။ ကိုယ်တို့ အခန်းတံခါးဝသို့ သွားသည်။ ခန်းဆီးကြားမှ အသာကလေး ချောင်းကြည့် သည်။ မေမေသည် အိမ်ရှေ့မီးကို ဖွင့်သည်။ တံခါးကန့်လန့်ကို ဖြုတ်သည်။ ကိုယ့်ရင်သည် တဒိတ်ဒိတ် ခုန်နေ၏။ တံခါးဖွင့်လိုက်သောအခါ 'ကျွီခနဲ' အသံမြည်သွားသည်။ မေမေနှင့် ကွယ်နေသောကြောင့် ဖေဖေ့ကို တစ်စွန်း တစ်စသာ မြင်ရသည်။ ကိုယ်သည် အားစိုက်၍ နားထောင်သည်။ စကား ပြောသံ မကြားရ။ အားမလို အားမရဖြစ်လာသောကြောင့် ခန်းဆီးစကို ပိုဟ၍ ကိုယ်ကို ရှေ့သို့ ကိုင်းလိုက်သည်။ သို့သော်လည်း အားလုံးသည် တိတ်တိတ်ဆိတ်ဆိတ်။ မေမေသည် နောက်သို့ တစ်လှမ်းဆုတ်လိုက်၏။





ဖေဖေ အိမ်ထဲဝင်လာသည်။ ဖေဖေလက်ထဲ၌ စီးကရက်တစ်လိပ်မှ လွဲ၍ ဘာမှပါမလာချေ။ စကားတစ်ခွန်းမှ မပြောကြဘဲ ဖေဖေကလည်း သူ့ အခန်းထဲ ဝင်သွားသည်။ မေမေလည်း တံခါးပြန်ပိတ်နေ၏။

ကိုယ်သည် အိပ်ရာပေါ်သို့ အသာပြန်တက်ပြီး ဟိုဘက်ကို လှည့်၍ အိပ်ချင်ယောင် ဆောင်နေလိုက်သည်။ မီးခလုတ်ပိတ်သံ ကြားရသည်။ ခြေသံကြားရသည်။ ခုတင်လှုပ်သွားသောကြောင့် မေမေ အိပ်ရာပေါ်သို့ လှဲချလိုက်မှန်းသိ၏။

ကိုယ့်စိတ်ထဲက ဝမ်းနည်းနေသည်။

ဖေဖေ ကျောင်းစိမ်းလုံချည် ဝယ်မလာသောကြောင့် ဝမ်းနည်းတာ ဖြစ်မည်။

*

ဟိုတစ်ခါ ကိုယ်နေမကောင်းတုန်းကအကြောင်းကို သတိရမိ သည်။

အဲဒီတုန်းက ကိုယ်သည် စောင်ကိုခြုံ၍ အိပ်ရာထဲတွင် လှဲနေ သည်။ မေမေသည် ကိုယ့်ဘေးက ခုတင်စွန်းမှာ ထိုင်ရင်း စာဖတ်နေသည်။ မျက်စိကို မှိတ်၍ မှိန်းနေတုန်း လက်တစ်ခုက ကိုယ့်နဖူးကို လာစမ်းသည်။ မေမေ့လက်လို ပျော့ပျော့အိအိ မနေဘဲ မာကြမ်းကြမ်း ဖြစ်သောကြောင့် ဖေဖေ့လက်ဖြစ်လိမ့်မည်ကို သိ၏။

'သား··· နေကောင်းရဲ့လား'

ဖေဖေ့အသံကို ကြားရသည်။

'သက်သာသွားပါပြီ'

မေမေ့အသံ။ ကိုယ် ထိတ်ခနဲ ဝမ်းသာသွားသည်။ သို့သော်လည်း ခပ်မာမာပြောလိုက်သော ဖေဖေ့အသံကို···

'သားကို မေးတာ'

ခြေသံပြင်းပြင်းနှင့် နင်းပြီး ထွက်သွားသည်။ မေမေ ဖတ်နေသော စာအုပ်ကလေး ကြမ်းပေါ်သို့ ကျသွားသံ ကြားရသည်။

*



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းစိမ်းလုံချည်၊ ခြေသံတရှပ်ရှပ်၊ သက်ပြင်းချသံ၊ ကြမ်းပေါ် ကျသွားသော စာအုပ်၊ စားပွဲကို လက်သီးနှင့် ထုသည်။ ဟင်းပန်းကန်လုံး တွေကို နံရံသို့ ပစ်ပေါက်ခွဲသည်။ ထမင်းစား စားပွဲကြီးကို ဆွဲမှောက်ပစ် လိုက်သည်။ ပန်းကန်တွေ လွှော့ကျသွားသည်။ ထမင်းဟင်းတွေ ကြမ်းပေါ် မှာ ပြန့်ကြဲနေသည်။ ကျသံ ကွဲသံတွေ ဝုန်းခနဲ မြည်သံတွေ ဖေဖေ၏ ဒေါသတကြီး အော်ဟစ်သံတွေ။

ကိုယ်သည် မေမေ့ရင်ခွင်မှာ မျက်နှာအပ်ပြီး ရှိုက်ကြီးတငင် ငိုလေ သည်။

*

'သား . . . သား ဘာဖြစ်တာလဲ' .

မျက်စိဖွင့်ကြည့်လိုက်သောအခါ မေမေသည် ကိုယ့်ကို ဖက်ထား သည်ကို တွေ့ရ၏။ ကိုယ့်တစ်ကိုယ်လုံးသည် ချွေးတွေ ရွှဲနစ်နေသည်။ မောလည်း မောနေသည်။ ကိုယ်သည် ရှိုက်နေဆဲ။

'သား . . . အိပ်မက်တွေ မက်ပြီး လန့်ငိုနေတယ် ထင်တယ်၊ ရေသောက်လိုက် . . . ရေသောက်လိုက် ခဏဖယ် မေမေ သွားခပ်ဦးမယ်'

ကိုယ် ခေါင်းခါပြီး မေမေ့ကိုသာ အတင်းဖက်ထားသည်။ အမှန် တော့ အိမ်မက်မက်တာမဖြစ်နိုင်။ ဟိုးအရင် ကိုယ်ငယ်ငယ်တုန်းက ဖေဖေ နှင့် မေမေတို့ရန်ဖြစ်ကြသည့်အကြောင်းကို ရေးတေးတေး ပြန်လည် မှတ်မိ ခြင်း ဖြစ်နိုင်ကြောင်း မေမေမသိဘူးလား။

*

ကိုယ်အိပ်ရာမှ နိုးသောအချိန်တွင် နေတောင် တော်တော်ပူနေပြီ။ ဒီနေ့ တနင်္ဂနွေနေ့ ဖြစ်သောကြောင့် ကျောင်းမတက်ရပါ။ မျက်နှာသစ်နေစဉ် ညကအကြောင်း စဉ်းစားမိသည်။ ဖေဖေနှင့် မေမေ ရန်ဖြစ်ကြသည့် အကြောင်းကို ညက အိပ်မက်မက်ခဲ့တာများလား။ တကယ်ပဲ ငယ်ငယ်က





ကြုံဖူးတာကို ပြန်သတိရတာလား။ ဘယ်ဟာအမှန်လဲ တွေးမရတော့ပြန်ပါ။

ကော်ဖီသောက်ရန် ထမင်းစားခန်းထဲသို့ ဝင်လိုက်သောအခါ ပေါင် မုန့်တစ်ချပ်ကို ဝါးရင်း သတင်းစာဖတ်နေသော ဖေဖေ့ကို တွေ့ရသည်။ ကျောင်းစိမ်းလုံချည်ကိုစွ သတိရလာပြန်သည်။ ဖေဖေ မေ့သွားပြီလား။ ခုနေ သတိပေးလျှင် ကောင်းမလား။ သို့သော်လည်း ကိုယ် မပြောရဲပါ။

ဖေဖေသည် ကိုယ့်ကို တစ်ခါမျှ မရိုက်ခဲ့ဘူးချေ။ သို့သော်လည်း သူမကြိုက်တာ တစ်ခုခု လုပ်မိပြီဆိုလျှင် စူးစူးစိုက်စိုက် ကြည့်တတ်သည်။ ထိုအခါမျိုးတွင် ဖေဖေ့မျက်လုံးများသည် အသည်းနိုက်လောက်အောင် ကြောက်စရာကောင်းပြီး ကိုယ်သည်အလိုလို မျက်ရည်ဝဲလာတတ်၏။ ခု လည်း ဖေဖေသည် မျက်နှာတည်တည်ကြီးနှင့် ထိုင်နေသည်။ မနေ့က သူ့ တပည့်တွေကို စိတ်ဆိုးလာသော အရှိန်ပြေချင်မှ ပြေမည်။ ထို့ကြောင့် ကိုယ် ဘာမျှပြောဖို့ စိတ်မကူးတော့ဘဲ အသာဝင်ထိုင်လိုက်သည်။ ဖေဖေ သည် မျက်လုံးတစ်ချက် လှန်ကြည့်ပြီး သတင်းစာ ဆက်ဖတ်နေသည်။

ကိုယ် စိတ်ကူးတစ်ခု ရလာပြန်သည်။ လုံချည်ဝယ်ပေးဖို့ ဖေဖေ မေ့နေလျှင် မေမေ့ကိုပင် ဝယ်ခိုင်းတော့မည်။ မေမေသည် သူ့လခထဲက ကိုယ့်အတွက် လုံချည်တစ်ထည်လောက်တော့ ဝယ်ပေးနိုင်မည် ထင်သည်။ တစ်ခုတော့ ရှိသည်။ မေမေသည် သူ့လခထဲက ပိုက်ဆံတွေကို ခွဲပြီး စာတိုက်မှာ အပ်သေးသည်ဟု အန်တီလူးကို တစ်ခါက ပြောဖူးသည်။ ဘာပဲဖြစ်ဖြစ် မေမေ့ကို ပြောတော့ ပြောကြည့်မည်။

ကိုယ်သည် ကော်ဖီတစ်ခွက် ထည့်ပြီး ပေါင်မုန့်တစ်ချပ်ကို ယူ၍ ယိုသုတ်သည်။ သိပ်တော့ မစားချင်လှပါ။ ပေါင်မုန့် တစ်ကိုက်ကိုက်ပြီး ကော်ဖီတစ်ငုံသောက်သည်။ ဖေဖေသည် သတင်းစာကို ခေါက်၍ စားပွဲပေါ် တင်လိုက်သည်။ ကျန်နေသော ကော်ဖီကို အကုန်လုံး မော့သောက်လိုက်ပြီး

'သား . . . စားသောက်ပြီးရင် ရေမြန်မြန်ချိုး၊ အဝတ်အစား မြန်မြန် လဲကွာ၊ ဖေဖေနဲ့ ခဏလိုက်ခဲ့'

ကိုယ် ထိတ်ခနဲ ဝမ်းသာသွား၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သွားမလို့လဲ ဖေဖေ'

ဟု မေးမိသည်။

'ဟော… သားပဲ ကျောင်းစိမ်းလုံချည် ဝယ်ပေးပါဆို'

ကိုယ်သည် ထိုင်နေရာမှ ခုန်ထလိုက်သည်။ လှည့်ထွက်မည်အပြု တွင် ဖေဖေက…

'မုန့်ကို ကုန်အောင်စားဦးလကွာ၊ ကော်ဖီရော'

စားလက်စ ပေါင်မုန့်ကို ပြန်ကောက်ယူ၍ ပါးစပ်ထဲသို့ အကုန်လုံး သွတ်ထည့်လိုက်သည်။ ကော်ဖီကို တစ်ခါတည်း မော့ချလိုက်ပြီး ထမင်းစား ခန်းထဲမှ ပြေးထွက်လာခဲ့၏။

ရေမြန်မြန်ချိုးသည်။ ဆပ်ပြာတောင်မှ သေသေချာချာ မတိုက်မိ။ အဝတ်အစား မြန်မြန်လဲပြီး ထွက်လာသည်။ အိပ်ခန်းထဲက အထွက်တွင် မေမေနှင့် အပေါက်ဝမှာ ဆုံသည်။

'ဖေဖေက ကျောင်းစိမ်းလုံချည် ဝယ်ပေးမလို့တဲ့'

ဟူ၍သာ ပြောပြီး ပြေးထွက်လာသည်။ ကိုယ်သည် ပျော်သွား သောကြောင့် သတိလစ်ပြီး ဖေဖေ့အခန်းထဲသို့ ဖွတ်ခနဲ ဝင်သွားမိသည်။ ဖေဖေ့ကိုမြင်မှ သတိရပြီး ကိုယ်လန့်သွားသည်။ အခန်းပြင်သို့ ပြန်ထွက်ပြီး အပေါက်ဝမှာ ရပ်စောင့်နေလိုက်သည်။ ဖေဖေကတော့ ဘာမှမပြောပါ။ ချိတ်မှာချိတ်ထားသော အင်္ကျီတစ်ထည်ကိုဆွဲယူလိုက်ပြီး ထွက်လာသည်။ လမ်းလျှောက်နေရင်းကျမှ အင်္ကျီကြယ်သီးကို တပ်သည်။

ကိုယ်တို့ သားအဖနှစ်ယောက်သည် ဈေးထဲက လုံချည်ဆိုင်တွေကို တစ်ဆိုင်ပြီးတစ်ဆိုင် လျှောက်ကြည့်ကြသည်။ ဆိုင်တွေမှာ လုံချည်အကွက် ကလေးတွေကိုလည်း တွေ့ရသည်။ ကိုယ့်စိတ်ထဲတွင် လုံချည်အကွက် ကလေးပါ ဝယ်ပေးဖို့ပြောလျှင် ကောင်းမလားဟု စဉ်းစားနေသည်။

ဖေဖေသည် လုံချည်ဆိုင်တစ်ဆိုင် ရှေ့မှာ ရပ်လိုက်သည်။ ကျောင်း စိမ်းလုံချည်များကို ယူကြည့်သည်။ ဈေးမေးသည်။ ဖေဖေနှင့် ဈေးရောင်း သော မိန်းမကြီးတို့ ဈေးဆစ်နေကြတုန်းတွင် ကိုယ်သည် လုံချည်အကွက်





ကလေးတွေ တင်ထားသောဘက်ကို ကြည့်မိသည်။ အပြာနှင့် အနက် အကွက် သေးသေးလေးပါသော လုံချည်ကလေး တစ်ထည်လည်း ပါ သည်။ ကိုယ် သိပ်ကြိုက်သွား၏။

'သား'

ဖေဖေက ခေါ်လိုက်သောကြောင့် ကိုယ် ဆတ်ခနဲ တုန်သွားမိ သည်။ ဖေဖေက စက္ကူအိတ်နှင့်ထည့်ထားသော လုံချည်ကို ကိုယ့်ကိုလှမ်း ပေးသည်။ နှစ်ထည်ဖြစ်မည် ထင်သည်။ ဖေဖေသည် ကိုယ့်ကို ခဏမျှစိုက် ကြည့်လိုက်ပြီး…

'ဘာကြည့်နေတာလဲကွ'

'ဟိုဒင်း ဖေဖေ ဘာမှ မဟုတ်ပါဘူး'

ဖေဖေက နည်းနည်းပြုံးလိုက်သည်။ ဆိုင်ရှင်မိန်းမကြီးဘက်သို့ လှည့်၍…

'အဒေါ် ဟိုဘက်က အကွက်တွေကကော ဘယ်လောက်လဲ'

'အဲဒါက လူကြီးဝတ်တွေကွယ့်၊ ကလေးဝတ်က ဒီဘက်မှာ'

ကိုယ် ဖေဖေ့ကို လှမ်းကြည့်နေသည်။ ရင်ထဲကလည်း ဒိတ်ဒိတ် ဒိတ်ဒိတ် မြည်နေပါသည်။ ဈေးက နှစ်ဆယ့်ခုနှစ်ကျပ်တဲ့။ ဖေဖေက နှစ်ဆယ်ဆစ်သည်။ ဈေးသည်ကြီးနှင့် ဖေဖေတို့ တစ်ယောက်တစ်လှည့်စီ ပြောနေကြတုန်း ကိုယ်ကလည်း ဘယ်ဟာယူလျှင် ကောင်းမလဲဟု လိုက် ရွေးနေလေသည်။ စောစောကကြည့်ခဲ့သော အနက်နဲ့အပြာကွက်က လူကြီး ဝတ်တဲ့။

'ကိုင်း… နှစ်ဆယ့်သုံး ယူဗျာ၊ ခွဲတွေ ဘာတွေ လုပ်မနေနဲ့တော့'

ဈေးသည်ကြီးက ခေါင်းညိတ်လိုက်သည်။ ကိုယ်သည် အရဲစွန့်ပြီး ပြောလိုက်ပါသည်။

'ဖေဖေ… ဟိုဟာလေး'

ဈေးသည်ကြီးက 'ဒါလေးလားကွယ်'ဟု အနီကွက်ကြီးကို ကိုင်ပြ သည်။ ကိုယ် ခေါင်းခါလိုက်ပြီး…



www.burmeseclassic.com

www.burmeseclassic.com



'ဟိုဘက်ကဟာ ဘာရောင်လဲတော့ မသိဘူး'

ဈေးသည်ကြီးက ပြုံး၍…


'သြော်… ချောကလက်ရောင်နှင့် မီးနီးပြာ'

ဟု ပြောပြီး လှမ်းပေးသည်။ 'ငါ့တူလေးက အဆင်ရွေးတတ်သားပဲ'ဟု ပြောလိုက်သည်။

ထိုနေ့သည် ကိုယ့်အတွက် အပျော်ဆုံးနေ့ တစ်နေ့ပါ။ လုံချည်တွေလည်း ရသည်။ ပြီးတော့လည်း ဖေဖေနှင့် အတူတူ ဈေးထဲလျှောက်သွားရသည်။ ပြန်ကာနီးတော့ ဖေဖေက ရေခဲမုန့်တစ်ခွက်ပင် ကျွေးလိုက်သေးသည်။

ကိုယ်သည် လုံချည်ထုပ်ကို ကိုင်ရင်း ဖေဖေ့အေးမှာ ရင်ဘတ်ကို ကော့၍ လျှောက်လိုက်လာခဲ့လေသည်။

■



ကျောင်းစိမ်းလုံချည် အသစ်ကလေးကို ဝတ်လာခဲ့သည်။

အသစ်စက်စက် ဖြစ်သောကြောင့် ကော်တွေနှင့် တောင့်နေသည်။ တိတိကျကျ မဖြစ်ဘဲ ထိုးထိုးထောင်ထောင် ဖြစ်နေသည်။ လမ်းလျှောက်ရသည်မှာလည်း အရင်လို မဟုတ်ချေ။ ရှိုးတိုးရှန့်တန့် ဖြစ်နေပါသည်။ နောက်တော့လည်း အသားကျသွားလေ၏။

လုံချည်ကလေးတွေကို မေမေက ကိုယ်တို့ အိမ်နားက စက်ဆိုင်မှာ သွားချုပ်ပေးသည်။ ပြီးတော့ ကော်တွေကုန်သွားအောင် ရေစိမ်ထားပေးမည်ဟု ပြောသည်။ ကိုယ်က မနက်ကျောင်းသွားချိန်အမီ မခြောက်မည်စိုး၍ တစ်ထည်ကို မစိမ်ဘဲထားဖို့ ပြောထားရသည်။ ဟုတ်လည်း ဟုတ်ပါသည်။ ညဘက်ကျတော့ မိုးတွေရွာသည်။ ရေစိမ်ပြီး လှမ်းထားသော လုံချည်နှစ်ထည်သည် မနက်ကျတော့ မခြောက်သေးချေ။ ညကဆိုလျှင် ကိုယ်သည် အိပ်ရာဝင်တာ နောက်ကျခဲ့သည်။ လုံချည်အသစ်ကလေးကို ဝတ်ကြည့်ပြီး မေမေ့မှန်တင်ခုံထဲမှာ ကြည့်လိုက်၊ ပြန်ချွတ်လိုက်၊ ခဏကြာတော့ ပြန်ဝတ်ပြီး ကြည့်လိုက် လုပ်နေခဲ့၏။ ကျောင်းစာတွေတောင် ကောင်းကောင်းမကြည့်လိုက်ရပါ။

ကျောင်းကို ရောက်သောအခါ ကျောင်းတက်ခါနီးနေပြီ။ အတန်းထဲသို့ ဝင်လိုက်သောအခါ အတန်းသား အတန်းသူတွေက ကိုယ့်ကို ဝိုင်းကြည့်



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ ကိုယ် လုံချည်ဝတ်လာသောကြောင့် ကြည့်ကြတာလား။ ဟို တစ်နေ့က အရိုက်ခံရသောကြောင့် ကြည့်ကြတာလား။ အုန်းသီးကို ဆွဲထိုးသောကြောင့် ကြည့်ကြတာလား မသိ။ ဘာပဲဖြစ်ဖြစ် ကိုယ်နည်းနည်းတော့ ရှက်သွားသည်။

အုန်းသီးထိုင်နေကျနေရာသို့ လှမ်းကြည့်သည်။ အုန်းသီးသည် ကိုယ့်ကို တစ်ချက်ပြန်ကြည့်ပြီး မျက်နှာလွှဲသွားလေသည်။ ကိုယ်လည်း ကိုယ့်နေရာမှာ ဝင်ထိုင်လိုက်၏။ ခဏနေသောအခါ တင်အောင်နိုင်နှင့် ဌှန့်ဆင် ရောက်လာသည်။ တင်အောင်နိုင်က ကိုယ့်ကို ပြောသည်။

'ဟိုနေ့က ငါသာရှိရင် မင်းဘက်က ငါ ဝင်ကူမှာပဲကွ'

ဌှန့်ဆင်က…

'မင်းမကူလည်း ညီညီပဲ နိုင်တာပဲ မဟုတ်လား၊ တကယ်ကျတော့ အုန်းသီးက စကြောက်ကွ'

ကိုယ်က…

'နောက်ဆိုရင် ဒီကောင် ဗိုလ်မကျရဲတော့ပါဘူးကွာ၊ လာဗိုလ်ကျရင်လည်း ငါတော့ပြန်ချမှာပဲ'

'အေးကွ… ငါတို့ ပေါင်းပြီးချမယ်၊ အုပ်စုတောင့်ရင် ဒီကောင်လာမကျယ်ရဲပါဘူး'

ဟု တင်အောင်နိုင်က ပြောသည်။ ဌှန့်ဆင်ကလည်း ကိုယ်တို့နှင့် ပေါင်းမည်ဟု ပြောပါသည်။

ကျောင်းတက်ခေါင်းလောင်း ထိုးပြီးတော့ တီချာမေ ဝင်လာသည်။ ဟိုနေ့က ကျောင်းတစ်ရက် ပျက်ထားသောကြောင့် ဒီနေ့ ခွင့်စာတင်ရမည် ဖြစ်ပါသည်။ ကိုယ့်မှာ ခွင့်စာမပါခဲ့။ ကိုယ်ကျောင်းမတက်သည့်အကြောင်း မေမေ့ကို မပြောပြခဲ့သောကြောင့် ခွင့်စာရေးခိုင်းလို့ မဖြစ်ဘူး မဟုတ်လား။ ထိုအကြောင်းကို တီချာမေကများ မေးမလားလို့ စိုးရိမ်မိသေးသည်။ ကြားထဲမှာ တနင်္ဂနွေတစ်ရက် ခံသွားသောကြောင့် တီချာမေ မေ့သွားတာ ဖြစ်မည်။ ကိုယ့်ကို ဘာမျှမမေးပါ။

မုန့်စားလွှတ်ချိန်ကျမှ ကိုယ့်ကို ဆရာခန်းထဲ ခေါ်သွားသည်။ အဲဒီကျမှ ကိုယ့်ကို မေးလေသည်။





'ညီညီ စနေနေ့က ဘာဖြစ်လို့ ကျောင်းမတက်တာလဲ၊ ခွင့်စာလည်း မတင်ဘူး'

တီချာမေ့ကို ကိုယ်မညာချင်ပါ။ ထို့ကြောင့် အမှန်အတိုင်း ပြောပြလိုက်သည်။ ကျောင်းစိမ်းမဝတ်ခဲ့မိသည့် အကြောင်း၊ ကျောင်းဝမှာ သင်္ချာဆရာကို တွေ့သည့် အကြောင်း။

'အဲဒါနဲ့ ကိုယ်လည်း မဝင်ရဲဘူး တီချာ၊ ကိုယ်ဝင်ရင် ဆရာက ကိုယ့်ကို ရိုက်မှာ ပြီးတော့လည်း'

ကိုယ် စကားဆက်မပြောဘဲ နေသည်။ ကိုယ်ပြောသင့် မပြောသင့် စဉ်းစားနေသည်ကို တီချာမေသိသွား၏။

'ပြောလေ ညီညီ ဘာဖြစ်လဲ၊ ပြောသာ ပြောပါ'

'မဟုတ်ဘူး တီချာ၊ ကိုယ်ထင်တာပြောတာ၊ သင်္ချာဆရာက ကိုယ့်ကို ဆိုရင် အမြဲတမ်း အပြစ်ပြောတယ်၊ ဆရာ မကြိုက်တာလည်း ကိုယ် ဘာလုပ်လို့လဲ၊ ကိုယ့်ကို ဆရာက တီချာမေလို မဟုတ်ဘူး၊ သူ ကိုယ့်ကို မုန်းနေတယ်'

ကိုယ့်အသံတွေ တုန်သွားသည်။ ဝမ်းလည်း နည်းသွားသည်။ တီချာမေက…

'အို… မဟုတ်တာကွယ်၊ ဆရာဆိုတာ ကျောင်းသားကို မုန်းတယ်လို့ ဘယ်ရှိပါ့မလဲ၊ ရိုက်တယ်ဆိုတာကလည်း လိမ္မာစေချင်လို့ စာတတ်စေချင်လို့ပေါ့'

'တီချာကကျတော့ ဘာလို့ မရိုက်တာလဲ'

တီချာမေက အသံထွက်အောင်ပင် ရယ်လေသည်။

'ဒီလိုလေကွယ်၊ ဆရာတစ်ယောက်နဲ့ တစ်ယောက် မတူကြဘူးပေါ့၊ တချို့ကတော့ ကျောင်းသား ကျောင်းသူတွေအပေါ်မှာ ပန်းပင်ကလေးတွေ၊ ပန်းပွင့်ကလေးတွေလို သဘောထားတယ်။ ပန်းပင်ကလေးတွေကို ကြည့်လေ။ အကြမ်းပတမ်း လုပ်လို့ရမလား။ ယုယုယယထားမှ ရှင်သန်မယ် မဟုတ်လား။ အဲ… အချို့ဆရာကတော့ ကျောင်းသား ကျောင်းသူတွေကို အိုးကလေးတွေလို သဘောထားတယ်။ အိုးလုပ်တဲ့အခါကျရင် မဖုတ်ခင်မှာ



www.burmeseclassic.com

www.burmeseclassic.com

နာနာရိုက်ပုတ်ပေးရတယ်။ ဒါမှ အဲဒီအိုးက နိုင်တယ်တဲ့။ ညီညီ သဘော ပေါက်ရဲ့လား'

ကိုယ် ခေါင်းညိတ်ပြလိုက်သည်။ ကိုယ့်စိတ်ထဲတွင် ဘွားမေသိန်း ပြောဖူးသော စကားကို သွားသတိရမိ၏။ ‘မင်းအဖေ ငယ်ငယ်က အရိုက်ခံ ရရင် ဘယ်တော့မှ မငိုဘူး၊ ထွက်လည်း မပြေးဘူး၊ အံကြိတ်ပြီး ခံတယ်၊ မင်းအဖေက ထုလေမာလေ ငါးဖယ်လိုပဲ’တဲ့။ တီချာမေက ကိုယ့်မျက်နှာကို စေ့စေ့ကြည့်ပြီး ပြောပြန်သည်။

‘အေး… ဆရာတွေက သဘောထားပုံချင်း မတူပေမယ့် ကျောင်း သား ကျောင်းသူတွေ စာတတ်စေချင်တဲ့ စေတနာ၊ လိမ္မာစေချင်တဲ့ စေတ နာမှာတော့ အတူတူချည်းပဲကွယ့်၊ အဲ… ပြီးတော့ တချို့ ဆရာ၊ ဆရာမ ကျပြန်တော့လည်း လိမ္မာတဲ့လူကို မရိုက်ဘူး၊ ဆိုးတဲ့လူကိုမှ’

‘ဟင်… ဒါဖြင့် ကိုယ်က ဆိုးလို့’

‘မဟုတ်ဘူး… မဟုတ်ဘူး’

တီချာမေသည် ကိုယ့်မေးစေ့ကို ကိုင်လိုက်ပြီး…

‘အဲဒါ ပြောမလို့ပါ၊ သင်္ချာဆရာက ညီညီ့ကို ဆိုးတယ်လို့ ထင်သွားတာ၊ ညီညီကလည်း အုန်းသီးကို သွားဆွဲထိုးတယ် မဟုတ်လား’

‘သူက ကိုယ့်ကို…’

‘အေးပါ၊ တီချာ သိပါတယ်၊ ဘာပဲဖြစ်ဖြစ် သင်္ချာဆရာက ဆိုးတယ်လို့ ထင်သွားတာပေါ့၊ အဲဒါ ညီညီက လူဆိုးမဟုတ်ဘူး။ လိမ္မာ တယ်လို့ တီချာမေက ပြောပြလိုက်ပြီ။ အဲဒါ နောက်ကို ဆရာက ရိုက်မှာ မဟုတ်တော့ဘူး။ ညီညီကလည်း ရန်မဖြစ်နဲ့တော့ သိလား။ ဆရာ့စကား လည်း နားထောင်နော်’

ကိုယ် ခေါင်းညိတ်ပြလိုက်၏။ နောက် တီချာမေက စနေနေ့တုန်း က ကျောင်းမတက်ဘဲ ဘယ်တွေ လျှောက်သွားနေသလဲဟု မေးသည်။ ကိုယ်ကလည်း အမှန်အတိုင်း ဖြေသည်။

‘ဟင်… မင်းဖေဖေဆီလည်း ရောက်သေးတယ် ဟုတ်လား၊ မင်းဖေဖေက ကျောင်းမတက်တဲ့အတွက် မဆူဘူးလား’





‘ကိုယ်က အစည်းအဝေးရှိလို့ ကျောင်းပိတ်လိုက်တယ်လို့ ပြောမိ တယ် တီချာ’

‘အို… ဘာဖြစ်လို့ လိမ်ပြောရတာလဲ၊ မိဘကို ဘယ်တော့မှ လိမ်မပြောရဘူးလို့ တီချာ မှာထားတယ် မဟုတ်လား’

ကိုယ် ဘာမျှပြန်မပြောဘဲ ခေါင်းငုံ့နေလိုက်သည်။

‘ကဲ… ကဲ ဒီတစ်ခါ ခွင့်လွှတ်မယ် ဟုတ်လား၊ နောက်ကို ကျောင်းပြေးတာတို့၊ လိမ်ပြောတာတို့၊ ရန်ဖြစ်တာတို့ လုပ်ရင်’

‘အဲဒါဆို ကိုယ့်ကိုသေအောင် ရိုက်ပါ တီချာ’

‘အေး… ဟုတ်ပြီ၊ ရိုက်ဖို့ မလိုဘူးဆိုတာ တီချာ သိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ညီညီကလည်း နောက်ကို ဘယ်တော့မှ ဆိုးမှာမဟုတ် ဘူး၊ ညီညီက လိမ္မာပါတယ်နော်’

*

တီချာမေ့ဆီက ထွက်လာပြီး ကျောင်းရှေ့ကွက်လပ်ကို ဖြတ် လျှောက်လာခဲ့သည်။ ကွက်လပ်တွင် အုန်းသီးတို့ ဘောလုံးကန်နေကြလေ သည်။ ဖရက်ဒီက ဂိုးဖမ်းနေသည်။ သူ့နားက ကိုယ်ဖြတ်သွားသောအခါ ဖရက်ဒီက ကိုယ့်ကို ပြုံးကြည့်လိုက်သည်။ ကိုယ်က ပြန်မပြုံးပြချေ။ သူမေးသည်။

‘ညီညီ… မင်း ပါမလို့လားကွ’

ကိုယ်ဆတ်ခနဲ ရပ်ပြီး သူ့ကို စိုက်ကြည့်လိုက်သည်။ ဖရက်ဒီသည် မျက်နှာပျက်သွားပြီး ပျာပျာသလဲပြောသည်။

‘မဟုတ်ပါဘူးကွာ၊ ငါက အကောင်းပြောတာပါ၊ မင်းကစားမယ် ဆိုရင်’

ကိုယ်ခေါင်းခါလိုက်ပြီး ဆက်လျှောက်ခဲ့သည်။ ကျောင်းထောင့်က ဗာဒံပင်ကြီးအောက်မှာ ထိုင်သည်။ ထမင်းဘူးကို ဖွင့်၍ စားသည်။ ဘော လုံးကန်နေသော နေရာမှ ‘ဂိုး’ဟု အော်လိုက်သံများ ကြားသောကြောင့်


www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်မိသည်။ ထုံးစံအတိုင်း အုန်းသီးသည် အသံကျယ်လောင် ကျယ်လောင်လုပ်၍ ငြင်းနေသည်။

ခါတိုင်းနေ့များလို ကိုယ့်မှာ ဘောလုံးကန်ချင်စိတ် မရှိပါ။ အုန်းသီးနှင့် ရင်ဆိုင်တွေ့ရမည်ကို ကြောက်သောကြောင့်လည်း မဟုတ်နိုင်ချေ။ သူ့ကို ကိုယ်မကြောက်တော့။ သို့သော်လည်း ဘယ်လိုမှန်း မသိ။ ကိုယ်တစ်ယောက်တည်းပဲ နေချင်တော့သည်။ တင်အောင်နိုင်သာ အိမ်ပြန် ထမင်းမစားဘူးဆိုလျှင် သူနှင့်အတူတူ နေချင်နေမိပါလိမ့်မည်။

‘ဟိတ်’

နောက်မှ ခေါ်သံကြား၍ လှည့်ကြည့်သည်။ ကိုယ် အံ့သြသွားမိပါသည်။ ကိုယ်အရိုက်ခံရသော နေ့က စားလိုးရေခဲမုန့်ကိုင်ရင်း အခန်းအပြင်က ရပ်ကြည့်နေသော ကောင်မလေး။ ခုလည်း သူ့လက်ထဲမှာ စားလိုးရေခဲမုန့် ကိုင်ထားသည်။

‘စားမလား’

သူ မေးသည်။ ကိုယ် ခေါင်းခါပြသည်။ သူသည် အကျီအဖြူ လက်တို၊ စကတ်အစိမ်းလေးနှင့်။ အရည်ပျော်ပြီး စီးကျခါနီးဖြစ်သော စားလိုးရေခဲမုန့်ကို လျှာနှင့်လျက်လိုက်ပြီး…

‘နင် ဟိုတစ်နေ့က ဘာဖြစ်လို့ အရိုက်ခံရတာလဲဟေ’

‘နင်နဲ့ ဘာဆိုင်လို့လဲ’ဟု ပြောမည် ပြုပြီးမှ မပြောဖြစ်လိုက်ချေ။ ဘာကြောင့်မှန်း မသိ။ သူမေးတာကို ဖြေချင်သွားလေသည်။

‘ရန်ဖြစ်လို့ဟ၊ အုန်းသီးကို ထိုးလို့’

‘ဘာဖြစ်လို့ ထိုးတာလဲ’

‘ကိုယ့်ကို မခံချင်အောင် ပြောလို့’

သူသည် ဖက်ကို ပုပြီး လျှာကလေးကို ထုတ်လိုက်သည်။

‘ဟာ… ဟာ့ သူ့ကိုယ်သူများ ကိုယ် တဲ့’

‘အို… ကိုယ် ဒီလိုပဲ ပြောတတ်တာပဲ’

‘ထားပါတော့ ဘာပြောလို့လဲ’

‘ကိုယ့်ကို အခြောက်လို့ ပြောတယ်’





‘အမယ် သူကပဲ ပြောရတယ်ရှိသေး၊ အဲဒီကောင်ကမှ အခြောက်၊ နင်ဆွဲထိုးတော့ ငိုတယ် မဟုတ်လား’

‘ဟင်… နင်က သိလို့လား’

‘သိတာပေါ့ဟ၊ အဲဒီတုန်းက ငါက ခပ်လှမ်းလှမ်းက ကြည့်နေတာပဲ၊ နင် လက်သီးထိုးတာ ကျော့ဟိန်းနဲ့ သိပ်တူတာပဲ’

သူနှင့် စကားပြောရသည်ကို ကိုယ်ပျော်သွားမိသည်။ သူသည် ကိုယ့်ဘေးနားမှာ ဝင်ထိုင်သည်။ သူ့ကို ကိုယ်စိုက်ကြည့်နေလိုက်မိ၏။ သူသည် အသားဖြူသည်။ သူ့ဆံပင်သည် ပျော့ပျော့ကလေးတွေ။ လည်ကုတ်ပေါ်မှာ ဝဲနေသည်။ သူ့ပါးပေါ်တွင် သွေးကြောကလေးတွေ မြင်နေရသည်။

ကိုယ်သည် မုန့်ကို ကိုင်ရင်း သူ့ကို ကြည့်နေမိကြောင်း သိရသည်။ ထမင်းတစ်ဝက်လောက် ကျန်သေးသည်။

‘ထမင်းစားမလား’

‘ဟော့အေး… ငါ စားပြီးပြီ’

‘အိမ်က စားလာတာလား၊ ဒါဆို နင် အခု မဆာနေဘူးလား’

‘ဘယ်ကလာ ဟုတ်ကမှာလဲ၊ မုန့်စားဆင်းချိန်ဆို မေမေက ထမင်းလာကျွေးတယ်၊ ငါ ထမင်းစားပြီးမှ မေမေက ပြန်တာ’

‘နင့်မေမေက ထမင်းလာကျွေးတယ်’

သူ ခေါင်းညိတ်ပြသည်။ ကိုယ်သည် ဆော်လီမားကို ဖျတ်ခနဲ မြင်ယောင်မိလေသည်။

‘နင်က ဘယ်အတန်းကလဲ’

ကိုယ်မေးသည်။

‘ငါ ခြောက်တန်းဘီက နင်ကော’

‘ကိုယ်က အေတန်းက’

သူသည် အကျီကြယ်သီးတစ်လုံးကို ဖြုတ်၍ အကျီထဲသို့ လက်ကို နှိုက်ပြီး ပြန်ထုတ်လိုက်သောအခါ ဆီးသီးထုပ်တစ်ထုပ် ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဟင်… နင် ခုနပဲ ဓားလှီးရေခဲမုန့်စားတယ် မဟုတ်လား၊ အချဉ်နဲ့ ဘယ်တည့်မလဲ'

'အို… ငါစားနေကျပဲ၊ ဘာမှမဖြစ်ပါဘူး'

သူသည် ဆီးသီးထုပ်ကို ပါးစပ်ဖြင့် ကိုက်၍ဖောက်သည်။ ဆီးသီးကို လက်ဖြင့် မနှိုက်ဘဲ ပလတ်စတစ်အပေါ်မှ ပါးစပ်ဖြင့် စုပ်ယူသည်။ ပြီးတော့ 'အင့်' ဆိုပြီး ဆီးသီးထုပ်ကို ကိုယ့်ကို လှမ်းပေးသည်။ ကိုယ်လှမ်းယူလိုက်သောအခါ ပလတ်စတစ်အိတ်မှာ သူ့တံတွေးတွေ စိုနေကြောင်း သိရသည်။ ဘာကြောင့်လဲ မသိ။ သူ့တံတွေးများကို ကိုယ် မရွံမိချေ။ သူ့လိုပင် ဆီးသီးထုပ်ကို ပါးစပ်ဖြင့်စုပ်၍ စားသည်။ သူက ကိုယ့်ကိုကြည့်ရင်း ရယ်သည်။ ကိုယ်လည်း ပြန်ရယ်လိုက်လေသည်။

ထိုအချိန်တွင် ကျောင်းတက်ခေါင်းလောင်းထိုးသံ ကြားရသည်။ ကိုယ်တို့နှစ်ယောက် စာသင်ခန်းများဆီသို့ အတူတူ လျှောက်လာကြရင်းက သူသည် တစ်ခုခုကို သတိရဟန်ဖြင့်…

'ဟယ်… မေ့နေလိုက်တာ၊ နင့်နာမည် ဘယ်သူလဲ'

ကိုယ်သည် တဟားဟား ရယ်လိုက်ပြီးမှ မျက်နှာကို တည်လိုက်ပြီး…

'ဗိုလ်အောင်ဒင်'

'ဟာဟာ့၊ လာဖိန့်မနေနဲ့၊ ဗိုလ်အောင်ဒင်ဆိုတာ စတီရီယိုဇာတ်လမ်းနာမည်ကြီး'

ကိုယ် ရယ်လိုက်ရသည်။

'အလကားပြောတာပါ၊ ကိုယ့်နာမည်က ညီညီတဲ့'

'ညီညီ'

'အေး… ဟုတ်တယ်၊ နင့်နာမည်ကော'

'စနေမ'

'ဟား… လုပ်မနေနဲ့ အပိုတွေ'

'အလကားပြောတာ၊ ခိုင်မာလာတဲ့'

'နင့်နာမည်က ကောင်းသားပဲ၊ နင်နဲ့လည်း လိုက်တယ်'





'လိုက်တယ်၊ ဘယ်လို လိုက်တာလဲ'

'ဟိုလေ၊ ဘယ်လို လိုက်တာလဲလို့တော့ ကိုယ်လည်း မသိဘူး'

'နင့်ဟာကလဲ'

ဆိုပြီး သူ ပြုံးသည်။ သူတို့ အတန်းနားသို့ ရောက်သောအခါ သူက…

'နင် သွားတော့လေ'

ဟုပြောသည် ပြီးတော့ အခန်းထဲ ဝင်သွားသည်။ သူတို့အတန်းနောက်ဆုံးခုံတန်းမှာ ထိုင်နေသော ကောင်လေးတစ်ယောက်က ကိုယ့်ကို လက်သီးထောင်ပြ၏။ ကိုယ်က နှုတ်ခမ်းတစ်ဖက်ကို တွန့်၍ မခန့်လေးစား ပြုံးပြလိုက်သည်။

ညနေပိုင်း စာသင်ချိန်များတွင် ကိုယ့်စိတ်သည် ကြည်ကြည်လင်လင် ဖြစ်နေသည်။ သင်္ချာအချိန်၌ပင် ခါတိုင်းလို စိတ်မညစ်တော့ပါ။ သင်္ချာဆရာသည် အရင်ကလို ကိုယ့်ကို မျက်မှောင်ကြီးကုတ်၍ ကြည့်သည်ဟု မထင်တော့ချေ။ စိတ်တွက်ပုစ္ဆာသုံးပုဒ် အတွက်ခိုင်းရာ ကိုယ်ကအရင်ဆုံး ပြီးသဖြင့် သင်္ချာဆရာ၏ ပြုံးကြည့်ခြင်းကိုပင် ခံရသည်။

ကျောင်းဆင်းချိန်ရောက်သည်ထိ ဘာမျှ မကြာလိုက်ဟု ထင်ရသည်။ ကျောင်းဆင်းသောအခါ မိန်းကလေးတွေက အတန်းထဲမှ အရင်ထွက်ရသည်။ ပထဝီဆရာမက 'ကဲ… ယောကျာ်းလေးတွေ ထွက်နိုင်ပြီ' ဟု ပြောသောအခါ ရှေ့ဆုံးမှ တိုးဝှေ့ထွက်လာသူမှာ ကိုယ်ပင် ဖြစ်ပါသည်။

ဘီတန်းဘေးမှ ဖြတ်လျှောက်ရင်း ကြည့်သေးသည်။ အတန်းထဲမှာ ဘယ်သူမှ မရှိတော့။ ကျောင်းဝင်းအတွင်းမှာလည်း ဟိုဟိုဒီဒီ ကြည့်ပြီးမှ အိမ်ပြန်လာခဲ့သည်။

ကျောင်းဆင်းခါနီးတုန်းက မိုးသည်းထန်စွာ ရွာခဲ့သည်။ ခုတော့ မိုးတိတ်သွားပြီ။ နေသည် တိမ်တွေကြားထဲက ပြူထွက်နေသည်။ အရှေ့ဘက်ကောင်းကင်တွင် သက်တန့်ကြီးကိုပင် မြင်ရသည်။ လမ်းဘေးရှိ ရေအိုင်ကလေးများကို ခုန်ကျော်၍ လာခဲ့သည်။ အရာအားလုံးတို့သည် လှပနေကြ၏။ တံတားကြီးပေါ်မှ ဖြတ်ကျော်လာသောအခါ အေးကြည်နှင်း



www.burmeseclassic.com

www.burmeseclassic.com

မောင်ပါတို့ကို သတိရမိသေးသည်။ မနက်တုန်းက နောက်ကျိနေသော ချောင်းရေသည်ပင် ခုအခါ ကြည်လင်၍ နေသည်ဟု ထင်မိပြန်သည်။

ဒီနေ့ ညနေခင်း အိမ်ပြန်လာရာ လမ်းတလျှောက်ရှိ မြင်မြင်သမျှ အရာတို့သည် ဝါဝါထိန်ထိန် တောက်တောက်ပပ ရှိနေကြလေသည်။ တိမ်တောက်နေသောကြောင့်ပင် ဖြစ်ပါသည်။

*

မေမေရုံးက ပြန်လာသောအခါ အန်တီလူးပါ လိုက်လာသည်။ သူ့ကို ကိုယ်သဘောမကျသည့် အချက်တွေထဲတွင် အဲဒါလည်း တစ်ခုပါသည်။ သူလိုက်လာသည့်နေ့ ဆိုလျှင် မေမေနှင့် ကိုယ် အေးအေးဆေးဆေး မနေရတော့ပါ။ သူနှင့် မေမေတို့သည် ဧည့်ခန်းထဲမှာ ထိုင်၍ စကားတွေပြောကြသည်။ ညမိုးချုပ်ထိ။ တစ်ခါတလေ ကိုယ် အိပ်ရာထဲဝင်၍ အိပ်ပျော်သွားသည်ထိ သူတို့ စကားပြောလို့ မပြီးသေးချေ။

တစ်ခုတော့ ကောင်းသည်။ မေမေနှင့် အန်တီလူးတို့ စကားပြောနေကြပြန်ပြီ ဆိုလျှင် ကိုယ်သည် စာရေးစားပွဲတွင် ထိုင်၍ စာကျက်ချင်ယောင်ဆောင်ရင်း သူတို့ ပြောသည်ကို နားထောင်လို့ ရနိုင်သည်။ ကိုယ် သိချင်နေသော အကြောင်းတွေ သူတို့ ပြောချင်ပြောကြလိမ့်မည်။

ခုလည်း ကိုယ်သည် မြန်မာဖတ်စာအုပ်ကို ဖွင့်၍ ဖတ်ချင်ယောင်ဆောင်ရင်း နားထောင်နေသည်။ ကိုယ့်စာရေးစားပွဲနှင့် မေမေတို့ ထိုင်နေကြသော ဆက်တီကုလားထိုင်သည် နည်းနည်းဝေးသည်။ ထို့ကြောင့် သူတို့ ပြောသော စကားတွေကို အားလုံးတော့ မကြားရပါ။ နည်းနည်း ကျယ်ကျယ်ပြောသော စကားတွေသာ ကြားရသည်။ တစ်ခါတစ်ခါကျတော့လည်း သူတို့က တိုးတိုးကလေးတွေ ပြောကြသည်။ တချို့စကားတွေကျတော့ အင်္ဂလိပ်လို ညှပ်ပြောကြသည်။

'…အဲဒါကြောင့် ပြောတာပေါ့၊ အခြေအနေက ဘာမှပြောလို့ရတာ မဟုတ်ဘူး၊ ကိုယ် ငွေစုနေတယ် ဆိုတာကလဲ'





မေမေ့အသံ ဖြစ်ပါသည်။ ပြောရင်းက တိုးသွားသောကြောင့် မကြားရပြန်ပါ။ အန်တီလူး ဝင်ပြောသည်။

'အေးလေ… ယော်ဟာပ်စဘင်းက'

ဟော… ဖေဖေ့အကြောင်း ကိုယ် သေသေချာချာ နားစိုက်ထောင်သည်။

'အင်း… ယက်စ် ယက်စ် မယုံရဘူး'

'ဟုတ်တယ် လုစ်၊ သံယောဇဉ်တစ်ခုတည်းပဲ'

အန်တီလူးက ဘာထပ်ပြောသည်ကို မကြားလိုက်ရ။ အိမ်ရှေ့လမ်းပေါ်က ကုန်တင်ကားကြီး ဖြတ်မောင်းသွားသော အသံကြောင့် ဖြစ်သည်။ 'တစ်လ ခုနစ်ရာ' ဆိုသော မေမေ့အသံကို ကြားလိုက်ရ၏။ 'ညီညီ' ဆိုသော ကိုယ့်နာမည်ကို ပြောသေးသလား မသိ။ သဲသဲကွဲကွဲ မကြားလိုက်ရပါ။ ကားသံ မရှိတော့သောအခါကျမှ စကားတွေကို ပြန်ကြားရသည်။ သို့သော်လည်း ကိုယ် ဘာမှနားမလည်တော့ပါ။ အင်္ဂလိပ်လို ပြောနေကြခြင်း ဖြစ်သည်။

ကိုယ်သည် စာလည်း ဖတ်လို့မရ။ နားထောင်လို့လည်း ဘာမှ နားမလည်။ ကြာတော့ ပျင်းလာသည်။ ညောင်းလည်း ညောင်းလာသည်။ အိပ်လည်း အိပ်ချင်ပြီ။ ကိုယ် ထရပ်လိုက်သည်။ ထိုအခါကျမှ ကိုယ့်ကို သတိရသွားကြပုံ ရလေသည်။ မေမေက…

'သား… အိပ်တော့မလို့လား၊ အိပ်ချင်လည်း သွားအိပ်တော့လေ'

ကိုယ်က ခေါင်းကိုသာ ညိတ်ပြ၍ ရေချိုးခန်းဘက် ထွက်လာခဲ့သည်။ ခြေထောက်ဆေးသည်။ ပြီးတော့ ဧည့်ခန်းကို တစ်ခါဖြတ်၍ လာရပြန်သည်။ ထိုအခါကျမှ အန်တီလူးက ကိုယ့်ကို လှမ်းခေါ်ပြန်သည်။ ကိုယ်မကြားသလို လုပ်၍ အိပ်ခန်းထဲ ဝင်မည်ပြုသည်။ သို့သော်လည်း မေမေက 'သား… အန်တီ ခေါ်နေတယ်လေ' ဟု လှမ်းပြောသောကြောင့် ကိုယ်သွားရသည်။ အန်တီလူးသည် ထုံးစံအတိုင်း ကိုယ့်ကို သူ့ပေါင်ပေါ်မှာ အထိုင်ခိုင်းသည်။ စိတ်မပါသော်လည်း ကိုယ်ထိုင်နေလိုက်ရသည်။ ပြီးတော့ သူမေးသည်။



www.burmeseclassic.com

www.burmeseclassic.com

'ညီညီ့ကို အန်တီတစ်ခုမေးမယ်၊ မှန်မှန်ဖြေနော်'

ကိုယ် ဘာမှလည်း ပြန်မပြော၊ ခေါင်းလည်း မညိတ်မိ။

'ညီညီက ဖေဖေနဲ့ မေမေ ဘယ်သူ့ပိုချစ်သလဲ'

ကိုယ် မေမေ့ကို ဖျတ်ခနဲ လှမ်းကြည့်လိုက်သည်။ မေမေသည် ကိုယ့်ကို ပြုံးကြည့်နေသည်။ သို့သော်လည်း ကိုယ်သိသည်။ တစ်ခါက မေမေ ကိုယ့်ကို ပြောခဲ့ဖူးသည်ကို သွားသတိရမိပြန်၏။

အဲဒီတုန်းက အိပ်ရာပေါ်မှာ ကိုယ်က မေမေ့ရင်ခွင်ထဲ ဝင်ပြီး ကျောင်းမှာလျှောက်အော်ခဲ့သည်များကို ပြန်ဆိုနေသည်။ သူငယ်ချင်းတွေနှင့် ပြိုင်တူအော်ခဲ့သော 'တနင်္ဂနွေ၊ တနင်္လာ မင်းအဖေ ထမင်းဆာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး ဖင်မှာ တုတ်ရှူး၊ ကြာသပတေး၊ သောကြာ စာပေးလို့ရောက်လာ' ဟု အော်ရင်း ကိုယ်မေမေ့ကို မေးသည်။ 'မေမေ စနေကျတော့ ဘယ်လို ပြောမလဲ' မေမေက 'ဘယ်သိမလဲကွယ်' ကိုယ်စဉ်းစားလိုက်ပြီး 'စနေဆို တော့ ဖေဖေပေါ့'။ ထိုအခါ မေမေသည် ချက်ချင်းဘာမျှ ပြန်မပြောဘဲ နည်းနည်းကြာမှ 'သားက မင်းအဖေကို သိပ်ချစ်တာပဲလားဟင်'။ 'ချစ်တာ ပေါ့ မေမေရဲ့'၊ 'မေမေ့ထက်တောင် ပိုချစ်သလားဟင်'။ 'အို... အတူတူ ပဲပေါ့'။ အဲဒီတုန်းက မေမေမျက်နှာသည် ပျော်ပျော်ရွှင်ရွှင် မရှိခဲ့ပါ။

'ဖြေလေကွာ'

အန်တီလူးက အတင်းပင် မေးနေသည်။ ကိုယ် ခေါင်းခါလိုက် သည်။

'ဟင့်အင်း... ကိုယ်က ကလေးမှ မဟုတ်ဘဲ၊ အဲဒါတွေ မေးဖို့မှ မလိုဘဲ'

ဟု ပြောပြီး သူ့ပေါင်ပေါ်မှ ကိုယ် အတင်းရုန်း၍ ပြေးထွက်လာခဲ့ သည်။ မေမေက 'လုစ်ကလည်းဟာ ဆင်ခြင်မှပေါ့' ဟု ပြောလိုက်သံ ကြားရသည်။

■



'ဟိတ်'

သူ့အသံကို နောက်ဖက်ဆီမှ ကြားလိုက်ရသည်။

'နင်ရောက်နေတာ ကိုယ်သိသားပဲ'

ကိုယ်က သူ့ကို လှည့်မကြည့်ဘဲ ပြောသည်။

'အမယ်... နင့်နောက်မှာ ငါရောက်နေတာ ခဏတောင်ကြာပြီ၊ နင့်ဟာနင် ထမင်းကို မဲစားနေပြီးတော့များ'

သူသည် ကိုယ့်ဘေးမှ ကွေ့လျှောက်လာပြီး မျက်နှာချင်းဆိုင်ရှိ သစ်မြစ်ပေါ်မှာ ဝင်ထိုင်သည်။

'မနေ့က ညနေ ကျောင်းဆင်းတုန်းက နင်တို့ ဘီတန်းဘက်ကို ကြည့်သေးတယ်ဟ'

'ငါက ချက်ချင်း ပြန်သွားတာပဲ'

'နင် ခဏစောင့်ရင် ကိုယ်နဲ့ တွေ့မှာပေါ့'

'ငါက ကစ်တီတို့နဲ့ ပြန်ရတာဟ၊ သူတို့က စောင့်မှာ ဟုတ်ဘူး'

'ဒါနဲ့ နေပါဦး၊ နင်က ဘယ်မှာနေတာလဲ'

'ကြည်တော်ကုန်းမှာ'

'ဟင်... ကိုယ်အိမ်ပြန်တဲ့ လမ်းနဲ့ တခြားစီပဲ'



www.burmeseclassic.com

www.burmeseclassic.com



'နင်က ဘယ်မှာနေလို့လဲ'

'ခိုင်းကနိုင်းမှာ'

'အေး··· တခြားစီပဲ'

'အေးလေ၊ မုန့်စားဆင်းရင် ဒီကို လာခဲ့ပေါ့၊ နင့်ကို ကိုယ် ခင်ပါတယ်'

'ငါလည်း နင့်ကို ခင်ပါတယ်ဟာ၊ ပြီးတော့ သနားတယ်'

'ဘာ··· သနားတယ် ဟုတ်လား၊ နင် သနားရအောင် ကိုယ်က ဘာဖြစ်နေလို့လဲ၊ သူတောင်းစားမှ မဟုတ်ဘဲ'

ကိုယ် သူ့ကို ဟောက်လိုက်သည်။ သူသည် မျက်လုံးကလေး ပြူးကြောင်ကြောင်နှင့် ကိုယ့်ကို ကြည့်နေ၏။ မျက်နှာကလေး ငယ်သွားပြီးတော့ ဆက်ပြောသည်။

'ငါက နင် ဟိုတစ်နေ့က အရိုက်ခံရလို့ သနားတာကို ပြောတာပါ'

ကိုယ် သူ့ကို စိတ်မဆိုးတော့ပြန်ပါ။ မိုက်ကြည့် ကြည့်နေသော ကိုယ့်မျက်နှာကို ပြင်လိုက်ပြီး သူ့ကို စိုက်ကြည့်နေလိုက်သည်။ သူသည်လည်း မျက်လုံးကလေး ကလယ်ကလယ် လုပ်၍ ကိုယ့်ကို ပြန်ကြည့်နေပါသည်။ ကိုယ့်မျက်နှာသည် တဖြည်းဖြည်း ပြုံးလာသည်ဟု ထင်သည်။

သူက 'ဘာကြည့်တာလဲ'ဟု ပြောပြီးလျှင် ကားထားသော ခြေထောက်ကို စုလိုက်သည်။ ဒူးခေါင်းနားတွင် ဟိုက်ကျနေသော စကတ်အစ နှစ်ဖက်ကို လက်ဖြင့် စု၍ ကိုင်ထားလိုက်သည်။ ကိုယ်သည် စိတ်ထဲက တစ်မျိုးကြီး ဖြစ်သွားရ၏။

*

ကျောင်းသည် အရင်ကလို ကိုယ့်အပေါ် နားမလည်ကြသူတွေချည်း ရှိနေသောနေရာဟု မထင်တော့ပါ။

သင်္ချာဆရာကလည်း ကိုယ့်ကို မရိုက်တော့ချေ။ သူ စာသင်နေလျှင် ကိုယ်ကလည်း ဂရုစိုက်၍ ကြည့်ပါသည်။ ကိုယ် သိပြီးသားပင်ဖြစ်စေ၊





ကြည့်၍သာ နေလိုက်သည်။ လစဉ်စာမေးပွဲတွင် သင်္ချာမှာ ကိုယ် အမှတ်တစ်ရာအပြည့် ရသည်။ သင်္ချာဆရာက 'ညီညီက လူတော်ကလေးပဲ'ဟု ပထမဆုံးအကြိမ် ချီးကျူးလေသည်။

ကိုယ်သည် ကျောင်းမှာ ရန်လည်း မဖြစ်တော့ပါ။ အုန်းသီးသည် ကိုယ့်ကို အရင်လို အနိုင်မကျင့်ရဲတော့ချေ။ ဟိုတစ်နေ့က ဆိုလျှင် အုန်းသီးသည် ကိုယ့်အတွက် 'စာကလေးခွေ' တစ်ခု ဝယ်လာပေးသည်။ ကိုယ်က မယူပါ။ သူက 'ဒီနေ့က စပြီး မင်းနဲ့ ငါနဲ့ ဖော်ကွာ'ဟု ပြောသည်။

တင်အောင်ခိုင်နှင့် ဌန်ဆင်တို့သည် ကိုယ်နှင့်တွဲဘက် သူငယ်ချင်းများ ဖြစ်လာကြသည်။ ဖော်ဝင်းကလည်း ကိုယ်တို့အုပ်စုထဲမှာ ပါချင်သည်ဟု ပြောသည်။ သူက စာလည်းတော်သည်။ ဘောလုံးကန်လည်း ကောင်းသည်။ ကိုယ့်ကိုလည်း ခင်သည်။ ထို့ကြောင့် သူ့ကိုပါ အုပ်စုထဲ ထည့်လိုက်ပါသည်။

တင်အောင်ခိုင်သည် မုန့်စားဆင်းချိန် တစ်ခါတလေကျလျှင် သူ့အစ်ကိုနှင့် ပြန်လိုက်မသွားဘဲ ကိုယ်တို့နှင့် ကစားသည်။ သူ့အစ်ကို လာမကြိုသော နေ့များဆိုလျှင် ကျောင်းအပြီးလွှတ်လျှင် သူနှင့်ကိုယ် တူတူပြန်ကြသည်။ တစ်ခါတလေ ကျောင်းအသွားတွင်လည်း သူ့အစ်ကို မပါသောနေ့များမှာ ကိုယ့်ကို သူ ဝင်ခေါ်သည်။ တင်အောင်ခိုင်တို့အိမ်နှင့် ကိုယ်တို့အိမ်သည် သိပ်အရမ်းကြီး မဝေးပါ။

ပြီးတော့ မိခိုင်။

'နင်က ငါ့ကို မခင်ပါဘူး၊ တင်အောင်ခိုင်တို့ကိုပဲ ခင်တာပါ' ဟု နှုတ်ခမ်းစူပြီး ပြောသည်။

'နင်ကကော ထမင်းစားရင် ကိုယ်နဲ့ အတူတူစားလို့လား၊ နင့်အမေနဲ့ စားတာ မဟုတ်လား'

'နင် တူတူစားချင်လည်း ရသားပဲ၊ ငါနဲ့ လာစားပေါ့'

'နင့်အမေက ဆူမှာပေါ့'

'မဆူပါဘူးဟ၊ မေမေက သိပ်သဘောကောင်းတာ'

'အေး··· ကောင်းပြီ၊ နင်လည်း ကိုယ်တို့နဲ့ တူတူလာကစားပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'နင်တို့က ဘောလုံးကန်တဲ့ဟာ'

'အမြဲတမ်းကြီး ဘောလုံးကန်တာ မဟုတ်ပါဘူးဟ၊ နင်တို့ လာမယ်ဆိုရင် တစ်မျိုးမျိုး ပြောင်းကစားမှာပေါ့'

'အေးဟ… ကောင်းတယ်၊ ကစ်တီတို့ မီးမီးတို့လည်း ခေါ်ခဲ့မယ်'

'ခေါ်ခဲ့ပေါ့ဟ'

'ပြီးတော့ သူတို့ ပြောသေးတယ်၊ နင်က ချောတယ်တဲ့ဟ'

ကိုယ် နည်းနည်းရှက်သွားသည်။

'အလကားပါဟ၊ ကိုယ်က မချောပါဘူး၊ နင်ကသာ လှတာ'

'ဟယ်'

သူ ကိုယ့်ကို ပြုံးပြီး ကြည့်သည်။

'ဟုတ်တယ်ဟ၊ တင်အောင်နိုင်တို့ကလည်း ပြောတယ်၊ နင်က လှတယ်တဲ့'

'တင်အောင်နိုင်တို့ကပဲ ပြောတာပေါ့၊ နင်ကတော့ မပြောဘူးပေါ့'

'အေး… ဟုတ်တယ်၊ မပြောဘူး'

'ဘာပြောတယ်'

သူ့မျက်နှာသည် နီရဲလာသည်။ ငိုမဲ့မဲ့လည်း ဖြစ်လာသည်။ ကိုယ် ရယ်ချင်လာသည်။

'နင်က ကိုယ့်တော့ ပြောတယ်၊ နင်ပြောတာကျတော့ ကြည့်ဦး၊ ကိုယ့်ကို အဲဒီလို ချောတယ်လို့ ပြောတာ၊ ကစ်တီတို့က ပြောတာဆို၊ နင်က ပြောတာမှ မဟုတ်ဘဲ'

သူသည် ငိုမဲ့မဲ့လုပ်နေရာမှ ခစ်ခနဲ ရယ်လိုက်ပြန်သည်။

'ဟုတ်တယ်… ဟုတ်တယ်၊ ငါကပြောတာ မဟုတ်ဘူး၊ ငါ့မျက်စိထဲမှာ နင်က သရဲရုပ်'

'ကိုယ်က သရဲဆိုရင် နင်က မှင်စာ'

'နင်က ပြိတ္တာ'

'နင်က တစ္ဆေ'

'ဘီလူး'

'နင်က…'





'နင်နော် ငါ ငိုပစ်လိုက်မယ် သိလား'

ဆိုပြီး ကိုယ့်လက်မောင်းကို ဆွဲဆိတ်သည်။

'ဟ… နာတယ်ဟ၊ နင်ကလည်း အရမ်းဆွဲလိမ်တာပဲ'

'အဲဒါ ငါ့ကို ပြောချင်ဦး'

'ဟ… ကိုယ်က နင့်ကို မလှဘူးလို့ ပြောလို့လား'

'နင်ပဲ ခုန မပြောဘူးဆို'

'အေးလေ၊ တင်အောင်နိုင်တို့က ပြောတယ်၊ ကိုယ်က မပြောဘူး'

'အဲဒါ ဘာထူးသေးလဲ'

'ထူးတာပေါ့ဟ၊ ကိုယ်က ပါးစပ်က မပြောပေမယ့် သိတာပေါ့'

'ငါ လှတယ်ဆိုတာ သိတာလား'

'အင်း' ဆိုပြီး ကိုယ်က တစ်ခုခုဆက်ပြောမည် ပြုလိုက်သည်။ သူက… 'နင်နော် ဘာပြောဦးမလို့လဲ' ဟု ဆွဲဆိတ်မည် ပြုပြန်သည်။ ကိုယ်က မြန်မြန်ပြောလိုက်ရသည်။

'အေးပါ အဲဒါ သိတာပေါ့'

'ဒါဖြင့် ငါက လှတယ်ပေါ့'

'အေး… ဟုတ်တယ်'

သူ့မျက်နှာ တစ်မျိုးဖြစ်သွားသည်။ ရှက်သွားတာလား မသိ။ နောက် သူရယ်ပြန်သည်။ လှည့်ပြီး ပြေးထွက်သွားသည်။ နောက်မှ ပြန်လှည့်ပြီး…

'နင် တကယ်နော်'

'အေးပါ… အဲဒါက အရေးမကြီးဘူး၊ နင် ကိုယ့်ကို ရန်လုပ်နေတာနဲ့ နင့်လက်ထဲက ဓားလွှီးရေခဲမုန့်တောင် ပျော်ကုန်ပြီ'

'အေး… ဟုတ်သားပဲ နင် စားဦးမလား'

ကိုယ် ခေါင်းခါပြလိုက်သည်။ မိခိုင်၏ လက်ထဲမှာ ကိုင်ထားသော ဓားလွှီးရေခဲမုန့်သည် အရည်ပျော်ပြီး သူ့လက်ပေါ်သို့ စီးကျလာသည်။ သူသည် လက်မှာပေနေသော ဓားလွှီးရေခဲမုန့် အရည်များကို လျှာဖြင့် လျက်လိုက်သောအခါ ကိုယ် ကြက်သီးထသွားသည်။

*


www.burmeseclassic.com

www.burmeseclassic.com

ကိုယ်သည် စိန်ပန်းပင်ကြီးကို ကျောဖြင့် ကပ်ထားသည်။ မှီနေရာမှ ကိုယ်ကို စောင်းလိုက်သည်။ ခေါင်းကို အသာကလေး ထုတ်ပြီး ချောင်းကြည့်သည်။ ဘယ်သူမှ မရှိ။ ဘေးကို တစ်ချက်ကြည့်ပြီးနောက် အုတ်နံရံဆီသို့ ပြေးကပ်လိုက်၏။ နောက်ကို လှည့်ကြည့်သည်။ ဘယ်သူမျှ မရှိ။ အတော်ကြာအောင် ဆက်ရပ်နေသည်။ ရှေ့ကို တိုးမည်ပြုလိုက်သည်။ ဘေးဘက်မှ 'ချွတ်ခနဲ' အသံကြားသောကြောင့် လန့်သွားသည်။ လှည့်ကြည့်သောအခါ စာကလေးတစ်ကောင် ထပျံသွားတာကို တွေ့ရသည်။ အုတ်နံရံကိုကပ်ပြီး ဖြည်းဖြည်းလေး ရှေ့တိုးသွားသည်။ ရှေ့နောက် ဘေးကို ဝေ့ကြည့်လိုက်သည်။ အားလုံးရှင်းသည်။ ရှေ့မှာ ပုဏ္ဏရိပ်ချုံ ရှိသည်။ ဟိုဘက်မှာ အုတ်တိုင်တစ်တိုင်၊ ပုဏ္ဏရိပ်ချုံကို သွားမလား၊ အုတ်တိုင်မှာ ပြေးကပ်မလား စဉ်းစားရ၏။ ပုဏ္ဏရိပ်ချုံဘက်သွားတာ ကောင်းမည်။ ပြေးမည်ဟု ပြင်ပြီးမှ ခြေသံကြားသွားမည်စိုးသဖြင့် အသာကလေး ဖြည်းဖြည်းချင်း လျှောက်ရသည်။ ကိုယ်ကို ကုန်းကုန်းကလေး လုပ်ထားရသည်။ ပုဏ္ဏရိပ်ချုံနား အရောက်တွင် ရှေ့နားမှ ရိပ်ခနဲ မြင်သောကြောင့် ဝပ်ချလိုက်ရ၏။ ဝပ်နေရာမှ ခေါင်းထောင်ကြည့်သည်။ ရှေ့မှာ လှုပ်ရှားမှု မတွေ့ရ။ အားလုံးရှင်းကြောင်း တွေ့ရမှ အုတ်တိုင်ဆီသို့ လေးဖက်ထောက် သွားရသည်။ အုတ်တိုင်ကို ကပ်မိမှ အသာကလေး ထရပ်သည်။ ကျောကပ်လျက်သား နေရာရွှေ့ရ၏။ အုတ်တိုင်အစွန်းကို ရောက်သောအခါ ကိုယ်ကို ဖြည်းဖြည်းလှည့်သည်။ အရဲစွန့်ပြီး ထွက်ကြည့်သည်။ တွေ့ပြီ။

'ဒိုင်း… ဌှန်ဆင် မင်း သေပြီကွ'

ဌှန်ဆင်သည် ဝပ်နေရာမှ ထိုင်ရမလို ထရမလို ကုန်းကုန်းကွကွကြီး ဖြစ်သွားသည်။ ကိုယ့်ကို လှည့်ကြည့်ပြီးမှ သူ ထရပ်လိုက်ပြီး…

'ဟေ့ကောင်… ညီညီ၊ ငါ ကာဇာယူထားတာပဲကွ'

'ဟား… ဟား… မင်းလား ကာဇာယူထားတာ၊ မင်း ကာဇာယူထားတဲ့ သစ်ပင်ကလည်း လက်သန်းလုံးလောက်ပဲ ရှိတာပဲကွ၊ ဟား… ဟား… ဟား…'

ဌှန်ဆင်သည် မငြင်းသာတော့သောကြောင့် ခေါင်းကုတ်ပြီး ရယ်





နေသည်။ ကိုယ်က လက်ထဲမှာ ကိုင်ထားသော ပလတ်စတစ်သေနတ်၏ လက်ကိုင်ကွင်းထဲသို့ လက်ညှိုးကို ထည့်ပြီး လေးငါးပတ် လှည့်လိုက်သည်။

ကိုယ်သည် ကျောင်း၌ ပျော်ခဲ့လေပြီ။

*

ဖြစ်နိုင်မည်ဆိုလျှင် အိမ်ကအကြောင်းကို မေ့ထားလိုက်ချင်ပါသည်။

ကျောင်းမှာပင် အမြဲနေချင်သည်။ ကျောင်းမှာဆိုလျှင် အဖော်အပေါင်းတွေ စုံစုံလင်လင်။ စာသင်ချိန်မှာ စာကို ဂရုစိုက်ကြည့်သည်။ တစ်ခါတလေကျမှသာ ကိုယ့်စိတ်က အတန်းထဲမှာ မရှိ။ ဘီတန်းဘက် ရောက်ရောက်သွားခြင်း ဖြစ်သည်။ ခုချိန်ဆို မိနိုင်တစ်ယောက်တော့ ဆရာမသိအောင် ဆီးသီးထုပ်တွေ ခိုးစားနေမလားဟု တွေးလိုက်မိတတ်သည်။ သူသည် အတန်းထဲမှာ တစ်ခါတလေ မုန့်ခိုးစားတတ်ကြောင်း ကိုယ့်ကို ပြောပြဖူးပါသည်။

တချို့ အချိန်တွေကျလျှင် ကိုယ်နှင့် ဟိုဘက်ခုံ၊ သည်ဘက်ခုံထိုင်သော တင်အောင်နိုင်နှင့် စာရွက်ပေါ်မှာ စာဖြင့် ရေးပြီး စကားပြောတတ်သည်။

မုန့်စားဆင်းချိန်ကျလျှင် ကစားကြ၊ စကားပြောကြ၊ အလွန်ပျော်စရာ ကောင်းသည်။ အားလုံးကို မေ့ထားလို့ရသည်။

ကျောင်းက ပြန်လာလို့ ခြံဝင်းထဲ ဝင်လိုက်မိသည်နှင့် ကိုယ့်စိတ်သည် ထိုင်းထိုင်းမှိုင်းမှိုင်းကြီး ဖြစ်သွားတတ်သည်။ ကိုယ့်တို့အိမ်ဝင်းက သစ်ပင်တွေ အများကြီး အုပ်ဆိုင်းနေတာလည်း ပါမည်။ ဘာလို့ဆို ကိုယ် ကျောင်းကပြန်လာပြီး အိမ်ရိပ်ကိုနင်းမိလျှင် စိမ့်ခနဲ ဖြစ်သွားတတ်သောကြောင့် ဖြစ်လေသည်။

ကျောင်းမှာလို မဟုတ်။ အိမ်မှာ အပြောင်းအလဲ မရှိပါ။ ပျော်စရာမကောင်းသည့်ဘက်တွင် မပြောင်းလဲခြင်းကို ဆိုလိုပါသည်။ တိတ်တိတ်ဆိတ်ဆိတ် ခြောက်သွေ့ပြီး ပျင်းစရာ ကောင်းမြဲပင်။ ကိုယ် မကြိုက်ပါ။

www.burmeseclassic.com

ကိုယ်သည် အရင်ကလို တစ်ယောက်တည်း တစ်ခုခုကို တွေးပြီး ငေးနေရသည်ကို သိပ်သဘောမကျတော့ပါ။ အိမ်၌လည်း ကျောင်းမှာလိုပင် သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ပါးပါး နေချင်သည်။ သို့သော်လည်း ကိုယ်လိုချင်သလို မဖြစ်နိုင်ပါ။

တင်အောင်ခိုင်တို့ ဦးလေးတစ်ယောက် ရှိသည်။ သူ့နာမည်က ဦးမြင့်ဆောင် ဖြစ်ပါသည်။ တင်အောင်ခိုင်ကမူ ဦးမိုးဆာဟု ခေါ်သည်။ ငယ်ငယ်ကတည်းက သည်လိုပဲ ခေါ်သည်ဟု ပြောသည်။ ဦးမိုးဆာသည် စာတွေ ဘာတွေလည်း ရေးသော စာရေးဆရာဟု ပြောသည်။ သူရေးသော ကဗျာတစ်ပုဒ်ကို တင်အောင်ခိုင်က ကူးယူလာဖူးသည်။

ဘဝဆိုတာ

ဝက်ပါလေ

နေနဲ့ လနဲ့ တစ်လှည့်စီ။

ကိုယ်သည် ထိုကဗျာကို အလွန်ကြိုက်သည်။ မြန်မာကဗျာ ပုံနှိပ်စာအုပ်၏ နောက်ဆုံးစာမျက်နှာ အလွတ်မှာ ကူးယူထားခဲ့သည်။ အစကတော့ အဓိပ္ပာယ် တိတိကျကျ မသိခဲ့ပါ။ တင်အောင်ခိုင်ကို မေးတော့လည်း သေသေချာချာ သူလည်း မသိ။ 'ဘဝဆိုတာ ဝက်ပါလိုပဲ နေနဲ့ လနဲ့ တစ်လှည့်စီပေါ့ကွာ'ဟု ပြောသည်။ သူပြောတာကလည်း ကဗျာထဲက စာသားတွေနှင့် ဘာမျှမထူး။ 'မင်း ဦးလေးကို ပြန်မေးကြည့်ကွာ' ဟု ပြောလိုက်သည်။ ဦးမိုးဆာက နောက်တစ်နေ့ကျတော့ ရှင်းပြလိုက်သဖြင့် တင်အောင်ခိုင်က ပြန်ပြောပြသည်။

နေနှင့်လတို့သည် တစ်ခုနှင့်တစ်ခု မတွေ့ကြရ။ ညမှာ လထွက်သည်။ နေ့ကျတော့ နေထွက်သည်။ နေနှင့် လတို့သည် ဘယ်တော့မှ အတူတူ မထွက်ကြချေ။ ကိုယ်တစ်ခုခုကို သွားသတိရလိုက်လေသည်။

ကိုယ့်အိမ်မှ နေမင်းကြီးနှင့် လမင်းကြီးတို့သည်လည်း ဘယ်သောအခါမှာမှ မျက်နှာချင်းဆိုင်ခဲ့သည်မှ မရှိဘဲ။

ကိုယ်သည် ကျောင်းမှာ ပျော်စရာကောင်းကြောင်းတွေ၊ အိမ်အကြောင်းတွေ စဉ်းစားလာရင်း အိမ်နားကို ရောက်လာသည်။ ခြံတံခါးကို





ဖွင့်ပြီးသော်လည်း ချက်ချင်းမဝင်သေးဘဲ နေသည်။ ဝင်းထဲဝင်လျှင် ကိုယ့်စိတ်ထဲတွင် ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်သွားမည်ကို စိုးသောကြောင့် ဖြစ်သည်။ သို့သော်လည်း မဝင်လို့မဖြစ်။ နောက်ပြီး အပြင်မှာ တိုက်နေသော လေကလည်း အေးလာပြီ။ မိုးပေါ်ကို မော့ကြည့်လိုက်သောအခါ မိုးသားတွေ မည်းတက်လာသည်ကို တွေ့ရ၏။ မိုးရွာတော့မည်။

အိမ်ထဲသို့ ခပ်သုတ်သုတ် ပြေးဝင်လိုက်သည်။ ထုံးစံအတိုင်းပင် အိမ်မှာ ဖေဖေရော မေမေပါ မရှိကြ။ ဆော်လီမားက ဧည့်ခန်းထဲမှာ ကြမ်းတိုက်နေသည်။ မိုးရွာပြီးမှ ဆိုလျှင် သိပ်ချမ်းနေမည် စိုးသောကြောင့် ရေမြန်မြန်ချိုးရသည်။ ကိုယ် အဝတ်အစားလဲပြီး ထမင်းစားခန်းထဲ ဝင်လိုက်သောအခါမှာပင် မိုးစရွာသည်။ သွပ်ပြားပေါ်သို့ မိုးစက်တွေကျသံ တဒေါင်ဒေါင် ကြားနေရသည်။ တဖြည်းဖြည်း ပို၍ သဲလာ၏။ ထမင်းစားပြီးသောအခါ စာရေးစားပွဲမှာ တန်းဝင်ထိုင်လိုက်ရသည်။ ခါတိုင်းလို ခြံထိပ်က ထိုင်ခုံမှာ သွားထိုင်ပြီး မေမေ့ကို စောင့်နေလို့ မဖြစ်တော့ချေ။

သင်္ချာတစ် အရင်တွက်သည်။ ဈေးတွက်ပုစ္ဆာ ငါးပုဒ်ကို ခဏလေးနှင့် ပြီးသည်။ သမိုင်းတစ်ပုဒ်ကျက်သည်။ ပြီးတော့ တီချာမေ ရေးခိုင်းလိုက်သော စာစီစာကုံးကို ရေးဖို့ စဉ်းစားရလေသည်။ ခေါင်းစဉ်က 'မိုးရွာသော နေ့တစ်နေ့'။

ဘာက စရေးရင် ကောင်းမလဲဟု စဉ်းစားရသည်။ အပြင်မှာလည်း မိုးတွေက တကယ် ရွာနေပြီ။ မိုးတွေ ရွာပြီဆိုလျှင် ကိုယ်လုပ်တတ်တာ တစ်ခုရှိသည်။ မှန်ပြတင်းမှနေပြီး အပြင်မှာ မိုးတွေ ရွာတာကို ငေးကြည့်တတ်ခြင်း ဖြစ်ပါသည်။ ဒီလို စဉ်းစားမိမှပင် ကိုယ်သည် မိုးရွာတာကို တကယ် ကြည့်ချင်လာပြန်သည်။ စာရေးစားပွဲမှ ထလိုက်ပြီး ဧည့်ခန်းပြတင်းပေါက်သို့ သွားသည်။ အပြင်ကို ငေးကြည့်နေလိုက်သည်။ မိုးသည် မစဲသေးချေ။ ပိတ်ထားသော ပြတင်းပေါက်မှ ကြည့်ရသည်ကို အားမရပါ။ ထို့ကြောင့် ဖိနပ်ချွတ်သော နေရာသို့ ဆင်းလိုက်သည်။ ဖိနပ်ချွတ်တွင် အမိုးသာ ရှိသည်။ အကာမရှိ။ လက်ရမ်းများသာ ကာထားသည်။

မိုးရေများသည် ရေစီးကြောင်းတွေ ဖြစ်ပြီး ကွေ့ကွေ့ကောက်



www.burmeseclassic.com

www.burmeseclassic.com



ကောက် စီးဆင်းနေကြသည်။ ရေစီးကြောင်းထဲတွင် သစ်ရွက်တွေ မျောပါသွားကြသည်။ မြေပြင်ပေါ်မှာပင် ရှိသေးသော သစ်ရွက်များပေါ်သို့ မိုးစက်တွေ ကျသောကြောင့် တဖောက်ဖောက် အသံမြည်နေသည်။ မိုးသည် စဲမလို ဖြစ်သွားရာမှ လေတွေ ပြန်တိုက်လာ၏။ သစ်ကိုင်းတွေမှာ အရမ်းလှုပ်ခါနေသည်။ ကိုယ်တို့ ခြံကလေးထဲမှာ သစ်ပင်တွေ ပိုများသောကြောင့် လေတိုးသံတွေ ဆူညံနေလေသည်။ တံစက်မြိတ်မှ ကျနေသော ရေတွေကို ကြည့်မိပြန်သည်။ ရေတန်းကလေးများသည် မြေပေါ်မှာရှိသော ကျောက်စရစ်ခဲလေးတွေပေါ်ကို ကျသည်။ ကျောက်စရစ်ခဲလေးများသည် ပြောင်လက်နေကြ၏။

ငယ်ငယ်တုန်းကအကြောင်း သတိရပြန်သည်။ ကိုယ်ငယ်ငယ်က မိုးတွင်းကျပြီ ဆိုလျှင် မေမေက ပိတ်ခြင်ထောင်ကြီး ထောင်ပေးသည်။ ခြင်ထောင်ကြီးသည် အားလုံး ပိတ်တွေချည်း ဖြစ်ပြီး ဝင်ပေါက်တစ်ဖက်တည်းပဲ ဇာတပ်ထားသည်။ မိုးတွေ အရမ်းသည်းလာပြီလားဆိုလျှင် အဲဒီဇာပေါ်က ပိတ်တစ်ထည် ထပ်ဖုံးလိုက်သေးသည်။ ထိုအခါ အပြင်ကနေ အထဲကို အထဲကနေ အပြင်ကို လုံးဝမမြင်ရတော့။ အမိုးသွပ်ပြားပေါ်သို့ မိုးပေါက်ကြီးတွေကျသံ 'တဒေါင်းဒေါင်း'ကို နားထောင်ရင်း မေမေ့ရင်ခွင်ထဲမှာ ကွေးပြီး အပေါ်က ဂွမ်းကပ်စောင်ကြီး ခြုံ၍ အိပ်ရသည်မှာ အလွန်ဇိမ်ရှိသည်။

စဉ်းစားနေရင်းက ချမ်းစိမ့်ပြီး ကြက်သီးတွေ ထလာသည်။ လေဖျော့ပြီး တိုက်သောကြောင့် မိုးမှုန်ကလေးတွေ ကျနေကြောင်း တွေ့ရသည်။ စောစောတုန်းက သိပ်မချမ်းသောကြောင့် ကိုယ်သည် စပို့ရှပ်ကလေးသာ ဝတ်ထားခဲ့သည်။ ခုမှ ချမ်းလာ၏။ ချက်ချင်းပြန်မဝင်သေးဘဲ တံစက်မြိတ်မှ ကျနေသော ရေထဲမှာ လက်ခံလိုက်သေးသည်။ ပြီးမှ အိမ်ထဲ ဝင်ခဲ့သည်။ အိပ်ခန်းထဲသို့ ဝင်မည်အပြုတွင် နောက်မှ 'နီနီ နီနီ'ဟု ခေါ်လိုက်သော ဆော်လီမား အသံကို ကြားရသည်။ ကိုယ်လှည့်ကြည့်သောအခါ ဆော်လီမားသည် လက်ထဲမှာ စာရွက်ကလေးတစ်ရွက် ကိုင်ပြီး ကိုယ့်ဆီလာနေသည်ကို တွေ့ရသည်။





'ဘာလဲ'

'တံမြက်စည်းလှည်းတယ် ဒါတွေ့တယ်'

သူ့လက်ထဲက စာရွက်ခေါက်ကို လှမ်းပေးသည်။

'ဘယ်က တွေ့တာလဲ'

'စားပွဲအောက်ကမှာ'

'အင်း… အင်း… ပြီးရော'

ကိုယ် အိပ်ခန်းထဲ ဝင်ခဲ့သည်။ စာရွက်ခေါက်ကို မေမေ့မှန်တင်ခုံပေါ် ပစ်တင်လိုက်သည်။ စပို့ရှပ်အပေါ်က ဆွယ်တာထပ်ဝတ်သည်။ အိပ်ခန်းထဲက ပြတင်းပေါက်တစ်ချပ် မပိတ်ရသေးကြောင်း တွေ့သည်။ ပိတ်မည်ဟု စိတ်ကူးနေတုန်းမှာ လေခပ်ပြင်းပြင်းတစ်ချက် တိုက်သောကြောင့် သူ့အလိုလို 'ဒိုင်းခနဲ' ပိတ်သွားသည်။ မှန်တင်ခုံပေါ်မှ စာရွက်ခေါက်ကလေးလည်း လေဟပ်သောကြောင့် ကြမ်းပေါ်လွင့်ကျသွားလေသည်။ စာရွက်ခေါက်ကလေးကို ကောက်ယူပြီး မှန်တင်ခုံပေါ် ပြန်တင်လိုက်သည်။ ကိုယ် လီမ်းပေါင်ဒါဘူးဖြင့် ဖိလိုက်မည် ပြုပြီးမှ ထိုစာကို ဖတ်ကြည့်ချင်စိတ်ပေါ်လာလေသည်။ တီချာမေပြောသော စကားတစ်ခုကိုလည်း သတိရပြန်၏။ သူတစ်ပါး ကိုယ်ရေးကိုယ်တာအကြောင်း ရေးထားတဲ့ စာတွေ ဘာတွေကို ယူမဖတ်ကြည့်ရဘူးတဲ့။ သို့သော်လည်း ဖတ်ချင်သော စိတ်က အရမ်းဖြစ်လာ၏။ စာရွက်ခေါက်ကို ဖြန့်လိုက်သည်။ စာလုံးခပ်ကြီးကြီးကို သော့၍ ရေးထားသဖြင့် ဖေဖေ့လက်ရေးမှန်း ကိုယ် ချက်ချင်းသိလိုက်ပါသည်။

ငွေ ၈၀၀/-

အိမ်စရိတ် ၇၀၀/-

ကျန် ၁၀၀/- သားအတွက် လိုတာဝယ်ပါ။

ဘယ်သူ့အတွက် ရေးတာလဲဟု နာမည်လည်း တပ်မထား။ အောက်မှာ လက်မှတ်တွေ ဘာတွေလည်း ထိုးမထား။ သို့သော်လည်း ကိုယ်ကောင်းကောင်းကြီး သိပါသည်။ ဖေဖေက မေမေ့ကို ရေးသောစာ။ စာသည် တိုတိုလေး။ ကိုယ့်အတွက်တော့ စဉ်းစားစရာတွေ အများကြီး။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေနှင့် မေမေတို့သည် စကားမပြောကြ။ သို့သော်လည်း ပြောစရာ အကြောင်းကိစ္စရှိလျှင် ခုလိုပဲ စာဖြင့် ရေးရေးပြီး ပြောနေကြလိမ့်မည် ထင်သည်။ တင်အောင်နိုင်နှင့် ကိုယ် စာသင်ချိန်အတွင်းမှာ ဆရာ၊ ဆရာမတွေ မသိအောင် စာရေးပြီး စကားပြောကြသည်။ ဖေဖေနှင့် မေမေတို့ကျတော့ ဘာဖြစ်လို့ အဲဒီလို လုပ်နေကြတာလဲ။ သူတို့သည် ကလေးတွေလည်း မဟုတ်ကြဘဲနဲ့။

■



ဒီနေ့ ကိုယ်ကျောင်းစောစော ရောက်သွားသည်။ ကျောင်းနားရောက်ခါနီးတွင် နောက်မှ 'ကလင်၊ ကလင်'ဆိုပြီး ကြားရသည်။ တင်အောင်နိုင် ဖြစ်ပါသည်။ သူ့အစ်ကိုက စက်ဘီးဖြင့် လိုက်ပို့ခြင်း ဖြစ်သည်။ ကိုယ့်နားရောက်သောအခါ စက်ဘီးကို ရပ်နိုင်းပြီး သူဆင်းလိုက်သည်။ သူ့အစ်ကိုကို သူက ပြောသည်။

'ကိုကို၊ အောင် ညီညီနဲ့ပဲ သွားတော့မယ်နော်'

ဆိုပြီး စက်ဘီးဟန်ဒယ်ကို ကိုင်ထားသော သူ့အစ်ကို၏ လက်အောက်မှ ငုံ့ပြီး ထွက်လာသည်။ သူ့အစ်ကိုကလည်း 'လမ်းဘေးက ကပ်သွားကြနော်'ဟု ပြောပြီး ထွက်သွားသည်။ တင်အောင်နိုင်က...

'အလကားကွ၊ ကိုကိုကလည်း ငါ့ကို သိပ်လိုက်ပို့ချင်တာ မဟုတ်ဘူး၊ အိမ်က လိုက်ပို့နိုင်းလို့သာ၊ ငါကလည်း သူလိုက်ပို့တာ မကြိုက်ပါဘူးကွာ၊ ကိုကိုက စက်ဘီးကို နောက်က တင်ပြီး မနင်းတတ်ဘူးတဲ့။ ရှေ့ဘားတန်းမှာပဲ ထိုင်ရတာ။ ချိုင့်တွေ ဘာတွေ ဆောင့်ပြီဆိုရင် သိပ်ဖင်ညောင်းရီးနာတာ'

'ဘာဖြစ်လဲကွ၊ လိုက်ပို့တာ ကောင်းတာပေါ့၊ ခြေညောင်းတောင် သက်သာသေးတယ်'


www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က ပြန်ပြောသည်။ သူက ခေါင်းကို ခါ၍…

'ဟာ… သိပ်အောက်တာပဲ၊ ကိုယ့်ဘာသာ ကိုယ် လမ်းလျှောက်သွားရတာပဲ ပျော်တယ်ကွာ၊ ပြီးတော့ အိမ်မှာဆိုလည်း လွတ်လွတ်လပ်လပ် မကာစားရဘူး၊ မေမေတို့ ဖေဖေတို့က ငါ့ကိုပဲ လိုက်ကြည့်နေတာပဲ၊ ငါ မကြိုက်ဆုံးကတော့ အချိန်နဲ့ လုပ်ရတာကို မကြိုက်ဘူးကွ၊ စာကျက်ချိန်ဆိုရင် စားပွဲမှာ ဝင်ထိုင်ရရော၊ မထရဘူး။ ထမင်းစားချိန်ဆိုလည်း ဆာဆာ မဆာဆာ စားရတာပဲ။ အိပ်ချိန်ဆိုလည်း မအိပ်ချင်ဘဲ ဝင်ရတာ၊ သိပ် ဗီလင်အောက်တာပဲ'

ကိုယ်သည် တင်အောင်ခိုင်ပြောသည်ကို ငေးကြည့်နေမိသည်။ သူနှင့် ကိုယ်နှင့်က ပြောင်းပြန်။ ကိုယ့်ကျတော့ အဲဒီလို ပြောမယ့် ဆိုမယ့်သူ မရှိ။ ဒါကိုပင် သူက အားကျနေပြန်သေးသည်။

'ငါသာ မင်းလိုဆို သိပ်ကောင်းမှာပဲ၊ မင်းဆိုရင် ကြည့်၊ မင်းပြောဖူးတယ် မဟုတ်လား၊ အိမ်ပြန်ရောက်ရင် ဘယ်သူမှ မရှိဘူးဆို၊ ဘယ်လောက် ကောင်းသလဲ၊ ကိုယ်ကြိုက်သလို နေလို့ရတယ်။ သိပ်မိမှာပဲ'

'ကိုယ်ကတော့ ပျင်းတယ်ကွာ၊ တစ်ယောက်တည်း၊ မင်းလို အစ်ကိုတစ်ယောက်ရှိရင် သိပ်ကောင်းမှာပဲ'

'ဖွတ်… ကိုကိုက အလကား ပေါစိန်ကွ၊ သူက ငါ့ကို အလိုလိုက်ဖို့ နေနေသာသာ မေမေတို့ ဘက်တော်သားကွ၊ ငါ ဘာလုပ်တယ်ဆိုတာ လိုက်ချက်ပြီး မေမေတို့ကို ပြန်တိုင်တာပဲ၊ ခုတောင် သူ ငါ့ကို စက်ဘီးနဲ့ နင်းပို့ရတာ ညောင်းလို့ပြန်သွားတာ၊ နို့မို့ဆိုရင် ငါဆင်းနေခဲ့တဲ့အကြောင်း ပြန်တိုင်မှာ ကြိမ်းသေတယ်'

သူက 'ငါသာ မင်းလို တစ်ယောက်တည်းသာဆိုရင် သိပ်ကောင်းမှာကွ၊ အေးအေးဆေးဆေး ကစားလို့ရတယ်' ဟု ဆက်ပြောသည်။ ကိုယ်ကတော့ သူ့စကားတွေကို နားထောင်ရင်း အံ့ဩနေမိသည်။ သူက ကိုယ့်လိုနေချင်လို့တဲ့။ ကိုယ်ကကျတော့ သူ့လိုနေချင်သည်။ တော်တော်လည်း ရယ်စရာကောင်းတဲ့ အဖြစ်ပဲဟု ထင်မိသည်။ ရယ်တော့ မရယ်မိပါ။ ကိုယ် သူ့ကို တစ်ခုခု မေးမည်ပြင်တုန်းမှာ သူက…





'ဟာ… ဟိုမှာ ဌွန်ဆင်တောင် ရောက်နေပြီကွ'

သူ လက်ညှိုးထိုးပြရာသို့ ကြည့်လိုက်သည်။ ဌွန်ဆင်သည် ကျောင်းရှေ့ အုတ်ခုံမှာ ထိုင်နေရာမှ ကိုယ်တို့ကို မြင်သောအခါ ထရပ်လိုက်သည်။ ကိုယ်တို့ သူ့အနားရောက်သောအခါ…

'ငါရောက်နေတာ ကြာလှပြီကွ'

'ကိုယ်တို့က စောလှပြီ ထင်တာ၊ မင်းက ပိုစောနေတာကိုး'

ကိုယ်က ပြန်ပြောသည်။ ဌွန်ဆင်က…

'ဟော့ကောင်တွေ ကစ်တီတို့လည်း ရောက်နေပြီကွ'

'မိနိုင်ရောလား'

'အေးပေါ့၊ မီးမီးရောပဲ ဒါနဲ့ ဟော့ကောင်တွေ ဝါးကြောရှိတယ်ကွ'

'ဘယ်မှာလဲဟေ့'

တင်အောင်ခိုင်က ဝင်မေးသည်။

'ခုန ပြောသွားတာကွ စောင့်နေတယ်တဲ့'

'ဟင်… မင်းစကားက ဘာလဲကွ၊ ဘာပြောနေတာမှန်းလဲ မသိဘူး၊ ဘယ်သူက စောင့်တာလဲ၊ ဘာဝါးကြောလဲ'

ကိုယ်က ဝင်ပြောသည်။ တင်အောင်ခိုင်က ရယ်သည်။ ဌွန်ဆင်သည် ဒီလိုပဲ စကားပြောလျှင် ဗလုံးဗထွေးနှင့်။ သူခေါင်းကုတ်လိုက်ပြီး

'ငါ့ဟာငါ ပြောနေတာ ကောင်းသားနဲ့ မင်းတို့ ဝင်ရှုပ်နေတာနဲ့ ဘာပြောရမှန်းတောင် မသိတော့ဘူး၊ ဒီလိုကွ ခုန ကစ်တီတို့ မှာသွားတာ၊ စောင့်နေမယ်တဲ့ ဟိုမှာ'

'ဘယ်မှာလဲ'

'ငါတို့ ထိုင်နေကျကွာ၊ စိန်ပန်းပင်ကြီးအောက်မှာ'

'အဲဒါနဲ့ ဝါးကြောနဲ့ ဘာဆိုင်လို့လဲ'

'ဆိုင်တာပေါ့ကွ၊ ကစ်တီက သူတို့ခြံထဲက မာလကာသီးတွေ ခူးလာတယ်တဲ့။ ငါတို့ကို တစ်ယောက်တစ်လုံး ကျွေးမယ်ပြောတယ်'

'ဟာ… ပိုင်တာပဲ သွားကြစို့'

တင်အောင်ခိုင်က ရှေ့ဆုံးက ပြေးလေသည်။ ကိုယ်နှင့် ဌွန်ဆင်က



www.burmeseclassic.com

www.burmeseclassic.com



တော့ မပြေးပါ။ မြန်မြန်တော့ လျှောက်လာသည်။ ထိုအချိန်မှာ နောက်ကနေ 'ဟော့ကောင်တွေ နေဦးကွ' ဆိုပြီး ဖော်ဝင်း ပြေးလိုက်လာသည်။

ကိုယ်တို့ စိန်ပန်းပင်ကြီးအောက် ရောက်သောအခါ သူတို့တစ်တွေသည် မာလကာသီး တစ်ယောက်တစ်လုံးစီ ကိုက်စားနေကြ၏။

'နင်တို့ကလည်း ကြာလိုက်တာ'

မီးမီးက အနားမရောက်ခင်က လှမ်းအော်သည်။ ဖော်ဝင်းက…

'ငါတို့တောင် မစောင့်ဘူး၊ နင်တို့က စားနေကြပြီ'

မိနိုင်သည် ကိုယ့်ကို လှမ်းကြည့်ပြီး ပြောသည်။

'ငါပြောပါသေးတယ်၊ နင်တို့လာမှ စားရအောင်လို့၊ ဟို မီးမီးက စပြီး စားတာ'

'အို… ဘာဖြစ်လဲ စားတာ၊ သူတို့ကိုစောင့်လည်း ဒီအရသာပဲ၊ မစောင့်လည်း ဒီအရသာပဲ၊ နင်သာ စောင့်ချင်နေတာ'

မီးမီးက မိနိုင်ကို လှမ်းပြောပြီး 'အဟိ'ဟု ရယ်သည်။ မိနိုင်က မီးမီး၏ပေါင်ကို ဆွဲဆိတ်လိုက်သည်။

'နာတယ် ဆိတ်မရဲ့'

'ဟင်… ဘာပြောတယ်၊ ဆိတ်မ ဟုတ်လား'

တင်အောင်နိုင်က ဝင်မေးသည်။ ကစ်တီက ဝင်၍ ရှင်းပြသည်။

'ဒီလိုဟ၊ မိနိုင်က သူရှက်သွားပြီဆိုလျှင် ဆွဲဆွဲဆိတ်တတ်တယ်၊ ဒါကြောင့် ဆိတ်မလို့ခေါ်တာ'

မိနိုင်က…

'အမယ်၊ သူတို့မှာလည်း နာမည်ရှိတယ်နော်၊ ကစ်တီက ဗီးကွက်၊ မီးမီးက အဘွားကြီး'

ကိုယ်တို့ ဝိုင်းရယ်ကြသည်။ ကစ်တီက မျက်လုံးပြူးပြူးကလေးနှင့် ဖြစ်သောကြောင့် ဗီးကွက်ဟု ခေါ်ခြင်း ဖြစ်မည်။ မီးမီးကတော့ သိပ်သိသာသည်။ ဆံပင်ကောက်ကောက်ကလေးနှင့် သွားတစ်ချောင်းကလည်း ကျိုးနေသည်။ ကိုယ့်စိတ်ထဲမှာတော့ သူတို့ထဲမှာ မိနိုင်က ကြည့်လို့အကောင်းဆုံးဟု ထင်ပါသည်။





'ကဲ… သိပ်မအာကြနဲ့ဟာ၊ မာလကာသီးပေးဖို့တော့ မေ့နေကြတယ်'

ဖွန်ဆင်ပြောတော့မှ ကစ်တီက 'အေး… ဟုတ်သားပဲ'ဟု ဆိုပြီး သူ့စကတ်ကြီးထဲက မာလကာသီးလေးလုံးကို နှိုက်ယူလိုက်သည်။ ဖော်ဝင်းက 'ဟင့်'ဆို နှာခေါင်းရှုံ့သွားသည်။

ကစ်တီက…

'ဘာဖြစ်လို့လဲ မစားချင်နေ'

ဟု ပြောပြီး ရယ်လိုက်သည်။

'မဟုတ်ပါဘူးဟာ၊ မာလကာသီးကလည်း အစိမ်းကြီးတွေ'

'အို… နင်တို့က နောက်ကျတာကိုး၊ ဒါပဲရမယ်'

ကစ်တီက တစ်ယောက်တစ်လုံးစီ ပေးသည်။ ဟိုကောင်တွေက ယူသော်လည်း ကိုယ်က မယူ။

'ကိုယ်တော့ မစားဘူး၊ အစိမ်းပေမယ့် ပွပြီဆို စားလို့ကောင်းသေးတယ်၊ ခုဟာက ကိုက်လို့တောင်ရမှာ မဟုတ်ဘူး'

'ကြီးကျယ်မနေနဲ့ဟော့၊ မစားချင်နေ'

'မစားဘူးဟော့၊ မာလကာသီးတစ်လုံးလောက်နဲ့တော့ အကြောမခံဘူး'

'နင် အဲလိုမပြောနဲ့ သိလား၊ ငါအမြဲတမ်း ကျွေးတာပဲ မဟုတ်လား'

ဟုတ်တော့လည်း ဟုတ်ပါသည်။ ကစ်တီသည် သူတို့ခြံထဲက အသီးတွေကို ခဏခဏ ယူလာပြီး ကျွေးတတ်သည်။ တစ်ခါတလေ မာလကာသီး၊ တစ်ခါတလေ မရမ်းသီးမှည့်တွေ၊ တစ်ခါတလေကျတော့ သရက်သီးစိမ်းတွေကို ခြမ်း၍ သကြားရည်စိမ်ပြီး ငရုတ်သီးမှုန့်နှင့် နယ်၍ ယူလာတတ်သည်။

ကိုယ်ကလည်း သူ့ကို တမင်သက်သက် လျှောက်စနေခြင်း ဖြစ်သည်။ မိနိုင်က ဝင်၍ ဖြန်ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



'တော်ကြပါတော့ဟယ်၊ ညီညီက အစိမ်းကြီး မစားချင်ဘူးဆိုရင်'

ဟု ပြောပြီး သူ့လွယ်အိတ်ထဲက မာလကာသီး အမှည့်တစ်လုံး ထုတ်လိုက်သည်။

'ရော့… နင်စားချင်စားလေ'

'ကြည့်စမ်း ဆိတ်မ တိုထားတယ်'

မီးမီးက ပြောသည်ကို မိခိုင် ဂရုမစိုက်၊ 'အင့်လေ' ဆိုပြီး ကိုယ့်ကို လှမ်းပေးနေသည်။ ကိုယ်က မယူ။

'နင့်ဟာနင် စားပါဟာ'

'ငါ စားပြီးပါပြီဟ၊ ဒါက နင့်ဖို့ တမင်ချန်ထားတာ'

ကစ်တီနှင့် မီးမီးက မိခိုင်ကို မျက်စောင်းဝိုင်းထိုးကြ၏။ တင်အောင်ခိုင်က ဖော်ဝင်းကို လက်ကုတ်လိုက်သည်ကို ကိုယ် မြင်လိုက်ရသည်။

'ကဲ… ကဲ… ညီညီက မစားဘူးတဲ့၊ ငါ့ပေး'

တင်အောင်ခိုင်က မိခိုင်လက်ထဲမှ မာလကာသီးကို ဝင်လုသည်။ မိခိုင်က 'အင့်' ဆို လုပ်၍ လက်ကို နောက်မှာ ဝှက်လိုက်၏။

'အီစီကလီ လုပ်မနေနဲ့ကွာ၊ ယူချင်လည်း ယူလိုက်'

တင်အောင်ခိုင်က ပြောသည်။

'နင် စားမလား၊ မစားဘူးလား ပြော'

မိခိုင်က မာလကာသီးအမှည့်ကို လှမ်းပေးရင်းက ပြောပြန်သည်။ သူ့မျက်လုံးတွေကို ကိုယ်ကြည့်လိုက်သည်။ ကိုယ်က မစားဘူးဟု ပြောလျှင် သူ ငိုချင်ငိုလိမ့်မည်ဟု စိတ်ထင်မိ၏။ ထို့ကြောင့် သူ့လက်ထဲက မာလကာသီးကို ယူလိုက်သည်။ တစ်ကိုက် ကိုက်လိုက်၏။ ကစ်တီနှင့် မီးမီးတို့ဆီက ပြိုင်တူအသံထွက်လာကြသည်။

'ဟယ်… အူနီသီးကြီး'

*





နောက်ဆုံးအချိန်ကတည်းက မိုးတွေ စရွာသည်။ ကျောင်းဆင်းသည်အထိ မစဲသေးချေ။

ကိုယ်သည် ခပ်ဖြည်းဖြည်းပင် လျှောက်လာခဲ့သည်။ တင်အောင်ခိုင်သည် သူ့အစ်ကို အတန်းရှေ့မှ လာစောင့်နေသောကြောင့် ပါသွားပြီ။ ခုလို အတန်းရှေ့ကနေ ပိတ်စောင့်မနေလို့လည်း မဖြစ်။ တင်အောင်ခိုင်သည် ကျောင်းဆင်းချိန်တွေမှာ ခုလို မိုးရွာပြီဆိုလျှင် ကိုယ်တို့အတန်းကနေ ကျောင်းရှေ့ ဆင်ဝင်ကြီးအထိ အမိုးရှိသော လမ်းအတိုင်းမသွားဘဲ မိုးရွာထဲက ဖြတ်ပြေးတတ်သည်။ ဒါကို သိလို့ သူ့အစ်ကိုက လာစောင့်ရခြင်း ဖြစ်သည်။ ဌွန်ဆင်နှင့် ဖော်ဝင်းတို့ကတော့ မိုးကာအင်္ကျီတစ်ထည်ထဲကို နှစ်ယောက်ပူးခြုံ၍ ထွက်သွားကြပြီ။

ကိုယ့်မှာ ထီးပါသည်။ အမှန်မှာ ကိုယ်ထီးယူလာဖို့ မဟုတ်။ မေမေက ကိုယ့်ကို မိုးကာအင်္ကျီ ဝယ်ပေးထားသည်။ သို့သော်လည်း မိုးကာအင်္ကျီကို ကိုယ်မကြိုက်ပါ။ ခုနောက်ပိုင်း မိုးကာအင်္ကျီတွေမှာဆိုလျှင် ခေါင်းစွပ်ပါ တစ်ခါတည်းပါသည်။ ကိုယ်သူငယ်တန်းလောက်တုန်းက မိုးကာအင်္ကျီကလေးကျတော့ ခေါင်းစွပ်မပါ။ ကက်ဦးထုပ်ကလေး သပ်သပ်ပါသည်။ ထိုကက်ဦးထုတ်ကလေးနှင့်က သားနားသေးသည်။ ခေါင်းစွပ်ကြီးနှင့်က သိပ်အောက်သည်။ ခေါင်းမြီးခြုံထားရသလိုပဲ။ ပြီးတော့ မိုးကာအင်္ကျီက လုံခြုံလွန်းလှသည်။ ကိုယ်ပေါ်ကို မိုးရေတစ်စက်မျှပင် မစင်။ အထဲကို လေလည်း မဝင်သောကြောင့် အပြင်မှာ မိုးတွေ သည်းကြီးမည်းကြီးရွာနေလျက်သားနှင့် အထဲမှာ ကိုယ်အိုက်စပ်ချွေးပျံနေတော့သည်။ ဒါကို ကိုယ်မကြိုက်။

ထို့ကြောင့် ကိုယ် မိုးကာအင်္ကျီကို မယူပါ။ ကိုယ့်အဝတ်အစားဗီရိုကလေးထဲမှာ ဝှက်ထားလိုက်သည်။ ကျောင်းကိုတော့ ထီးပဲယူလာသည်။ အဲဒီ ထီးကလည်း ကိုယ့်ထီးမဟုတ်။ မေမေ ဟိုးအရင်က ဆောင်းသောထီး။ ခုတော့ ခေါက်ထီးတွေ ပေါ်လာသဖြင့် သည်ထီးကို မေမေ မဆောင်းတော့။ အခန်းထောင့်မှာ သည်အတိုင်းချိတ်ထားခဲ့တာ ကြာလှပြီ။ ကိုယ်က ထီးမှာကပ်နေသော ပင့်ကူအိမ်တွေ၊ အမှိုက်တွေ၊ ဖုန်တွေကို ရှင်းပြီး ကိုင်ခြင်း

www.burmeseclassic.com

ဖြစ်ပါသည်။ အိမ်ကအထွက် မိုးရွာသောနေ့တွင် ဖြစ်ဖြစ်၊ မိုးတွေအုံ့ပြီး တစ်နေ့လုံး မိုးရွာမည်ဟု ထင်သောအခါမှာဖြစ်ဖြစ် ထီးယူသွားတတ်သည်။ နေသာသောနေ့၊ မိုးမရွာဘူး ထင်လျှင် မယူချေ။

ထီးပါလာခဲ့သောကြောင့် အမိုးရှိသော လမ်းအတိုင်းမသွားဘဲ ဖြတ်လမ်းမှသွားသည်။ ကျောင်းရှေ့ဆင်ဝင်ကြီးအောက်သို့ ရောက်သောအခါ မိခိုင်တို့အုပ်စုကို မြင်ရသည်။ သူတို့သည် တစ်ခုခုကို ငြင်းခုန်နေကြတာ ဖြစ်မည်။ အသံစာစာတွေကို ကြားနေရ၏။ ကိုယ်အနားရောက်သွားသည် ကိုပင် သူတို့ ချက်ချင်းမမြင်ချေ။

'ဟ… ဘယ်လိုဖြစ်ကြတာလဲ၊ နင်တို့ အသံတွေကလည်း မိုးသံ ထက်တောင် ဆူသေးတယ်'

ကိုယ့်အသံကြားမှ သူတို့ လှည့်ကြည့်ကြတော့သည်။ ကစ်တီနှင့် မီးမီးတို့က ပြုံးစေ့စေ့ဖြစ်နေပြီး မိခိုင်က နှုတ်ခမ်းစူနေသောကြောင့် သူတို့ မိခိုင်ကို ဝိုင်းစနေခြင်း ဖြစ်ကြောင်း သိလိုက်သည်။ ကိုယ့်ကို မြင်သောအခါ ကစ်တီက…

'ဟော… အတော်ပဲ၊ ညီညီ လာပြီ'

'ဘာလဲဟ၊ ကိုယ်လာတော့ ဘာဖြစ်လို့လဲ'

ကိုယ်က မေးသည်။ မီးမီးက ရှင်းပြသည်။

'ဒီလိုဟ မိခိုင်က ထီးပါမလာလို့'

'ကစ်တီလည်း ပါတာ မဟုတ်ပါဘူး'

ဟု မိခိုင်က ဆောင့်ဆောင့်အောင့်အောင့် ပြန်ပြောသည်။

'ကစ်တီနဲ့ ငါနဲ့က တစ်လမ်းထဲ ပြန်မှာဟ၊ နင်က'

'လုပ်မနေနဲ့ဟော့၊ ခါတိုင်းလည်း ငါတို့ဘက်က လှည့်ပြန်တာ မဟုတ်လား၊ ဒီနေ့လည်း အဲလိုပြန်ပေါ့'

'ဟယ်… တစ်ကွေ့တစ်ပတ်ကြီး၊ မိုးမရွာဘူးဆိုရင် တော်သေး တယ်'

'နင်တို့ ယုတ်တာပါဟယ်၊ လမ်းထဲ ခဏလေး ကွေ့ဝင်လိုက်ရင် ရသားနဲ့'





'အို… ထီးတစ်လက်ထဲ သုံးယောက်ဆောင်းရင် အကုန်စိုမှာ ပဲ'

ဟု မီးမီးက ပြောပြီး ကိုယ့်ဘက် လှည့်ပြောပြန်သည်။

'ဒီတော့ ညီညီ နင် မိခိုင်ကို လိုက်ပို့လိုက်'

'ဟာ… ဘယ်ဖြစ်မလဲ၊ ကိုယ့်အိမ်နဲ့ သူ့အိမ်က တခြားစီပဲ၊ ပြီးတော့'

ကိုယ်ပြောနေတုန်းတွင် မိခိုင်က ကိုယ့်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက် သည်။ သူကြည့်ပုံမှာ ကိုယ့်ကို မကျေမနပ် ဖြစ်နေပုံမျိုး။ ကိုယ် စကားဆက် မပြောဘဲနေသည်။ မိခိုင်က အသံတုန်တုန်ကလေးနှင့်…

'ငါ့ကို ဘယ်သူမှ စေတနာမရှိဘူး၊ ငါကသာ စေတနာထားတာ'

ကိုယ့်အတွက် မာလကာသီး ချန်ထားခဲ့သည်ကို စောင်းပြောခြင်း ဖြစ်မည်ဟု ကိုယ်တွေးမိ၏။ မျက်ရည်ဝဲလာပြီး ငိုသံလည်း ပါလာသည်။

'နေပါစေ၊ ငါ့ဘာသာ မိုးရွာထဲ ပြန်မယ်၊ မိုးမိပြီး ဖျားလည်း သေပစေ'

သူလှည့်ထွက်သွားမည် ပြုသည်။ ကိုယ်က 'ဟော့… နေဦး'ဟု အော်လိုက်ရာ သူ ပြန်ရပ်သွားသည်။

'နင်ကလည်း ကိုယ်ပြောတာကို သေသေချာချာတော့ နားမထောင် ဘူး၊ ကိုယ့်ထီးကို နင်ယူသွား'

'နင်ကရော'

'ကိုယ်က မိုးရွာထဲ ဒီအတိုင်းပြန်မှာပေါ့'

'နင် မိုးမိပြီး ဖျားနေပါဦးမယ်ဟာ'

'မဖျားပါဘူး၊ မိုးရွာထဲ လမ်းလျှောက်ပြန်ရတာ ပိုတောင်ပျော်စရာ ကောင်းသေး'

'နင့်လွယ်အိတ်ထဲက စာအုပ်တွေ စိုကုန်မှာပေါ့'

ကိုယ်တို့နှစ်ယောက် ပြောနေကြတုန်း မီးမီးနှင့် ကစ်တီတို့က 'နင်တို့ဘာသာ ကြည့်ရှင်းကြတော့၊ ငါတို့တော့ သွားတော့မယ်၊ အိမ်ပြန် နောက်ကျနေဦးမယ်' ဆိုပြီး ထွက်သွားကြသည်။ သွားခါနီး ကစ်တီက



www.burmeseclassic.com

www.burmeseclassic.com



စပ်ဖြဲဖြဲ လုပ်သွားသေးသည်။ မီးမီးက လျှာထုတ်ပြသွားသည်။ မိခိုင်က ‘ကော်မစုတ်တွေ’ ဟု လှမ်းအော်လိုက်သည်။

‘ကဲ… ဘယ်လိုလုပ်မှာလဲ’

‘သိဘူးဟာ’

ကျောင်းဆင်ဝင်ကြီးအောက်မှာ လူနည်းနည်းပဲ ကျန်တော့သည်။ မိခိုင်လိုပင် ထီးမပါသူတွေနှင့် အိမ်က လာအကြိုစောင့်နေကြသူတွေ။

‘ကိုယ့်ထီးသာ ယူသွားစမ်းပါဟာ’

‘မဖြစ်ပါဘူး’

‘ကိုယ် နင့်ကို အိမ်အထိ လိုက်ပို့မယ်ဟာ၊ မထူးပါဘူး’

‘နင်အဝေးကြီး ပြန်လျှောက်ရမှာပေါ့’

‘အို… လျှောက်ရတာ အရေးမကြီးပါဘူး၊ ဒီလိုမှ မသွားရင် နင်အိမ်ပြန်ရောက်မှာ မဟုတ်ဘူး၊ မိုးကလည်း တော်တော်နဲ့ တိတ်မှာ မဟုတ်ဘူး’

‘ဒါဆိုလည်း သွားမယ်ဟာ’

‘နေဦး’

‘ဘာဖြစ်ရပြန်တာလဲ’

‘မဟုတ်ဘူးလေ၊ နင့်ကို ကိုယ်က လိုက်ပို့ရင်…’

ကိုယ်ဆက်မပြောဘဲ နေလိုက်သည်။ သူ့အိမ်ကများ ဆူနေမလား ဟု ကိုယ်စဉ်းစားမိသည်။ ဘာဖြစ်လို့ ဆူမှာလဲဆိုတာတော့ ကိုယ်လည်း မသိ။ သူက ကိုယ့်ကိုကြည့်ပြီး ‘ဘာလဲ’ ဟု မေးသည်။

‘ဘာမှ မဟုတ်ပါဘူး၊ လာ… သွားကြစို့’

ကိုယ်တို့နှစ်ယောက် ထီးအတူတူ ဆောင်းပြီး ထွက်လာခဲ့ကြသည်။ မိုးကတော့ မစဲသေး။ တော်တော်လေး သွားပြီးသည်ထိ ကိုယ်တို့ ဘာမျှ မပြောကြ။ ဒီအတိုင်းပဲ လျှောက်လာခဲ့ကြသည်။ လမ်းမှာတွေ့သော လူတချို့က ကိုယ်တို့နှစ်ယောက်ကို ကြည့်သွားကြသည်။ ကိုယ်သည် ရှက်သလို လို ဖြစ်လာ၏။ သူကတော့ ရှက်သလား ဘာလား မသိ။ မိုးပက်သောကြောင့် ထင်သည်။ ကိုယ့်ဘက်သို့ တိုး၍ ကပ်လာ၏။ သူ့လက်မောင်းနှင့်





ကိုယ့်တံတောင်ဆစ် ထိထိသွားသည်။ သူ့လက်မောင်းသည် နွေးနွေးကလေး ဖြစ်နေသည်။ သို့သော်လည်း ကိုယ်အချမ်းမပြေပါ။ ကြက်သီးပင် ထလာသေးသည်။

‘နင့်ဘက်က လုံရဲ့လား’

ကိုယ်ပြောပြီး ထီးကို သူ့ဘက်သို့ ပို၍ ကာပေးလိုက်သည်။ထိုအခါကျပြန်တော့ ကိုယ့်ဘက်မှာ မိုးမလုံချေ။ ကိစ္စမရှိ။ သူ့ဘက်က လုံဖို့ အရေးကြီးသည်။ သူက ‘ထီးကို နင့်ဘက်လည်း ကာဦးလေ’ ဟု ပြောပြီး ထီးရိုးကို ဒီဘက်သို့ တွန်းသည်။

‘ကိစ္စမရှိပါဘူး’

ကိုယ် သူ့ဘက်ကိုသာ ကာသည်။ မိုးစက်များသည် ကိုယ့်ပခုံးပေါ်သို့ ကျသည်။ ကိုယ်တစ်ခြမ်း စိုရွှဲနေသည်။ ဘာကြောင့်မှန်း မသိ။ စောစောကလို ကြက်သီးမထတော့ဘဲ နွေးထွေးလာပြန်သည်။ လေတစ်ချက်ဖေ့ပြီး တိုက်သောအခါ မိုးမှုန်ကလေးများသည် ကိုယ်တို့၏ မျက်နှာများကိုပင် လာထိသည်။ သို့သော် မချမ်းပါ။ ကိုယ်ကတော့ နဖူးမှာ ချွေးကလေးပင် စို့လာသေးသည်။ သူ့ကို အသာကလေး စောင်းကြည့်မိသည်။ သူသည် ခေါင်းငုံ့ရင်းက လျှောက်နေသည်။ သူ့ဆံပင်တွေမှာ မိုးမှုန်ကလေးတွေ ကပ်နေသည်။

‘နင် ချမ်းနေသလား မိခိုင်’

သူက ခေါင်းခါသည်။ ‘နင်ကော’ ဟု တိုးတိုးလေး ပြန်မေးသည်။

‘ကိုယ်ကတော့ မချမ်းဘူး၊ နွေးတောင် နွေးသေးတယ်’

သူ ကိုယ့်ကို တစ်ချက်မော့ကြည့်သည်။ စိန်ပန်းပင်ကြီး တစ်ပင်အောက်က ဖြတ်လျှောက်လာကြသည်။ မြေပေါ်မှာ ကြွေကျနေသော စိန်ပန်းပွင့်တွေ နီရဲနေလေသည်။ ဒီအပင်ကြီးသည် အပွင့်နောက်ကျသောကြောင့် ခုချိန်ထိ အပွင့်တွေ ရှိနေတုန်း ဖြစ်လိမ့်မည်။

ကိုယ်သည် စိတ်ထဲတွင် တစ်မျိုးကြီး ဖြစ်သွားသည်။ စိန်ပန်းပွင့်တို့ကို မြင်လျှင် ခုလိုမျိုး ဖြစ်သွားတတ်သည်မှာ ကိုယ့်အကျင့်ပင်။ ငယ်းဝါ



www.burmeseclassic.com

www.burmeseclassic.com



ဝါတွေကို မြင်ရလျှင်တော့ ကိုယ်ပျော်ပျော်သွားလေ့ ရှိသည်။ ကိုယ်တော့ ဒီလို ထင်ပါသည်။

ငှယ်န်းပွင့်ချိန်မှာ နွေကျောင်းပိတ်ခါနီး အချိန်၊ ကျောင်းပိတ်လျှင် ဘယ်လို ကစားလိုက်မည်ဟု တွေးရင်း ပျော်ခဲ့ရသည်။ နောက် မိုးဦးကျခါစ စိန်ပန်းနီနီတွေ ပွင့်သောအချိန်မှာ ကျောင်းပိတ်ရက် ကုန်ဆုံးကာနီး ဖြစ်သည်။ စိန်ပန်းနီနီတို့သည် ကျောင်းပြန်ဖွင့်တော့မည်ဟု သတိပေးသလို ဖြစ်နေသည်။ ထို့ကြောင့် စိန်ပန်းနီနီတို့ကို မြင်ရလျှင် ကိုယ့်စိတ်ထဲ တစ်မျိုး တစ်မျိုး ဖြစ်သွားတတ်ခြင်းဟု ထင်ပါသည်။

'နှင် မနက်ဖြန် ကျောင်းစောစောလာဦးမှာလား'

သူ့ကို ကိုယ် မေးလိုက်သည်။

'ဟာ... နှင်ကလည်း နက်ဖြန် ဗုဒ္ဓဟူးလေဟာ'

'ဘယ်ကလာ ဗုဒ္ဓဟူးရမှာလဲ၊ နက်ဖြန် သောကြာပါဟ'

'မဟုတ်ဘူးလေဟာ ဗုဒ္ဓဟူးလေ၊ ဝါတွင်းဆို ဗုဒ္ဓဟူး ကျောင်းပိတ်တယ် မဟုတ်လား'

'ဟား... ဟား... ဥပုသ်ပါဟ၊ နှင်ကလည်း'

'အေး... အေး... ဟုတ်တယ်၊ ငါက ဥပုသ်နဲ့ ဗုဒ္ဓဟူးကို ခဏ ခဏ မှားတယ်'

'နှင်ကလည်း ဒီလောက် တခြားစီပဲဟာကို တင်အောင်နိုင်လည်း ဒီလိုပဲ၊ မနေ့တုန်းကလို့ မပြောဘူး၊ မနက်ဖြန်တုန်းကတဲ့၊ ကိုယ်တို့က ဝိုင်း ဝိုင်းဟားလို့ နှမှ ဒီကောင် မှန်အောင် ပြောနိုင်တာ'

'အေးဟာ ငါလည်း သတိထားမှပဲ'

မိခိုင်သည် တချို့စကားတွေလည်း ပီအောင် မပြောတတ်ချေ။ နပဲကြည့် ဗုဒ္ဓဟူးကို ဗုဒ္ဓဖူးတဲ့။ ပြီးတော့လည်း ရှိသေးတယ်။ ပြတင်းပေါက်ကို ကတင်းပေါက်။ ဝရန်တာကို ဘရန်တာတဲ့။

'ဒီဘက်ကို ချိုးရမှာလေဟာ'

ကြည်တော်ကန်းထဲသို့ ချိုးဝင်လာခဲ့သည်။

'သတိထားလျှောက်နော်၊ ငါတို့လမ်းက မိုးရွာရင် သိပ်ချောတာ'





ဟုတ်လည်း ဟုတ်သည်။ သူတို့လမ်းသည် ကျောက်ခဲကြီးတွေ ခင်းထားသော်လည်း ညီညီညာညာ မဟုတ်။ အတုံးအကြီးကြီးတွေ ဖြစ်သည်။ ကိုယ့်ကို သတိထားလျှောက်ဟု ပြောပြီး တကယ်ကျတော့ သူက သတိထားလျှောက်နေရခြင်း ဖြစ်သည်။ လဲကျမည်စိုးသောကြောင့် ကိုယ့် အင်္ကျီစကို သူကိုင်ထားသည်။

'ညာဘက်ကို ချိုးရဦးမယ်'

သူပြောသည်။ ကိုယ်တို့နှစ်ယောက် ချိုးကွေ့လိုက်စဉ်မှာပင် ရှေ့နားက လူကြီးတစ်ယောက် လျှောက်လာနေတာ တွေ့ရသည်။

'ဟယ်... ဟိုမှာ ဖေဖေ'

မိခိုင်တို့ဖေဖေသည် ကိုယ်တို့ကို မြင်သွားသည်။ ကိုယ့်စိတ်ထဲက ဆူများဆူနေမလားဟု စိုးရိမ်သွားမိသည်။ သူအနားရောက်လာသောအခါ မိခိုင်က ဦးအောင်ပြောလိုက်သည်။

'ဖေဖေကလည်း ဒီလောက်တောင် မိုးရွာနေတာ မသိဘူးလား၊ လာတောင်မကြိုဘူး'

'သမီးမှာ ထီးပါမသွားဘူးဆိုတာ ဖေဖေ မသိလိုက်ဘူးကွယ်၊ သမီးကလည်း မိုးတွင်းကြီးမှာ ထီးယူသွားမှပေါ့'

'အို... သမီးတော့ ယူချင်မှ ယူမှာပဲ၊ ထီးမပါရင် ဖေဖေလာကြို ရမှာပဲ'

'အေးပါကွယ်၊ ခုဟာကလည်း ဖေဖေ သမီး ထီးပါသွားတယ် အောက်မေ့လို့ပါ၊ နောက်မှ သမီးကိုင်နေကျ ထီးကလေးကို တံခါးကြားထဲမှာ သွားတွေ့တာ၊ ဒါနဲ့ ဖေဖေလည်း လုပ်လက်စအလုပ်တွေကို ပစ်ထားခဲ့ပြီး..'

ကိုယ်သည် မိခိုင်နှင့် သူ့ဖေဖေ စကားပြောနေသည်ကို ငေးကြည့်နေမိသည်။ မိခိုင်သည် ဘယ်အချိန်က သူ့ဖေဖေ၏ ထီးအောက်ရောက်သွားမှန်း မသိ။ မိခိုင်က သူ့ဖေဖေ ထီးကိုင်ထားသောလက်ကို နှိုသလို လုပ်ထားသည်။ ကိုယ်သည် ခုမှ အိမ်ပြန်ဖို့ သတိရသည်။

'ကိုယ် သွားမယ်ဟေ့ မိခိုင်'

ကိုယ် လှည့်ထွက်မည် ပြုလိုက်သည်။ ထိုအခါကျမှ သူ့ဖေဖေက



www.burmeseclassic.com

www.burmeseclassic.com

'နေပါဦးကွ၊ မင်းက မိနိုင် သူငယ်ချင်းလား'

ကိုယ်မပြောခင် မိနိုင်က···

'ဟုတ်တယ် ဖေဖေ၊ ညီညီတဲ့၊ သူတို့အိမ်နဲ့က တစ်လမ်းစီပဲ၊ သူက သက်သက်မဲ့ လိုက်ပို့ရတာ'

သူတို့ဖေဖေက ခေါင်းတညိတ်ညိတ် လုပ်နေရာက ကိုယ့်ဘက် ပြန်လှည့်ပြီး···

'မပြန်ပါနဲ့ဦးကွ၊ မိနိုင်တို့အိမ်ကို လိုက်လည်ပါဦးလား၊ မင်းမိုးတွေလည်း စိုလို့၊ အိမ်မှာ ကော်ဖီပူပူလေး သောက်သွားပါလား'

'အေးလေ နင်လိုက်ခဲ့ပါလား'

မိနိုင်ကပါ ဝင်ပြောသည်။ ကိုယ် ခေါင်းခါလိုက်သည်။

'ဟင့်အင်း၊ အိမ်ပြန်နောက်ကျနေလိမ့်မယ်၊ သွားတော့မယ်နော်'

'အိမ်က ဒီနားလေးတင်ပါကွ'

'ကိုယ် မသောက်တော့ဘူး'

'အေး··· အေး··· မင်းသူငယ်ချင်းကို လိုက်ပို့တဲ့အတွက် ကျေးဇူးတင်တယ်ကွာ၊ နောက်ကို မိနိုင်တို့အိမ်ကိုလည်း လာလည်ပေါ့ကွ၊ ဟုတ်လား'

ဟု ပြုံး၍ ပြောသည်။ ကိုယ်လည်း နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ မိုးသည် စောစောကလောက် မသည်းတော့သော်လည်း ရွာနေတုန်းပင်။ ခုမှ ကိုယ် တကယ် ချမ်းလာသည်။

လမ်းလျှောက်နေရင်းက မိနိုင်တို့ ဖေဖေအကြောင်း စဉ်းစားမိသည်။ သူတို့ဖေဖေ ပြုံးပုံမှာ အားရပါးရ ရှိလှသည်။ မိနိုင်တို့ ဖေဖေနှင့် မိနိုင်တို့ စကားပြောနေကြပုံကို ကြည့်ပြီး ကိုယ့်အတွက် ထူးဆန်းသလို အံ့သြသလို ဖြစ်ခဲ့ရသည်။ မိနိုင်တို့ ဖေဖေ၏အပြုံးသည် မျက်စိထဲက မထွက်ချေ။

■



ပထမအစမ်းစာမေးပွဲကို ကောင်းကောင်းဖြေနိုင်သည်။ ကိုယ်တို့တစ်အုပ်စုလုံးပင် ဖြေနိုင်ကြသည်။ ဥျန်ဆင်နှင့် ကစ်တီတို့နှစ်ယောက်သာ သိပ်မဖြေနိုင်ဘူးဟု ပြောသည်။ ပြောသာ ပြောသော်လည်း သူတို့သည် စာမေးပွဲကျလောက်အောင် ဆိုးတာ မဟုတ်နိုင်။ အပုဒ်စေ့အောင် မဖြေနိုင်တာလောက် တစ်ပုဒ်လောက် ကျန်ခဲ့တောလောက်သာ ဖြစ်မည်။

ဥျန်ဆင်က စာမေးပွဲ ဖြေကာနီးကျမှ နေမကောင်းဖြစ်သွားသောကြောင့် ဖြစ်ပါသည်။ ကစ်တီကတော့ မိနိုင်ပြောစကားအရဆိုလျှင် အအိပ်ပုတ်သောကြောင့်ဟု ဆိုသည်။ စာမေးပွဲဖြေနေသော ရက်တွေအတွင်း သူတို့တစ်တွေ မိနိုင်တို့အိမ်မှာ စာစုကျက်ကြသတဲ့။ အရေးကြီးသော ဘာသာမဖြေခင် ညဆိုလျှင် အဲဒီမှာပဲ အိပ်ကြသည်။ ညဆိုလျှင် ညဉ့်နက်အောင် စာကျက်ကြသည်။ သူတို့ မအိပ်ချင်အောင် မိနိုင်တို့ မေမေက လက်ဖက်သုပ်တွေ ဘာတွေ လုပ်ပေးသည်။ မိနိုင်တို့ ဖေဖေကတော့ သူတို့အတွက် စားပွဲရှည်ကြီးတစ်လုံးကို ပြင်ပေးသည်။ ထိုစားပွဲကြီးမှာ တစ်ယောက်တစ်ထောင့်စီ ထိုင်ပြီး စာကျက်ကြသည်။

ကစ်တီသည် အစောကြီးပင် အိပ်ငိုက်တတ်သည်ဟု ပြောသည်။ စာကျက်နေရင်းက သူငိုက်ငိုက်ကျသွားတာ တစ်ခါတလေ စားပွဲကိုပင်



www.burmeseclassic.com

www.burmeseclassic.com

နဖူးနှင့် 'ဒုန်းခနဲ၊ ဒုန်းခနဲ' ဆောင့်မိတတ်သည်တဲ့။ ကစ်တီ အိပ်ငိုက်တာ သိပ်ရယ်စရာ ကောင်းတာပဲဟု မိခိုင်က ပြန်ပြောပြသည်။

မီးမီးကတော့ အစကတည်းက စာတော်ပြီးသား၊ စာတော်သော ကြောင့်ပင် သူက ကိုယ်တို့အတန်းမှာ ရောက်နေခြင်း ဖြစ်သည်။ မိခိုင်နှင့် ကစ်တီတို့က ဘီတန်းမှာ အတူတူ ဖြစ်သည်။

မိခိုင်ကျတော့ စာအတော်ကြီးလည်း မဟုတ်။ ညံ့လည်း မညံ့။ အဆင့်တစ်ဆယ် အတွင်းလောက်တော့ ရှိသည်။

စာမေးပွဲဖြေပြီး နောက်ဆုံးနေ့က ကိုယ်တို့တစ်တွေ ပြန်ကာနီးတွေ့ ကြသည်။ မိခိုင်က သင်္ချာတစ်ပုဒ် အချိန်မရလို့ မဖြေခဲ့ရဘူးဆိုပြီး ငိုမလို ဖြစ်နေသေးသည်။ ကစ်တီကတော့ ငါတို့တော့ အောင်ရင်တော်ပြီ။ အမှတ် နည်းလို့လည်း အိမ်က ဆူမှာမဟုတ်ဘူးဟု ပြောသည်။ ပြီးတော့ သူတို့သည် ဒီကျောင်းပိတ်ရက်အတွင်း ဘင်ခရာသင်တန်းတက်မည့် အကြောင်းတွေ ပြောနေသည်။ ကိုယ်ကတော့ ဘာမျှဝင်မပြောဘဲ နေသည်။ ပြောစရာလည်း ဘာမျှမရှိပါ။

စာမေးပွဲဖြေကာနီး တစ်ရက်၊ နှစ်ရက်အလို နောက်ဆုံးထား၍ ဘင်ခရာသင်တန်း တက်ချင်သူတွေ စာရင်းသွင်းရသည်။ တင်အောင်ခိုင်၊ ဌှန်ဆင်၊ ဇော်ဝင်း၊ ကစ်တီ၊ မီးမီး၊ မိခိုင် သူတို့အားလုံး တက်ကြမည်ဟု ဆိုသည်။ ကိုယ်ကတော့...

'ဒီကျောင်းပိတ်ရက်မှာ ဘင်ခရာသင်တန်းဖွင့်မယ်တဲ့၊ ကိုယ်တက် ချင်တယ်'

ဟု မေမေ့ကို ပြောသည်။ မေမေက...

'တက်ချင်တက်လေ' ဆိုပြီးမှ ခဏစဉ်းစား၍

'သားအဖေကိုလည်း မေးကြည့်ဦး' ဟု ပြောသည်။

မေမေ့ကို ပြောသောအချိန်မှာ သင်တန်းအတွက် စာရင်းပိတ်ရန် နှစ်ရက်သာ လိုတော့သည်။ ထို့ကြောင့် နောက်တစ်နေ့ ကျောင်းဆင်းလျှင် ဖေဖေ့အလုပ်ရုံသို့ လာခဲ့သည်။

ဖေဖေ့အလုပ်ရုံမှာတော့ ထုံးစံအတိုင်းပင် လှုပ်လှုပ်ရွရွ ဆူဆူညံညံ





ဖြစ်နေသည်။ ကိုယ်သည် အရင်ကလို မေးမနေတော့ဘဲ ဖေဖေ့စားပွဲရှိရာသို့ တန်းသွားလိုက်သည်။ ဒီတစ်ခါတော့ ဖေဖေ့ကို တစ်ခုခု လုပ်နေလျက်သား မတွေ့ရ။ လက်တစ်ဖက်ဖြင့် မေးကိုထောက်၍ ထိုင်နေသည်။ တစ်ခုခု စဉ်းစားနေပုံမျိုး ဖြစ်လေသည်။

ကိုယ်သည် ဖေဖေ့ရှေ့မှာ သွားရပ်၏။ ဖေဖေသည် ကိုယ့်ကို သူ့တပည့်တစ်ယောက်ယောက် မှတ်လို့လား မသိ။ မျက်နှာခပ်တင်းတင်း ထား၍ မော့ကြည့်ပြီး ကိုယ့်ကို မြင်သောအခါမှ...

'ဩော်... သား၊ ထိုင်လေ'

ဖေဖေသည် ကိုယ့်ကို မြင်သောအခါ မျက်နှာတစ်မျိုး ဖြစ်သွား ကြောင်း ကိုယ်သိသည်။ ကိုယ် ဒီကို လိုက်လာတာ ဖေဖေမကြိုက်ဘူးလား မသိ။ ဒါလည်း မဖြစ်နိုင်။ မကြိုက်လျှင် အရင်တစ်ခါလာကတည်းက ဆူမှာပေါ့။ ဖေဖေ့အလုပ်အကြောင်း စဉ်းစားနေတုန်း ကိုယ်ရောက်သွားသော ကြောင့် စိတ်ကူးပျက်သွားတာ ဖြစ်နိုင်သည်။ အိမ်မှာဆိုလည်း ဒီလိုပဲ။ ဖေဖေသည် သူ သတင်းစာဖတ်နေတုန်း သွားစကားပြောလျှင် မကြိုက်ချေ။ ယခုလည်း ကိုယ်မြင်လိုက်ရသေးသည်။ ကိုယ့်ကို မြင်သောအခါ ဖေဖေ သည် စားပွဲပေါ်က စာရွက်တစ်ရွက်ကို ခေါက်လိုက်ပြီး အံဆွဲထဲ ထည့်လိုက် သည်။ စာရင်းတွေ ရေးထားတာ ဖြစ်လိမ့်မည်။ အပေါ်ဆုံးက စာကြောင်းမှာ အိမ်၏ ကာလတန်ဖိုးဆိုပြီး ဒီဘက်က ဂဏန်းတွေ ရေးထားသည်။ လေး ထောင်လား၊ လေးသောင်းလား မသိ။

ကိုယ် ထိုင်ပြီးပြီးချင်းပင် ဖေဖေက 'ကျော်လွင်'ဟု လှမ်းခေါ်လိုက် သည်။ ဟိုတစ်ခါလာတုန်းက တွေ့ဖူးသော လူကြီးသည် ထုရိုက်နေရာမှ မတ်တပ်ရပ်လိုက်သည်။ ဖေဖေက...

'ဩော်... အေး... ဆက်လုပ်၊ ဘယ်သူ အားလဲဟေ့'

ဖေဖေ့တပည့်နှစ်ယောက်သည် ကိုယ်တို့ ကျောင်းသားတွေလို ဝုန်းခနဲ ပြိုင်တူထရပ်သည်။

'ဟိုကောင်... ကာကူးလာခဲ့'

'ဟုတ်ကဲ့... ဆရာ'



www.burmeseclassic.com

www.burmeseclassic.com

'ရေခဲသုပ်တစ်ခွက် သွားယူခဲ့၊ စီးကရက်တစ်ဘူးပါ ဆွဲခဲ့ကွာ'

'ဟုတ်ကဲ့ ဆရာ'

ကာကူးဆိုသော လူကြီးထွက်သွားပြီးနောက် ဖေဖေသည် ထထွက်သွားပြန်သည်။ သူတပည့်တွေ အလုပ်လုပ်နေတာကို လျှောက်ကြည့်နေခြင်းဖြစ်သည်။ ရေခဲသုပ်ဖန်ခွက် ရောက်လာသည်။ ကိုယ်ဖေဖေ့ကို လှမ်းကြည့်သည်။ ဖေဖေက ခပ်လှမ်းလှမ်းမှာ ရောက်နေသည်။ ခေါင်းညိတ်ပြသောကြောင့် ရေခဲသုပ်ကို စားသည်။ ကုန်ခါနီးမှာ ဖေဖေရောက်လာသည်။ စားပွဲမှာ ပြန်ထိုင်ပြီး တစ်ခုခု စဉ်းစားနေပြန်၏။

'ဘာပြောစရာရှိလို့လဲ သား'

ကိုယ် နည်းနည်းဝမ်းသာသွားပါသည်။ ဟိုတစ်ခါ လုံချည်ဝယ်ပေးဖို့ ပြောတုန်းက ကိုယ်တစ်ခါလာဖူးသည်။ ဒါကို ဖေဖေက မှတ်မိနေသောကြောင့် ခုလိုမေးခြင်း ဖြစ်ရမည်။ ဒါကိုယ့်အကြောင်း ဖေဖေက ဂရုစိုက်ပြီး မှတ်ထားလို့သာပေါ့။

'ဟိုဟာ ဖေဖေ၊ ဒီကျောင်းပိတ်ရက်ထဲမှာ ကိုယ်တို့ကျောင်းမှာ ဘင်ခရာသင်တန်း ဖွင့်မယ်တဲ့'

'အင်း… ဘာဖြစ်လဲ'

'အဲဒါ ကိုယ်တက်ရမလားလို့'

'ဘင်ခရာသင်တန်း ဟုတ်လား၊ အဲဒါ ဘာလုပ်ဖို့လဲ'

'ဟို…'

ကိုယ် ဘာဖြေရမှန်း မသိ။ တော်သေးသည်။ ဖေဖေ့တပည့်တစ်ယောက် ရောက်လာပြီး သံချောင်းတစ်ချောင်း လာပြသည်။ ဖေဖေက စားပွဲပေါ်မှ ပေကြိုးကို ကောက်ယူပြီး တိုင်းလိုက်သည်။ 'တပ်ကြည့်လေ လိုရင် နည်းနည်းထပ်တိလိုက်'ဟု ပြောသည်။ ကိုယ်သည် ဘယ်လိုဖြေရမလဲဟု ခပ်မြန်မြန် စဉ်းစားနေရသည်။ ဘင်ခရာသင်တန်း တက်ခြင်း၏ အကျိုးကျေးဇူးကို တီချာမေ ပြောပြတာတော့ ရှိသည်။ အများကြီးပဲ၊ ကိုယ် ပြန်ရှင်းမပြတတ်။ ဟုတ်ပြီ မှတ်မိပြီ။ ကျောင်းပိတ်ရက်တွေကို အကျိုးရှိရှိ အသုံးချဖို့ အဲဒီလိုပြော…





'ရှုပ်ပါတယ်ကွာ၊ တက်မနေပါနဲ့'

ကိုယ်စဉ်းစားလို့ မဆုံးခင်မှာပင် ဖေဖေက ပြောလိုက်သည်။ ကိုယ့်ရင်ထဲက ဟာပြီး ဝမ်းနည်းသွားရသည်။ ဖေဖေ့ကိုမှု ကိုယ်ဘာမှ ထပ်မပြောရဲတော့ပါ။

'ဟင် လို့'

မိနိုင်က ကိုယ့်လက်မောင်းကို လာပုတ်တော့မှ ကိုယ်သတိရပြီး 'ဘာလဲ၊ ဘာလဲ' ဟု မေးလိုက်ရသည်။

'နင်ကလည်းဟာ ဘာတွေ စဉ်းစားနေတာလဲ၊ နင်ပါ သင်တန်းတက်ရင် သိပ်ကောင်းမှာပဲလို့ ပြောတာ'

'ကိုယ့်ဖေဖေကမှ တက်ခွင့်မပြုတာ'

'နင့်မေမေက တက်ချင်တက်လို့ ပြောတယ်ဆို'

'အို… မေမေက ပြောပေမယ့် ဖေဖေကမှ ခွင့်မပြုတာ ဘယ်ရမလဲ'

'မင်းတို့ အမေက မင်းတို့ အဖေကို သိပ်ကြောက်ရလို့လားကွ'

ကိုယ်သည် တင်အောင်ခိုင့်ကို ဆတ်ခနဲ လှည့်ကြည့်လိုက်မိသည်။ ကိုယ်တစ်ခါမှ ဒီလို မစဉ်းစားမိဖူးသေးပါ။ ကိုယ့်အဖို့ သိချင်တာတစ်ခု ထပ်တိုးလာရပြီ။

'မေမေက ဖေဖေ့ကို ကြောက်နေရသလား'

*

ပျင်းစရာကောင်းတာကို ကိုယ် သိပ်မုန်းသည်။ ကျောင်းပိတ်ထားသောကြောင့် သူငယ်ချင်းတွေနှင့် မတွေ့ရချေ။ တကယ်ဆိုလျှင် ကျောင်းပိတ်ထားသော်လည်း တင်အောင်ခိုင်တို့ အိမ်ကို သွားလည်လို့ရသေးသည်။ တင်အောင်ခိုင်က သူတို့အိမ်မှာ ကစားရတာ မလွတ်လပ်ဘူး။ သူ့အစ်ကိုက အမြဲလိုက်ကြည့်နေတယ်။ ဘာညာပြောတဲ့တိုင်အောင် အိမ်မှာတစ်ယောက်တည်း နေနေရတာထက်စာလျှင် တော်သေးသည်။ ခုဟာက သူ့အိမ်လည်း သွားလို့မဖြစ်။ သူ အိမ်မှာရှိမည်မဟုတ်။ ဘင်ခရာသင်တန်း သွားတက်နေ



www.burmeseclassic.com

www.burmeseclassic.com

သည်။ သည်တော့ အိမ်မှာပင် တစ်ယောက်တည်း နေနေရသည်။ ဘာ လည်း လုပ်စရာမရှိ။ တစ်ယောက်တည်း ဆိုတော့ ကစားလို့လည်း ပျော် မည်မဟုတ်ပါ။

ကိုယ့်ရဲ့ တစ်နေ့ တစ်နေ့ အလုပ်တွေကိုကြည့်။

မနက် အိပ်ရာထ၊ မျက်နှာသစ်ပြီး ပေါင်မုန့်ယိုသုတ်စား၊ ကော်ဖီ သောက်၊ ပြီးလျှင် လမ်းထိပ်နားထိ လျှောက်ကြည့်ပြီး ပြန်လာ။ ဆယ်နာရီ လောက်ကျလျှင် ရေချိုးပြီး ထမင်းစား။ နောက် သတင်းစာလာလျှင် ကြော်ငြာတွေ ဘာတွေ လျှောက်ဖတ်။ နေ့လယ်ပိုင်းကျတော့ လမ်းထဲက မှုမှုစိန် စာအုပ်ဆိုင်က ရုပ်ပြတို့ ကာတွန်းတို့ ငှားဖတ်ရသည်။ အများကြီး လည်း မဖတ်နိုင်။ ပိုက်ဆံကုန်သောကြောင့်လည်း ပါသည်။ စာအုပ်တစ် အုပ်ကို ငှားခက အနည်းဆုံး ငါးမူးပဲ။ နောက်ပြီးတော့ အများကြီးဖတ်လျှင် မျက်စိညောင်းလာပြန်သည်။ ထိုအခါ အိပ်ရာပေါ်မှာ ပျင်းပျင်းနှင့် လှဲချရင်း အိပ်ပျော် သွားတတ်သည်။ ညနေပိုင်းကျလျှင် ရေချိုး ထမင်းစားပြီး ခြံ ထိပ်က ထိုင်ခုံတန်းကလေးမှာ မေမေ့ကို သွားထိုင်စောင့်သည်။ တစ်ခါတ လေလည်း မေမေလာတော့မှ ထမင်းတူတူစားသည်။ ကိုယ့်အဖို့ လုပ်စရာက တစ်နေ့ တစ်နေ့ ဒါပြီး ဒါပဲ ထပ်နေသည်။ ဘယ်လောက် ပျင်းစရာကောင်း သလဲ။ ကျောင်းပိတ်ရက် ဆယ့်တစ်ရက်ကို အမြန်ဆုံး ကုန်သွားစေချင်သည်။

သည်နေ့မှာတော့ ကိုယ်ဘယ်လိုမှ သည်းမခံနိုင်တော့ချေ။ ထို့ ကြောင့် မနက်စာ စားပြီး အပြင်ထွက်လာခဲ့သည်။ ဆော်လီမားက ဘယ်သွား မလို့လဲဟု မေးသေးသည်။ ကိုယ်က သည်နားပဲဟု ပြန်ပြောခဲ့သည်။

ကိုယ်သည် ဘယ်ကို သွားရမှန်းမသိဘဲ လျှောက်လာသည်။ ခပ်လှမ်းလှမ်းမှာ တံတားကြီးကို လှမ်းမြင်ရတော့မှ အေးကြည်နှင့် မောင်ပါ တို့ကို သွားသတိရမိ၏။ တံတားကြီးဆီသို့ ကိုယ်လျှောက်သွားသည်။ တံတားထိပ်မှ ကြည့်လိုက်သည်။ ချောင်းရေသည် တော်တော်ကျသွား သည်။ ဝါးဖောင်တွေလည်း မရှိတော့။ ငါးဖမ်းနေသော ကောင်လေးတွေ လည်း မတွေ့ရ။ ရေကူးနေသူတွေ တစ်ယောက်၊ နှစ်ယောက်သာ ရှိသည်။ အေးကြည်နှင့် မောင်ပါတို့ကိုကား လုံးဝမတွေ့ချေ။ နောက်မှ သတိရသည်။





အရင်တစ်ခါ တွေ့တုန်းက မနက်စောစော။ ခုဆယ်နာရီခွဲလောက်ပင် ရှိတော့ မည်။ သူတို့ အိမ်ပြန်သွားကြတာ ဖြစ်မည်ဟု ထင်သည်။ ကိုယ်သည် ဘယ်သွားရမှန်း မသိတော့ဘဲ အဲဒီမှာပင် ရပ်နေလိုက်သည်။ သည်တစ်ခါ ကျောင်းပိတ်ရက်သည် ဘယ်လိုမှန်းမသိ။ အရမ်းပျင်းဖို့ ကောင်းသည်။ အရင်က ကျောင်းပိတ်ရက်တွေဆို ကိုယ်ပျော်မိပါသည်။ စာလည်း ကျက်စ ရာမလို။ ဆရာ၊ ဆရာမတွေကိုလည်း ကြောက်နေစရာ မလို။ ကိုယ့်အိမ်မှာ နေချင်သလို နေလို့ရသည်။ ပြီးတော့လည်း ဖေဖေအိပ်ရာမှ နိုးသည်ထိ ကိုယ်စောင့်နေလို့ရသည်။ သည်တစ်ခါကျတော့ ဖေဖေကလည်း များသော အားဖြင့် အိပ်ရာမှ နိုးသည်နှင့် ကိုယ်နှင့် စကားပြောဖို့ပင် အချိန်မရတော့ဘဲ အလုပ်ကို မြန်မြန်ထွက်သွားသည်။ တစ်ခါတလေ ကိုယ်အိပ်ရာမှ နိုးလျှင် ဖေဖေ ရှိပင် မရှိတော့ချေ။

ခုတစ်ခါ ကျောင်းပိတ်ရက်မှာကျတော့ ကိုယ်သည် ကျောင်းကို သတိရနေမိသည်။ သူငယ်ချင်းတွေကိုလည်း သတိရသည်။ ယောကျ်ားလေး သူငယ်ချင်းတွေထဲတွင် တင်အောင်ခိုင့်ကို သတိအရဆုံးဖြစ်၍ မိန်းကလေး သူငယ်ချင်းတွေထဲတွင် မိခိုင်ကို သတိအရဆုံးဖြစ်သည်။ ကိုယ့်စိတ်ထဲမှာ ထူးဆန်းနေတာ တစ်ခုရှိသေးသည်။ ဟိုတစ်ခါ မိုးတွေ ရွာသောနေ့က မိခိုင်မှာ ထီးမပါသောကြောင့် သူ့အိမ်ကို လိုက်ပို့ခဲ့ရသည့် အကြောင်းကို ခဏခဏ သတိရနေမိခြင်းပင် ဖြစ်ပါသည်။ ဘာကြောင့်လဲလို့ စဉ်းစားလို့ကို မရပါ။

'ဟေး...'

ဆိုသော အသံကို ကြားရသည်။ ကြည့်လိုက်သောအခါ အေး ကြည်နှင့် မောင်ပါတို့သည် တံတားကြီးပေါ်သို့ အိပ့်အိပ့် တက်မောင်းသွား သော လော်ရီကားကြီး၏ နောက်မြီးမှာ ခိုစီးနေရာမှ ခုန်ချလိုက်သည်ကို တွေ့ရသည်။ သူတို့ ကိုယ့်ဆီသို့ ပြေးလာ၏။

'ဟော့ကောင်... မိုလ်အောင်ဒင်'

ဟု အေးကြည်က လှမ်းခေါ်ရင်း ကိုယ့်နားမှာ လာရပ်သည်။ ကိုယ်ရယ်ချင်သွား၏။ သူတို့သည် ခုထိ ကိုယ့်နာမည်ကို မသိသေးချေ။


www.burmeseclassic.com

www.burmeseclassic.com



'ဘာရယ်တာလဲကွ'

'မဟုတ်ပါဘူး၊ မင်းတို့က ကိုယ့်နာမည်ကို တကယ် မှတ်နေလို့ လား'

သူတို့က ဘာမျှပြန်မပြော။ ကိုယ်က ရယ်လိုက်ပြီး…

'ကိုယ့်နာမည်က ဗိုလ်အောင်ဒင် မဟုတ်ပါဘူးကွ၊ ညီညီတဲ့'

'ညီညီ ဟုတ်လား'

'အေး… မင်းတို့ ထင်ထားတာ မှားတယ်'

'သိသားပဲကွ၊ မင်း ငါတို့ကို နာမည်လိမ်ပြောသွားမှန်း၊ ဘာလို့လဲ ဆိုတော့ မင်း စစ်ဗိုလ်မှ မဟုတ်ဘဲ၊ ဗိုလ်အောင်ဒင် မှည့်လို့ ဘယ်ရမလဲ'

'ဒါဆို တိတ်ခွေဇာတ်လမ်းထဲက ဗိုလ်အောင်ဒင်ကကော'

'သူက ဓားပြဗိုလ်ပဲကွ'

'ငါတို့ ရပ်ကွက်ထဲကလို ဖြစ်နေဦးမယ်'

ဟု မောင်ပါက ပြောသည်။ ကိုယ်က…

'ဘာဖြစ်လို့လဲကွ'

'လာပါကွာ… လမ်းလျှောက်ရင်း ပြောရအောင်ပါ'

'ဘယ်သွားမလို့လဲကွ'

ဟု ကိုယ်က မေးသည်။ အေးကြည်က ပြန်ဖြေသည်။

'ညောင်ဝိုင်းဘက် သွားမလို့ကွ၊ ငါတို့ဘာသာဆို ခုန ဟိုကားကြီး ကို နိုလိုက်သွားမှာ၊ မင်းကိုမြင်လို့ ဆင်းလာတာ'

'ဘာသွားလုပ်မှာလဲ၊ ညောင်ဝိုင်းကို'

မောင်ပါက သူ့လွယ်အိတ်ထဲက လေးခွကို ထုတ်ပြပြီး…

'ငှက်သွားပစ်မလို့လေ၊ မင်း လိုက်ခဲ့ပါလား'

ကိုယ်က မလိုက်ဘူးပြောမည် စိတ်ကူးသေးသည်။ ညောင်ဝိုင်းဘက်ကို တစ်ခါတည်းသာ ရောက်ဖူးသည်။ မေမေနှင့် ဘုန်းကြီးကျောင်းကို လိုက်သွားတုန်းက ဖြစ်သည်။ သူတို့က ငှက်လျှောက်ပစ်မှာဆိုတော့ ချောင်ကြိုချောင်ကြား အဝေးကြီး သွားချင်သွားရမည်။ သို့သော်လည်း ကိုယ်တစ်ယောက်တည်း ပျင်းနေမည်လည်း စိုးသည်။ လိုက်လည်း လိုက်ချင်နေ သည်။





'အဝေးကြီး သွားမှာလား'

'သိပ်မဝေးပါဘူးကွ'

'လာပါကွာ၊ လိုက်ခဲ့ပါ'

'အေးလေ… သိပ်တောနက်ထဲတော့ မသွားဘူးနော်'

'မင်းကလဲ၊ ဘယ်ကလာ တောနက်ထဲ သွားရမှာလဲဟ၊ သရက်ခြံ တွေဘက်ပါ'

ကိုယ် သူတို့နှင့်တူတူ လျှောက်လာသည်။

'ဒါနဲ့ မင်းတို့ ငါးမမျှားတော့ဘူးလား'

'ဒီအချိန် သိပ်မကောင်းသေးဘူးကွ'

ထိုအချိန်တွင် ကုန်ကားကြီးတစ်စင်း လာနေပြန်သည်။ အေးကြည် က…

'ဟာ… ဟို ကားကြီးနောက်က နိုလိုက်သွားမယ်'

'ဟင့်အင်း… ကိုယ်မစီးဘူး'

'လာပါကွာ၊ အဲဒါမှ မြန်မြန်ရောက်မှာ'

'ဟင့်အင်းကွာ၊ အဲဒါဆို ကိုယ်မလိုက်တော့ဘူး'

ထိုအခါကျမှ သူတို့လည်း မစီးတော့ဘဲ လမ်းလျှောက်သွားကြ သည်။

'ဟော့ကောင်… စောစောတုန်းကဟာ ပြောဦးလေကွာ၊ မင်းတို့ ရပ်ကွက်ထဲက ဆိုတာ'

မောင်ပါက တစ်ချက်ရယ်လိုက်ပြီး…

'သိပ်ရယ်ရတာကွ'

အေးကြည်ကပါ လိုက်ရယ်သည်။ ကိုယ်ကတော့ ဘာမှန်း မသိ သေးသဖြင့် မရယ်ချေ။ မောင်ပါက ဆက်ပြောပြသည်။

'အဲဒါကွာ… တို့ရပ်ကွက်ထဲမှာ ကြံ့ဗဟုံးဆိုတာ ရှိတယ်'

'ဘာ… ကြံ့ဗဟုံး ဟုတ်လား၊ အဲဒါ ကာတွန်းထဲက နာမည်ပဲ ကွ'

'ကာတွန်းလား ဘာလားတော့ မသိဘူး၊ ငါတို့ကတော့ ကြံ့ဗဟုံးလို့ ခေါ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ထားပါတော့၊ ပြောပါဦး ဘာဖြစ်လဲ'

'တစ်နေ့တော့ အဲဒီ ကြံ့ဖဟုံးက အရက်မူးပြီး လျှောက်ရမ်းနေတာကိုး'

'အရပ်လူကြီးက မဖမ်းဘူးလား'

'အရပ်လူကြီးနဲ့ မတွေ့လို့ပေါ့ကွ၊ ဒါပေမယ့် ရဲသားတွေနဲ့ သွားတွေ့တယ်'

'အဲဒီတော့'

'အဲဒီတော့ ရဲသားတွေက သူ့ကို ဖမ်းတာပေါ့၊ ဖမ်းလည်း ဖမ်းရော ကြံ့ဖဟုံးက ခင်ဗျားတို့ ကျုပ်ကို ဘာမှတ်နေလို့လဲ၊ ကျုပ်က မိုလ်ကြီးစိန်အေးသားဗျလို့ ပြောလိုက်ရော၊ နောက်မှ မင်းအဖေက ဘယ်တပ်က မိုလ်ကြီးလဲလို့ ပြန်မေးတော့မှ ကြံ့ဖဟုံးက ဘယ်တပ်ကမှ မဟုတ်ဘူး။ ကျုပ်အဖေနာမည်က ဦးဘိုကြီး၊ ကျုပ်အမေက ဒေါ်စိန်အေး၊ ဒါကြောင့် ဘိုကြီးစိန်အေးသားလို့ ပြောတာဗျ တဲ့'

ကိုယ်က ရယ်နေရာမှ မေးလိုက်သည်။

'အဲဒါနဲ့ လွှတ်လိုက်ရောလား'

'ဘယ်လွှတ်မလဲဟ၊ တစ်ည ချုပ်ထားလိုက်တာပေါ့'

ကိုယ်ပျော်သွားသည်။ သူတို့သည် ဆင်းရဲကြသည်။ ပညာလည်း သိပ်မတတ်။ သို့သော်လည်း ရယ်စရာတွေ ဘာတွေ ပြောတတ်သည်။ ပြီးတော့ ကြွားလည်း မကြွားတတ်ချေ။ ကိုယ်တို့ကျောင်းက တချို့ကောင်တွေဆို သိပ်ကြွားတတ်သည်။ အဝတ်အစားအသစ်တွေ ဘာတွေ ဝတ်လာသည့်နေ့ဆိုလျှင် ပိတ်စက ဘယ်လောက်ဈေးကြီးကြောင်း ပြောကြသည်။ ပြီးတော့ သူတို့အဖေတွေ၊ အမေတွေက ဘယ်လောက် ချမ်းသာကြောင်း၊ ဘယ်လောက် ရာထူးကြီးကြောင်း ပြောကြသည်။ တချို့ကောင်တွေကျတော့ အိမ်က လူကြီးတွေ မသိအောင် ပိုက်ဆံတွေ တိတ်တိတ်ယူလာပြီး တစ်နေ့တစ်နေ့ပဲ မုန့်ဖိုးငါးကျပ်လောက် ရသလို ပြောတတ်ကြသည်။ အဲဒီလိုကောင်တွေနှင့် ကိုယ်တို့အုပ်စု မတည့်ကြချေ။ သိပ်အပေါင်းအသင်းလည်း မလုပ်ချင်။





ခု အေးကြည်တို့၊ မောင်ပါတို့ကျတော့ ဒါမျိုးတွေ မရှိ။ သူတို့မှာ ကြွားစရာဆိုလို့လည်း ဘာမှမရှိတာမှ မဟုတ်ဘဲ။ လေးဂွလက်တည့်တာလောက်သာ ကြွားစရာရှိလေသည်။ သူတို့သည် တကယ်လည်း လက်တည့်ကြပါသည်။ သွားနေရင်းက လမ်းမှာတွေ့သော ဓာတ်တိုင်တွေ၊ ခွက်စုတ်တွေ၊ သစ်ပင်တွေကို လှမ်းလှမ်းပစ်တာ အမြဲတမ်း ထိသည်။ လူပြတ်သောနေရာတွင်ဆိုလျှင် ဆိုင်းဘုတ်တွေ ဘာတွေကိုပါ သူတို့က ပစ်တတ်သည်။ ကိုယ်က မပစ်စေချင်ပါ။

'ငါတို့ တီချာမေက ပြောဖူးတယ်ကွ၊ ဆိုင်းဘုတ်တို့ ဘာတို့ဆိုတာ လူတွေကို ကူညီဖို့ စိုက်ထူထားတာတဲ့ ပျက်စီးအောင် မလုပ်ရဘူးတဲ့'

'ဘယ်လိုကူညီလို့လဲကွ၊ သူ့ဟာသူ နေနေတာပဲ'

'ငါတို့ကိုတော့ တစ်ခါမှ မကူညီပါဘူး'

သူတို့က ပြောကြသည်။ ကိုယ်က…

'ဒီလိုလေကွာ၊ သိပြီးတဲ့ လူတွေကတော့ အရေးမကြီးဘူးပေါ့၊ တခြားမြို့က လာတဲ့လူတွေတို့ တောက တက်လာတဲ့ လူတွေတို့ကျတော့ ဆိုင်းဘုတ်ကို ဖတ်ပြီး ဆေးရုံတို့ ဘာတို့ သိနိုင်တာပေါ့ကွ'

'စာမဖတ်တတ်ရင်ကော'

'ဒါဆို သူများကို မေးမှာပေါ့ကွ'

'ဟင်… ဘာထူးသေးလို့လဲ'

လျှောက်မေးနေသော မောင်ပါကို အေးကြည်က 'မင်းကလည်း သိပ်စကားကြောရှည်တယ်'ဟု ဝင်ပြောသည်။ မောင်ပါက အေးကြည်၏ စကားကို ဂရုမစိုက်ဘဲ ထပ်ပြောပြန်လေသည်။

'ဒါဆို ငါမေးမယ်ကွာ၊ တို့မြို့အထွက်မှာ ဆိုင်းဘုတ်တွေ ရှိတယ် မဟုတ်လား၊ ကတ္တရာလမ်းပေါ် လှည်းမမောင်းရ ဆိုတာလေ၊ အဲဒါကျတော့ကော'

'အဲဒါလား'

ကိုယ်သည် ဘယ်လို ဖြေရမှန်းမသိ၍ စဉ်းစားနေရသည်။ အေး



www.burmeseclassic.com

www.burmeseclassic.com

ကြည်က မောင်ပါကို 'မင်းက ပြောလေ ကဲလေပါလားကွ' ဟု ပြောသည်။ မောင်ပါကလည်း 'ငါမသိလို့ မေးတာပေါ့ကွ' ဟု ပြန်ပြော၏။ ကိုယ်လည်း

'အင်း… ဟိုဥစ္စာကွာ၊ ကားလမ်းပေါ်ကို လှည်းတက်မောင်းရင် လမ်းပျက်စီးကုန်မှာပေါ့ကွ'

'ကားမောင်းတော့ကော မပျက်ဘူးလား'

'ကားဘီးက ပျော့ပျော့လေးပဲကွ၊ လှည်းဘီးက သံခွေကြီးတွေ ပါတာပဲ'

'တော်ကြစမ်းပါကွာ၊ ကိုယ် နားမလည်တဲ့ ကိစ္စတွေ ငြင်းမနေကြ စမ်းပါနဲ့'

အေးကြည်က ဝင်၍ ဖြန်ဖြေသည်။ ထိုအခါကျမှ ကိုယ်တို့ စကားပြတ်သွားကြ၏။ ဘုန်းကြီးကျောင်းတစ်ခုထဲက ကိုယ်တို့ ဖြတ်သွားကြသည်။ အေးကြည်နှင့် မောင်ပါတို့သည် လေးခွတွေကို လွယ်အိတ်ထဲ ထည့်ပြီး ဝှက်ထားကြသည်။ ဘုန်းကြီးကျောင်းနားမှာ ငှက်ပစ်လျှင် ဘုန်းကြီးတွေက လိုက်ရိုက်တတ်သည်ဟု ပြောသည်။ ငှက်တွေကလည်း ဒါကို သိနေသလားတောင်မှ ထင်ရသည်။ ကျောင်းဝင်းထဲမှာ ဟိုသည်ပျံသန်းနေကြတာ အများကြီးပဲ။ ဘုန်းကြီးကျောင်းကို တော်တော်လေးကျော်လာမှ သရက်ပင်တွေ ရှိသော နေရာသို့ ရောက်လာသည်။ ကိုယ် သည်လိုနေရာမျိုးကို မရောက်ဘူးသဖြင့် တကယ့် တောကြီးထဲ ရောက်နေသလို ထင်ပြီး လန့်မိသေးသည်။ သူတို့ကတော့ 'ဒါ သရက်ခြံတွေကွ' ဟု ပြောပါသည်။ သူတို့နှစ်ယောက်သည် လေးခွတွေကို အသင့်ထုတ်ကိုင်ထားသည်။

'ဟော့ကောင်တွေ… ဟိုမှာ ဟိုမှာ'

'ဘယ်မှာလဲ'

'ဟိုမှာလေကွာ၊ ဟို အကိုင်းပေါ်မှာ ပစ်လေ'

သူတို့မပစ်ကြ။ ကိုယ်ပြလိုက်သော ငှက်မှာ နှံပြီစုတ် တစ်ကောင်။ မောင်ပါက ရယ်နေသည်။ အေးကြည်က…

'ဒီလောက်ကလေးကို ပစ်လို့ ဘာလုပ်မှာလဲကွ ညီညီရ၊ မှတ်ထားကွ နှံပြီစုတ် တစ်လုပ်စာ ငရဲတစ်ပိဿာ၊ ကျီးကန်းအတောင်ကို





စုတ်၊ ရင်အုံသားကို ဝအောင်အုပ်တဲ့၊ ငရဲကြီးတာချင်းတူတူ အကောင်ကြီးကြီးကို ပစ်မှကွ'

ငရဲဟု ဆိုသောကြောင့် ကိုယ်ကြောက်သွားပြန်သည်။ ပြီးတော့မှ ကိုယ် ကိုယ်တိုင် မပစ်ရင် ပြီးတာပဲဟု စိတ်ကို ဖြေရသည်။ စောစောတုန်းက သူတို့ ကိုယ့်ကို မေးသေးသည်။ မင်း လေးခွပစ်တတ်လားတဲ့။ ပစ်တော့ ပစ်တတ်တာပေါ့ကွ။ မင်းတို့လောက်တော့ ဘယ်တည့်မလဲဟု ကိုယ်က ပြန်ပြောသည်။ 'ပစ်ကြည့်ကွာ' ဟု ဆိုသောကြောင့် ခပ်လှမ်းလှမ်းက ဓာတ်တိုင်ကို ပစ်လိုက်၏။ တစ်ထွာလောက် လွဲသွားသည်။ 'နေပါစေကွာ၊ မင်းတို့ပဲပစ်၊ ကိုယ် ဘေးက လိုက်ခဲ့မယ်' ဟု ပြန်ပြောခဲ့ရသည်။

'ဟိုမှာ… ဟော့ကောင်'

ကိုယ်က အော်လိုက်ပြီး လက်ညှိုးထိုးပြသည်။ ကိုယ့်အော်သံကြောင့် ကျီးကန်းလန့်ပျံပြေးသွား၏။

'ညီညီကတော့ မလွယ်ဘူးကွာ၊ ငှက်ပစ်တယ်ဆိုတာ ခြေသံတောင်မှ လုံရတယ်ကွ'

'အေးပါကွာ၊ ကိုယ် သတိထားပါ့မယ်'

ကိုယ် သတိလက်လွတ်ဖြစ်ပြီး အော်မိခြင်းသာ ဖြစ်သည်။ တကယ်တော့ ကိုယ်လည်း ခြေသံလုံအောင် လျှောက်တတ်ပါသည်။ ကျောင်းမှာ သေနတ်ပစ်တမ်း ကစားလျှင် ခုလိုပဲ ချောင်းမြောင်းပြီး သွားရတာပဲဟာ။

ကိုယ်တို့သည် တော်တော်ကြာအောင် သရက်ပင်တွေကြားမှာ လျှောက်ချောင်းပြီး ကျီးကန်းတွေကို လိုက်ပစ်သည်။ ကျီးကန်းတွေကလည်း တော်တော်လျင်သည်။ လူကို ရိပ်ခနဲ မြင်တာနဲ့ ပျံပြီး ပြေးတော့သည်။ ဒီကောင်တွေ အဆိုက်မိမှ ရမည်။ ဒါတောင်မှ မလွယ်။ လေးခွနှင့် ချိန်လိုက်တာနဲ့ လှစ်ခနဲ ထပျံသွားတတ်သည်။ လက်တည့်သော အေးကြည်နှင့် မောင်ပါတို့ပင် မလွယ်ကြောဘဲဟု ညည်းကြရသည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ သူတို့ လက်တည့်တယ်ဆိုတာက ငြိမ်နေတဲ့ဟာတွေ ပစ်ခြင်းသာ ဖြစ်မည်။ ကျီးကန်းလို သိပ်လျင်နေတဲ့ ကောင်တွေကျတော့ သူတို့လည်း လက်မတည့်နိုင်တော့။ ကျီးကန်းကို ရှေ့တည့်တည့်က ရင်ခိုင်မပစ်



www.burmeseclassic.com

ဘဲ နောက်ဘက်က ချောင်းပြီး ပစ်မှထိတော့သည်။ နောက်ကနေ ပစ်တော့ ချက်ကောင်းကို မမှန်၊ ထိပြီးကျလာသော်လည်း ချက်ချင်းမသေဘဲ အတောင် တဖျပ်ဖျပ် ခတ်၍ ခုန်ဆွခုန်ဆွလုပ်ပြီး ပြေးသေးသည်။ မောင်ပါက ခြေ ထောက်ကို ပြေးဆွဲပြီး သစ်ပင်နှင့် ခေါင်းကို တဖုန်းဖုန်းရိုက်လိုက်မှ ငြိမ်သွားသည်။ ကိုယ်သည် ကျီးကန်းကို သနားသွားပြန်၏။

တော်တော်ကြာကြာ ပစ်ပြီးမှ ကျီးကန်းနှစ်ကောင်နှင့် ဆက်ရက်တစ် ကောင် ရသည်။ ကိုယ်တို့လည်း ပြန်လာခဲ့ကြ၏။ လမ်းမှာ မီးခိုးတလူလူ ထွက်နေသော မီးပုံကလေးတစ်ပုံကို တွေ့ရသည်။ အေးကြည်က…

'ဟာ… အတော်ပဲ၊ အဲဒီ မီးပုံမှာ ဒီကောင်တွေ ကင်စားရအောင်'

'ဟာကွာ… ပြန်ကြရအောင် စားမနေပါနဲ့၊ အချိန်မရှိတော့ဘူး ကိုယ့်အိမ်က ဆူနေလိမ့်မယ်'

အမှန်တော့ ကိုယ်လိမ်ပြောလိုက်ခြင်း ဖြစ်သည်။ ကိုယ့်ရှေ့တင် ပစ်ချပြီး ကိုယ့်ရှေ့တင် ရက်ရက်စက်စက် ရိုက်သတ်ခဲ့သော ကျီးကန်းတွေ ဆက်ရက်တွေကို ကိုယ့်ရှေ့မှာပဲ အမွေးတွေ နုတ်ပြီး မီးကင်တာကို ကိုယ် မကြည့်ချင်ပါ။ စားလည်း မစားရဲပါ။

'အေးလေ… ပြီးရောပေါ့'

ဟု အေးကြည်က ပြန်ပြောသည်။ မောင်ပါကမူ သူ့လွယ်အိတ်ထဲမှ ဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်၍ မီးပုံသို့ ပြေးပြီး မီးညှိသည်။ ကိုယ်က လှမ်းပြောလိုက်သည်။

'ဟာ… မင်း ဆေးလိပ်သောက်တယ် ဟုတ်လား'

'အေးလေ… ဘာဖြစ်လဲ'

'ကလေးဆို ဆေးလိပ်မသောက်ရဘူး'

'ဟာ… ငါတို့ဆီမှာတော့ ဒီလိုပဲ'

မောင်ပါသည် စကားကို မဆက်တော့ဘဲ ဆေးလိပ်ကို တအားဖွာ ပြီး မီးခိုးတွေကို ရှိုက်လိုက်သည်။ ပြီးတော့ ဆေးလိပ်ကို အေးကြည်ဘက် ကမ်းပေးလိုက်သည်။ အေးကြည်ကလည်း မောင်ပါလိုပင် အားရပါးရ ဖွာနေ၏။ ကိုယ်က မေးသည်။





'မင်းတို့ အသက်ဘယ်လောက်ရှိပြီလဲ'

အေးကြည်က…

'ဆယ့်ခြောက်နှစ်'

မောင်ပါက…

'ဆယ့်ခုနှစ်နှစ်'

'ဟင်… တကယ်လား'

ကိုယ် အံ့သြသွားသည်။ သူတို့သည် ဆယ့်ခြောက်နှစ်တွေ၊ ဆယ့် ခုနှစ်တွေ ပြောသော်လည်း အရပ်တွေက ကိုယ့်လောက်သာ ရှိသည်။ ကိုယ်လုံးကတော့ ကိုယ့်ထက် ကြီးလေသည်။ သူတို့ကလည်း ကိုယ့်အသက် ကို မေးပြီး ဆယ့်သုံးနှစ်ပြည့်ခါနီးဟု ပြောသောအခါ အံ့သြသွားကြသည်။

'ဒါနဲ့ နေပါဦးကွ၊ မင်းတို့ ဆေးလိပ်သောက်တာကို မင်းတို့ အဖေတို့၊ အမေတို့က မဆူကြဘူးလား'

'မဆူပါဘူး၊ အမေက ငါ့ဆီကတောင် ဆေးလိပ်တောင်းတောင်း သောက်သေးတယ်'

ဟု အေးကြည်က ပြောသည်။ မောင်ပါကတော့…

'ငါ့ကိုတော့ ဆူမယ့်သူ မရှိဘူး'

'ဘာလို့လဲ'

'ငါ့မှာ အဖေရော၊ အမေရောမှ မရှိတာ'

'ဟင်… မရှိဘူးလား၊ မင်း ဘယ်သူနဲ့နေလဲ'

'အဘွားနဲ့'

'မင်းအဘွားကကော မဆူဘူးလား'

'အဘွားက မျက်စိတောင် မမြင်ဘူး'

'သြော်… ဒါဖြင့် မင်းတို့ ငှက်ပစ်တာတို့၊ ငါးမျှားတာတို့ ကျတော့ ကော မဆူဘူးလား'

'ဟာ… ဘာလို့ ဆူရမှာလဲ၊ ဟင်းစားရှာတာပဲဟာ၊ ငါးမမျှားဘဲ လျှောက်ဆော့ရင်သာ ဆူတာပါကွ'

သူတို့သည် တစ်မျိုးပဲ။ ကိုယ်တို့တွေနှင့် မတူတာတွေ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ကျောင်းမှာဆိုရင် ငါးပါးသီလ သင်ရသည်။ သူများအသက်ကို မသတ်ရ။ ကိုယ်စဉ်းစားမိသည်။ သူတို့သည် ပညာမတတ်သောကြောင့် ဖြစ်ရမည်။ သို့ဖြစ်လျှင် သူတို့မိဘတွေကကော။ ကိုယ် မတွေးတတ်တော့။

'ရော့… သောက်မလား'

ကိုယ်စဉ်းစားနေတုန်း မောင်ပါက ပြောလိုက်သောကြောင့် ကြောင်သွားမိသည်။ သူက ဆေးပေါ့လိပ်ကို ကိုယ့်ဆီ ကမ်းပေးသည်။

'ဟင့်အင်း… ကိုယ် မသောက်တတ်ဘူး'

'သောက်ကြည့်ပါလားကွ'

ကိုယ် ခေါင်းခါလိုက်သည်။

'သောက်ပါကွ'

'ဟင့်အင်းကွာ၊ ကလေးဆိုတာ ဆေးလိပ်မသောက်ရဘူးတဲ့'

အေးကြည်ကလည်း 'သူ မသောက်ချင်တာ မတိုက်ပါနဲ့ကွ'ဟု ဝင်ပြောသေးသည်။ မောင်ပါက မရဘဲ ကိုယ့်လက်ကြားထဲသို့ ဆေးလိပ်ကို ညှပ်ပေးလိုက်သည်။ ကိုယ်သည် ဆေးလိပ်တိုကို ကြည့်နေမိသည်။ သောက်ရင်ကောင်းမလားဟုလည်း စဉ်းစားကြည့်မိသည်။ ကိုယ်မသောက်ရဲ။ ထိုအချိန်မှာပင် ဆေးလိပ်မှ အူထွက်လာသော မီးခိုးတွေက ကိုယ့်နှာခေါင်းထဲ ဝင်သွား၏။ ကိုယ်မွန်ထူသွားပြီး ချောင်းတဟွတ်ဟွတ် ဆိုးသည်။ ဆေးလိပ်တိုကို လက်ထဲမှ ပစ်ချလိုက်သည်။ ကိုယ့်စိတ်ထဲတွင် ဘင်ခရာသင်တန်းသာ တက်ခွင့်ရလျှင် ခရီးဆို သိပ်ပျော်စရာ ကောင်းမှာပဲဟု သွားတွေးလိုက်မိလေသည်။

■

ကျောင်းစဖွင့်သောနေ့တွင် မနက်အစောကြီးထဲက ကိုယ်ကျောင်းရောက်နေသည်။ ခဏကြာတော့ သူငယ်ချင်းတွေလည်း တစ်ယောက်ပြီးတစ်ယောက် ရောက်လာသည်။ အကြာကြီး လူမစုံဘဲ နေပြီးမှ ခုလိုတစ်စုတစ်ပေါင်းတည်း ပြန်ဆုံရသောအခါ ပျော်စရာ တော်တော်ကောင်းပါသည်။ ကျောင်းပိတ်ရက်တုန်းက အကြောင်းတွေကို ပြန်ပြောကြရာ တစ်ယောက်တစ်ပေါက် ဆူညံနေပါတော့သည်။ ဘယ်သူ့စကားကို နားထောင်ရမည်မှန်းပင် မသိ။ နောက်ဆုံး တစ်ယောက်တစ်လှည့်စီ ပြောကြခိုင်းတော့မှ အဆင်ပြေသွားသည်။ အားလုံးပြောကြသည့်အထဲတွင် လူတိုင်းစိတ်ဝင်စားသော အကြောင်းမှာ ကိုယ့်အကြောင်းဖြစ်သည်။ အေးကြည်၊ မောင်ပါတို့နှင့် ငှက်ပစ်ထွက်သည့် အကြောင်းဖြစ်ပါသည်။

ဂျွန်ဆင်က နောက်တစ်ခါသွားလျှင် သူလည်း လိုက်မည်ဟု ပြောသည်။ ကိုယ့်စိတ်ထဲတွင် နောက်တစ်ခါ အေးကြည်တို့နှင့် လျှောက်မသွားတော့ဘူးဟု ဆုံးဖြတ်ထားသည်ကို သူတို့အား မပြောဘဲ နေလိုက်သည်။ တင်အောင်ခိုင်ကမူ ဂျွန်ဆင့်ကို အပြတ်ဟားလေသည်။

'ဟားဟား မင်းလား ငှက်ပစ်ထွက်မည့်ကောင်၊ ဂျွန်ဆင်ရာ ကြည့်လည်း လုပ်ပါဦး၊ ငါ တီကောင်နဲ့ လိုက်တို့တာတောင် ကြောက်တို့အော်ငိုတဲ့ ကောင်ကများ'



www.burmeseclassic.com

www.burmeseclassic.com



'ဟ… တီကောင်ကတော့ ရွံစရာကြီးကိုးကွ'

'ဒါဆို မင်းက လေးဥကော ပစ်တတ်လို့လား'

'ပစ်တတ်တာပေါ့ကွ၊ ငါ့အိမ်မှာ လေးဥတောင် ရှိသေးတယ်'

'မင်း အစ်ကိုဟာ မဟုတ်လား'

'မှတ်တဲ့မှပဲ၊ ငါ့မှာ အစ်ကိုမှ မရှိဘဲ၊ အစ်မတွေပဲ ရှိတယ်'

'ဟုတ်လား၊ ပိုင်တာပဲကွ'ဟု တင်အောင်ခိုင်က ပြောသည်။ ဌွန်ဆင်က တင်အောင်ခိုင့်ကို 'မင်းမယုတ်နဲ့နော်' ဆိုပြီး လက်မောင်းကို တစ်ချက်ထိုးသည်။

'အဲဒါ'

ဟု ပြောပြီးမှ သူပြောလက်စ စကားကို မေ့သွားသဖြင့် ဘာဆက်ပြောရမှန်း မသိ ဖြစ်သွားသည်။ ဌွန်ဆင် ခေါင်းကုတ်နေ၏။

'အင်း… ဟိုဥစ္စာကွာ'

'လေးဥ… လေးဥ'

မီးမီးက ဝင်ပြောသည်။

'အေး… လေးဥ လေးဥ၊ ငါ့ဆီမှာ လေးဥရှိတယ်၊ ကျွဲချိုကွ ငါ့ခေါင်းအုံးအောက်မှာ အမြဲတမ်း ထားအိပ်တာ၊ ဖန်ဂေါလီ သုံးလုံးလည်း ရှိတယ်'

ကစ်တီက 'ဟင် ခေါင်းအုံးအောက်မှာ ဘာကြောင့်ထားအိပ်တာလဲ၊ အိပ်မက်ကောင်းကောင်း မက်အောင်လို့လား'ဟု ဝင်မေးသည်။

'ဘာ… ဘယ်ကလာ၊ နင်ကလည်း ညဘက် သူခိုးတွေ ဘာတွေလာရင် ပစ်ဖို့ပေါ့ဟ'

တင်အောင်ခိုင်က 'ခွီးခွီး'ဆိုပြီး ရယ်လိုက်သည်။

'သူခိုးပစ်ဖို့ ဟုတ်လား'

'အေးပေါ့ကွ'

တင်အောင်ခိုင်က သူ့ခါးကို သူဘာသာသူ ကလိထိုးပြီး 'ဟား ဟား ရယ်ရတယ်၊ ဟား ဟား ရယ်ရတယ်' ဆိုပြီး တွန့်လိမ်၍ ရယ်နေသည်။ 'တင်အောင်ခိုင် ဘာပေါက်တာလဲ'ဟု မိခိုင်က ဝင်ပြောသည်။





'ဟားဟား မင်းလား သူခိုးကို လေးဥနဲ့ပစ်မှာ၊ မနက် မနက် ကျောင်းသွားချိန်အမီ အိပ်ရာက ထဖို့တောင်မှ မင်းတို့အမေက အတင်းနှိုးနေရတဲ့ ကောင်ကများ သူခိုးဖမ်းမလို့တဲ့ ဟား ဟား'

'မင်းနော် မင်း'

ဌွန်ဆင်က တင်အောင်ခိုင့်ကို လိုက်ထိုးသည်။ တင်အောင်ခိုင်က ကိုယ်တို့ ကြားထဲမှာ ကွေ့ပတ်ပြေးသည်။ ပြေးရင်းက ကစ်တီ၏ နောက်မှာ သူသွားကွယ်သည်။ ကစ်တီ့နောက်ကနေ ခေါင်းကို ဟိုဘက်က ထုတ်လိုက်၊ ဒီဘက်ကထုတ်လိုက် လုပ်ပြီး စသည်။ ဌွန်ဆင်က ဝင်မလိုက်သေးဘဲ ချောင်းနေသည်။ နောက်မှ လှစ်ခနဲ ဝင်ဖမ်းသည်။ တင်အောင်ခိုင်က ကစ်တီ့ကို နောက်ကနေ အသာတွန်းပေးလိုက်ပြီး ပတ်ပြေးသွားသည်။ အတင်းဝင်လာသော ဌွန်ဆင်နှင့် ကစ်တီတို့ ဝင်တိုက်မိကြလေသည်။ ကစ်တီက ရှက်ပြီး ဌွန်ဆင့်ကို ပိတ်တွန်းလိုက်ရာ ဌွန်ဆင် ဖင်ထိုင်လျက်ကျသွား၏။ အားလုံး ဝိုင်းရယ်ကြသည်။ ဌွန်ဆင်ကလည်း ရှက်ကိုးရှက်ကန်းနှင့် ထလာပြီး ဖင်မှာပေနေသော သဲတွေကို ခါနေသည်။ တင်အောင်ခိုင့်ကိုလည်း 'မင်းသိမယ် မင်း'ဟု လှမ်းကြိမ်းလိုက်သေးသည်။

'တော်ကြတော့ဟယ်'

မိခိုင်က ပြောသည်။ ပြီးတော့ ကိုယ့်ဘက်လှည့်၍…

'နင် နောက်ကို အဲဒီလို ငှက်ပစ်တာတွေ ဘာတွေ မလုပ်နဲ့'

'ဘာဖြစ်လို့လဲ'

'သူများအသက်သတ်တာ မကောင်းဘူး'

'ဘာဆိုင်လို့လဲ ကိုယ်ပစ်တာမှ မဟုတ်ဘဲ'

'ဘာထူးလို့လည်းဟ၊ နင်ပါ လိုက်သွားတယ်ဆိုတော့ ငရဲကြီးစရာရှိရင် နင်ပါ ပါမှာပဲ'

'ဟင်… အဲဒါဆို နင်တို့လည်း ငရဲကြီးမှာပေါ့'

'ဘာဖြစ်လို့လဲ ဟဲ့'

ဟု မီးမီးက ဝင်မေးသည်။

'ဘာဖြစ်ရမှာလဲဟ၊ နင်တို့လည်း ကြက်သားတို့ ငါးတို့ စားတာပဲ မဟုတ်လား'



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

'အသေကို ဝယ်တာပဲဟာ'

'ဒါပေမယ့် နင်တို့ စားဖို့အတွက် သတ်တဲ့လူတွေက သတ်ပေးရတာပဲ မဟုတ်လား'

ဦးလေးမောင်မောင်ကြီး တစ်ခါက ပြောဖူးသည့်အတိုင်း ပြောပြလိုက်သည်။

'အဲဒါဆို တစ်ကမ္ဘာလုံး ငရဲမကြီးတဲ့လူ ဘယ်ရှိတော့မှာလဲ'

ဇော်ဝင်းက ခုမှ ဝင်ပြောသည်။

'ရှိတာပေါ့ကွ၊ သတ်သတ်လွတ်စားတဲ့ ဘာဘူကုလားကြီးတွေ၊ ငါတို့ အိမ်အနားမှာ ရှိတယ်'

ဌာန်ဆင်က ပြောသည်။ ကစ်တီက…

'တော်စမ်းပါဟယ်၊ ကိုယ် နားမလည်တာတွေ မပြောကြစမ်းပါနဲ့၊ လာကြ သွားကြမယ် ကျောင်းတက်တော့မယ်ဟ'

*

တင်အောင်ခိုင်နှင့် ဌာန်ဆင်သည် လက်လုံ့နေကြသည်။ ခါတိုင်းကတော့ တင်အောင်ခိုင်ပဲ အမြဲနိုင်သည်။ ဒီတစ်ခါတော့ ဌာန်ဆင်က ဖိထားနိုင်သည်။ တစ်ချက် တစ်ချက်တွင် တင်အောင်ခိုင့်ဘက်သို့ ယိုင်ယိုင်ကျသွားသည်။ ဌာန်ဆင်သည် သူ့အမြဲရှုံးနေသဖြင့် ကိုယ်တို့ ဝိုင်းနောက်ကြသည်ကို မခံနိုင်ဖြစ်ပြီး အတင်းကြိတ်နေခြင်း ဖြစ်သည်။ ပြီးတော့ သူက ခုရက်ပိုင်းမှာ အားဆေးတွေ ဘာတွေလည်းစား နေ့တိုင်းလည်း နွားနို့သောက်ထားသည်ဟု ကိုယ့်ကို တိုးတိုးကလေး လာပြောထားသည်။

ပြောမယ့်သာ ပြောရသည်။ ကိုယ်သည် သူတို့နှင့် တစ်ခါမျှ လက်မလုံ့ဘူးပါ။ ကိုယ်သည် လက်သိပ်အားမသန်ကြောင်း ကိုယ့်ဘာသာ သိသည်။ အစကတော့ ကိုယ့်ကိုယ်ကို မကျေနပ်ချေ။ ကိုယ်သည် ပိန်လည်းပိန်သည်။ အားလည်း သိပ်မရှိ။ သူများတွေနှင့်ယှဉ်လျှင် ကိုယ်က ပျော့နေတတ်လေသည်။ သို့သော်လည်း တီချာမေက ကိုယ့်ကို ပြောဖူးသည်။

'လောကမှာ ကိုယ်ခန္ဓာအားကြီးဖို့ထက် ဉာဏ်ပညာအားကြီးဖို့က ပိုအရေးကြီးတယ်၊ ညီညီက ဦးနှောက်သိပ်ကောင်းတာ၊ ဒါကြောင့် စာတော်တာပေါ့'တဲ့။





ထိုအခါမှစ၍ ကိုယ်သိပ်အားမငယ်တော့။ ပြီးတော့ ကိုယ်သည် ပိန်ပင်ပိန်သော်လည်း တကယ့်တကယ် အရေးကြုံလာလျှင် သတ္တိရှိကြောင်း ကိုယ့်ဘာသာ သိခဲ့ပြီ။ အုန်းသီးကို မကြောက်ဘဲ ပြန်ထိုးခဲ့သည်ကို ကြည့်ပါလား။

'ဌာန်ဆင်ကွ'

ဇော်ဝင်းက ထအော်လိုက်သည်။ ကိုယ်ကြည့်လိုက်သောအခါ ဌာန်ဆင့်လက်က တင်အောင်ခိုင့်လက်ကို အတင်းဖိချနေသည်ကို တွေ့ရသည်။ တင်အောင်ခိုင့် လက်သည် စားပွဲကိုထိဖို့ တစ်ထွာလောက်သာ လိုတော့သည်။ သူက အတင်းပြန်လှန်ဖို့ ကြိုးစားနေသည်။ သူ့မျက်နှာသည် ရှုံ့မဲ့နေ၏။ ဌာန်ဆင်က အံကြိတ်ပြီး ဆတ်ခနဲ ချလိုက်ရာ တင်အောင်ခိုင့်လက် စားပွဲပေါ် ကျသွားသည်။

'ဟေး… ဌာန်ဆင်နိုင်ပြီကွ'

ဌာန်ဆင်သည် ရင်ကိုကော့ပြီး ခါးထောက်ထားသည်။ သူနိုင်သဖြင့် ဝမ်းသာနေပုံရသည်။ တင်အောင်ခိုင်က သူ့လက်ကောက်ဝတ်ကို ဆုပ်ကိုင်ထားရင်းက…

'ငါက မနက်တုန်းက သုံးခါတောင် ချီးတွေပါထားလို့ အားနည်းနေလို့ပါကွ'

'ဟော့ကောင်… ခုမှ အရှက်ပြေမပြောနဲ့၊ ခုနတော့ ငါ့ကို ငယ်နိုင်ပါကွဆို၊ မင်းပဲ'

'အို… ဆယ်ခါ တစ်ခါပါကွာ၊ မင်းနိုင်တာ'

'ဘာပဲဖြစ်ဖြစ် ခု ငါနိုင်တာက နိုင်တာပဲ'

သူတို့နှစ်ယောက် ငြင်းနေတုန်း တီချာမေ ဝင်လာသောကြောင့် ကိုယ့်နေရာကိုယ် ပြေးကြရသည်။ ရောက်တော့ တီချာမေ့ကို မင်္ဂလာပါ ဆရာမဟု နှုတ်ဆက်ကြသည်။ တီချာမေက ပြန်နှုတ်ဆက်ပြီး ထိုင်ကြရသည်။ ကျောင်းခေါ်ချိန် နာမည်စာရင်း ခေါ်သည်။ နောက် တီချာမေ စာသင်လေသည်။

တီချာမေစာသင်လျှင် ဘယ်တော့မှ ပျင်းစရာမကောင်းပါ။ တီချာ



www.burmeseclassic.com

www.burmeseclassic.com



မေ သင်နေသည်ကို ကြည့်ရင်း ကိုယ်တို့ အတန်းသားတွေပါ စိတ်ဝင်စားလာတတ်သည်။ ကိုယ်ဖြင့် တီချာမေ့အချိန် ကုန်သွားမည်ကိုပင် စိုးမိသေးသည်။ တီချာမေက ကိုယ်ရဲ့ အချစ်ဆုံးဆရာမ မဟုတ်လား။

တီချာမေက စာဆို စာတစ်ခုတည်း သင်တာမဟုတ်။ ဗဟုသုတဖြစ်စရာတွေလည်း ကြားညှပ်၍ ပြောတတ်ပါသည်။ စာသင်နေရင်းက ကိုယ်တို့ ကျောင်းသား ကျောင်းသူတွေ နည်းနည်းပျင်းလာပြီဟု ထင်လျှင် ရယ်စရာတွေ ဘာတွေ ပြောပြတတ်သည်။ ထိုအခါ အိပ်ချင်နေသူတွေပင် မျက်လုံးကျယ်ပြီး ပျော်လာတတ်ပါသည်။ ခုလည်း တီချာမေသည် မြန်မာသဒ္ဒါအကြောင်း သင်နေရင်းက မြန်မာစာရေးသားရာတွင် ဂရုစိုက်ရမည့် အချက်တွေကို ပြောပြလေသည်။

'စာစီစာကုံးရေးတဲ့ အခါကျရင် တချို့က ခေါင်းစဉ်တပ်တဲ့အခါ ပန်းချီဆန်ဆန်ရေးကြတယ်၊ အဲဒါမျိုး မလုပ်ရဘူး၊ ခေါင်းစဉ်ကို မျက်တောင်အဖွင့်အပိတ်တပ်တာတို့ အောက်က မျဉ်းတားတာတို့လည်း မလုပ်ရဘူး။ ခေါင်းစဉ်နောက်မှာ ပုဒ်မ မတပ်ရဘူး။ အဲ ဝါကျတစ်ကြောင်း ဆုံးပြီဆိုရင်တော့ ပုဒ်မချဖို့ မမေ့ကြနဲ့။ ပုဒ်ဖြတ်ကိုလည်း သူ့နေရာနဲ့သူ ထည့်တတ်ရမယ်။ မြန်မာစာရေးသားရာမှာ အရေးကြီးဆုံးကတော့ သတ်ပုံမှန်ကန်ဖို့နဲ့ စာလုံးကို ပီပီသသ ရေးဖို့ပဲ။ လက်ရေးလှရုံပဲ မပြီးဘူးကွယ့်။ ရှင်းအောင်ရေးတတ်ဖို့နဲ့ ပီသဖို့လည်း လိုတယ်။ စကားစပ်မိလို့ မင်းတို့ကို ပြောပြရဦးမယ်'

တီချာမေသည် မြေဖြူကို ကောက်ယူ၍ ကျောက်သင်ပုန်းပေါ်မှာ အင်္ဂလိပ်စာ တစ်ကြောင်းကို ရေးလိုက်သည်။

HANG HIM NOT, LET HIM GO.

'အဲဒါကတော့ ရှေးတုန်းက အင်္ဂလန်ပြည်မှာ ဖြစ်တဲ့ အကြောင်းတစ်ခုပဲ။ ပြစ်မှုတစ်ခုနဲ့ အဖမ်းခံနေရတဲ့ လူတစ်ယောက်အတွက် အမိန့်ချ လိုက်တဲ့ စာပဲ။ အဓိပ္ပာယ်ကတော့ သူ့ကို ကြိုးပေးမသတ်နဲ့ လွှတ်လိုက်ပါတဲ့။ HANG ဆိုတာ ကြိုးပေးသတ်တာကို ပြောတာ။ အဲဒီလူမှာ အပြစ်မရှိလို့ လွှတ်လိုက်တဲ့ သဘောပေါ့။ ဒါပေမယ့် အဲဒီအမိန့်ကို စာနဲ့ရေးရတဲ့





လူက ကော်မာကို သူ့နေရာနဲ့ သူမထည့်ဘဲ မှားထည့်ရေးမိရော၊ ဘယ်လိုဖြစ်သွားသလဲ ဆိုတော့'

တီချာမေသည် NOT နောက်က ကော်မာကို ဖျက်ပြီး NOTရှေ့မှာ ရေးပြလိုက်သည်။

'အဲဒီတော့… ကြည့်စမ်း၊ ဘယ်လောက် အဓိပ္ပာယ် ပြောင်းသွားသလဲ၊ Hang Him, Not Let Him Go ဆိုတော့ အဓိပ္ပာယ်က သူ့ကို ကြိုးပေးသတ်လိုက်၊ မလွှတ်နဲ့လို့ ဖြစ်သွားရတယ်။ တွေ့လား၊ ကော်မာလေးတစ်ခုပေမယ့် ဘယ်လောက် အရေးပါသလဲ။ သူ့နေရာနဲ့သူ မထားမိဘဲ ရှေ့နဲ့နောက် မှားသွားရုံနဲ့ အဓိပ္ပာယ်ဟာ လုံးဝဆန့်ကျင်ဘက် ဖြစ်သွားရတာပဲ။ တို့ မြန်မာစာမှာလည်း ရှိတယ်'

တီချာမေသည် ကျောက်သင်ပုန်းပေါ်မှ စာကို ဖျက်မည်ဟု ဆော ဖျက်ကို ကိုင်ပြီးမှ မဖျက်သေးဘဲ 'ကူးချင် ကူးထားကြ၊ နေဦး ပထမတစ်မျိုး ရေးပေးဦးမယ်' ဆိုပြီး အပေါ်မှ တစ်ကြောင်း ထပ်ရေးပေးသည်။ ကော်မာကို Not နောက်မှာတပ်သည်။

'ကူးပြီးပြီလား ဟေ့'

'ပြီးပါပြီ'

တီချာမေ ဆက်သင်မည်အပြုတွင် ရှေ့တန်းက သန်းမြင့်မတ်တပ်ရပ်လိုက်သည်။ တီချာမေက သူ့ကို လှမ်းကြည့်သည်။

'ကျွန်တော် တစ်ခု မေးချင်လို့ပါ တီချာ'

'မေးလေ မောင်သန်းမြင့်'

'ဟို…'

သန်းမြင့်သည် ထုံးစံအတိုင်း သူ့နှာခေါင်းကို ပွစိ ပွစိ လုပ်နေသေးသည်။ ဒါကြောင့် သူ့ကို ပွစိလို့ ခေါ်ကြတာ။

'ဟို… ခုန ပြောတဲ့အထဲမှာ အဲလို စာရေးတာ မှားသွားတော့ ဖမ်းထားတဲ့ လူကို သတ်ပစ်လိုက်ရောလား မသိဘူး'

တီချာမေက ပြုံး၍…

'အေး… ဟုတ်သားပဲ၊ တီချာပြောဖို့ မေ့သွားတယ်၊ အေးကွယ့်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ စာကို ထောင်ထဲသွားပို့တော့ ထောင်က တာဝန်ရှိတဲ့ လူတွေက အဲဒီလူကို ကြိုးပေးပြီး သတ်လိုက်ကြတာပေါ့။ ကော်မာလေးတစ်ခု အတော်များသွားတာနဲ့ အပြစ်မရှိတဲ့ လူတစ်ယောက် အသက်ဆုံးရှုံးသွားရရှာတယ်'

ကိုယ် ထိုအသတ်ခံရသော သူကို သိလည်း မသိ။ မြင်လည်း မမြင်ဘူးပါဘဲနှင့် သနားသွားမိလေသည်။

'ကဲ... ဘာမေးကြဦးမလဲ'

'မမေးပါဘူး တီချာ'

ဝိုင်းအော်ကြလေသည်။ ကိုယ်ကတော့ လိုက်မအော်ချေ။ တီချာမေက ကိုယ့်ကို လှမ်းကြည့်ပြီး မေးငေါ့ပြသည်။ ကိုယ်တစ်ခုခု မေးချင်နေသည်ကို အရင်ကလိုပင် တီချာမေ သိနေ၏။ ကိုယ် မတ်တပ်ရပ်လိုက်ပြီး

'ကိုယ် တစ်ခုမေးမလို့'

တီချာမေက ခေါင်းညိတ်ပြသည်။

'ခုန တီချာမေ ပြောတဲ့ထဲမှာ အမိန့်စာကို လိုက်ရေးရတဲ့လူက မှားရေးမိတယ် မဟုတ်လား၊ အဲဒီစာကို ရေးဖို့ အမိန့်ပေးတဲ့လူက သေသေချာချာ ပြန်ဖတ်ပြီး မစစ်ဆေးကြည့်ဘူးလား'

တီချာမေသည် သွားပေါ်အောင်ပင် ပြုံးရင်း ခေါင်းတညိတ်ညိတ် လုပ်နေသည်။

'အေး... ညီညီပြောတာ မှန်တယ်၊ အမိန့်ချတဲ့လူက အမိန့်စာကို သေသေချာချာ စစ်ဆေးသင့်တာပေါ့၊ ခုတော့ မစစ်ဆေးဘဲ ပေါ့ပေါ့ဆဆ လုပ်လိုက်မိလို့ ခုလိုဖြစ်သွားတာပေါ့၊ ဒါကြောင့် တီချာ မကြာခဏ ပြောတာ ဘယ်အရာမဆို ပေါ့ပေါ့ဆဆ မလုပ်ရဘူးလို့၊ စာမေးပွဲဖြေတဲ့အခါမှာလည်း ကိုယ်ဖြေထားတာ မှန်မမှန် ပြန်စစ်ဆေးရမယ်လို့ ပြောတာပေါ့'

တီချာမေက လက်နှင့်ပြ၍ ထိုင်ခိုင်းသည်။ ကိုယ်သည် ပြီးခဲ့သော ပထမအစမ်းစာမေးပွဲတုန်းက အကြောင်းကို သတိရ၏။ သင်္ချာတစ် ဖြေတုန်းက ဖြစ်သည်။ မေးခွန်းက လွယ်လွယ်လေး၊ မီးရထားလမ်း ခင်းရန်အတွက် သံလမ်း၏ တစ်ပေတန်ဖိုးကို ပေးထားသည်။ ခရီးအကွာအဝေးကိုလည်း ပေးထားသည်။ ကုန်ကျစရိတ်ငွေကို ရှာခိုင်းသည်။ ကိုယ်လည်း လွယ်လွယ်





ကလေး ဖြစ်သောကြောင့် မြန်မြန်ပင် တွက်ချလိုက်သည်။ ကြိုက်ရာငါးပုဒ် တွက်ပြီးသောအခါ အတန်းစောင့်ဆရာက 'အချိန်နာရီဝက် ကျန်သေးတယ်' ဟု သတိပေးသံ ကြားရသည်။

ကိုယ်သည် တွက်ပြီးသော ပုစ္ဆာများကို ပြန်စစ်ကြည့်သည်။ ထိုအခါ စောစောက မီးရထားလမ်းပုစ္ဆာတွင် ကိုယ့်အမှားကို သွားတွေ့လေသည်။ သင်္ချာဆရာသည် ပုစ္ဆာလွယ်လွယ်လေးကို ပညာသားပါပါ မေးထားခြင်း ဖြစ်သည်။ ပေါ့ပေါ့ဆဆ သွားတွက်မိလျှင် မှားနိုင်သည်။ မီးရထားလမ်း ဆိုသည်မှာ သံလမ်းနှစ်ချောင်းယှဉ်ထားတာ မဟုတ်လား။ သူ့ပုစ္ဆာမှာက တစ်ပေရှိသော သံလမ်းတစ်ချောင်းလျှင် ငွေဘယ်လောက် ကျသည်ဟု ပေးထားသည်။ ထို့ကြောင့် သံလမ်းအရှည်မိုင်ကို ပေဖွဲ့၊ တစ်ပေတန်ဖိုးနှင့် မြှောက်ပြီးရသော တန်ဖိုးသည် သံလမ်းတစ်ဖက်စာထဲသာ ဖြစ်သည်။ ကိုယ်လည်း ဒီအတိုင်း တွက်ထားမိသည်။ ပြန်စစ်ကြည့်မှ အမှားကို တွေ့ရသည်။ ကိုယ်ရေးထားသော အဖြေကို နှစ်နှင့် မြှောက်ပြီးမှ အဖြေမှန်ကို ရရှိသွားသည်။ ကိုယ်သည် သေသေချာချာ ပြန်စစ်ခဲ့သောကြောင့်သာ ထိုပုစ္ဆာတွင် မမှားဘဲ အမှတ်ပြည့် တစ်ရာရခဲ့ခြင်း ဖြစ်ပါသည်။

စဉ်းစားနေသောကြောင့် တီချာမေ စာသင်သည်ကို ခဏမျှ ဂရုမစိုက်မိဘဲ ဖြစ်သွားသည်။ အံမြန်ပြန်ပြီး ကြည့်နေလိုက်ရ၏။

'မြန်မာစာမှာ အဲဒါမျိုးရှိတာပဲ'

ကျောက်သင်ပုန်းပေါ်တွင် အောက်ပါအတိုင်း ရေးလိုက်သည်။

သူ့နဖူးမှာ ရွေးစေ့ခန့်ရှိသော မှဲ့ကြီးတစ်လုံး ရှိသည်။

'ကဲ... ကြည့်စမ်းကွာ၊ တချို့က စာရေးတဲ့အခါ စာလုံးကို ပီပီသသ မရေးကြဘူး၊ ပြီးပြီးရော မြန်မြန်ထက်ထက် ရေးကြရော၊ ဒီဝါကျမှာဆိုရင် ရွေးစေ့ဆိုတဲ့ နေရာမှာ ရကောက်ကို ပီပီသသ မရေးဘဲ ငယ်နဲ့တူအောင် ရေးမိရင်ဘယ်လိုဖြစ်သွားမလဲ'

ခဏမျှ ငြိမ်နေကြသည်။ ကိုယ်က အရင်စရယ်သည်။ ပြီးတော့ တစ်ခန်းလုံး ဝေါခနဲ ရယ်လိုက်ကြသည်။ အရယ်သန်သော တင်အောင်နိုင်ဆိုလျှင် တော်တော်နှင့် မရပ်။ တီချာမေပင် တော်တော်လေးကြာအောင် လက်ကိုင်ပဝါဖြင့် ပါးစပ်ကို အုပ်ထားရ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လောက် ရယ်စရာကောင်းသလဲနော်'

တီချာမေသည် ရယ်သံကြီးဖြင့် ထပ်ပြောသည်။ ထိုအခါ ထပ်ရယ်ကြပြန်သည်။ ခဏကြာမှ တီချာမေက အရယ်ရပ်ပြီး...

'အဲ... ရွှေးစေ့ဆိုတာ သိကြရဲလား၊ ရွှေတို့ ဆေးတို့ချိန်တဲ့အခါမှာ သုံးတယ်၊ ဟောသလောက် ကလေးတွေ၊ တစ်ရွှေးသား နှစ်ရွှေးသားဆိုတာ ကြားဖူးကြမှာပေါ့'

တင်အောင်နိုင်က ကိုယ့်ကို 'ရှူး ရှူး' ဆို လှမ်းခေါ်ပြီး တိုးတိုး ပြောသည်။

'ရွှေးစေ့ဆိုတာ တီချာမေပြသလောက် သေးသေးလေး မဖြစ်နိုင်ဘူးကွ' ဟု ဆိုပြီး ခွီးခနဲ ရယ်လိုက်သည်။

'တင်အောင်နိုင် ဘာပြောတာလဲဟေ့'

တီချာမေက လှမ်းမေးသဖြင့် တင်အောင်နိုင်က ဟုတ်ဖူး တီချာ ဆိုပြီး မတ်တပ်ထရပ်သည်။

'ဘာပြောတာလဲ'

တီချာမေက ထပ်မေးပြန်သည်။

'ဟိုဒင်း တီချာ၊ ဂျွန်ဆင့်နဖူးမှာ မှဲ့ရှိလို့'

ဝါးခနဲ ရယ်ကြပြန်သည်။ ဂျွန်ဆင် ဝုန်းခနဲ ထရပ်ပြီး...

'ဘယ်မှာရှိလို့လဲ၊ ကြည့်ပါလား၊ ဒီမှာ မရှိဘူး တီချာ၊ မယုံရင် ကြည့်'

ဟု သူ့ဆံပင်တွေကို သပ်တင်ပြီး ပြနေသည်။ ရယ်သံတွေမှာ ဆူညံနေသည်။ တော်တော်နှင့် မရပ်။ တီချာမေကိုယ်တိုင်ပင် မျက်ရည်တွေလည်အောင် ရယ်နေမိပြီး...။

'ကဲ... ကဲ တော်ကြပါတော့ကွယ်၊ စာဆက်သင်ကြရအောင်'

တီချာမေက သဒ္ဒါအကြောင်း ဆက်သင်သည်။ တင်အောင်နိုင်သည် ကိုယ့်ဘက်ကို လှည့်ကြည့်လိုက်၊ လက်ညှိုးနှင့် လက်မကို ဝိုင်းပြပြီး ကြိတ်၍ ရယ်လိုက်လုပ်နေတုန်းပင်။ တီချာမေက စိုက်ကြည့်လိုက်မှ ရပ်သွားတော့သည်။

*





မုန့်စားလွှတ်သောအခါ ထမင်းဘူးကို ကိုင်၍ ထွက်လာခဲ့သည်။ အတန်းပေါက်ဝတွင် ရပ်စောင့်နေသော မိနိုင်ကို တွေ့ရသည်။ ကိုယ့်ကို တွေ့တွေ့ချင်း...

'နင်က ဘာလို့ ကြာနေတာလဲ၊ ငါစောင့်နေတာ ကြာလှပြီ'

'ဖိနပ်တွေ ပျောက်နေလို့ဟ၊ ဟိုကောင်တွေ နှောက်ပြီး ဖွက်သွားတာ၊ ဒါနဲ့ နင်က ဘာဖြစ်လို့ စောင့်နေတာလဲ'

'ဟိုတစ်ခါ ငါပြောဖူးတယ် မဟုတ်လား၊ ငါနဲ့ ထမင်းတူတူစားဖို့လို့'

'နင်နဲ့ တူတူစားရမယ် ဟုတ်လား၊ နင့် မေမေက ခေါ်လို့လား'

'ခေါ်တာပေါ့၊ ငါပြောပြီးပြီ'

'ဒါဖြင့်လဲ အပြင်ကနေ ဘာလို့ စောင့်နေတာလဲ၊ အတန်းထဲဝင်ပြီး လာခေါ်လိုက်ရင် ပြီးရော၊ ကိုယ်တို့ အတန်းထဲမျာ း နင်က မဝင်ရဲဘူးလားဟ'

'ဟာ... ဟိုကောင်တွေက ငါ့ကို လောင်မှာဟ'

'လောင်မယ် ဟုတ်လား၊ ဘယ်လို လောင်မှာလဲ'

'နောက်မှ ငါပြောပြမယ်'

သူတို့ ထမင်းစားနေကျဖြစ်သော အားကစားရုံကြီးဘက်သို့ လျှောက်လာကြသည်။ ကိုယ်က သူ့ကို မေးသည်။

'ဒါနဲ့ နေပါဦး၊ ကစ်တီတို့ မီးမီးတို့ရော'

'သူတို့က ငါနဲ့တူတူ မစားဘူးဟ၊ နင်ကြည့်ပါလား၊ သူတို့က လမ်းလျှောက်ရင်းနဲ့လည်း ထမင်းစားရင် စားတာ၊ ထမင်းစားနေရင်းလည်း ထမင်းဘူးကို ချထားပြီးတော့ ဆော့ချင်ဆော့နေတာ မဟုတ်လား၊ တင်အောင်နိုင်တို့ကကော'

'တင်အောင်နိုင်က အိမ်မပြန်တဲ့ နေ့ဆိုရင်တော့ ကိုယ်နဲ့ တူတူစားတာပဲ၊ ဒီနေ့တော့ သူ့အစ်ကို လာခေါ်သွားတယ်'

'ဂျွန်ဆင်နဲ့ ဇော်ဝင်းကကော'

'ဒီကောင်တွေပေါ့ဟ၊ ကိုယ့်ဖိနပ်ကို ဖွက်သွားတာ၊ ခုလည်း ဘယ်ရောက်နေကြမှန်း မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



အားကစားရုံကြီးထဲသို့ ရောက်လာကြသည်။ ထိုနေရာမှာ အိမ်က ပို့သော ထမင်းကို စားသူများ၏ နေရာဖြစ်သည်။ စကားပြောသံတွေ၊ ရယ်သံတွေ၊ ဇွန်းသံ၊ ပန်းကန်သံတွေ ဆူညံနေသည်။ ကိုယ်သည် အရင်က ဒီနေရာကို မလာခဲ့ဘူးချေ။ တကယ့် တကယ်ကျတော့ လာစရာလည်း မလိုပါ။ ကိုယ့်မှာ အိမ်က ထမင်းလာပို့တာမှ မဟုတ်ဘဲ။ ကျောင်းသား ကျောင်းသူတွေ အားရပါးရ စားသောက်နေကြတာ ကြည့်ပြီး ပို၍ ဆာလာသည်။

'ဟိုမှာ မေမေ'

ဟု ပြောပြီး သူပြေးသွားသည်။ သူ့မေမေက ပြုံး၍ ကြည့်နေသည်။ သူ့မေမေ၏ အသက်မှာ ကိုယ့်မေမေလောက်ပင် ရှိမည် ထင်သည်။ မေမေက မျက်နှာဝိုင်းပြီး သူ့မေမေက မျက်နှာသွယ်လေသည်။

ကိုယ်သည် ထမင်းဘူးကို ကိုင်ပြီး ရပ်ကြည့်နေမိသည်။ မိခိုင်သည် သူ့မေမေကို ဘာတွေမှန်းမသိ ပြောနေသည်။ စကားပြောရင်းကလည်း သူ့မေမေ၏ ပခုံးကို တို့၍ တို့၍ နေသည်။ ပြီးတော့ ကိုယ့်ကို လက်ညှိုးထိုး ပြသည်။ သူ့မေမေသည် ကိုယ့်ကို ကြည့်ပြီး ပြုံးပြလေသည်။ သူ့မေမေ၏ မျက်နှာသည် ပျော်ရွှင်နေသည်ဟု ကိုယ်ထင်ပါသည်။

မိခိုင်က ကိုယ့်ကို လက်ရပ်ခေါ်သည်။ ကိုယ်မရဲတရဲ လျှောက်သွားသည်။ သူတို့နားမှာ ရပ်သည်။

'ထိုင်လေဟာ'

မိခိုင်က ပြောသည်။ ခင်းထားသော ပလတ်စတစ်စပေါ်မှာ ထိုင် လိုက်သည်။ သူ့မေမေသည် ကိုယ့်တို့ကို စကားမပြောအားပါ။ ထမင်းစားဖို့ အမြန်ပြင်ဆင်နေသည်။

'မေမေကလည်း စောစောကတည်းက ပြန်ထားရင် ပြီးရော ကြာလိုက်တာ'

သူ့မေမေသည် သူ့ကို မကြည့်ဘဲ လုပ်စရာရှိတာ မြန်မြန်လုပ်နေ ရင်းက ပြန်ပြောသည်။

'ဩော်... သမီးရယ်၊ စောစောကတည်းက ချိုင့်ဖွင့်ထားရင် ယင်ကောင်တွေအုံမှာ စိုးလို့ပါ၊ မကြာပါဘူး၊ ဆာလှပြီလား'





မိခိုင်က 'ဆာတာပေါ့၊ အူတွေတောင် ပြတ်ထွက်တော့မယ်'ဟု နှုတ်ခမ်းစူပြီး ပြောသည်။ သူ့မေမေက 'အေးပါ၊ အေးပါ၊ ပြီးပါပြီ'ဟု ပြန်ပြောလေသည်။

သူ့မေမေသည် ကိုယ့်လိုထမင်းဘူး ယူလာခြင်း မဟုတ်ချေ။ လေးဆင့်ချိုင့်ကလေး ဖြစ်သည်။ ပလတ်စတစ်ခြင်းတောင်း အပြာကလေး ထဲမှာ ထည့်ယူလာခြင်း ဖြစ်သည်။အပေါ်ဆုံးက အဖုံးဖုံးထားသော ချိုင့် တစ်ဆင့်ကို ယူ၍ ဖယ်ထားလိုက်သည်။ ဒုတိယအဆင့်မှာ ဟင်းဖြစ်သည်။ ဆိတ်ကလီဇာဟင်း ဖြစ်မည် ထင်သည်။ ကိုယ်ကြိုက်တတ်သော ဟင်း ဖြစ်သဖြင့် သွားရည်ပင် ယိုချင်သလို ဖြစ်၏။ နောက်တစ်ဆင့်မှာ ဟင်းချို ဖြစ်၍ အောက်ဆုံးအဆင့်သည် ထမင်းဖြစ်သည်။ ထမင်းထဲတွင် ရေနွေး ကြမ်း ပန်းကန်လုံးကလေးဖြင့် ဖိထည့်ထားသော ငပိကြော်များကိုလည်း တွေ့ရသည်။

သူသည် ထမင်းချိုင့်ကို ဆွဲယူသည်။ ငွေရောင်ဇွန်းကလေးဖြင့် ဟင်းခွက်ကို နှိုက်မည်လုပ်ပြီးမှ မနှိုက်သေးဘဲ ကိုယ့်ကို လှည့်ကြည့်သည်။ ကိုယ်သည် ထမင်းဘူး မဖွင့်ရသေးဘဲ ငိုင်၍ ကြည့်နေတုန်း။

'နင့်ဘူးဖွင့်လေဟာ'

ကိုယ်သည် ထမင်းဘူးမှာ ပတ်ထားသော လက်သုတ်ပဝါကို ဖြည်သည်။ ရင်တထိတ်ထိတ်နှင့်ပင် ထမင်းဘူးကို ဖြည်းဖြည်းကလေး ဖွင့်သည်။ ကိုယ့်ဟင်းမှာ ဘဲဥဆီပြန် နှစ်ခြမ်း၊ ကိုယ်ရှက်သွားမိသည်။ မနက်က ဆော်လီမား ဈေးပြန်နောက်ကျသောကြောင့် ဟင်းမမီချေ။ ကိုယ့် အတွက် ဘဲဥဟင်း မြန်မြန်ချက်ပြီး ထည့်ပေးလိုက်ခြင်း ဖြစ်ပါသည်။

သူသည် ဇွန်းဖြင့် ဆိတ်ကလီဇာဟင်းကို ခပ်ပြီး ကိုယ့်ထဲ ထည့် ပေးသည်။ ကိုယ်ကလည်း ဘဲဥဆီပြန်တစ်ခြမ်းကို သူ့ထဲ ပြန်ထည့်ပေးလိုက် သည်။ သူ့မေမေသည် ကိုယ့်တို့နှစ်ယောက်ကို ကြည့်၍ ပြုံးနေသောကြောင့် ကိုယ် အားတက်သွားမိသည်။ ထမင်းစားလို့လည်း ကောင်းသည်။ သူသည် 'စားလေဟာ၊ စားလေဟာ' ဟု ပြောပြီး ကိုယ့်ထဲသို့ ဟင်းခဏခဏ ထည့်ထည့်ပေးသည်။ ကိုယ့်မှာတော့ သူ့ကို ထည့်ပေးစရာ ဘဲဥ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ချေ။ မှတ်မှတ်ရရ ကိုယ်သည် ဒီတစ်ခါလောက် ထမင်းစားကောင်းခဲ့တာ မရှိခဲ့ဘူးသေးဟု ထင်ပါသည်။

ထမင်းစားပြီးသောအခါ သူ့မေမေသည် ခြင်းတောင်းထဲက ရေပုလင်းကို ထုတ်ပြီး တစ်ယောက်တစ်ခွက်စီ တိုက်သည်။ ပြီးတော့ စောစောတုန်းက ဖယ်ထားသော ချိုင့်ကလေးကို ယူ၍ အဖုံးဖွင့်လိုက်သည်။ အထဲမှာ အတုံးသေးသေးကလေးတွေ တုံးထားသော အုန်းနို့ကျောက်ကျောတုံးကလေးတွေနှင့် ခရင်းသေးသေးကလေး တစ်ခုကို တွေ့ရသည်။ မိနိုင်သည် သူ့မေမေ လက်ထဲက ချိုင့်ကို ဆတ်ခနဲ ဆွဲယူ၍ ကိုယ့်ရှေ့မှာ 'အင့်' ဆိုပြီး ချပေးသည်။

'စားလေဟာ'

ကိုယ်က ခေါင်းခါလိုက်သည်။

'ဘာလို့လဲ'

ဟု သူက မေးသည်။ ကိုယ့်က သူ့မေမေကို တစ်ချက်မော့ကြည့်သည်။ သူ့မေမေက 'စားလေ သားရဲ့'ဟု ပြောသည်။ ကိုယ့်ကို 'သား'ဟု သူ့မေမေက ခေါ်လိုက်သောကြောင့် စိတ်ထဲက တစ်မျိုးကြီး ဖြစ်သွားသည်။ ကိုယ်က 'နင် အရင်စား'ဟု မိနိုင်ကို ပြောသည်။ မိနိုင်ကလည်း 'နင် အရင်စားပါဟာ၊ နင်က ယောကျ်ားလေးပဲ'ဟု ပြန်ပြောသည်။

'ဘာဆိုင်လို့လဲဟာ'

'ဆိုင်တာပေါ့ဟာ၊ ယောကျ်ားလေးဆိုတာ ဘုန်းရှိတယ်တဲ့'

သူ့မေမေက ရယ်နေသည်။

'ကဲပါကွယ်၊ သားက အရင်စားလိုက်၊ စား… စား…'

ကိုယ်က တစ်တုံးအရင်စားရသည်။ ပြီးတော့ ခပ်ကြီးကြီး တစ်တုံးကို ခရင်းဖြင့်ထိုး၍ သူ့ကို လှမ်းပေးလိုက်သည်။ သူက ယူစားပြီး ကိုယ့်ကို ပြုံးပြလိုက်သည်။

'သားနာမည်က ညီညီတဲ့နော်'

'ဟုတ်ကဲ့ ဒေါ်ဒေါ်'

'မေမေကလည်း မသိဘူးလား၊ ဟိုတစ်ခါ မိုးတွင်းကြီးတုန်းက





လေ၊ သမီးမှာထီးမပါလို့ သူတောင် လိုက်ပို့ရသေးတာကော'

မိနိုင်က ဝင်ပြောသည်။ သူ့မေမေက…

'သြော်… အေးအေး၊ အဲဒီတုန်းက ညီညီက အိမ်အထိမှ လိုက်မလာဘဲကွယ်၊ ဒေါ်ဒေါ်က ဘယ်မြင်ဖူးမလဲ၊ တစ်နေ့နေ့ကျရင် ဒေါ်ဒေါ်တို့ အိမ်ကိုလည်း လာလည်ဦးနော်'

'ဟုတ်ကဲ့ခင်ဗျာ'

စားသောက်ပြီးကြ၍ သူ့မေမေက 'ကောင်းကောင်း ကစားကြနော်'ဟု ပြောပြီး ပြန်သွားသောအခါ ကိုယ်တို့နှစ်ယောက်သည် စိန်ပန်းပင်ကြီးအောက်သို့ လာခဲ့ကြသည်။ ထိုနေရာမှာ ဘယ်သူ့ကိုမျှ မတွေ့ရပါ။

'ဟာ… ဟိုကောင်တွေ ဘယ်ရောက်နေကြလဲ မသိဘူး'

'အေးဟာ၊ ကောင်မစုတ်တွေရော တစ်ယောက်မှ မရှိဘူး၊ နေပစေ လိုက်မရှာနဲ့၊ ငါတို့လျှိုနေရအောင်'

'ဘာပြောတယ်'

'သူတို့ကို လိုက်မရှာတော့ဘူးဟာ၊ ကျောင်းလည်း ပြန်တက်တော့မှာပဲ၊ ငါတို့နှစ်ယောက်တည်း စကားထိုင်ပြောရအောင်'

ကိုယ်တို့နှစ်ယောက် စိန်ပန်းပင်ကြီးအောက်မှာ ထိုင်ကြသည်။

'ဒါနဲ့ နေပါဦး၊ ကစ်တီတို့က စတယ်ဆိုတာ ပြောဦးလေ'

'အို… နောက်မှ ပြောမယ်'

'ဟာ… ဘာဖြစ်တာလဲ'

'နက်ဖြန်မှ ပြောမယ်ဟာ'

'နင်ကလည်း ကြောင်လှချည်လား'

'ကြောင်ကြောင်ဟာ၊ ငါ ခုမပြောချင်တော့ဘူး'

'အေးလေ… ပြီးရောပေါ့'

သူသည် ကိုယ့်ကို စောင်းကြည့်ပြီး…

'ငါနောက်တော့ ပြောမယ်နော်'

ကိုယ် ခေါင်းညိတ်ပြလိုက်သည်။

'နင့်မေမေက သိပ်သဘောကောင်းတာပဲနော်'



www.burmeseclassic.com

www.burmeseclassic.com



'အေး··· ဟုတ်တယ်၊ ဖေဖေကလည်း ကောင်းတာပဲ၊ နှင့်မေမေ ရော'

'ကောင်းတယ်ဟ'

'နှင့်ဖေဖေရော'

ကိုယ်ချက်ချင်း ပြန်မဖြေ။ ဖေဖေသည် သဘောကောင်းသလား၊ မကောင်းဘူးလား။ 'ဖေအောင်က စိတ်ရင်းကောင်းပါတယ်ကွယ်၊ ဘုဆတ်ဆတ် လုပ်တတ်တာ တစ်ခုထဲပါ'ဟု အန်တီလူးက တစ်ခါပြောဖူးသည်ကို သတိရ၏။

'အေး··· ကောင်းပါတယ်ဟာ'

ကိုယ်က တိုးတိုးပြောသည်။ သူက···

'အံမယ် ငါတို့ ဘွားဘွားက ပိုတောင် သဘောကောင်းသေးတယ်'

သူ့ဘွားဘွားက သူ့ကို အရမ်းအလိုလိုက်ကြောင်းတွေ ပြောပြသည်။

'ခုတော့ ဘွားဘွားမရှိတော့ဘူး၊ သေသွားပြီ၊ ငါလေ ဘွားဘွားကို သိပ်သတိရတာပဲ'

ဆိုပြီးလျှင် မျက်ရည်တွေ ဝဲလာသည်။ ခဏကြာတော့ တရှုံ့ရှုံ့ ငိုလေတော့သည်။ ကိုယ်လည်း ဘာပြောရမှန်းမသိ ဖြစ်နေရာမှ ဝမ်းနည်း၍ လာလေ၏။ ကိုယ်သည် ဘာကို ဝမ်းနည်းမိမှန်း ကိုယ့်ဘာသာပင် မသိပါ။ သူ့လိုလည်း မဟုတ်။ ကိုယ်တို့ ဘွားမေသိန်းသည် သေဖို့ နေနေသာသာ ခုထိ ထမင်းဟင်းတွေ ချက်နိုင်တုန်းဟု ဦးလေးမောင်မောင်ကြီးက ပြောပြဖူးပါသည်။

'ငိုမနေပါနဲ့ဟာ၊ နှင့်ဘွားဘွား မရှိလည်း နှင့်မေမေ ရှိသားပဲ'

ဟု ကိုယ် သူ့ကိုပြောသည်။ သူလည်း အငိုတိတ်သွား၏။ အင်္ကျီလက်မောင်းနှင့် မျက်ရည်တွေ သုတ်သည်။ ပြီးတော့ ကိုယ့်လက်မောင်းကို လှမ်းပုတ်ပြီး···

'နှင့်ကို ငါ တစ်ခုမေးစရာ ရှိသေးတယ်'

'အေး··· မေးလေ'





'နင်ကြီးလာရင် ဘာလုပ်မှာလဲ'

'ဘာလုပ်မှာလဲ'

ကိုယ်မဖြေတတ်။ ဘာဖြေရမှန်းလည်း မသိပါ။

'ပြောလေဟာ'

'ကိုယ် မသိဘူး'

'ဟယ်··· မသိဘူးရယ်လို့ နင့်ဟာကလည်း'

ဆိုပြီး သူခစ်ခနဲ ရယ်သည်။ ခုနပဲ ငိုနေပြီးတော့ ခုပဲ ရယ်ပြန်သဖြင့် ကိုယ် အံ့သြသွားသည်။ သူ့ကို ချက်ချင်း စကားမပြောနိုင်သေးဘဲ ခဏကြာမှ ပြန်ပြောရသည်။

'မေမေကတော့ ဆရာဝန် လုပ်စေချင်တယ်'

'နင်ကကော မလုပ်ချင်ဘူးလား ဆရာဝန်'

'အဲဒါ··· ကိုယ်မသိဘူးလေဟာ'

သူက ထပ်ရယ်ပြန်သည်။ ပြီးတော့···

'နင့်ဖေဖေကကော ဘာပြောလဲ'

'ဘာမှ မပြောဘူး'

သူပြောမှ ကိုယ်သတိရသည်။ ဖေဖေသည် ကိုယ့်ကို ကြီးလာလျှင် ဘာလုပ်မလဲဟု တစ်ခါမျှ မမေးဘူးပါ။ ဘာလုပ်ရမယ်ဟုလည်း တစ်ခါမျှ မပြောဘူးပါ။ ကိုယ်ကြီးလာလျှင် ဘာလုပ်ရမလဲ ဆိုသည်ကို ကိုယ့်ဘာသာ စဉ်းစားရမှာလား။ ဖေဖေတို့ မေမေတို့က လုပ်ခိုင်းရမှာလား။ ဆရာ၊ ဆရာမတွေက ပြောမှာလား။ ကိုယ်ဖြင့် သေသေချာချာ မသိ။

'နင်ကော ကြီးရင် ဘာလုပ်မှာလဲ'

ကိုယ်က ပြန်မေးသည်။ သူက···

'ငါလား ဘာမှမလုပ်ဘူး'

'ဟင်··· ဘာမှမလုပ်ဘူး၊ ဟုတ်လား'

'အေး··· ဟုတ်တယ်၊ အိမ်မှာပဲနေမယ်'

'ဟာ··· အိမ်မှာကတော့ နေရမှာပေါ့'

'မဟုတ်ဘူးလေ၊ အလုပ်တွေ ဘာတွေ မလုပ်ဘူးဟာ၊ အိမ်မှာ နေပြီးတော့ ငါစားချင်တာတွေ လုပ်စားမယ်'



www.burmeseclassic.com

www.burmeseclassic.com


ကိုယ် သူ့စကားကို ရယ်ချင်သွား၍ ရယ်လိုက်သည်။

'ဟုတ်တယ်ဟာ၊ ဆီးထုပ်တို့ စားလို့ရေခဲမုန့်တို့ကို ငါဘာသာ အိမ်မှာလုပ်စားမယ်၊ ခုဆိုရင် အဲဒါတွေ ကျောင်းမှာပဲ စားရတယ်။ အိမ်ရောက်ပြီဆိုတာနဲ့ မေမေက မစားရဘူးတဲ့။ ပြီးတော့ ရှိသေးတယ်။ ငါက ကြံသကာ သိပ်ကြိုက်တာဟ၊ မေမေကလေ ကြံသကာ ချောင်းဆိုးတယ် ဆိုပြီး ထန်းလျက်ပဲ တစ်လုံးတစ်လုံး ကျွေးတယ်။ ငါ ကြံသကာ သိပ်စားချင်တာပဲ။ ဟော့... ဟော့ နေဦး ငါပြောမယ်။ တကယ်လို့ နင်ကြီးလာလို့ အလုပ်တွေ ဘာတွေလုပ်လို့ ပိုက်ဆံရရင် ငါ့ကို ကြံသကာ ဝယ်ကျွေးဟာ'

'ဟာ... နင်ကလည်း ကြံသကာပဲဟာ၊ ခုဝယ်ကျွေးလည်း ရတာပဲ'

'အို... ခုဝယ်ကျွေးရင် သေးသေးလေးပဲရမှာ၊ နင့်ပိုက်ဆံတွေ အများကြီးရှိတဲ့ အခါကျမှ ငါ့ကို ဖျာလောက်ရှိတဲ့ ကြံသကာကြီး ဝယ်ကျွေးဟာနော်'

'အေးပါဟာ'

သူသည် ခေါင်းကို ကုတ်၍ စဉ်းစားနေသည်။ ပြီးတော့ ပြောသည်။

'နေဦးဟာ၊ ငါ ခုနပြောတာ အလုပ်မလုပ်ဘူး ဆိုပေမယ့် အိမ်မှာ ထမင်းတွေ ဟင်းတွေ ချက်တာတော့ လုပ်မှာပေါ့၊ ငါ ထမင်းဟင်းချက်ရင် နင် စားမလားဟင်'

ကိုယ် သူ့ကို ကြည့်လိုက်သည်။ သူသည် ကိုယ့်ကို ကြည့်၍ ပြုံးနေ၏။ ကိုယ် ခေါင်းညိတ်ပြလိုက်သည်။ သူ ထမင်းဟင်းချက်လျှင် စားလို့ကောင်းမလား မသိ။ ကိုယ် သူချက်သော ထမင်းဟင်းကို စားချင်စိတ်ပေါက်သွားသည်။

'နင်ချက်ရင် ဆိတ်ကလီဇာဟင်းချက်ဟာ'

*






နေ့လယ်က မိခိုင်နှင့်အတူတူ ထမင်းစားရသည့် အကြောင်းကို စဉ်းစားလာသောကြောင့် လမ်းလျှောက်လာရသည်ကို ဘာမျှမကြာလိုက်ထင်သည်။ အိမ်ရှေ့ကို ရောက်မှပင် စဉ်းစားခန်း ရပ်လိုက်သည်။ ဝင်းတံခါးနားရှိ မာလကာပင်သည် ပြွတ်သိပ်နေအောင် သီးနေ၏။ ကျောင်းကို မာလကာသီးတွေ ယူလာပြီး ဝေပေးတတ်သော ကစ်တီကို သတိရမိ၏။ ပြီးတော့ မိခိုင်က ကိုယ့်အတွက် မာလကာသီး အနီကြီး ချန်ထားပေးသည်ကိုလည်း မှတ်မှတ်ရရ ရှိသည်။ ကိုယ်တို့အိမ်က မာလကာပင်ကြီးကတော့ အရင်တုန်းက ငယ်သေးသောကြောင့် သိပ်မသီးခဲ့။ ခုမှ အရမ်းသီးလာခြင်းဖြစ်သည်။ မှည့်ပြီဆိုလျှင်တော့ ကျောင်းက သူငယ်ချင်းတွေအတွက် ခူးသွားရဦးမည်။ တီချာမေကိုလည်း ပေးမည်။ မိခိုင်ကိုတော့ အလုံးလှလှကြီးကြီး မှည့်မှည့်ကို သူများတွေ မသိအောင် တိတ်တိတ်ကလေး ပေးရမည်။ထို အသီးကို အနီသီးဖြစ်အောင်တော့ ဘယ်လိုရွေးရပါ့မလဲ ကိုယ်မသိ။

မာလကာပင်၏ အကိုင်းဖျားနားက အသီးတစ်လုံးသည် မမှည့်သေးသော်လည်း စားလို့ရလောက်ပြီ။ ကိုယ်သည် ခြေထောက်ကို စုန်ကန်၍ ခုန်ပြီး ခူးသည်။ မမီချေ။ ထမင်းစားပြီးမှပင် တံချူနှင့် ခူးတော့မည်။

အိမ်ထဲကို ဝင်မည်ဟု တံခါးဝနား ကပ်လိုက်သော အချိန်မှာပင် 'ခက်ပါတယ် ကိုမောင်မောင်ကြီးရယ်' ဆိုသော မေမေ့အသံကို ကြားရသည်။ အိမ်ထဲသို့ မဝင်သေးဘဲ ရပ်၍ နားထောင်နေမိသည်။ ကိုယ် ခုမှ စဉ်းစားမိသည်။ သည်နေ့ စနေနေ့။ မေမေ ရုံးတစ်ဝက်ဆင်းရသည်။ ထို့ကြောင့် အိမ်ကို စောစောရောက်နေတာ ဖြစ်မည်။

ဦးလေးမောင်မောင်ကြီး၏ အသံကို ကြားရပြန်၏။

'မစောမြင့်ကို ကိုယ် တစ်ခုမေးချင်တယ်၊ ဖေအောင်က မစောမြင့် အပေါ်မှာ မကျေနပ်စရာ တစ်ခုခုများ ရှိနေသလား'

'သူကလား လောကကြီးတစ်ခုလုံးကို မကျေမနပ် ဖြစ်နေတာပါ၊ ဟင်း... ဟင်း ဟုတ်တယ်၊ ရှင့်သူငယ်ချင်းက ဘာကိုမှ စိတ်တိုင်းကျတာ မဟုတ်ဘူး'

မေမေ့ရယ်သံ ခပ်တိုးတိုး ကြားရသည်။ တကယ် ရယ်ချင်၍


www.burmeseclassic.com

www.burmeseclassic.com



ရယ်သလိုမျိုး မဟုတ်။ အန်တီလူးနဲ့ စကားပြောသော အခါတွင်လည်း အဲဒါမျိုး ခဏခဏ ရယ်တတ်သည်။

'အင်းပါလေ၊ သူစိတ်တိုင်းမကျတာ မကျေနပ်တာကို မစောမြင့် ရအောင်ရှာပေါ့'

'ကျွန်မမှာ အပြစ်တစ်ခုခု ရှိနေတယ်လို့ ထင်လို့လား၊ ကိုမောင် မောင်ကြီး'

'ဟာ... မဟုတ်ပါဘူးလေ၊ ကိုယ်ရယ်၊ မစောမြင့်တို့ရယ် သိခဲ့ကြတာ အနှစ်နှစ်ဆယ်နီးပါး ရှိခဲ့ပါပြီ၊ မစောမြင့်တို့ လက်မထပ်ခင်ကတည်းက ခင်မင်ခဲ့ကြတာပဲ။ မစောမြင့်အကြောင်း ကိုယ်ကောင်းကောင်း သိပါတယ်လေ။ မစောမြင့်ကို အပြစ်ပြောတာ မဟုတ်ပါဘူး၊ အပြစ်ရှိချင်း ရှိရင် ဖေအောင့်မှာသာ ရှိမှာပါ'

ဘာသံမှ ဆက်မကြားတော့။ တိတ်ဆိတ်နေပြန်သည်။ ခုချိန် ကိုယ်ဝင်သွားလျှင် ကောင်းမလား စဉ်းစားမိသည်။ သို့သော်လည်း ကိုယ် ဆက်၍ နားထောင်ချင်သေးသည်။ ဘာမှန်းမသိသော အကြောင်းတစ်ခုခုကို ကိုယ်သိချင်နေသေးသည်။ ဘာကို သိချင်တာလဲ ဆိုသည်ကိုမူ ကိုယ်မပြောတတ်ပြန်ပါ။

'ကိုမောင်မောင်ကြီးကို ကျွန်မတစ်ခုမေးချင်တယ်'

'မေးပါလေ၊ မေးပါ'

'ကျွန်မကို အမှန်အတိုင်း ဖြေစေချင်တယ် ရှင်'

'ကိုယ်ဟာ ဖေအောင့် သူငယ်ချင်းဆိုပေမယ့် မစောမြင့်အပေါ်မှာ ဘယ်လို စေတနာထားတယ်ဆိုတာ မစောမြင့် သိမှာပါ'

ခဏကြာအောင် မေမေ ဘာမျှမပြောဘဲနေသည်။ ပန်းကန်ချင်း တိုက်မိသံကြားသည်။ ဦးလေးမောင်မောင်ကြီးက ကော်ဖီယူသောက်ပြီး ပန်းကန်ပြားပေါ် ပြန်ချလိုက်တာ ဖြစ်မည်။

'ကိုမောင်မောင်ကြီးက ရန်ကုန်မှာ နေတာဆိုတော့ သူ ရန်ကုန်လာတဲ့အခါ တွေ့ကြမှာပေါ့၊ သူ ရန်ကုန်မှာ တခြား...'

မေမေ့အသံသည် အရှိန်တိုးသွားသည်။ နောက် ဆက်ပြောလိုက်သလား၊ မပြောလိုက်သလားတောင်မှ မသိရ။





'ဟာ... အဲဒါတော့ မဟုတ်ဘူး၊ ကိုယ် အာမခံပါတယ်၊ ဒီကောင် အဲဒါမျိုးတော့ မရှုပ်ပါဘူး၊ ကိုယ်ကလည်း အရှုပ်မခံဘူး ဖွတ်တားမှာပဲ၊ ဖေအောင့်အကြောင်း ကိုယ်သိတယ်။ ဒီကောင်က အလုပ်ကိုပဲ စိတ်ဝင်စားတာ'

'ဟုတ်ပါတယ်၊ သူ့အလုပ်ကိုပဲ စိတ်ဝင်စားတာ၊ မိန်းမကို စိတ်ဝင်စားတာ မဟုတ်ဘူး၊ ဟုတ်တယ်... ဟုတ်တယ်၊ ရှင့်သူငယ်ချင်းက အလုပ်ကို အိမ်က မိန်းမထက် ပိုပြီး ချစ်တာ'

စောစောကလို မေမေရယ်ပြန်သည်။ ကိုယ့်စိတ်ထဲက တွေးမိသည်။ ဖေဖေသည် အလုပ်ကို ကိုယ့်ထက်ရော ပိုပြီး ချစ်သလားလို့။ အဲသည်လို မေမေ့ထက်ရော၊ ကိုယ့်ထက်ရော အလုပ်ကို ပိုပြီး ချစ်တယ်ဆိုတာ ကောင်းသလား၊ မကောင်းဘူးလား။ ကိုယ်မသိ။ ကိုယ်သိတာ တစ်ခုတည်း။ ဖေဖေသည် မေမေ့ကို ချစ်စေချင်သည်။ ကိုယ့်ကိုလည်း ချစ်စေချင်သည်။ ကိုယ်သည် ကလေးတစ်ယောက် ဖြစ်နေသောကြောင့် အဲဒါတွေ စဉ်းစားနေတာ ကောင်းမှကောင်းပါ့မလား။

နောက်ထပ် ပြောသောစကားသံတို့သည် နည်းနည်းတိုးသွားသည်။ ကောင်းကောင်းမကြားရ။ အရဲစွန့်၍ ရှေ့သို့ နည်းနည်းထပ်တိုးပြီး နားထောင်တာတောင်မှ ကြားတစ်ချက် မကြားတစ်ချက်။ အင်္ဂလိပ်စကားတွေလည်း ပါလာပြန်ပြီ။ ကိုယ့် နာမည်လည်း ပါသည်။

'ညီညီက မက်ကျူအာ မဖြစ်သေးဘူး'

'သားကြောင့်သာ ခုထိ'

'ဂရုစိုက်ပါ'

'ဘဲရီးစင်းစတစ်'

'စိတ်ဝေဒနာဖြစ်သွားရင်'

'ဟုတ်တယ်၊ မကောင်း...'

'အညွန့်မကျိုးစေချင်ဘူး'

'ညီညီ'

'ဖေအောင်'



www.burmeseclassic.com

www.burmeseclassic.com


'မစောမြင့်'

ကိုယ်ဆက်ပြီး နားထောင်နေလို့လည်း ဘာမှုသေသေချာချာ ကြားရတော့မည်မဟုတ်။ တစ်ခွန်းနှစ်ခွန်းကြားလည်း ကိုယ်နားလည်မည် မဟုတ်တော့ပါ။ ပြီးတော့ ထမင်းလည်း ဆာလာပြီ။

ခြံဝဘက်သို့ ခပ်မြန်မြန်လျှောက်လာခဲ့သည်။ ပြီးတော့မှ အိမ်ဘက်သို့ပြန်လှည့်ပြီး 'မေမေ'ဟု ခေါ်ရင်းလျှောက်လာသည်။ အိမ်တံခါးဝမှ ဝင်လိုက်သော ကိုယ့်ကို မြင်သောအခါ မေမေက…

'ဟော… သားတောင် ပြန်လာပြီ'

ဦးလေး မောင်မောင်ကြီးက ကိုယ့်ကို လှမ်းကြည့်ပြီး ပြုံးပြသည်။ တီချာမေ ကိုယ့်ကို ပြုံးပြတတ်သလိုမျိုး ဖြစ်သည်။ ပြီးတော့ သူ ပြောသည်။

'ဟေ့ ညီညီ၊ ခုပဲ မင်းအကြောင်း ပြောနေတာကွ၊ မင်း စာသိပ်တော်တဲ့အကြောင်း'

အဲသည်အကြောင်းပြောနေတာ မဟုတ်ကြောင်း ကိုယ်သိသည်ဟု ထင်ပါသည်။ အင်္ဂလိပ်လိုညှပ်ပြီး ပြောကြသောစကားတွေကကော ကိုယ်စာတော်တဲ့အကြောင်း ဖြစ်နိုင်ပါ့မလား။

ဦးလေး မောင်မောင်ကြီးသည် ကိုယ့်အနားသို့ လျှောက်လာပြီး ကိုယ်ပခုံးကို လာဖက်သည်။ ပြီးတော့…

'ညီညီက သိပ်လိမ္မာတာဗျ'

ဟု မေမေ့ကို လှမ်းပြောသည်။ မေမေကလည်း…

'ဟုတ်တယ်၊ ကျွန်မဖြင့် သားလိမ္မာတဲ့အတွက်ပဲ ဝမ်းသာနေရတယ်'

သူတို့သည် ကိုယ်စာတော်ကြောင်း ပြောနေတာမဟုတ်ဘဲနဲ့ ဟုတ်တယ်ဟု ပြောကြသည်။ ပြီးတော့ ကိုယ့်ကိုမြင်သောအခါ အသားလွတ် မြှောက်ပင့်ပြောနေကြသည်။ ဘာကြောင့် သည်လို ဖြစ်ကြတာလဲ။

ကိုယ်သည် ဦးလေး မောင်မောင်ကြီးကို မော့ကြည့်ပြီး ပြုံးပြလိုက်သည်။ ကိုယ်တကယ် မပြုံးချင်ဘဲ ပြုံးလိုက်တာဖြစ်ကြောင်း သူသိသွားမလား မသိပါ။

■

ကျောင်းမှာပဲ အေးသည်။ ကျောင်းတက်နေသော အချိန်တွင် စာထဲမှာပဲ စိတ်ဝင်စားပြီး နေလို့ရသည်။ ကမ္ဘာ့သမိုင်း၊ မြန်မာ့သမိုင်းတွေအကြောင်း သင်ရသောအခါ ဟိုးရှေးခေတ်က အကြောင်းတွေမှာ ပုံပြင်လိုပင် နားထောင်လို့ ကောင်းသည်။ ပထဝီမှာ မြေပုံတွေ ဆွဲရသည်။ ရာသီဥတုအကြောင်းတွေ သင်ရသည်။ သိပ္ပံဆိုလျှင်လည်း သိပ်စိတ်ဝင်စားဖို့ ကောင်းသည်။ သင်္ချာတစ်နှင့်နှစ် အချိန်များတွင် ပုစ္ဆာတွေကို ဘယ်သူအရင်ပြီးမလဲလို့ ပြိုင်တွက်ရတာ ပျော်စရာပဲ။ မြန်မာစာအချိန်မှာတော့ ကိုယ်အပျော်ဆုံးပင်။ ကိုယ်တို့ တီချာမေက မြန်မာစာသင်တာ မဟုတ်လား။ ပြီးတော့ အင်္ဂလိပ်စာကို ကိုယ်အစကတည်းက ကြိုးစားပြီးသား။ ခုအခါကျတော့ ပိုပြီးကြိုးစားသည်။ အင်္ဂလိပ်စာတတ်မှ ကိုယ် သိချင်တာတွေကို ပိုပြီး သိခွင့်ရမည် ထင်သည်။ ဦးလေးမောင်မောင်ကြီးတို့၊ အန်တီလှုံးတို့သည် ကိုယ် မသိစေချင်သော စကားမျိုးတွေကို အင်္ဂလိပ်လို ပြောတတ်ကြပါသည် မဟုတ်လား။

ကျောင်းမတက်ခင် အချိန်နှင့် မုန့်စား ကျောင်းဆင်းချိန်ဆိုလျှင် သူငယ်ချင်းတွေနှင့် တွေ့ရသည်။ စကားဝိုင်း ပြောချင်ပြော၊ ကစားချင်ကစား။ ခု နောက်ပိုင်းတွေမှာတော့ သိပ်မကစားကြတော့။ တစ်ခါတလေ ချိန်းပွဲရှိမှပင် ဘောလုံးကန်ကြသည်။ ကိုယ်တို့အဖွဲ့ထဲမှာ မိန်းကလေးတွေပါ


www.burmeseclassic.com

www.burmeseclassic.com


ပါနေသောကြောင့် သိပ်မကစားဖြစ်ကြခြင်း ဖြစ်မည်။ အမြဲလိုလိုမှာ စိန်ပန်းပင်ကြီးအောက်မှာ စု၍ စကားပြောကြခြင်း ဖြစ်သည်။

ကိုယ်တို့အဖွဲ့ကလည်း သိပ်ညီညွတ်သည်။ အုပ်စုတောင့်သောကြောင့် တခြားကောင်တွေက လာမစရဲချေ။ အုန်းသီးတို့၊ ဖရက်ဒီတို့ပင် ကိုယ်တို့ကို ဖြုံနေကြသည်။ ကိုယ်တို့ကလည်း သူများကို အလကားသက်သက် သွားမကြောပါ။

ကိုယ်တို့ထဲမှာ တစ်ယောက်ကို ပုံစံတစ်မျိုးစီ ရှိကြသည်။ ဇော်ဝင်းသည် ပျော့စိစိကလေး။ စကားပြောလျှင်လည်း ညောင်နာနာနှင့်။ ဌွန်ဆင်က စကားပြောလျှင် ဗလုံးဗထွေးနှင့် ရိုးလည်း သိပ်ရိုးသည်။ အ,လည်းအသည်။ တင်အောင်ခိုင်ကတော့ ကိုယ်တို့ထဲမှာ 'ငလောင်'ပဲ။ ကိုယ်ကတော့ ဘယ်လိုနေလဲ ကိုယ့်ဘာသာ မသိ။ တစ်မျိုးပဲ။ တစ်ခါတလေ တစ်ယောက်တည်း အေးအေးဆေးဆေး နေချင်သည်။ တစ်ခါတလေ သူငယ်ချင်းတွေနှင့် ပျော်ပျော်ပါးပါး နေချင်သည်။

မိန်းကလေးတွေထဲမှာဆိုလျှင် မီးမီးက သိပ်စွာသည်။ ကစ်တီက ခပ်တုံးတုံး။ ခပ်အအ။ သဘောလည်း ကောင်းသည်။ မိခိုင်ကိုတော့ ကိုယ် ဘယ်လိုပြောရမှန်း မသိ။ တစ်ခါတလေ စိတ်ကောက်တတ်သည်။ တစ်ခါတလေတော့လည်း သဘောကောင်းသည်။ သူလည်း ကိုယ့်လိုပဲလားမသိ။ ဘာပဲဖြစ်ဖြစ် သူနှင့်ကိုယ် ပေါင်းလို့ရတာတော့ အမှန်ပင်။ ကိုယ်သည် ယောက်ျားလေးတွေထဲမှာ တင်အောင်ခိုင်ကို အခင်ဆုံးဖြစ်၍ မိန်းကလေးတွေထဲမှာ မိခိုင်ကို အခင်ဆုံး ဖြစ်ပါသည်။ သူငယ်ချင်းတွေ အားလုံးနှင့်ဆုံ၍ စကားပြောကြရသောအခါတွင် ပျော်ရွှင်ရသည်တော့ အမှန်ပါ။

သည်နေ့လည်း စိန်ပန်းပင်ကြီးအောက်မှာ ကိုယ်တို့ စုထိုင်နေကြသည်။ ခုပြနေသော အင်္ဂလိပ်စစ်ကားအကြောင်း ပြောကြသည်။ ပြောနေတုန်းမှာပင် မီးမီးက ဖြတ်၍ ဖောက်လာသည်။ သူက မိခိုင်ကို မေးခြင်း ဖြစ်သည်။

'သူတို့ လယ်တေး ယယ်တောက်ထဲမှာ ဘယ်သူအချယ်တောဆုံးလဲဟေ့'

'ဘယ်သိမလဲဟ'






'နင့် စယ်တီတ်ထဲမှာတော့ ညယ်တီ မဟုတ်လား'

မိခိုင်က မီးမီး ပေါင်ကို ဆွဲဆိတ်သည်။ သူတို့သည် စကားလိမ်ဖြင့်ပြောနေကြခြင်း ဖြစ်သည်။ သူတို့ ဘာပြောကြသည်ကို ကိုယ် သိသလိုလိုရှိပါသည်။ ဘာလို့ဆို အန်တီလှုးသည် မေမေ့ကို ခုလိုပင် စကားလိမ်ဖြင့် ခဏခဏ ပြောတတ်သောကြောင့် နည်းနည်းပါးပါးတော့ ကိုယ်လည်း နားလည်နေပြီ။ ကိုယ်တို့ ယောက်ျားလေးတွေထဲမှာ ဘယ်သူ အချောဆုံးလဲဟု မီးမီးက မေးခြင်း ဖြစ်သည်။ မိခိုင်က မသိဘူးဆိုတော့ မီးမီးက ညီညီက အချောဆုံးလို့ နင် ထင်တယ်မဟုတ်လားဟု မေးတာ ဖြစ်နိုင်သည်။ ဟိုကောင်တွေက နားလည်သလား၊ မလည်သလား မသိ။ တင်အောင်ခိုင်က ဝင်ပြောသည်။

'နင်တို့က စကားလိမ်တွေ၊ ဘာတွေနဲ့ ပြောတာပေါ့လေ၊ ဒါဆို ငါလည်း ပြောမယ်၊ အန့်တရိတ်စီး၊ မန့်ကိုပျိုး၊ နူသံတေတေး၊ အမေ့ပါးတဲ့ အဲဒါ ဘာလဲ'

'ဘယ်သိမလဲဟ'

မိခိုင်က ပြောသည်။ ကစ်တီကလည်း မသိ။ မီးမီးက ခဏစဉ်းစားပြီးမှ 'နင့်ဟာက အဓိပ္ပာယ် မရှိဘူး'ဟု ဆို၏။

'ဟား… ရှိတာပေါ့ဟ၊ ဒီမှာ အီးတီရစ္စာန်၊ မိုးကိုပျံ၊ နံသူတေတေး၊ အစ်မပေးတဲ့၊ ဌွန်ဆင် မင်း နံလား'

'အီးပေါက်ရင်တော့ နံမှာပေါ့ကွ'

'အေး… နံရင် အစ်မပေး၊ ဟား ဟား'

ဌွန်ဆင်က 'ငါ့မှာ အစ်မ မရှိဘူး'ဟု ပြောသည်။ ပြီးတော့ သူ စဉ်းစားနေသည်။

'နေဦးဟ၊ ငါ နင့်ကို တစ်ခုမေးမယ်၊ ဟိုဥစ္စာဟာ၊ ဒီမှာ မီးမီး၊ နင် ဖြေနော်၊ မြွေနဲ့ဖားနဲ့ ဘယ်ဟာက…'

'ဟေ့ကောင်… အဲဒါ မဟုတ်ဘူးကွ'

ဟု တင်အောင်ခိုင်က မြန်မြန် ဝင်ပြောလိုက်ရသည်။ ဌွန်ဆင်က…

'အေးကွာ… ငါမှားသွားလို့'


www.burmeseclassic.com

www.burmeseclassic.com

'နေဦး နေဦး၊ ငါ မေးမယ် ကစ်တီ ဖြေဟာ'

ကစ်တီက 'ခက်တာတွေတော့ မမေးနဲ့'ဟု ပြောသည်။ တင်အောင်ခိုင်က 'အေးပါ'ဆိုပြီး…

'လွယ်လွယ်လေးရယ်၊ ရှဥ့်နဲ့ မြွေနဲ့ ဘယ်သူ့ကို ချစ်သလဲ၊ အဲဒါ ဖြေ'

မီးမီးက ဝင်တားမည် ကြံသော်လည်း မရလိုက်။ ကစ်တီက ဖြေလိုက်မိသည်။

'ရှဥ့်ကို ချစ်တာပေါ့ဟ'

'ဘာပြောတယ်၊ ရှင့်ကို ချစ်တယ် ဟုတ်လား၊ ငါ့ကို ဟုတ်လား၊ ဟား… ဟား… ဟား… ဟား…'

ခုမှ ကစ်တီက သဘောပေါက်သွားပြီ 'တင်အောင်ခိုင်၊ နင် ယုတ်တယ်၊ နင် ယုတ်တယ်'ဆိုပြီး တင်အောင်ခိုင့် ကျောကုန်းကို ထုနေသည်။ ကိုယ်တို့အားလုံး ဝိုင်းရယ်ကြသည်။ ကစ်တီသည် ရှက်လည်း ရှက်၊ ဒေါသလည်း ဖြစ်လာသောကြောင့် ငိုမဲ့မဲ့ ဖြစ်နေသည်။ ထိုအခါကျမှ ကိုယ်တို့ အရယ်ရပ်လိုက်ကြသည်။

'ကစ်တီကလည်းဟာ စတာပဲဟာ'

ဟု ဇော်ဝင်းက ဝင်ပြော၏။

'ဟုတ်ပါဘူးဟာ၊ အဲဒီ တင်အောင်ခိုင်က ဘာမှန်းလဲ မသိဘူး၊ မျက်နှာရှုး၊ ရုပ်ကိုက ကာတွန်းထဲက မျောက်ညိုကျနေတာပဲ၊ စပ်ဖြဲဖြဲနဲ့'

'အေး ဟုတ်တယ်ဟေ့၊ ခုမှ သေသေချာချာ ကြည့်မိတယ်၊ တင်အောင်ခိုင်က မျောက်ညိုနဲ့ တူတယ်'

'မျောက်ညို'

'မျောက်စုတ်၊ မျောက်နှာ'

မီးမီးနှင့်မိခိုင်တို့က တင်အောင်ခိုင်ကို ပြန်လှောင်သည်။ တင်အောင်ခိုင်ကတော့ တော်တော့်ကို အရှက်မရှိတဲ့ကောင်။ သူက အနောက်ခံရလို့ မရှက်တဲ့အပြင် တကယ့်မျောက်နဲ့ တူအောင်လုပ်ပြီး တခွီးခွီး အော်ပြနေ



သေးသည်။ ကိုယ်ကလည်း သူတို့ကို အကြောင်းရိုက်ဖို့ တစ်ခု သွားသတိရမိသဖြင့် ပြောပြလိုက်သည်။

'ကိုယ် တစ်ခု ပြောပြမယ်ကွ၊ တစ်ခါတုန်းကကွာ၊ ဝေါကိုသွားတဲ့ ကားတစ်စင်းပေါ့၊ ညဘက်ကြီးကွ၊ မိုးတွေကလည်း အရမ်းရွာနေတာတဲ့၊ ကားမီးထိုးထားတာတောင် လမ်းကို ကောင်းကောင်း မမြင်ရဘူး၊ အရေးလည်းကြီးတော့ ကားကို မြန်မြန်မောင်းရတာပေါ့၊ အဲဒါ တစ်နေရာလည်း ရောက်ရော လမ်းပေါ်မှာ အဘိုးကြီးတစ်ယောက် ကုန်းကုန်းကုန်းကုန်းနဲ့ ဖြတ်ကူးနေတာကို ဘွားခနဲ တွေ့လိုက်ရတယ်တဲ့၊ ရုတ်တရက်ဆိုတော့ ဘရိတ်အုပ်လို့လည်း မရတော့ဘူးပေါ့'

'ဟယ်… တိုက်မိရောလား'

'ဘာပြောကောင်းမလဲဟာ၊ အရှိန်နဲ့ဆိုတော့ ဒိုင်းခနဲ တိုက်မိတာ အဘိုးကြီးလည်း မြောက်တက်သွားပြီးမှ ဖုန်းခနဲ ပြန်ကျတယ်တဲ့၊ အဲဒါနဲ့ ဒရိုင်ဘာကလည်း ကားကို ချက်ချင်းရပ်၊ မြန်မြန်ကားပေါ်ကဆင်းပြီး သွားကြည့်တော့ မရှိတော့ဘူးတဲ့'

'ဟင်… ဘယ်ရောက်သွားတာလဲ'

'သရဲခြောက်တာ ထင်တယ်'

'မဖြစ်နိုင်ပါဘူးကွာ'

'ဖြစ်နိုင်တာပေါ့ကွ၊ စဥ်းစားကြပါလား၊ သွားကြည့်တော့ မရှိတော့ပါဘူးဆိုမှ'

'ဟာ… မဟုတ်နိုင်ပါဘူးကွာ'

'ဟုတ်နိုင်တာပေါ့ဟ၊ သေသေချာချာ ပြန်တွေးကြည့်လေ၊ အဘိုးကြီးပါဆိုမှ သွားတွေ ကျိုးကုန်ပြီပေါ့ကွ၊ ဘယ်ရှိတော့မလဲ၊ ဒါကြောင့် 'သွား' ကြည့်တော့ မရှိတော့ဘူးလို့ ပြောတာ'

'အေးဟ၊ ဟုတ်သားပဲ'

ကိုယ်တို့အားလုံး ရယ်နေကြလေသည်။

*

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းသောအခါ ဗိုက်နာလာသောကြောင့် အိမ်သာသို့ ပြေးရသည်။ အိမ်သာမှပြန်လာပြီး ကျောင်းရှေ့ပေါက်သို့ သွားမည်ဟု ထွက်လာသည်။ ဘီတန်းရှေ့ရောက်သောအခါ မိခိုင်တစ်ယောက်တည်း ရပ်နေသည်ကို တွေ့ရသည်။ အတန်းနားမှာ လူတောင်မှ ရှင်းနေပြီ။

'မိခိုင် နင်တစ်ယောက်တည်း ဘာလုပ်နေတာလဲ'

'အိမ်ပြန်ဖို့ အဖော်မရှိလို့ဟ'

မိခိုင် မျက်နှာက ငိုမဲ့မဲ့ ဖြစ်နေသည်။ ကိုယ် မေးသည်။

'ကစ်တီတို့၊ မီးမီးတို့ရော'

'မီးမီး ကောင်မစုတ်က ငါ့ကို မစောင့်ဘဲ ထွက်သွားတယ်'

'နင်က ဘာလုပ်နေလို့လဲ'

'စာနည်းနည်းကူးချင်လို့ ခဏလေး စောင့်ပါဆိုတာ ထမင်းဆာတယ်ဆိုပြီး ထွက်သွားတာ'

'ကစ်တီကရော'

'သူလည်း ပါသွားတာပေါ့'

'ဟာ… ဒါဆိုလည်း တစ်ယောက်တည်း ပြန်ပေါ့'

'ငါမှ မပြန်ရဲတာ'

'ကိုယ်တောင်မှ တစ်ယောက်တည်း ပြန်တာပဲ'

'နင်က ယောကျ်ားလေးပဲ'

'ဘာဆိုင်လို့လဲ၊ နင့်ကို ဘယ်သူမှ မဆွဲပါဘူးဟ၊ သူ့ကိုယ်သူများ အပျိုကြီးကျနေတာပဲ'

မိခိုင်သည် ကိုယ့်ကို ဖျတ်ခနဲ ကြည့်လိုက်သည်။ သူ့မျက်လုံးများ တလက်လက်တောက်နေ၏။

မျက်ရည်ဝဲလာသလား မသိ။

'နင်… နင်… ငါ့ကို အဲလို ပြောလားဟင်'

သူ့အသံက ငိုသံပါလာလေသည်။

'ဘာပြောလို့လဲဟ'





'နင် စဉ်းစားကြည့်ပေါ့၊ တကယ်ဆိုရင် ငါတစ်ယောက်တည်း အဖော်မရှိဘူးဆိုရင် နင်က ငါလိုက်ပို့မယ်လို့ ပြောရမှာပေါ့'

'အေးဟာ… ဟုတ်သားပဲ၊ ကိုယ် မေ့သွားတယ်၊ ကဲ…လာ သွားရအောင် ကိုယ်လိုက်ပို့ပါ့မယ်'

သူသည် နှုတ်ခမ်းကို စူပြီးတော့ မဲ့လိုက်သည်။

'သွားပါ၊ ခုမှလာပြီးတော့ နေပစေ နင့်ပို့စရာလည်း မလိုဘူး၊ ငါ့ဘာသာ သွားမယ်'

ကိုယ်ရယ်လိုက်သည်။

'ကဲ… ဒီလိုဆိုလည်း သွားလေ၊ ကိုယ်လည်း သွားတော့မယ် ထမင်းဆာလှပြီ'

ကိုယ်လှည့်ထွက်မည်ပြုသည်။ သူက သမံတလင်းပေါ်သို့ ခြေဆောင့်လိုက်တာ ဖတ်ခနဲတောင် မြည်သွား၏။ ကိုယ်လှည့်ကြည့်လိုက်သည်။

'ညီညီနော်၊ နင်နော်၊ ဘယ်လိုဖြစ်နေတာလဲ'

ခြေဆောင့်ရင်း သူပြောသည်။ အသံတွေလည်း တုန်နေသည်။ သူ ငိုခါနီးပြီ။

'ကဲ… ဘာဖြစ်လို့လဲ၊ နင်ပဲ လိုက်မပို့နဲ့ဆို၊ တစ်ယောက်တည်း သွားမယ်ဆို'

'အဲဒါက စိတ်ကောက်လို့ပြောတာ၊ ငါက လိုက်မပို့နဲ့ ဆိုပေမယ့် နင်က အတင်းလိုက်ပို့ရမှာပေါ့လို့'

ကိုယ်ရယ်ရင်းက…

'နင် တော်တော်ဆိုးတယ်ဟာ မိခိုင်'

'ဆိုးတာ ဘာဖြစ်လဲ'

ဟု ပြောပြီး သူ 'ခစ်ခနဲ' ရယ်သည်။ ရယ်လိုက်တော့မှပင် စောစောက ဝဲရုံသာ ဝဲနေသော မျက်ရည်တွေ ထွက်ကျလာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

‘နင် ရှုးနေပြီ ထင်တယ်၊ ငိုလည်း ငိုတယ်၊ ရယ်လည်း ရယ်တယ်’

‘ညီညီနော်… နင်မစနဲ့၊ ငါ ဆွဲဆိတ်လိုက်ရမလား’

သူက ကိုယ့်ဗိုက်ခေါက်ကို ဆွဲဆိတ်သည်။

‘ဟ… ဆိတ်မ… နာတယ်ဟ’

‘ဘာပြောတယ်၊ ငါ့ကို ဆိတ်မဲ့ဟုတ်လား ကဲ’

‘အလကားပြောတာ၊ အလကားပြောတာ’

သူ ဆွဲဆိတ်ရာမှ လွှတ်လိုက်သည်။

‘ကဲ… သွားကြရအောင် နောက်ကျနေပြီ’

ကိုယ်တို့နှစ်ယောက် ထွက်လာကြသည်။ ကျောင်းဝင်းထဲမှာ လူတော်တော်ပင် ရှင်းနေပြီ။ ဆရာ၊ ဆရာမတချို့နှင့် အလုပ်သမားကြီးတွေသာ ရှိတော့သည်။ သူတို့အိမ်ဘက်သို့ သွားသောလမ်းအတိုင်း လျှောက်လာကြရင်းက သူပြောသည်။

‘နေ့လယ်က နင်တို့ ဘောလုံးကန်ကြတယ် မဟုတ်လား၊ အဲဒါ ငါတို့အတန်းထဲက ကောင်တွေရော၊ ကောင်မတွေရော ငါ့ကို မကြည်ဘူး သိလား’

‘ဘာလို့လဲ’

‘ငါက ကိုယ့်ဘီတန်းကိုတော့ အားမပေးဘဲနဲ့ နင်တို့ အေတန်းကို အားပေးလို့တဲ့’

ဒီနေ့ မုန့်စားဆင်းချိန်တုန်းက ကိုယ်တို့ အေတန်းနှင့် မိခိုင်တို့ ဘီတန်း ဘောလုံးချိန်းကန်ကြသည်။ မိခိုင်သည် အစကတော့ ဘောလုံးချိန်းကန်တာကို မကျေနပ်ချေ။ ‘ငါတို့အတန်းနဲ့ နင်တို့အတန်းနဲ့ ကန်တော့ ငါက ဘယ်ဘက်က အားပေးရမှာလဲ’ ဟု ပြောသည်။ ခြေဆောင့်ပြီး ထွက်သွားသည်။ ကွင်းထောင့်မှာ သွားထိုင်ပြီး နှုတ်ခမ်းစူနေသည်။ သို့သော်လည်း ကိုယ်ကန်လိုက်သော ဘောလုံးသည် ဂိုးတိုင်ထဲသို့ တန်းတန်းမတ်မတ် ဝင်သွားသောအခါ လက်ခုပ်သံတွေကြားမှ ‘ဒါမှ ညီညီကွ’ ဟု





အော်လိုက်သော သူ့အသံစူးစူးကလေးကို ကြားရလေ၏။ ဒါကို သူတို့အတန်းဘက်က မကျေနပ်ခြင်း ဖြစ်မည်။

‘ဒီတော့ နင်က ဘာပြောလိုက်လဲ’

‘ငါကလား၊ ဒီလို ပြောလိုက်တယ်၊ နင်တို့က အီးယောင်ဝါးတွေမို့လို့ အားမပေးတာလို့၊ ညီညီက… ညီညီက’

သူသည် စကားကို မဆက်ဘဲ နေသည်။

‘ဘာဖြစ်လဲ ပြောလေ’

‘ညီညီက ငါ့ရဲ့ ဟိုဟာအဖြစ်ဆုံး သူငယ်ချင်းလို့’

‘ဘယ်ဟာဖြစ်တာလဲ’

‘ဟို… အခင်ဆုံးလို့၊ အဲဒါ ဟုတ်တယ်၊ အခင်ဆုံးလို့’

ပြောပြီး သူသည် ကိုယ့်ကို မကြည့်တော့။ မြေကြီးကိုပဲ ငုံ့ကြည့်ရင်း လျှောက်လာသည်။ ပြီးတော့မှ ကိုယ့်ကို တစ်ခါမော့ကြည့်၏။ ကိုယ်လည်း ဘာဖြစ်သွားမှန်း မသိ။ သူက ကိုယ့်ကို ကြည့်နေသောအခါ ပြန်မကြည့်ရဲဘဲ ဖြစ်သွားသည်။ ထိုအခါ ကိုယ်ခေါင်းငုံ့လိုက်မိသည်။ ကတ္တရာလမ်းကိုသာ ငုံ့ကြည့်ပြီး လျှောက်လာမိသည်။ ခဏကြာသောအခါ သူ့ရယ်သံ ကြားရသည်။ သူရပ်လိုက်သည်။ ကိုယ်လည်း ရပ်လိုက်ပြီး…

‘ဘာဖြစ်လို့လဲ’

သူရယ်နေရာမှ…

‘ငါတို့လမ်းကို ကျော်လာခဲ့ပြီဟ’

ကိုယ်တို့နှစ်ယောက်စလုံး ရယ်ပြီး ပြန်လှည့်လျှောက်သည်။ သူတို့လမ်းထဲသို့ ချိုးဝင်ကာနီးတွင် ကိုယ်ပြောသည်။

‘ကိုယ်ပြန်တော့မယ်နော်၊ နင်သွားရဲပြီ မဟုတ်လား’

‘အိမ်ကို လိုက်ခဲ့ပါဦးလားဟ’

‘ဟင့်အင်း’

‘နင် ဟိုတစ်ခါလည်း ဒီလိုပဲ၊ ငါတို့အိမ်ကို ဘယ်တော့မှ လိုက်မလာဘူး’


www.burmeseclassic.com

www.burmeseclassic.com



'နောက်တော့ ကိုယ် လာလည်ပါမယ်ဟာ၊ ခု အိမ်ပြန်နောက်ကျမှာ စိုးလို့'

'ဒါဆိုလည်း ပြီးရောလေ၊ ငါသွားတော့မယ်နော်'

'နေဦး မိနိုင်'

သူ ပြန်ရပ်နေသည်။ ကိုယ်သည် လွယ်အိတ်ထဲသို့ လက်နှိုက်၍ စမ်းသည်။ တနင်္ဂနွေနေ့က ဆော်လီမား ဈေးသွားတော့ ကိုယ်လိုက်သွားသည်။ ကိုယ်စုထားသော ပိုက်ဆံဖြင့် လက်ကိုင်ပဝါ သေးသေးလေးတစ်ထည် ဝယ်သည်။ အနားလေးဘက် အတွန့်အတွန့်ကလေးတွေနှင့်။ သုံးကျပ်ပေးရသည်။ ထိုလက်ကိုင်ပဝါကလေးကို စက္ကူအိတ်ကလေးဖြင့် ထည့်ပြီး ယူလာခဲ့ခြင်း ဖြစ်သည်။ အိတ်ကလေးကို ဆွဲထုတ်၍ မိနိုင်ကို ပေးလိုက်သည်။

သူက 'ဘာလဲ' ဆိုပြီး ဖွင့်ကြည့်သည်။ လက်ကိုင်ပဝါကို ဆွဲထုတ်၍ ဖြန့်ကြည့်သည်။

'ဟယ်... လက်ကိုင်ပဝါလေး'

သူ ကိုယ့်ကို လှမ်းကြည့်ပြီး ပြုံးသည်။ နောက်တော့ မျက်နှာက ပြန်တည်သွား၏။

'ငါ မလိုချင်ဘူးဟာ'

'ဟင်... ဘာဖြစ်လို့လဲ'

ကိုယ်က စေတနာနဲ့ ပေးတာကို သူက မယူချင်ဘူးဆိုသောကြောင့် ကိုယ်ဝမ်းနည်းသွားမိသည်။ ဒါကို သူကလည်း သိမည် ထင်သည်။

'နင်ပေးတာကို မလိုချင်လို့ ပဟုတ်ပါဘူးဟာ၊ လက်ကိုင်ပဝါ လက်ဆောင် မပေးကောင်းဘူးတဲ့။ ပေးရင် ခွဲရတတ်တယ်တဲ့'

'အို... ကိုယ် ဒါတွေ မယုံပါဘူး'

'ဪ... တစ်ခုတော့ ရှိတယ်၊ လက်ကိုင်ပဝါ လက်ဆောင်ပေးရင် ပိုက်ဆံဆယ်ပြား ပြန်ပေးရတယ်တဲ့။ အဲဒါဆို ကြိမ်းကြေရော၊ မခွဲရတော့ဘူး'





သူသည် လွယ်အိတ်ထဲသို့ လက်နှိုက်မည် ပြုပြီးမှ...

'ဟယ်... မေ့လို့၊ ငါ့မှာ ပိုက်ဆံမှ မကျန်တော့တာ၊ လက်ကိုင်ပဝါကို နင် ပြန်ယူထားပါဦးလား'

'ဟာ... နင်ပဲ ယူထားပါ၊ ခု ပိုက်ဆံမပါလည်း နောက်မှပေးပေါ့'

'အေးလေ၊ တစ်ရက်လောက်တော့ ကိစ္စမရှိပါဘူး၊ ငါနက်ဖြန်မှ ပိုက်ဆံပေးမယ်နော်'

ကိုယ် ခေါင်းညိတ်ပြသည်။

'ငါလေ ဒီလက်ကိုင်ပဝါလေးကို သေသေချာချာ သိမ်းထားမယ် သိလား'

ဟု ပြောပြီး သူပြေးထွက်သွားသည်။ ကိုယ်လည်း သူ့ကို နောက်ကနေငေးကြည့်နေပြီး သူလမ်းချိုးထဲ ကွေ့ဝင်သွားမှ ထွက်လာခဲ့သည်။

ဒီနေ့ ညနေတွင် မြင်မြင်သမျှတို့သည် ကြည်လင်၍ နေသည်။ လမ်းလျှောက်ရင်းက ကားလမ်းပေါ်မှ ချိုင့်ခွက်တွေကို မြင်သောအခါ ကိုယ်တို့ လမ်းအချိုးရှိ ရေမြောင်းကလေးကို မြင်သောအခါ အရင်ကလို လွှားခနဲ ခုန်ကျော်လိုက်ချင်သည်။ သို့သော်လည်း မခုန်ကျော်မိအောင် စိတ်ကို ထိန်းထားမိပြန်၏။ ခတ်ကြိုးတန်းပေါ်မှာ နားနေသော စာကလေးတစ်အုပ်ကို မြင်ရသောအခါ ကိုယ်မနေနိုင်တော့ဘဲ 'ဟေး' ဟု အော်လိုက်သည်။ စာကလေးများက 'ကျလိ ကျလိ' မြည်ပြီး ကိုယ့်ကို ပြန်နှုတ်ဆက်သဖြင့် ကိုယ်ရယ်မိသေးသည်။

အိမ်ဝင်းအဝ ရောက်သောအခါ ပြေးဝင်သွားသည်။ လွယ်အိတ်ကို စားပွဲပေါ်ပစ်တင်ပြီး မီးဖိုချောင်ဘက်သို့ ဝင်ခဲ့သည်။ မီးဖိုချောင်အဝင်ဝပေါ်တွင် တန်းကြီးတစ်ခု ရှိသည်။ ကိုယ် ဆတ်ခနဲ လှမ်းခုန်လိုက်သောအခါ တန်းကြီးမှာ တွဲလောင်းခိုမိသွား၏။

ကိုယ်အံ့သြသွားသည်။ အရင်ကဆိုလျှင် အရမ်းခုန်တာတောင်မှ တန်းကြီးကို လက်နှင့်ထိရုံသာ ထိသည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ထိရုံမက နိုလိုတောင် မှီသွားပြီ။

ကိုယ်သည် ခုတလောမှာ အရပ်ပဲ အရမ်းရှည်လာလို့လား။ ပျော်နေလို့ အမြင့်ကြီး ခုန်နိုင်တာလား။

မိခိုင်နှင့် ခုလို တွေ့ရတိုင်း ကိုယ်ပျော်မိတာချည်းပါပဲ။

■

ကိုယ်တို့ကျောင်းသည် နှစ်တိုင်း နှစ်တိုင်း အမျိုးသားအောင်ပွဲနေ့ ကျင်းပပါသည်။ ဒီနှစ်တွင်လည်း အရင်နှစ်များလိုပင် စည်ကားလေသည်။

ကျောင်းဝင်းကြီး တစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်နေ၏။ လူတွေလည်း ဟိုသွား ဒီသွား အများကြီးပဲ။ နေရာတကာတိုင်းလိုလို ဒေါင်းတံဆိပ် အလံတော်တွေ၊ ပြည်ထောင်စု အလံတော်တွေ တလူလူ လွင့်နေကြသည်။ ဈေးဆိုင်တွေလည်း ရှိသည်။ ကိုယ်သည် ငါးမုန့်တန် ကြာဆံကြော်သုပ်စားပြီး ကျောက်ကျောသောက်သည်။

ပြီးတော့ အမျိုးသားနေ့ ဖြစ်ပေါ်လာပုံ ပြခန်းကို ဝင်ကြည့်သည်။ အင်္ဂလိပ်နယ်ချဲ့အစိုးရက ကျောင်းသားတွေကို ဖိနှိပ်ချုပ်ချယ်ပုံ၊ ကျောင်းသားများ သပိတ်မှောက်ကြပုံ၊ အမျိုးသားကျောင်းများ တည်ထောင်ကြပုံတို့ကို ပန်းချီကားများ၊ ဓာတ်ပုံများဖြင့် ပြသထားသည်။ ပြီးတော့ အမျိုးသားနေ့ အကြောင်း သီချင်းတွေလည်း ဖွင့်သည်။ ဝင်ပေါက်နားက စားပွဲမှာ ကျောင်းသားကြီးတွေ ရောင်းသော လက်ရေးပိုစကာဒ်တစ်ခု ဝယ်သေးသည်။ ဒေါင်းတစ်ကောင် ကနေပုံ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြခန်းထဲက ထွက်လာပြီး ဘယ်သွားရမှန်း မသိ ဖြစ်နေတုန်းမှာပင် ကျောင်းဝင်းအဝနားဆီက 'ဖလ်နေဝန်း' သီချင်းကို ဘင်ခရာတီးဝိုင်းဖြင့် တီးမှုတ်နေသံ ကြားရသည်။

ဟော... သူတို့ ပြန်လာကြပြီ။ သူတို့သည် မြို့တစ်ပတ်ချီတက် တီးမှုတ်ပြီး ကျောင်းထဲသို့ ပြန်ဝင်လာခြင်း ဖြစ်သည်။ ကိုယ့်သူငယ်ချင်းတွေ အားလုံး ဘင်ခရာတီးဝိုင်းအဖွဲ့ထဲမှာ ပါသည်။ ကိုယ်တစ်ယောက်တည်းသာ ဖေဖေက မတက်ရဘူးဆိုလို့ သင်တန်းမတက်ခဲ့ရခြင်း ဖြစ်သည်။ ဒါကြောင့် ခု ကိုယ်တစ်ယောက်တည်း လျှောက်သွားနေရခြင်း ဖြစ်၏။

ကိုယ်လည်း ကျောင်းဝင်းအဝဘက်သို့ လျှောက်လာခဲ့သည်။ သူတို့ ကလည်း ဝင်လာနေကြပြီ။ ဆယ်တန်းမှ ကိုမျိုးမြင့်နှင့် ကိုထွန်းလွင်တို့က ဒေါင်းအလံတော်နှင့် ပြည်ထောင်စုအလံတော်ကို ကိုင်ပြီး ရှေ့ဆုံးမှ ချီတက် လာသည်။ နောက်က အစ်ကိုကြီးတစ်ယောက်နှင့် အစ်မကြီးတစ်ယောက်တို့ က အချက်ပြသည့် တုတ်ကြီးတွေကို ကိုင်ပြီး လျှောက်သည်။ အဲဒီနောက် ကမှ တီးဝိုင်းအဖွဲ့။

ရှစ်တန်းမှ ချိုဝင်းက ဘင်ကြီးကို လွယ်ထားသည်။ သူသည် ဝဝတုတ်တုတ် ဖြစ်သောကြောင့် ဘင်ကြီးနှင့် အလွန်လိုက်လေသည်။ သူ့ဗိုက်ပူပူကြီးပေါ်မှ ဘင်ကြီးကို တင်၍ တဒုန်းဒုန်း ထုနေတာ သိပ်ကြည့်လို့ ကောင်းသည်။

ပလွေတွေကို ပြိုင်တူမှုတ်လာသူတွေထဲမှာ ရှေ့ပိုင်းက တင်အောင် ခိုင်၊ ဂျွန်ဆင်၊ ဇော်ဝင်း။ နောက်က မိန်းကလေးတန်းထဲမှာ ကစ်တီ၊ မီး မီး၊ မိခိုင်။ တင်အောင်ခိုင်က ကိုယ့်ကို မြင်သောအခါ မျက်စိမှိတ်ပြသွား သည်။ ဂျွန်ဆင်က ကိုယ်ကိုမြင်တော့ ယောင်ပြီး ရယ်ပြလိုက်သဖြင့် သီ ချင်းကို လိုက်မမှုတ်မိဘဲ ဖြစ်သွားသည်။ နောက်မှ မြန်မြန်လိုက်မှုတ်ရသည်။ မီးမီးက နှုတ်ခမ်းတွေကို ပြူးသော မျက်လုံးကို ပို၍ ပြူးပြသွားသည်။ မိခိုင်ကတော့ ကိုယ့်ကို မြင်ပင် မမြင်လိုက်ချေ။

ကိုယ်သည် ဝမ်းနည်းသွား၏။ ဘင်ခရာသင်တန်းကို မတက်ခဲ့ရ သည့်အတွက် ပို၍ စိတ်မကောင်း ဖြစ်ရသည်။ အရင်ကလည်း သူတို့





တစ်တွေ သင်တန်းအကြောင်း ပြောနေကြပြီဆိုလျှင် ကိုယ်သည် ဘေးက ယောင်ချာချာ ဖြစ်ရင်း နားထောင်၍သာ နေရသည်။ ခုလည်း ကိုယ်တစ် ယောက်တည်း ယောင်လည်လည်။ ကိုယ်သာ သင်တန်းတက်ခဲ့ရလျှင် ခုချိန်ဆို သူတို့လိုပင် အင်္ကျီအဖြူ၊ ဘောင်းဘီအဖြူ၊ ဖိနပ်အဖြူ၊ ဦးထုပ် အဖြူဖြင့် တီးဝိုင်းနှင့်အတူ ချီတက်နေရမှာပေါ့။ ခုတော့ ကိုယ်သည် သူ တို့ကို ငေးကြည့်ရင်း အားကျနေရုံပဲ။

အဲဒီညက ကိုယ်အိပ်မက်မက်သည်။ အိပ်မက်ထဲမှာ ကိုယ်သည် ဝတ်စုံအဖြူနှင့် လက်အိတ်ကလည်း အဖြူ၊ ကိုယ်သည် တီးဝိုင်း၏ ရှေ့ဆုံးမှ အချက်ပြတုတ်ကြီးကို ဝှေ့ရမ်း၍ လျှောက်နေသည်။ ခဏကြာတော့ လူအုပ် ထဲမှ ဖေဖေပြေးထွက်လာပြီး ကိုယ့်လက်ထဲမှ တုတ်ကြီးကို ဆွဲလု၍ လွှင့်ပစ် လိုက်သည်။ မေမေနှင့် မိခိုင်တို့က ဖက်ပြီး ငိုနေကြသည်။ ဦးလေးမောင်မောင် ကြီးနှင့် အန်တီလူးတို့က ဟားတိုက်ရယ်နေကြလေသည်။

*

ကိုယ်အိပ်ရာမှ နိုးသောအခါ ဧည့်ခန်းဆီမှ ထူးဆန်းသောအသံ ကြားရသည်။ ရယ်သံများဖြစ်ပါသည်။ ကိုယ်တို့အိမ်မှာ ဟက်ဟက်ပက်ပက် ဆူဆူညံညံ ရယ်သံမျိုးတွေ မကြားရတာ ကြာပြီ မဟုတ်လား။

ဂရုစိုက်ပြီး နားထောင်ကြည့်သည်။ ယောကျ်ားရယ်သံကတော့ ဦးလေးမောင်မောင်ကြီးအသံ ဖြစ်ကြောင်း သိသည်။ မိန်းမရယ်သံကိုတော့ ခွဲခြားလို့မရ။ နောက်စကားပြောလိုက်မှ အန်တီလူးမှန်း သိသွား၏။ ကိုယ် သည် အခန်းပြင်သို့ မထွက်သေးဘဲ အိပ်ရာပေါ်မှာပင် လှဲနေရင်းက သူတို့ ဘာပြောကြမလဲဟု နားထောင်နေလိုက်သည်။ ဦးလေးမောင်မောင်ကြီးနှင့် အန်တီလူးကချည်း စကားတွေ ပြောသည်။ သူတို့နှင့်တူတူ ပြောနေသူမှာ ဖေဖေဖြစ်သည်။ ဖေဖေက တစ်ခွန်းတလေသာ ဝင်ပြောသည်။ ဖေဖေ့ရယ် သံကိုတော့ လုံးဝမကြားရ။ ဒီစကားဝိုင်းမှာ ဖေဖေပါနေသောကြောင့် မေမေ လုံးဝမပါကြောင်း ကိုယ်သိလိုက်ပြီ။

'မစောမြင့်ကောကွ'



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးမောင်မောင်ကြီးက မေးသည်။ ဖေဖေ့ပြန်ဖြေသံ မကြားရ။ တိုးတိုးဖြေသောကြောင့် မကြားရခြင်း ဖြစ်မည်။ ကိုယ်တို့ အခန်းထဲရှိ စားပွဲတင်နာရီကလေးကို ကြည့်လိုက်သောအခါ ခုနစ်နာရီခွဲခါနီးပြီ။ ဒီနေ့ တနင်္ဂနွေဖြစ်သောကြောင့် မေမေရုံးမသွားရချေ။ အခန်းထဲမှာလည်း မရှိ။ ဖေဖေတို့နှင့်တူတူ စကားထိုင်ပြောနေတာတော့ လုံးဝ မဖြစ်နိုင်ပါ။ မီးဖိုချောင်ထဲမှာ ရှိချင်ရှိမည်။ ဦးလေးမောင်မောင်ကြီး ပြောလိုက်သော စကားကြောင့် မေမေ ဈေးသွားကြောင်း သိလိုက်ရသည်။

'မစောမြင့်က နေ့တိုင်း ဈေးသွားလားကွ'

'မသိဘူး'

ဖေဖေက ပြန်ဖြေသည်။ အန်တီလူးက…

'ဖေအောင်… ယူက အိမ်မှာ ဘယ်သူဈေးသွားတယ်ဆိုတာ မသိဘူးလား'

'အဲဒါ ငါ့အလုပ်မှ မဟုတ်ဘဲ'

'ဟုတ်ပါတယ်ကွာ၊ မင်းအလုပ်က စက်ယန္တရားတွေပဲပေါ့၊ ဒါပေမယ့် မင်းကိုယ်တိုင်က စက်ယန္တရားမှ မဟုတ်ဘဲ'

ဦးလေးမောင်မောင်ကြီးက ဝင်ပြောသည်။ ဖေဖေက ဘာမှမပြော။ အန်တီလူးက ပြောပြန်သည်။

'ယူက ဖယ်မလီအပေါ်မှာ စိတ်ဝင်စားမှု နည်းတယ်ကွာ'

အင်္ဂလိပ်စကား ညှပ်ပြောသော်လည်း ကိုယ်နည်းနည်း သိသည်။ ယူဆိုတာက 'မင်း'။ အန်တီလူးက ဒီလိုပဲ ပြောနေကျ။ ပြီးတော့ ဖယ်မလီဆိုတာ 'မိသားစု' အင်္ဂလိပ်စာဆရာမ ဒေါ်လှလှတင်ကတောင် 'မိုင်ဖယ်မလီ' ဆိုပြီး စာစီစာကုံး ရေးခိုင်းဖူးသေးသည်။

'မင်းတို့ အဲဒီစကားမျိုးတွေ ခဏခဏ ပြောတယ်ကွာ၊ ဒီမှာ မောင်မောင်ကြီး ငါက မင်းတို့လို ပညာတတ်မဟုတ်တော့ မင်းတို့လို စကားလှည့်ပတ် မပြောတတ်ဘူး။ အေးကွာ… မင်းတို့တွေလို ဟန်ဆောင် ပြီးတော့လည်း မနေတတ်ဘူး။ ငါ့အလုပ်က ငွေရှာဖို့ပဲ။ ပြီးတော့ အိမ်သုံး စရိတ်အတွက် လိုလေသေးမရှိအောင် ပေးနိုင်ဖို့ပဲ။ တခြားဟာတွေ ငါနား





မလည်ဘူး။ မင်းတို့ လျှောက်ပြောနေလည်း မောရုံပဲ ရှိမယ်'

ဖေဖေသည် စကားအရှည်ကြီး ပြောလေ့မရှိ။ ဒီတစ်ခါကျမှ ပြောခြင်း ဖြစ်သည်။ သို့သော်လည်း ဖေဖေ့စကားတွေကို ကိုယ်သေသေချာချာ နားမလည်။

'ဖေအောင်… ယူက ခုထိ ဂျစ်ပေပေလုပ်တုန်းပဲကိုး'

'အေးကွာ… မင်းဟာ ခုထိ အသိရခက်တုန်းပဲ'

အန်တီလူးနှင့် ဦးလေးမောင်မောင်ကြီးက ပြိုင်တူလိုလို ပြောလေသည်။ ဖေဖေက…

'မင်းတို့နှစ်ယောက်က တယ်လည်း ညီညွတ်ကြတာပဲ။ ဒါကြောင့် ငါပြောတာပေါ့'

'ဘာလဲ ဟောကောင်၊ ကိုယ်တို့နှစ်ယောက်ကို ပေးစားဦးမလို့လား'

'အေး… ဟုတ်တယ်၊ မင်းတို့နှစ်ယောက် သိပ်လိုက်တာပဲ'

'လုစ်ကတော့ မောင်မောင်ကြီးကို နည်းနည်းတော့ အင်ထရက်စ် ဖြစ်ခဲ့သားပဲ၊ ဒါပေမယ့် မောင်မောင်ကြီးဟာ ငယ်ငယ်တုန်းက ပေါကြောင်ကြောင်နဲ့မို့ အားမကိုးလောက်ဘူး ထင်ခဲ့တာ။ ခုလို အင်ကမ်းကောင်းမယ်ဆိုရင် ကိုအောင်ရွှေကို ဘယ်ယူမလဲ၊ သူ့ ယူမှာပေါ့'

'အေးလေ… ခု ကိုအောင်ရွှေလည်း ဆုံးသွားပြီပဲ'

ဖေဖေက ဝင်ပြောသည်။ အန်တီလူးက ဆက်ပြောပြန်၏။

'ဟုတ်တယ် လုစ်လည်း ခု မုဆိုးမဘဝနဲ့ အားကိုးရာမဲ့နေတာနဲ့ အတော်ပဲ၊ ဘယ်လိုလဲ မောင်မောင်ကြီး ယူနဲ့ လုစ်နဲ့'

ဦးလေးမောင်မောင်ကြီးက ဘာမှပြန်မပြောပါ။ အန်တီလူးက 'အံ့မယ်၊ ယူကပဲ ရှက်ရတယ် ရှိသေး' ဟု ပြောလိုက်သည်။ ထိုအခါကျမှ ဦးလေးမောင်မောင်ကြီးက…

'မဟုတ်ပါဘူးဟာ၊ ကိုယ် စဉ်းစားနေတာပါ၊ ယူတာကတော့ ဟုတ်ပါပြီ၊ ယူပြီးတော့မှ တစ်အိမ်တည်းနေပြီး မခေါ်မပြောဘဲ ခပ်စိမ်းစိမ်း ဖြစ်နေကြရင် ဘယ်ကောင်းမလဲ'

ဦးလေးမောင်မောင်ကြီးနှင့် အန်တီလူးတို့ ရယ်ကြသည်။ ဖေဖေက



www.burmeseclassic.com

www.burmeseclassic.com



တော့ မရယ်ဘူး ထင်သည်။ အေးလေ၊ ဖေဖေကတော့ အသံထွက်အောင် ရယ်တတ်တာမှ မဟုတ်တာ။

လူကြီးတွေဟာ တစ်မျိုးပဲဟု ကိုယ်ထင်သည်။ ခုပဲ ကြည့်ပါလား။ သူတို့သည် ရန်ဖြစ်ကြတော့မလို စကားများတွေ ပြောနေရာက ချက်ချင်း နောက်ပြောင်ပြီး ရယ်ချင်ရယ်လိုက်ကြသည်။ တော်ကြာကျတော့ ခပ်တည် တည်စကားတွေ ပြန်ပြောချင် ပြောကြပြန်သည်။ ကိုယ်မကျေနပ်ဆုံးက သူတို့ပြောသော စကားတွေကို ကိုယ်သိပ်နားမလည်ခြင်း ဖြစ်သည်။

ကိုယ်သည် အိပ်ရာထဲမှာ ဆက်မနေချင်တော့။ ကော်ဖီသောက်ချင် လှပြီ။ ထို့ကြောင့် အိပ်ရာမှ လူးလဲထပြီး အခန်းအပြင် ထွက်လိုက်သည်။ ကိုယ့်ကို မြင်သောအခါ ဦးလေးမောင်မောင်ကြီးက လှမ်း၍…

'ဟား… ညီညီတောင် နိုးလာမှကိုး၊ ဦးလေးတို့ စကားသံတွေက ဆူလို့ လန့်နိုးလာတာလားကွ ဟေ'

ကိုယ်သည် ဦးလေးမောင်မောင်ကြီးကို လှမ်းပြုံးပြပြီး ဖေဖေ့ကို လှမ်းကြည့်မိသည်။ ဖေဖေ့မျက်နှာက နည်းနည်းခပ်တည်တည် ဖြစ်နေ၏။ ထို့ကြောင့် ဖေဖေ့ကိုတော့ ကိုယ် မပြုံးပြရဲချေ။ အန်တီလူးက ကိုယ့်ကို လှမ်းကြည့်ပြီး တစ်ခုခု ပြောမည်ပြုစဉ် ကိုယ်ရေချိုးခန်းဘက်သို့ ဝင်လာခဲ့ သည်။

ကိုယ်သည် သွားမြန်မြန်တိုက်၊ မျက်နှာမြန်မြန်သစ်ပြီး အိမ်ရှေ့ခန်း သို့ ပြန်ထွက်လာခဲ့သည်။ ကိုယ်တို့ အခန်းထဲသို့ ပြန်ဝင်မည်ဟု ဧည့်ခန်းကို ဖြတ်ဝင်လိုက်ချိန်တွင် အိမ်ပေါက်ဝမှ ဝင်လာသော မေမေ့ကို လှမ်းမြင်လိုက်ရ သည်။

မေမေသည် ဈေးက ပြန်လာခြင်းဖြစ်သည်။ လက်ထဲမှာ ခြင်း တောင်းကို ဆွဲထားသည်။ ဝင်လာလာချင်း ဖေဖေတို့ စကားဝိုင်းပြောနေကြ သည်ကို မြင်သွားသည်။ မေမေက သူတို့ကို လှမ်းကြည့်သည်။ ဘယ်သူ့ကို ကြည့်လိုက်မှန်းတော့ ကိုယ်မသိ။ ပြီးမှ ကိုယ့်ကို လှည့်ပြုံးပြ၍ 'သား… နိုးပြီလား'ဟု မေးသည်။ ကိုယ်ခေါင်းညိတ်ပြလိုက်သည်။ ဦးလေးမောင် မောင်ကြီးက…





'မစောမြင့်တောင် ဈေးက ပြန်လာပြီ၊ ဘာတွေ ဝယ်ခဲ့သလဲဗျ၊ ကျွန်တော်တို့လည်း ဒီမှာ စားမှာနော်၊ လောက်ပါ့မလားဗျ'

မေမေက နည်းနည်းပြုံး၍ 'ရပါတယ်'ဟု ပြောသည်။ ထို့နောက် သူတို့ဘေးက ဖြတ်လျှောက်လာသည်။ အန်တီလူးက…

'ဟိတ်… ပြီးရင် လာဦးလေကွာ၊ စကားလေး ဘာလေး ပြောရ အောင်'

'ပြောနှင့်ကွာ၊ နောက်ဖေးမှာ ချက်ရပြုတ်ရဦးမယ်'

ဟု မေမေက ပြန်ပြောပြီး မီးဖိုဘက် ဝင်သွားသည်။ မေမေ့မျက်နှာ က တစ်မျိုးပဲ။ ကိုယ် ဖေဖေ့ကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ဖေဖေ သည် လက်ကြားထဲရှိ စီးကရက်မှ ထွက်နေသော မီးခိုးတွေကိုသာ စိုက် ကြည့်နေသည်။

ကိုယ်လည်း အိပ်ခန်းထဲ ဝင်လာခဲ့သည်။ မျက်နှာသုတ်ပြီးနောက် ကော်ဖီသောက်ဖို့ ပြန်ထွက်ခဲ့သည်။ ဧည့်ခန်းထဲတွင် ဦးလေးမောင်မောင် ကြီးနှင့် ဖေဖေသာ ရှိတော့သည်။ သူတို့နှစ်ယောက်သည် ဘာမျှမပြောကြဘဲ ငြိမ်နေ၏။ ဖေဖေကလည်း စီးကရက်ကိုသာ ဖွာရင်း အပေါ်ကို ငေးကြည့်နေ သည်။ ဦးလေးမောင်မောင်ကြီးက စာရွက်တစ်ခုပေါ်မှာ ဘာတွေ ရေးနေ သလဲ မသိ။ ရေးပြီးတော့ ဖေဖေ့ကို လက်ကုတ်၍ ပေးလိုက်သည်။ ဖေ ဖေက ယူပြီး ဖတ်ကြည့်သည်။ နောက် ခေါင်းညိတ်ပြသည်။ ကိုယ့်ကို တစ်ချက်လှမ်းကြည့်သည်။ ကိုယ် မီးဖိုထဲ ဝင်လာခဲ့သည်။

မီးဖိုချောင်ထဲမှာတော့ မေမေနှင့် အန်တီလူး ထိုင်နေကြသည်။

ထမင်းစားခန်းထဲမှာ ဝင်ထိုင်ပြီး ပေါင်မုန့်ယိုသုတ်စားသည်။ ကော် ဖီသောက်သည်။ စားသောက်နေတုန်း အန်တီလူး ဝင်လာ၏။ ကိုယ့်ပခုံးပေါ် လက်လာယောက်သည်။

'အမယ် ညီညီက တစ်ယောက်တည်း စားနေတယ်၊ အန်တီ့ကို မကျွေးတော့ဘူးလား'

ကိုယ် မော့မကြည့်ဘဲ ခေါင်းကိုသာ ညိတ်ပြလိုက်သည်။

'အလကား ပြောတာပါကွာ၊ ညီညီပဲ ဝအောင်စားပါ'



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်က ဘာမှမပြော်။ သူ့ကိုလည်း မကြည့်ဘဲ ခေါင်းငုံ့၍သာ ကော်ဖီသောက်နေလိုက်သည်။ အန်တီလူးက ရယ်၍…

'ဘာလဲ ညီညီက အန်တီတို့ဆူလို့ အိပ်ရာက လန့်နိုးသွားလို့လား၊ ဟုတ်လား၊ အိပ်ရေးပျက်သွားလို့ အန်တီတို့ကို စိတ်ကောက်နေတာလား'

ကိုယ် အန်တီလူးကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။ ပြီးတော့ ကိုယ်ပြောသည်။

'ကိုယ် နိုးနေတာ ကြာလှပြီ'

■



ဟီးနိုးဘတ်စကားကြီးသည် အရမ်းမြန်သည်။ ဦးလေးမောင်မောင်ကြီးနှင့် ကိုယ်သည် ဥသာဒဂုံကားဖြင့် ရန်ကုန်သို့ သွားကြခြင်း ဖြစ်ပါသည်။ ဦးလေးမောင်မောင်ကြီး ဒီတစ်ခေါက် ကိုယ်တို့ဆီလာသော ရက်သည် ဒီဇင်ဘာကျောင်းပိတ်ရက် ဖြစ်သည်။ ဦးလေးမောင်မောင်ကြီးက ကိုယ့်ကို ရန်ကုန်ခေါ်သွားချင်သည်ဟု ဖေဖေနှင့် မေမေတို့ကို ပြောပြီး ခေါ်ခဲ့သည်။ ကိုယ်တို့သည် မနက်အစောကြီး ထပြီး ဥသာဒဂုံ ဟီးနိုးကားသစ်ကြီးဖြင့် ထွက်လာခဲ့ခြင်းပင် ဖြစ်လေသည်။

ကိုယ်တို့ ကားကြီးသည် ထုံးကြီးတို့၊ သနပ္ပင်တို့ သွားသော ကားစုတ်တွေနှင့် ကွာချင်တိုင်းကွာသည်။ ဟိုကားတွေလို ဂျုံးဂျုံးဂျိုင်းဂျိုင်းလည်း မမြည်။ မြန်လိုက်တာကလည်း လမ်းဘေးက ဓာတ်တိုင်တွေဆိုတာ 'ဝှစ်ခနဲ၊ ဝှစ်ခနဲ' ကျန်နေခဲ့သည်။

ကိုယ်သည် ရန်ကုန်သွားရသဖြင့် အရမ်းပျော်နေမိ၏။ ဟိုရောက်လျှင် တိရစ္ဆာန်ရုံတို့၊ ငါးပြတိုက်တို့၊ ကရဝိက်တို့ကို လိုက်ပြမည်ဟု ဦးလေးမောင်မောင်ကြီးက ပြောသည်။ သမ္မတရုံမှာ ပြနေသော စုံထောက်ကားကိုလည်း လိုက်ပြမည်တဲ့။ ပြီးတော့ ဘွားမေသိန်းတို့အိမ်ကို လိုက်ပို့ဦးမည်။ အဲဒီမှာ နှစ်ရက်၊ သုံးရက်လောက် နေပြီးမှ ပြန်ရမည်ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



မြို့က စထွက်ကတည်းက လမ်းဘေးမှာ လယ်ကွင်းပြင်ကြီးတွေကို မြင်ရသည်။ ဟိုးအဝေးကြီးတွေမှာ ဘုရားတွေ ခပ်ခပ် တွေ့ရ၏။ ဦးလေးမောင်မောင်ကြီးသည် ရှေးတုန်းက အကြောင်းတွေကို ပြောပြနေသည်။

'ပဲခူးမြို့တစ်ဝိုက်ကို အရင်က ဟံသာဝတီလို့ ခေါ်တယ်၊ မွန်တွေရဲ့ဒေသပေါ့၊ အဲဒီတုန်းက ဟံသာဝတီဘုရင်က ရာဇာဓိရာဇ်တဲ့။ ဒီအချိန်မှာ အင်းဝနဲ့ ဟံသာဝတီကလည်း မကြာမကြာ စစ်ဖြစ်ကြတယ်။ အင်းဝဘုရင် မင်းခေါင်မှာ သားတော်တစ်ပါးရှိတယ်။ သူ့နာမည်က မင်းရဲကျော်စွာတဲ့'

'မင်းရဲကျော်စွာ'

ဒီနာမည်ကို ကြားဖူးသည်။ ဘယ်မှာလဲ။ သြော်… သိပြီ။ ဇော်လှန်ရေးနေ့ဆိုလျှင် ရေဒီယိုမှ စစ်ချီသီချင်းတွေ လာတတ်သည်။ 'မင်းရဲကျော်စွာ၊ တပင်ရွှေထီးပုညီ၊ ဘုရင့်နောင်ခါ၊ အလောင်းဘုရားတို့သည်' ဆိုသော သီချင်းလည်း ပါသည်။ ပြီးတော့လည်း မိနိုင်တို့ တင်အောင်နိုင်တို့ ဘင်ခရာသင်တန်းအတွက် ပြေမှုတ်လေ့ကျင့်နေတုန်းကလည်း ဆိုတာ ကြားဖူးသည်။

'အေး… ဟုတ်တယ်ကွ၊ မင်းရဲကျော်စွာဆိုတာ မင်းခေါင်ရဲ့သားဖြစ်သလို အင်းဝစစ်တပ်ရဲ့ စစ်သေနာပတိချုပ်လည်း ဖြစ်တယ်။ သူ စစ်သေနာပတိလုပ်ပြီး စီမံအုပ်ချုပ်ပြီးတိုက်တာ အင်းဝတပ်တွေဟာ ဟံသာဝတီကို တိုက်ပွဲတော်တော်များများမှာ နိုင်ခဲ့တယ်ကွ၊ ဒါပေမယ့်'

'ဘာဖြစ်လို့လဲ ဦးလေး'

'မင်းရဲကျော်စွာဟာ စစ်တိုက်တာလည်း တော်တယ်၊ ဉာဏ်လည်းကောင်းတယ်၊ ဒါပေမယ့် အသက်သိပ်ငယ်သေးတော့ အတွေ့အကြုံနည်းသေးတာပေါ့။ သူနဲ့ ပြိုင်ဘက် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်ကျတော့ သတ္တိလည်း ရှိတယ်။ ဦးနှောက်လည်း ကောင်းတယ်။ အတွေ့အကြုံလည်း များပြီ။ ပြီးတော့ သူ့ဆီမှာ လဂွန်းအိမ်၊ မင်းကန်စီစတဲ့ သူရဲကောင်းတွေ ပညာရှိတွေလည်း အများကြီးရှိနေတယ်။ ဒီတော့ကာ ရာဇာဓိရာဇ်ဟာ တစ်ချိန်မှာ မင်းရဲကျော်စွာကို ဒဏ်ရာပြင်းထန်စွာနဲ့ ဖမ်းမိလိုက်တာပေါ့'





'သတ်ပစ်လိုက်ရောလား ဟင်'

'မသတ်ဘူးကွ၊ ရာဇာဓိရာဇ်ဟာ သူရဲကောင်းတွေကို အလွန်ချစ်မြတ်နိုးတာပဲ။ ဒါကြောင့် မင်းရဲကျော်စွာကိုလည်း ဒဏ်ရာတွေ ပျောက်အောင် ဆေးကုပေးမယ်လို့ ပြောတယ်။ ဒါပေမယ့် မင်းရဲကျော်စွာကလည်း သူရဲကောင်းပဲ။ ရန်သူက ဆေးကုပေးတာကိုတော့ မခံဘူး။ အသက်သာ အသေခံမယ်လို့ ပြန်ပြောလိုက်တယ်။ ရာဇာဓိရာဇ်လည်း လက်လျှော့လိုက်ရတာပေါ့။ ဒါနဲ့ အဲဒီ ဒဏ်ရာတွေကြောင့်ပဲ မင်းရဲကျော်စွာလည်း သေဆုံးသွားရှာတာပေါ့'

ဦးလေးမောင်မောင်ကြီးက ခဏ စဉ်းစားပြီး ဆက်ပြောသည်။

'နေဦးကွ၊ ဦးလေးပြောဖို့ တစ်ခုမေ့နေတယ်၊ မင်းရဲကျော်စွာဟာ စစ်သေနာပတိကြီး ဖြစ်တဲ့အချိန်မှာ အသက်ဘယ်လောက် ရှိပြီထင်လဲ'

ကိုယ် ခေါင်းခါပြသည်။

'အသက် ဆယ့်သုံးနှစ်ပဲ ရှိသေးတယ်ကွ'

'ဟင်… ငယ်ငယ်လေး၊ ကိုယ်တို့ အရွယ်ပဲပေါ့'

'အေးပေါ့ကွ'

ကိုယ်တွေးကြည့်သည်။ စိတ်ကူးထဲတွင် ကိုယ်သည် မင်းရဲကျော်စွာ ဖြစ်နေသည်။ စစ်ဝိုလ်ချုပ်အဝတ်အစားနှင့် သံခမောက်ကြီးကို ဆောင်းပြီး ဓားကြီးကို ကိုင်ထားသည်။ ကိုယ်သည် ဆင်ကြီးပေါ်မှာ မတ်တပ်ရပ်ပြီး အမိန့်တွေ ပေးနေသည်။ ကိုယ်က မင်းရဲကျော်စွာဆိုလျှင် ဖေဖေက ဘုရင်မင်းခေါင်ပေါ့။ မိဖုရားကြီးက မေမေပေါ့။ ဒါဆို ရာဇာဓိရာဇ်၏ နေရာမှာ ဘယ်သူ့ကို ထားလျှင် ကောင်းမလဲ။ ကိုယ်သည် ဦးလေးမောင်မောင်ကြီးကို 'ဦးလေး' ဟု ခေါ်လိုက်သည်။ သူက ကားအပြင်ကို ကြည့်နေရာမှ လှည့်ကြည့်သည်။ ကိုယ်က မေးလိုက်သည်။

'မင်းရဲကျော်စွာမှာ မိန်းမရှိလားဟင်'

ဦးလေးမောင်မောင်ကြီးက အကျယ်ကြီးရယ်လိုက်သည်။ ဟိုဘက်ခုံက အိပ်ငိုက်နေသော လူကြီးပင် လန့်ပြီး လှည့်ကြည့်ရသည်။

ကိုယ် ရှက်သွားလေ၏။

*

www.burmeseclassic.com

ဘွားမေသိန်းသည် ကိုယ့်ကို မြင်မြင်ချင်း မမှတ်မိချေ။ ကိုယ်က ပြုံးပြလိုက်သော အခါကျမှ···

'ဟယ်··· ငါ့မြေး ညီညီ'

ဆိုပြီး ကိုယ့်ဆီ ပြေးလာသည်။ ကိုယ့်ကို တစ်အားဖက်ထား၏။ ကိုယ့်ပါးကိုလည်း အကြာကြီးနမ်းသည်။ ပြီးတော့ ကိုယ့်ကို အတင်းပွေ့ချီသည်။ သို့သော်လည်း ဘွားမေသိန်း ကိုယ့်ကို မချီနိုင်။ 'အင်း အင်း' ဆို ဖြစ်နေပြီး သူမနိုင်မှန်းသိတော့မှ ရယ်လိုက်သည်။ ဘွားမေသိန်းရယ်လျှင် အားရပါးရ ရယ်တတ်သော်လည်း အသံထွက်လေ့ မရှိပါ။ ဘွားမေသိန်းသည် ကိုယ်နှင့် နည်းနည်းခွာရပ်လိုက်သည်။ ကိုယ့်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်၍ စေ့စေ့ကြည့်သည်။

'ကြည့်စမ်း၊ ညီညီတောင် လူပျိုကြီး ဖြစ်နေမှကိုး'

လူပျိုကြီးဆိုသည်မှာ ဖေဖေတို့အရွယ်ထိ မိန်းမမရသေးသော ဦးလေးမောင်မောင်ကြီးလို ပြီးတော့ ကိုယ်တို့လမ်းထဲက ခြင်းလုံးချန်ပီယံ ဦးလေးကိုစိုးထွန်းတို့လို လူမျိုးကို ခေါ်သည်ဟုသာ နားလည်ခဲ့သော ကိုယ်သည် ဘွားမေသိန်း စကားကြောင့် တစ်မျိုးကြီး ဖြစ်သွားပြီး ရှက်သလိုလိုလည်း ဖြစ်သွားသည်။

ဦးလေးမောင်မောင်ကြီးက နောက်နေ့ မနက်ကျမှ တိရစ္ဆာန်ရုံသွားဖို့ လာခေါ်မည်ဟု ပြောပြီး ပြန်သွားသည်။ ကိုယ်ရောက်သွားသော အချိန်တွ ဘွားမေသိန်း၏သား ဦးလေးချစ်နှင့် ဒေါ်လေးသန့်တို့ ရုံးသွားနေကြပြီ၊ ကိုယ်နှင့် နှစ်ဝမ်းကွဲတော်သည်ဟု ဦးလေးမောင်မောင်ကြီးက ပြောပြခဲ့သေ ကိုတွတ်တို့၊ နီလာတို့၊ သီတာတို့ကတော့ ကိုယ့်အနားမှာ လာဝိုင်းရပ်ပြီး ကိုယ့်ကို ကြည့်နေကြသည်။ ဘွားမေသိန်းက ကိုယ့်ကို မေး၏။

'ဟဲ့··· ငါ့တူမ မစောမြင့်လေး နေကောင်းရဲ့လား'

'ကောင်းပါတယ် ဘွားမေသိန်းရဲ့'

'ဒါနဲ့ ဟိုကောင် နင့်အဖေ လူ့ငပွေစာကော'

ကိုယ် ခေါင်းညိတ်လိုက်သည်။ ဖေဖေ့အကြောင်း ဘာမေးတာမှန်





မသိ၍ ကိုယ်မဖြေခြင်း ဖြစ်သည်။ နေကောင်းရဲ့လားလို့ မေးတာလား။ တခြား ဘာလည်း မသိ။

ဘွားမေသိန်းသည် ဘယ်လိုလဲ မသိ။ တကယ်ဆိုလျှင် ဖေဖေက ဘွားမေသိန်း၏ တူတော်သည်ဟု ပြောသည်။ ဖေဖေ့ကိုကျတော့ ဟိုကောင် လူ့ငပွေစာတဲ့။ မေမေ့ကျတော့ ငါ့တူမ မစောမြင့်လေးတဲ့။ ဘွားမေသိန်းသည် ဖေဖေ့ကို သိပ်မကြည်ဘူးလား မသိ။ ဘာလို့လဲ မသိ။

ဘာပဲဖြစ်ဖြစ် ရန်ကုန်မှာ ကိုယ်ပျော်တာတော့ အမှန်ပါပဲ။ ဦးလေးမောင်မောင်ကြီးရယ်၊ ကိုယ်ရယ်၊ ကိုတွတ်ရယ်၊ တိရစ္ဆာန်ရုံကို သွားကြသည်။ သီတာနှင့် နီလာကတော့ ငယ်သေးလို့ မခေါ်ခဲ့ချေ။ တိရစ္ဆာန်ရုံထဲမှာ အကောင်တွေမျိုးစုံပဲ ကိုယ်ကြည့်ရသည်။ ငှက်တွေကလည်း အများကြီး။ ရထားလည်း စီးရသည်။ ငါးပြတိုက်ကို သွားကြည့်တော့ ရွှေငါးလေးတွေ အရမ်းလှသည်။ ငါးရှုအဖြူလည်း ရှိသည်။ အဝါလည်း ရှိသည်။

ပြီးတော့ သမ္ဘတရုံမှာ စုံထောက်ကား သွားကြည့်သည်။ အရမ်းကောင်းသည်။ ဇာတ်လိုက်က ရေရေလည်လည် သားနားသည်။ ဖိုက်လည်း အပြတ်ဖိုက်သည်။ ပြီးတော့ သမ္ဘတရုံဆိုတာကလည်း ကိုယ်တို့ဆီက ရုံတွေနှင့် တခြားစီ။ ထိုင်ခုံတွေ ဘာတွေကလည်း သားနားသည်။ လိုက်ကာကြီးကလည်း အရမ်းလှသည်။ ပိတ်ကားကြီးကလည်း အကျယ်ကြီး။ ပြီးတော့လည်း အဲယားကွန်းနေရှင်းနဲ့။ ရုံထဲမှာ အေးနေတာပဲ။

သမ္ဘတရုံထဲရောက်မှ တစ်ခါက ကိုယ်တို့ကို တင်အောင်နိုင် အကြောင်ရိုက်တာ သွားသတိရသည်။ ဟိုအရင် ဒီကောင် ရန်ကုန်သွားလည်ပြီး ပြန်လာတုန်းက ဖြစ်သည်။ ကိုယ်တို့ကို ပြောပြသည်။ ရန်ကုန်သမ္ဘတရုံမှာ ရုပ်ရှင်ပြနေတုန်း ပန်ကာပြုတ်ကျလို့ လူသုံးယောက်သေသွားတယ်တဲ့။ ကိုယ်တို့လည်း တကယ်ယုံပြီး တစ်ယောက်တစ်မျိုး ကိုယ်ထင်တာပြောနေကြတာပေါ့။ ဒါကို ကြည့်ပြီး တင်အောင်နိုင်က အပြတ်ဟားသည်။ ဟုတ်တာယ်လေ။ သမ္ဘတရုံဆိုတာ လေအေးစက်နဲ့ရုံပဲ။ ပန်ကာမှ တပ်မထားတာ။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ပြီးလို့ ထွက်လာတော့ ရွှေလမင်းတီးဟောက်စ်မှာ ပဲပလာတာ စားရသည်။ ပြီးတော့ ကော်ဖီသောက်ရသည်။ အဲဒီ ရွှေလမင်းတီးဟောက်စ်ရှေ့က လမ်းမှာဆိုရင် ဈေးဆိုင်တွေ အများကြီးပဲ။ အင်္ကျီတွေဘာတွေဆိုတာ လမ်းဘေးမှာ ပုံရောင်းနေတာ။ ပြီး ဒီဘက်က ဆိုင်တွေကျတော့ ဘာတွေမှန်း မသိသော ပစ္စည်းတွေ မျိုးစုံနေသည်။ ခေါင်းစွပ်လိုဟာမျိုးတွေ၊ လက်အိတ်တွေ၊ ရေဒီယိုသေးသေးလေးတွေ၊ မီးခြစ်တို့၊ ဖောင်တိန်တို့လည်း ပါသည်။ ဘွတ်ဖိနပ်အရှည်ကြီးတွေရော နောက် ကိုယ်ဘာမှန်းမသိတာတွေရောပဲ။

ကိုယ်စိတ်အဝင်စားဆုံးက ကစားစရာ ကားလေးတွေ၊ တခြားအရုပ်မျိုးစုံတွေ သိပ်လှသည်။ တစ်နေရာကျတော့ လူတွေ အုံနေလို့ ကိုယ်တို့လည်း အတင်းဝင်တိုးကြည့်သည်။ ဦးလေးမောင်မောင်ကြီးက အပြင်မှာ ရပ်စောင့်နေသည်။ လူတွေကြားထဲ ဝင်တိုးပြီး ကြည့်လိုက်တော့ ကစားစရာ ခွေးရုပ်ကလေး တစ်ရုပ်။ ခွေးကလေးက လမ်းလျှောက်နေသည်။ ထိုအချိန်မှာ လူကြီးက လက်ခုပ်တီးလိုက်သည်။ ဖြောင်းခနဲလည်း မြည်သွားရော ခွေးကလေးက လမ်းလျှောက်နေရာမှ ရပ်ပြီး ခေါင်းကလေး မော့ကာမော့ကာနဲ့ "အုအုအု"ဆို အော်သည်။ ပြီးမှ ဆက်လျှောက်ပြန်သည်။ နောက်တစ်ခါ လက်ခုပ်တီးလိုက်တော့ ခုနလို ရပ်ပြီး အော်ပြန်သည်။ လက်ခုပ်တီးရုံနဲ့ အရုပ်ခွေးက ဘယ်လိုလုပ် သိသလဲ မသိဘူး။ ကစားစရာ ခွေးအရုပ်ထဲကို တကယ့်ခွေးစိတ်မျိုး ထည့်ထားလို့ ရသလားဟု ကိုယ် အံ့သြနေလေသည်။

ကိုတွတ်ကတော့ အဲဒီအရုပ်ကို ကြည့်ပြီး အရမ်းလိုချင်နေသည်။ ဦးလေးမောင်မောင်ကြီးရှိရာ တိုးထွက်သွားပြီး ဝယ်ပေး ဝယ်ပေးဟု အော်ိုသည်။ ဦးလေးမောင်မောင်ကြီးက ချော့ပြီး ခေါ်သွားရ၏။ တကယ်ပြောရလျှင် အဲဒီ အရုပ်ကလေးကို ကိုယ်လည်း လိုချင်တာပါပဲ။

*





ဘွားမေသိန်းတို့ အိမ်မှာလည်း ကိုယ်ပျော်ပါသည်။ ဘွားမေသိန်းသည် ဟင်းချက်အလွန်ကောင်းသည်။ တစ်နေ့တစ်မျိုး မထပ်အောင် ချက်ကျွေးသည်။ ကိုယ်အကြိုက်ဆုံးမှာ ဝက်သားကို ပုန်းရည်ကြီးနှင့် ချက်သောဟင်းဖြစ်သည်။ စားလို့အရမ်းကောင်းသည်။ ထမင်းတစ်ခါစားလျှင် အနည်းဆုံး နှစ်ပန်းကန်လောက် ကုန်အောင် စားနိုင်သည်။ ဘွားမေသိန်းကတောင်မှ ဒီလေးငါးရက်အတွင်းမှာ ကိုယ့်အသားတွေ ပြောင်တက်လာသည်ဟု ပြောလေ၏။

ဦးလေးချစ်၏ ကလေးတွေ ဖြစ်သော ကိုတွတ်တို့၊ သီတာတို့၊ နီလာတို့ကလည်း ကိုယ့်ကို သိပ်ချစ်ကြပါသည်။ ကိုတွတ်က အသက်ရှစ်နှစ်ရှိပြီ။ သီတာက ခြောက်နှစ်၊ နီလာက လေးနှစ်။ ကိုတွတ်ကြီးက သဘောလည်း ကောင်းသည်။ လိမ်လည်း လိမ်မာသည်။ သူ့ညီမလေးတွေကိုလည်း သိပ်ညှာတာပဲ။ သီတာကတော့ ချွဲတတ်သည်။ နီလာကျတော့ အငယ်ဆုံးမို့လား မသိ။ အစ်ကိုတွေ၊ အစ်မတွေအပေါ်မှာ နွဲ့ဆိုး ဆိုးသည်။ တစ်အိမ်လုံးမှာ သူက ဗိုလ်ပဲ။ သူ့အသံ စာစာ စာစာနှင့် အမြဲတမ်း ဆူညံနေတတ်သည်။ ကျောင်းပိတ်ရက်မှာ ကိုယ်ရောက်သွားသောကြောင့် သူတို့ ပိုပျော်ကြလေသည်။ ကိုယ်က သူတို့ကို စက္ကူဖြင့် အရုပ်ကလေးတွေ လုပ်ပေးသည်။ ဦးလေးမောင်မောင်ကြီး ပြောပြသော ပုံပြင်တွေကို ပြန်ပြောသည်။

ဦးလေးချစ်တို့ ဒေါ်လေးသန့်တို့ကလည်း သဘောကောင်းပါသည်။ ကိုယ့်ကိုလည်း ဂရုစိုက်သည်။ ညတိုင်ကျပြီဆိုလျှင် ဦးလေးချစ်က လမ်းထိပ်က ဈေးဆိုင်တန်းမှာ ဆီချက်ခေါက်ဆွဲတို့၊ ပလာတာတို့၊ ပဲဟင်းနှင့် နံပြားတို့ လိုက်ကျွေးတတ်သည်။ ဦးလေးချစ်သည် စကားပြောလျှင် အော်ကျယ် အော်ကျယ်နှင့် ပြောတတ်သည်။ ပြီးတော့လည်း သူ့ပါးစပ်ပြဲကြီးနှင့် တဟားဟား ရယ်တတ်သည်။

ဒေါ်လေးသန့်ကတော့ တဟားဟား ရယ်ဖို့ပင် အချိန်မရ။ မနက်အစောကြီးထပြီး ဈေးသွားရသည်။ ပြန်လာတော့ ဘွားမေသိန်းနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ထမင်း၊ ဟင်း ကူချက်ရသည်။ ပြီးတော့ ကိုတွတ်တို့ကို ရေမိုးချိုး အဝတ်အစား လဲပေး။ သူလည်း ရေချိုးအဝတ်အစားလဲပြီး ရုံးသွားရသည်။ရုံးက ပြန်လာတော့လည်း ညနေစာစားဖို့ ပြင်ဆင်ရသည်။ တစ်ခါတလေ ဦးလေးချစ်က ညောင်းတယ်ဆိုလျှင် နင်းပေးနှိပ်ပေးရသေးသည်။ ဒီလောက် အလုပ်များတဲ့ ကြားထဲကပင် ကိုယ်ထမင်းစားလျှင် ဘေးမှာလာထိုင်ပြီး ဟင်းတွေ ဘာတွေ ဂရုစိုက်ပြီး ခပ်ထည့်ပေးတတ်ပါသေးသည်။

ကိုယ်မပြန်ခင် တစ်ရက်က ဘွားမေသိန်း၏ သားကြီး ဦးလေးသောင်းလာသည်။ ဘွားမေသိန်းအတွက် လိမ္မော်သီးတွေ ဝယ်လာသဖြင့် ကိုယ်တို့တောင် တစ်ယောက်တစ်လုံး ရသေးသည်။ ဦးလေးသောင်းက ကိုယ်ရယ်၊ ကိုတွတ်ရယ်၊ သီတာ၊ နီလာတို့ကို ခေါ်ပြီး ရွှေတိဂုံဘုရား သွားကြသည်။ ဘုရားပေါ်ကို ဓာတ်လှေကားနှင့် တက်ရသည်။ ဘုရားပေါ် ရောက်တော့ ဦးလေးသောင်းက ကိုယ်တို့ကို တစ်ယောက်လျှင် ငါးပြားစေ့ အစေ့နှစ်ဆယ်စီ ပေးသည်။ ကိုယ်တို့သည် ဘုရားပေါ်က အလှူခံပုံးတွေ မယ်သီလရှင်တွေကို ငါးပြားစီ၊ ငါးပြားစီ အလှူထည့်ကြရသည်။

ကိုယ့်အတွက် ရန်ကုန်လာရတာ အရမ်းတန်သည်။ အစုံလည်း လျှောက်လည်ရသေးသည်။ ကောင်းကောင်းလည်း စားရသေးသည်။ ပြီးတော့...

'အိမ်မှာ ထမင်း၊ ဟင်း ဘယ်သူချက်လဲ'

'ဆော်လီမား'

'ဘာ'

'ဟိုလေ ငှားထားတဲ့ ကုလားမကြီး ပြောတာ'

'ြော်... ြော်'

'ရုံးပိတ်ရက်တွေကျရင် မေမေချက်တယ်'

'နင့်အဖေက ပိုက်ဆံမှန်မှန်ပေးရဲ့လား'

'ပေးတယ် ဘွားမေသိန်း၊ တစ်လ ခုနှစ်ရာ၊ တစ်ခါတလေ ပိုတောင် ပေးသေးတယ်'





ကိုယ်က တစ်ခါ ဖေဖေရေးထားသော စာကို တွေ့ဖူးသဖြင့် ထိုအတိုင်း ပြောလိုက်ခြင်း ဖြစ်သည်။ ဘွားမေသိန်းက ခေါင်းတညိတ်ညိတ် လုပ်နေသည်။ ပြီးမှ...

'နင့်အဖေနဲ့ အမေ စကားမှပြောကြရဲ့လား၊ တစ်ယောက်နဲ့ တစ်ယောက်'

ကိုယ်ဘယ်လို ဖြေရမှန်း မသိ။ လိမ်လည်း မလိမ်ချင်ပါ။ အမှန်အတိုင်းလည်း မပြောချင်သလို ဖြစ်နေသည်။ ဘွားမေသိန်းက ကိုယ့်မျက်နှာကို စိုက်ကြည့်ပြီး...

'မပြောကြဘူး မဟုတ်လား'

ကိုယ် ခေါင်းညိတ်ပြီး 'ဟုတ်ကဲ့'ဟု တိုးတိုး ပြောလိုက်သည်။

'အင်း... ဖေအောင်၊ ဖေအောင် တော်တော်ခက်သေးတယ်'

ဘွားမေသိန်းက ညည်းသလို ပြောသည်။ သူ့ဘာသာသူ လိပ်ထားသော ဆေးပေါ့လိပ်ကြီးကို ပါးစပ်မှာ တပ်လိုက်ပြီး မီးညှိသည်။ တော်တော်နှင့် ညှိလို့မရ။ ဖွာလိုက် မီးခိုးထွက်လာလိုက် ပြန်မီးသေသွားလိုက် ဖြစ်နေသည်။ ဘွားမေသိန်းက ဆေးပေါ့လိပ်ကို ငါးသေတ္တာခွက်ထဲသို့ ဆောင့်ချထည့်လိုက်ရာ ဆေးရိုးတွေ ထွက်ကျကုန်သည်။

'နင့်အဖေက တော်တော်ခက်ကျတဲ့ ကောင်ပဲ'

ကိုယ်ယောင်ပြီး ခေါင်းညိတ်မိသည်။ တော်ပါသေးရဲ့။ ဘွားမေသိန်းက ကိုယ့်ကို ကြည့်မနေလို့။

'ဘယ်လောက်ထိ ခက်ကျသလဲဆိုရင် သူတို့နှစ်ယောက် ညားကာစလား။ တစ်နှစ်လောက်ကြာတော့လား မသိဘူး။ ငါနေမကောင်းလို့ ထင်တယ်။ မစောမြင့်က ဟင်းဝင်ချက်တာ။ အဲဒါနဲ့ ဖေအောင်က ထမင်းစားရော ဆိုပါတော့။ ချဉ်ရည်ဟင်း တစ်ခွန်းကို ခပ်သောက်ကြည့်ပြီးတော့ ဒါ ဘာဟင်းလဲတဲ့ မေးတယ်။ မစောမြင့်က ချဉ်ရည်ဟင်းလို့ ပြန်ပြောတော့ နင့်အဖေက ဘာပြောတယ် မှတ်သလဲ။ ချဉ်ရည်ဟင်းကလည်း ချဉ်လိုက်တာတဲ့။ မစောမြင့်ကတော့ ဘာမှမပြောပါဘူး။ ငါကသာ ကြားထဲက



www.burmeseclassic.com

www.burmeseclassic.com

မနေနိုင်လို့ ဟုဲ ဖေအောင်ရဲ့ ချဉ်ရည်ဟင်းက မချဉ်လို့ ဘယ်လိုနေရမှာလဲ ဆိုတော့ ချဉ်ရည်ဟင်းပေမယ့် မချဉ်အောင် ချက်လို့ ရတယ်လို့ ပြောပြီး ထထွက်သွားရော။ ထမင်းပွဲကြီး ဒီအတိုင်း ထားပစ်ခဲ့တယ်။ ကဲ… ဘယ်လောက် ခွတီးခွကျ လုပ်သလဲဆိုတာ'

ဘွားမေသိန်းသည် ဆေးပေါ့လိပ်ကို ကောက်ယူပြီး မီးညှိပြန်သည်။ သည်တစ်ခါတော့ မီးညှိလို့ ရသွားသည်။ ဆက်တိုက်ဖွာနေရာ မီးခိုးတွေ အူထွက်လာသည်။ ကိုယ်လည်း ဘာမျှဝင်မပြောဘဲ အသာငြိမ်နေသည်။ ဘွားမေသိန်းသည် ဖေဖေတို့၊ မေမေတို့အကြောင်း တစ်ခုခု ဆက်ပြောလိမ့်မည်ဟု ထင်နေသည်။ ပြောလည်း ပြောသည်။

'အင်း… ဖေအောင်ဟာ တူဆိုပေမယ့် တကယ်တော့ ငါ့မွေးစားသားလို့ ပြောရင် ရပါတယ်၊ အစ်ကိုနဲ့ အစ်မတို့ ကွဲကြတော့ ဖေအောင်လေး၊ ငါးနှစ်လောက်ပဲ ရှိဦးမယ်။ သူ့ကို အစ်ကိုက ခေါ်သွားတယ်။ အစ်ကို့လက်ထဲမှာတုန်းက ဖြစ်သလိုနေရတယ် ဆိုပေမယ့် အနှိပ်စက် မခံရဘူး။ အစ်ကိုလည်း ဆုံးရော ဖေအောင့်ကို အစ်မတို့က ခေါ်ထားလိုက်တယ်။ အဲဒီအချိန်မှာ အစ်မက နောက်အိမ်ထောင်နဲ့ ဖြစ်နေပြီ။ ဖေအောင် ဆယ်နှစ်သားပေါ့။ ဟင်း… ပြောပြန်ရင်လည်း ယောင်းမမို့ မကောင်းပြောတယ် ဖြစ်ဦးမယ်'

ဘွားမေသိန်းက ပြောနေရာမှ ဆေးလိပ်ကောက်ဖွာပြန်သည်။ ပြောပြန်ရင်လည်း မကောင်းဘူးဆိုတော့ ဘွားမေသိန်း ဆက်မပြောပါ့မလားဟု ကိုယ်စိုးရိမ်သွားသည်။ သို့သော်လည်း ဘွားမေသိန်း ဆက်ပြော၏။

'အစ်မဟာ ဖေအောင့်အပေါ်မှာ ကြင်ကြင်နာနာ မရှိဘူး၊ ပထွေးက ခပ်တော်တော်ရယ်၊ သူက ပိုဆိုးနေတယ်။ အေးလေ သူ့လင်ဆီက မျက်နှာကောင်းရအောင် နှိပ်စက်ပြရတာလားတော့ မသိဘူးပေါ့။ ဟိုကလေးတွေကိုသာ ဂရုစိုက်လိုက်ရတာ။ ဖူးဖူးကို မှုတ်နေတာပဲ။ ဖေအောင်ကတော့ ဘေးလူမြင်ရင် 'သားလို့တောင် ထင်ရက်စရာ မရှိဘူး။ အိမ်မှာခိုင်းထားတဲ့ ကောင်လေးတစ်ယောက်လိုပဲ။ အဲဒါနဲ့ ဖေအောင်က တစ်ခါအိမ်က ထွက်ပြေး







သေးတယ်။ ပြန်မိတော့ သေလုအောင် အရိုက်ခံရတာပေါ့။ အဲဒီ တစ်ခါရိုက်တော့ ပထွေးပါ ဝင်ပါလာတယ်။ အဲ… ဖေအောင်ဟာ အဲဒီတုန်းကတည်းက အင်းလေ ခံရဖန်များလို့ ထုံသွားသလား မသိဘူး။ အရိုက်ခံရရင် ဘယ်တော့မှ မငိုဘူး။ ပေပြီး ခံတယ်'

ကိုယ်သည် သချ်ာဆရာက ဟိုတစ်ခါ ကိုယ့်ကို ရိုက်တုန်းကအကြောင်း သွားသတိရသည်။ အဲသည်တုန်းကလည်း ဆရာရိုက်တော့ ကိုယ်မငိုဘဲ ပေပြီး ရပ်နေခဲ့တာ မဟုတ်လား။ ကိုယ်သည် ဖေဖေနှင့် တူလို့ပါလား မသိ။ သို့သော်လည်း အရိုက်ခံရလွန်းလို့ ထုံသွားတာတော့ မဖြစ်နိုင်။ ဖေဖေနှင့် မေမေသည် ကိုယ့်ကို တစ်ခါမျှ မရိုက်ဘူးပါ။ အဲဒါ ဘာဖြစ်လို့လဲဟု မစဉ်းစားနိုင်ခင် ဘွားမေသိန်းက ပြောပြန်သည်။

'သူတို့ ငဖဲမြို့ကို ပြောင်းရတဲ့အခါကျတော့ ငါလည်း ဖေအောင့်ကို ဖွတ်မရမက ခေါ်ထားလိုက်တယ်။ ခုနစ်တန်းစာမေးပွဲ ဖြေပြီးတဲ့အထိ ရန်ကုန်မှာ နေပါစေလို့ ပြောပြီးတော့။ ဒါပေမယ့် အဲဒီအချိန်ကစပြီး သူတို့နဲ့ ဖေအောင် အဆက်အသွယ် ပြတ်သွားတာပဲ။ ဖေအောင် ကိုးတန်းတုန်းကလား မသိဘူး။ တစ်ခါ လာခေါ်သေးတယ်။ ဖေအောင်က မလိုက်တော့ဘူး။ သူ့ကို အတင်းခေါ်ရင် သူ့ကိုယ်သူ သတ်သေမယ်။ ဒါမှမဟုတ်ရင် ပထွေးကို သတ်မယ်လို့ ပြောလွှတ်လိုက်တယ်။ အေး… ခုထိပဲ ဆိုပါတော့။ ဖေအောင်ဟာ သူတို့နဲ့ အဆက်အသွယ် ပြတ်သွားတာ'

ကိုယ် ဆက်နားထောင်နေသည်။ သို့သော်လည်း ဘွားမေသိန်း ထပ်မပြောတော့။ နောက်တော့ ဘာဖြစ်သွားသလဲ။ အဖေနဲ့ အမေနဲ့ ယူကြတဲ့အကြောင်း။ ပြီးတော့ နောက်ပိုင်း ဖေဖေနဲ့ မေမေနဲ့ စကားမပြောကြတဲ့အကြောင်း။ ဘာမျှ ထပ်မသိရတော့။

ဘွားမေသိန်းသည် အပြင်ကိုသာ ငေးကြည့်နေသည်။ ကိုယ်လည်း ဘွားမေသိန်းလိုပင် လိုက်ငေးကြည့်သည်။ လမ်းမီးတွေ မလာသောကြောင့် အပြင်ကို ဘာမျှမမြင်ရချေ။

'ငါ့မြေးလေး… ငါ့မြေးလေး'



www.burmeseclassic.com

www.burmeseclassic.com

ဘွားမေသိန်းသည် အသံတစ်မျိုးကြီးဖြင့် ပြောပြီး ကိုယ့်ပခုံးကို ဖက်ပြီး သူ့ဘက်ဆွဲကပ်လိုက်သည်။ ကိုယ်လည်း ဘွားမေသိန်း၏ လက်မောင်းပေါ်မှာ ခေါင်းကို မှီထားလိုက်သည်။



ခြံဝင်းတံခါးက ဝင်လိုက်တာနဲ့ ကျောထဲက စိမ့်ပြီး ချမ်းသွား၏။ ကိုယ်တို့ အိမ်ကို ပြန်ရောက်ပြီ။ ဘူတာရုံမှာ ရထားဆိုက်ပြီးတော့ ဦးလေးမောင်မောင်ကြီးက သူ့ကိစ္စရှိတဲ့နေရာကို တန်းသွားသည်။ ကိုယ်က အိမ်ပြန်လာသည်။

အိမ်ကတော့ ထုံးစံအတိုင်း ခြောက်ကပ်လျက်ပင်။ ကိုယ်ရောက်သွားသောအချိန်မှာ ဖေဖေရော မေမေပါ အိမ်မှာ မရှိကြ။ အလုပ်သွားကြပြီ။ မီးဖိုချောင်ထဲမှာတော့ ထုံးစံအတိုင်း ဆော်လီမားနှင့် မီးခိုးများသာ ရှိလေသည်။

ကိုယ်တို့ အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ အဝတ်အစားတွေ ထည့်ယူသွားသော အိတ်ကလေးကို ခုတင်ပေါ် ပစ်တင်လိုက်သည်။ ပြီးတော့ အပြင်ခန်းကို ပြန်ထွက်လာသည်။ ဧည့်ခန်းထဲက ကုလားထိုင်မှာ ထိုင်သည်။ ကိုယ်သည် ဘာလုပ်ရမှန်းမသိဘဲ ကြောင်တက်တက် ဖြစ်နေသည်။ ဘာလိုနေမှန်း မသိ။ နောက်မှ စဉ်းစားမိသည်။ ကိုယ်တို့အိမ်သည် လူနည်းပြီး တိတ်ဆိတ်လွန်းနေခြင်းပင် ဖြစ်သည်။ ရန်ကုန်မှာတုန်းက ခရိုနီဆို ကိုတွတ်တို့၊ သီတာ၊ နီလာတို့၏ အသံများဖြင့် ဆူညံနေပြီ။


www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ပြန်ခါနီးတုန်းက ကိုတွတ်ကြီးက ကိုယ့်လက်မောင်းကို အတင်းဆုပ်ကိုင်ထားပြီး 'အစ်ကိုညီ၊ နွေကျောင်းပိတ်ရင် လာဦးနော်' ဟု ပြောသည်။ သီတာက ချောင်မှာ ကုပ်ထိုင်ပြီး တရှုံ့ရှုံ့ငိုနေသည်။ နီလာက တော့ 'မပြန်ရဘူး၊ မပြန်ရဘူး' ဆိုပြီး အိမ်ရှေ့နှင့် အိမ်နောက်ဖေး ပြေးနေ သည်။

ဦးလေးချစ်နှင့် ဒေါ်လေးသန့်ကို သတိရမိပြန်သည်။ ဦးလေးချစ် သည် လူရှေ့သူရှေ့ကျလျှင် ဒေါ်လေးသန့်ကို ဟောက်လားပြုလား လုပ် သော်လည်း တကယ့်တကယ်ကျတော့ ဒေါ်လေးကို သူကြောက်ရသည်။ ဒေါ်လေးသန့်သည် ဦးလေးချစ်ကို နိုင်ရသည်ဆိုသော်လည်း ဦးလေးချစ် ကြိုက်တတ်တဲ့ စားစရာတွေ ဘာတွေကျတော့ ကောင်းကောင်းလုပ်ပေးတတ် သည်။ 'လိုက်လည်း လိုက်တဲ့ လင်မယားပဲ' ဟု ဘွားမေသိန်းက ပြောဖူးပါ သည်။

ကိုယ်တို့ အိမ်မှာလည်း ဦးလေးချစ်တို့၊ ဒေါ်လေးသန့်တို့အိမ်လို ဖြစ်စေချင်သည်။ အဲဒီမှာလို ပျော်ပျော်ရွှင်ရွှင်နေချင်သည်။ ခုဟာက အိမ်မှာ ခြောက်တိခြောက်ကပ်။ ဖေဖေနှင့် မေမေသည် စကားပင် မပြောကြ။

ပြီးတော့ ဘွားမေသိန်းပြောသော စကားတစ်ခု ရှိသေးသည်။ ဖေဖေက လူ့ရွှစာတဲ့။ ဖေဖေက ခွကျလို့ပဲ မေမေနဲ့ စကားမပြောကြတာလား။ ဖေဖေက ခွမကျရင်ကော ကိုယ်တို့အိမ်သည် ဘွားမေသိန်းတို့ဆီမှာလို ပျော်စရာကောင်းမှာလား။

အဲဒါတွေကို ညနေထမင်းစားသည်ထိပင် ဆက်၍ စဉ်းစားနေမိ သည်။ ထမင်းစားနေတုန်းမှာလည်း ကောင်းကောင်းမစားနိုင်။ ထမင်းစားရင်း ကိုယ်ငိုင်နေတာကို မေမေရုံးက ပြန်အလာမှာ တွေ့သွားသည်။ မေမေက···

'ဟဲ့··· သား၊ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား'

'ကောင်းပါတယ်' ဟု ကိုယ် တိုးတိုးပြန်ပြောသည်။ မေမေက ကိုယ့်ဘေးနားမှာ လာရပ်ပြီး···

'သြော်··· ဟုတ်သားပဲ၊ သား ဒီနေ့ ပြန်ရောက်မယ်မှန်း မသိလို့





ထင်ပါရဲ့၊ ငါးဖင်ရိုင်းမှ သားမကြိုက်ဘဲ၊ ကြက်ဥကြော် စားမလား၊ မေမေ ကြော်ပေးမယ်'

ကိုယ် ခေါင်းခါလိုက်သည်။

'စားလို့မကောင်းလို့ မဟုတ်ပါဘူး မေမေရဲ့'

'ဒါဖြင့် ဘာဖြစ်လို့လဲ'

ဆိုပြီး ကိုယ့်ဘေးက ခုံမှာဝင်ထိုင်သည်။ ကိုယ့်မျက်နှာကို မေမေ စိုက်ကြည့်နေသည်။ ကိုယ်မနေတတ်တော့။

'ဟိုဥစ္စာပါ၊ ဟိုဟာလေ ရထားစီးလာရတာ အကြာကြီးပဲဆိုတော့ ညောင်းတာပေါ့'

'သြော်··· အေး··· အေး'

မနက်ကျတော့ ထမင်းစားခန်းထဲမှာ ကိုယ်ကော်ဖီသောက်နေတုန်း ဖေဖေနှင့် တွေ့သည်။ ဖေဖေက ကိုယ့်ကို တစ်ခုမေးသည်။

'ဒေါ်ဒေါ်သိန်းက သားကို ဘာပြောလိုက်သေးသလဲ'

ကိုယ်အံ့သြသွားရသည်။ ရထားပေါ်မှာတုန်းကလည်း ဦးလေး မောင်မောင်ကြီးက ကိုယ့်ကို အဲသလို မေးသေးသည်။ မနေ့ညကတုန်းက လည်း မေမေက ရန်ကုန်မှာ ပျော်ရဲ့လား။ ဘယ်တွေ ရောက်ခဲ့သလဲ။ ဦးလေးချစ်တို့က ဘာတွေ ကျွေးသေးသလဲ။ လျှောက်မေးပြီးတော့ 'သားကို ဒေါ်ဒေါ်သိန်းက ဘာတွေများ ပြောလိုက်သေးသလဲ' တဲ့။

ခုလည်း ဖေဖေက မေးပြန်သည်။ ကိုယ်ကလည်း 'ဖေဖေတို့ နေကောင်းလားလို့ မေးတယ်' ဟု ပြန်ပြောလိုက်သည်။ ဖေဖေက ကိုယ့်ကို ခဏကြာအောင် ကြည့်နေသေးသည်။ ကိုယ်လည်း ကြောက်လာသဖြင့် ကော်ဖီကိုပင် ကုန်အောင်မသောက်ပဲ ထထွက်လာခဲ့ရသည်။

သူတို့ သုံးယောက်စလုံးက ကိုယ့်ကို အဲသလို မေးခဲ့ကြသည်။ အန့်တီလူးလာလျှင်ပင် ထပ်မေးနေဦးမလား မသိ။ တကယ်တော့ ကိုယ်က သာ မေးရမှာ။ ကိုယ့်မှာ သိချင်တာတွေ အများကြီး။ မသိသေးတာတွေ အများကြီး။ ဘယ်သူ့ကို သွားမေးရမလဲ။

ဘာပဲဖြစ်ဖြစ် ဒီတစ်ခေါက် ရန်ကုန်က ပြန်လာပြီးကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်စိတ်တွေ တစ်မျိုးဖြစ်လာသည်။ ဖေဖေတို့ မေမေတို့အကြောင်းကို အရမ်းသိချင်လာသည်။ ဘွားမေသိန်းဆီကတော့ နည်းနည်း သိခဲ့ရသည်။ သို့သော်လည်း ကောင်းခန်းရောက်ခါနီးမှ ဘွားမေသိန်းက မဆက်တော့ဘဲ နေသည်။ ထိုအခါ ကိုယ်ပို၍ သိချင်လာသည်။ ကိုယ်သည် ရေချိုးပြီးတုန်းက မှန်ထဲမှာ ကိုယ့်မျက်နှာကို ပြန်ကြည့်ခဲ့သည်။ ကိုယ့်မျက်နှာသည် ရန်ကုန်က ပြန်လာမှ အသက်နည်းနည်း ပိုကြီးလာသည်ဟု ထင်မိသည်။

*

‘သိလား’

‘ဟင်… ဘာလဲ’

မိနိုင်က ကိုယ့်ကို တစ်ခုခု ပြောလိုက်သည်။ ကိုယ် မကြားမိ။ ထို့ကြောင့် သူ့ကို ‘ဘာလဲ’ဟု ပြန်မေးခြင်း ဖြစ်သည်။

‘နင် ဘယ်လိုဖြစ်နေတာလဲဟင်’

‘ဘာဖြစ်လို့လဲဟ’

‘ငါပြောတာ နင် မကြားဘူးလား’

ကိုယ်က ခေါင်းခါပြလိုက်သည်။ သူက စိတ်ပျက်သလို ပုံစံမျိုး လုပ်လိုက်၏။

‘နင် ခုတလော တစ်မျိုးဖြစ်နေတယ်’

‘ဘယ်လိုတစ်မျိုးလဲ’

‘ဘယ်လိုလဲဆိုတော့ ငိုင်တိုင်တိုင်နဲ့၊ နင့်ကို ကြည့်လိုက်ရင် တစ်ခုခု စဉ်းစားနေသလိုပဲ၊ အမြဲတမ်းပဲ၊ ခုလည်း ကြည့်ပါလား။ ငါပြောနေတာကို နင်မကြားဘူး မဟုတ်လား။ ဘာတွေ စဉ်းစားနေတာလဲဟင်’

‘မစဉ်းစားပါဘူး’

‘ဟုတ်ပါတယ်ဟာ၊ ငါပြောနေတာလည်း စိတ်မဝင်စားဘူး’

‘ဝင်စားပါတယ်’

‘ကဲ… အဲဒါဆိုပြော၊ ငါ ခုနပြောတာ ဘာလဲ’

ကိုယ်က သူ့ဘက်လှည့်ကြည့်ပြီး ရယ်နေလိုက်ရသည်။ တကယ်





တော့လည်း ခုန သူဘာပြောနေမှန်း ကိုယ်မသိ။ သူပြောသလိုပင် ကိုယ်သည် ခုတလော ဘာဖြစ်နေမှန်း မသိ။ တစ်ယောက်ယောက်နှင့် စကားပြောနေရသော်လည်း စိတ်မပါသလို ဖြစ်နေသည်။ တစ်ခါတလေ စာသင်နေရင်းကပင် စိတ်မဝင်စားမိဘဲ အပြင်ကို ငေးနေမိတတ်သည်။ မြန်မာစာအချိန်မှာပင် ဒီလို ငေးနေလို့ တီချာမေက မဆူစဘူး ဆူတာကို ခံလိုက်ရသေးသည်။

‘ကဲ… ပြောလေ ဘာလဲ’

‘ကိုယ် သိပါတယ်ဆိုမှ ဘယ်လိုဖြစ်နေတာလဲ’

ကိုယ်က သူ့ကို ဟောက်သလို ပြောလိုက်သည်။

‘ကဲ… ဒါဆိုလည်း ပြီးရော၊ ငါ ဆက်ပြောမယ်နော်’

‘အင်း’

‘ငါတို့ ဖေဖေက အဲဒီလိုလည်း ပြောလိုက်ရော ဟိုလူကြီးက ဒေါသဖြစ်ပြီး…’

ကိုယ် လွှတ်ခနဲ ဝင်ပြောမိသည်။

‘ဘယ်လူကြီးလဲ’

‘ဟော… နင်ပဲ ခုနက သိပါတယ်ဆို ခုပေါ်ပြီ မဟုတ်လား၊ ငါပြောတာ နင်သေသေချာချာ နားမထောင်လို့ မသိတာပေါ့’

ကိုယ်က ရယ်သည်။ ရယ်ရင်း သက်ပြင်းလည်း ချလိုက်၏။

‘ကဲပါဟာ အစက ပြန်ပြော၊ ကိုယ် သေသေချာချာ နားထောင်မယ်’

‘တော်ပြီဟာ မပြောတော့ဘူး’

သူနှုတ်ခမ်းစူပြီး တစ်ဘက်ကို လှည့်နေသည်။ ကိုယ်သိသည်။ သူစိတ်ကောက်နေပြီ။ ဒီလိုဆိုတော့လည်း ကိုယ်မနေနိုင်ပြန်ပါ။

‘မိနိုင်ရာ နင်ကလည်း တဆိတ်ကလေးရှိ စိတ်ကောက်ဖို့ပဲ’

သူက ကိုယ့်ကို လှည့်မကြည့်ဘဲ ပြောသည်။

‘စိတ်ကောက်တာ မဟုတ်ပါဘူးဟာ၊ ငါဝမ်းနည်းတယ် သိလား’

‘ဟင်… ဘာဖြစ်လို့လဲ’



www.burmeseclassic.com

www.burmeseclassic.com

‘နင်က… နင်က ငါ့ကို တကယ်မခင်ပါဘူး’

သူ့အသံက ငိုသံပါသလိုလို ဖြစ်လာသည်။

‘ခင်ပါတယ်ဟာ’

ပြောပြီးလျှင် ကိုယ်လည်း ဝမ်းနည်းသလိုလို ဘာလိုလို ဖြစ်သွား၏။ သူက…

‘မခင်ပါဘူးဟာ၊ နင် အရင်ကလို မဟုတ်တော့ဘူး’

‘ဟာ… မဟုတ်တာ’

‘ဟုတ်ပါတယ်၊ အရင်ကလို မခင်တော့လို့ပေါ့၊ နင် ခု ငါနဲ့ ထမင်းတူတူလာမစားတော့ဘူး မဟုတ်လား’

ကိုယ် ဘာပြန်ပြောရမှန်း မသိ။ ခုနောက်ပိုင်း သူနှင့် မုန့်စားလွှတ်ချိန် ထမင်းတူတူ သွားမစားတော့တာ အမှန်ပါပဲ။ သူနှင့် ထမင်းတူတူ စားကြပြီဆိုလျှင် သူ့ဆီက ဟင်းတွေကိုသာ ကိုယ်စားရတာများသည်။ ကိုယ့်ထမင်းဘူးထဲမှာက ဟင်းတယောက်စာသာ နည်းနည်းလေး ပါသဖြင့် သူ့ကို ခွဲကျွေးရင်တောင်မှ နည်းနည်းပဲ ကျွေးနိုင်သည်။ သူတို့ ထမင်းချိုင့်ကျတော့ ဟင်းတွေက များလည်း များသည်။ သုံးလေးမျိုး။ ကိုယ့်ထမင်းဘူးထဲကို သူကိုယ်တိုင် အများကြီးခပ်ထည့်ထည့်ပေးသည်။ ကိုယ်က တော်ပြီဆိုတာတောင်မှ မရ။ သူ့အမေကပါ အတင်းကျွေးသည်။ ပြီးတော့လည်း လိမ္မော်သီးတို့၊ ရောက်ချိုသီးတို့၊ သကြားလုံးတို့လည်း ကျွေးသေးသည်။ သူတို့ဆီကချည်းပဲ အမြဲစားနေရတော့ ကိုယ်အားနာလာသည်။ နောက်ပြီးတော့ ကိုယ်က မိခိုင်နဲ့ပဲ ထမင်းသွားသွားစားလို့ ဆိုပြီး ဌွန်ဆင်တို့ ဇော်ဝင်းတို့က မကြည်ကြချေ။ တင်အောင်ခိုင်ကလည်း ကိုယ့်ကို စသည်။

‘ကဲ… ပြောလေ၊ မဟုတ်ဘူးလား’

သူ့ကို ကိုယ်လှည့်ကြည့်လိုက်သည်။ သူကလည်း ကိုယ့်ကို ကြည့်နေသည်။ စောစောက မျက်ရည်ဝဲထားသောကြောင့်လားတော့ မသိ။ သူ့မျက်လုံးတွေသည် လက်လက်တောက်နေကြသည်။ ကိုယ်လည်း ဒီဘက်ကို ပြန်လှည့်ပြီး ‘ခင်ပါတယ်ဟာ’ဟု တိုးတိုးပြောလိုက်၏။

■



တစ်ခါတုန်းက ‘စီ’တန်းမှ ကျောင်းသားနှစ်ယောက် ငြင်းကြသည်။ တစ်ယောက်ရဲ့ အဖေက ရဲအုပ်ကြီး။ နောက်တစ်ယောက်ရဲ့ အဖေက ဗိုလ်ကြီး။ အဲဒါ ဘယ်သူက ရာထူးပိုကြီးသလဲလို့ ငြင်းကြခြင်း ဖြစ်သည်။ နောက်ဆုံးမှာ ဘယ်သူမှနိုင်အောင် မငြင်းနိုင်ကြသဖြင့် သူတို့ အတန်းပိုင်ဆရာကို အဆုံးအဖြတ် ပေးခိုင်းဖို့ သွားကြသည်။ ဆရာကို မေးကြည့်သောအခါ ဆရာက ‘အေး… မှတ်ထားကြကွ၊ မင်းတို့ နှစ်ယောက်စလုံးရဲ့ အဖေတွေထက် ဆရာ့အဖေက ပိုပြီး ရာထူးကြီးတယ်၊ ဆရာ့အဖေက ဗိုလ်မှူးကွ’ လို့ ပြောသတဲ့။

ကိုယ်က ပြောပြသောအခါ တီချာမေက အရမ်းရယ်လေသည်။ ကိုယ်ဖြင့် တီချာမေ ဘာကြောင့် ဒီလောက်ရယ်မှန်း စဉ်းစားလို့ မရ။ နည်းနည်းအရယ်ရပ်တော့မှ ကိုယ်မေးလိုက်သည်။

‘မဟုတ်ဘူး တီချာ၊ ကိုယ်သိချင်တာက အဲဒီ ရဲအုပ်ကြီးနဲ့ ဗိုလ်ကြီးနဲ့ ဘယ်သူက ပိုပြီး ရာထူးကြီးသလဲဟင်’

တီချာမေသည် ရယ်တာ အရှိန်မသေသေး။ ခဏရပ်ပြီးမှ ကိုယ့်ကို ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com

'သူ့နေရာနဲ့သူ ရာထူးကြီးကြတာပါပဲကွယ်၊ ရဲဘက်မှာဆိုရင် ရဲအုပ်ကြီးက ရာထူးကြီးသလို စစ်ဘက်မှာဆိုရင်လည်း ဗိုလ်ကြီးက ရာထူးကြီးတာပေါ့။ သူ့နေရာနဲ့ သူပေါ့။ ရဲအုပ်ကြီးကလည်း ပြစ်မှုခင်းတွေကို ဖော်ထုတ်ပေးရတယ်။ ဗိုလ်ကြီးကလည်း တိုင်းပြည်ရဲ့ ရန်ကို ကာကွယ်ပေးရတယ်။ သူ့တာဝန်နဲ့သူ အရေးကြီးကြတာချည်းပါပဲ။ ဘယ်သူက ပိုပြီး ရာထူးကြီးတယ်လို့ ပြောလို့မရဘူး'

ကျောင်းမတက်ခင် ကျောင်းအဝမှာ တီချာမေနှင့် တွေ့သောကြောင့် တူတူလိုက်လာခဲ့သည်။ ဆရာများ အခန်းထဲတွင် ခဏဝင်ထိုင်ရင်း တီချာမေကို မေးကြည့်ခြင်း ဖြစ်သည်။ ကျောင်းတက်ဖို့က နာရီဝက်လောက် လိုလိမ့်ဦးမည်။ ဒီနေ့ တီချာမေရော ကိုယ်ပါ ကျောင်းကို အစောကြီးရောက်နေကြခြင်း ဖြစ်၏။

ခုနေခါ တီချာမေကို ကိုယ် တစ်ခုမေးချင်တာ ရှိသေးသည်။ မမေးရဲတာကလည်း တစ်ကြောင်း၊ ပြီးတော့ ကိုယ်တို့အိမ်က အကြောင်းကို တီချာမေ သိနိုင်ပါ့မလားဟု ထင်သည်က တစ်ကြောင်းကြောင့် မေးသင့် မမေးသင့် ကိုယ်စဉ်းစားနေရသည်။ ထိုအချိန်မှာ တီချာမေက ကိုယ့်ကို မေးလေသည်။

'ညီညီ့ကို တီချာမေတစ်ခု မေးစရာရှိတယ်'

'မေးပါ တီချာ'

'ဒီလိုကွယ်၊ ခုတလော ညီညီ့ကို ကြည့်ရတာ တစ်မျိုးပဲ၊ စာသင်တာကို တစ်ခါတလေ စိတ်မဝင်စားသလိုပဲ၊ ဟိုတစ်နေ့က သိပ္ပံဆရာဦးတင်ဝင်းကလည်း ပြောတယ်၊ သူစာသင်နေတာကို ညီညီက မကြည့်ဘဲ ခေါင်းကြီးငုံ့ပြီး ဘာတွေ စဉ်းစားနေသလဲ မသိဘူးတဲ့။ နှစ်ရက်၊ သုံးရက်လောက် သူသတိထားကြည့်မိတယ်တဲ့'

'မဟုတ်ပါဘူး တီချာ၊ ကိုယ်...'

'ဟုတ်ပါတယ်၊ တီချာမေ့အချိန်မှာလည်း ဒီလိုပဲ၊ ဟိုတစ်နေ့က တောင် အတန်းအပြင်ကို ငေးနေလို့ ဆူရသေးတယ် မဟုတ်လား။ ညီညီ





ဘာဖြစ်နေသလဲဟင်၊ ခုတစ်ခါ ကျောင်းပြန်ဖွင့်ပြီးမှ ကြည့်ရတာ ပုံတစ်မျိုးပြောင်းလာတယ်'

ကိုယ် ဘယ်လို ဖြေရမှန်းမသိ။ အမှန်အတိုင်း ဖြေရမှာလား။ တကယ့်တကယ်တော့ အမှန်အတိုင်း ဆိုသည်ကိုပင် ကိုယ်သေသေချာချာတော့ မသိပါ။ ကိုယ်မဖြေတတ်သည်ကို တီချာမေကလည်း သိပုံရသည်။ ထပ်မမေး။ သူ့ဘာသာ ပြောသည်။

'ခုချိန်မှာ ညီညီက စာကို ကြိုးစားရမယ့်အရွယ်၊ စာသင်နေတဲ့အချိန်မှာ စာထဲမှာပဲ စိတ်ဝင်စားသင့်တယ်၊ တခြားဟာတွေ လျှောက်မစဉ်းစားရဘူး'

'တခြားဟာတွေ'

'ဩော်... ဒီလိုလေကွယ်၊ စာနဲ့ မဆိုင်တဲ့ တခြားဟာတွေ ဥပမာ သူငယ်ချင်းတွေ အကြောင်းတို့၊ အိမ်ကအကြောင်း'

'ဟင်... ကိုယ့်အိမ်က အကြောင်းကို တီချာမေသိလား'

တီချာမေသည် ဘာမျှပြန်မပြောဘဲ ငေးကြောင်သွားသည်။ ပြီးမှ...

'နည်းနည်းပါးပါးတော့ သိတာပေါ့၊ ညီညီ့ဖေဖေက စက်မှုလက်မှုလုပ်ငန်း လုပ်တယ်၊ ညီညီ့မေမေကလည်း ရုံးမှာအလုပ်လုပ်တယ် မဟုတ်လား'

ဟု ပြောပြီး တီချာမေ ကိုယ့်ကို စိုက်ကြည့်နေသည်။ တီချာမေသည် ကိုယ့်ကို အဲဒီလို မကြာခဏ ကြည့်တတ်သည်။ ဘယ်လိုကြည့်ပုံမျိုးလဲတော့ မပြောတတ်။

'ကဲကဲ... သွားတော့၊ တီချာပြောတာ နားထောင်နော်'

ကိုယ်ခေါင်းညိတ်ပြပြီး ထွက်လာခဲ့သည်။ တီချာမေက ပြောသည်။ စာသင်ချိန်မှာ တခြားဟာတွေ လျှောက်မစဉ်းစားနဲ့တဲ့။ သူ့ဘာသာသူ စဉ်းစားမိတာ။ မစဉ်းစားဘဲမှ နေလို့မရတာ။ ကိုယ်ဘာတတ်နိုင်မှာတဲ့လဲ။

*



www.burmeseclassic.com

www.burmeseclassic.com

'ဟယ်လို'

ကိုယ့်လက်မောင်းကို လာကိုင်သောကြောင့် မော့ကြည့်လိုက်သည်။ အန်တီလူး ဖြစ်သည်။

'ဟောင်း ဒူး ယူ ဒူး'

ကိုယ်က ဘာမှုပြန်မပြောဘဲ ပြုံးရုံသာ ပြုံးပြလိုက်သည်။

'ကျောင်းက ပြန်လာတာလား'

ကိုယ်ခေါင်းညိတ်ပြသည်။

'အတော်ပဲ၊ အန်တီလည်း ညီညီတို့အိမ် သွားမလို့'

ဟု ပြောပြီး ကိုယ့်ပခုံးပေါ်ကို လက်တင်သည်။ ကိုယ်နှင့် တူတူ လျှောက်လိုက်လာသည်။ ကိုယ်စိတ်ညစ်သွား၏။ အန်တီလူးသည် အိမ်ကို လိုက်လာပြီး စကားတွေ အများကြီးပြောတော့မည်။ ခုလောက်ဆို မေမေ လည်း ပြန်မရောက်နိုင်သေး။ ဒီတော့ သူသည် ကိုယ့်ကိုသာ ဟိုမေး ဒီ မေး လုပ်တော့မည်။

အလိုလိုကမှ သူ့ကို သိပ်မကြည်ရတဲ့အထဲ ဟိုတစ်နေ့က ဖေဖေ့ အလုပ်ရုံမှာ တွေ့လိုက်ရသဖြင့် ပိုပြီး မကျေမနပ် ဖြစ်ခဲ့ရသည်။ အဲဒီနေ့ တုန်းက ကိုယ်ကျောင်းရောက်သောအခါကျမှ 'ပညာရည်တိုးတက်မှု ကတ် ပြား' မှာ မိဘလက်မှတ် မထိုးရသေးကြောင်း သတိရသည်။ အဲဒီနေ့က ကတ်ပြားတွေ ပြန်အပ်ရမည့်နေ့ ဖြစ်သည်။ ကိုယ်သည် လက်မှတ်ထိုးခိုင်းဖို့ မမေ့စဖူး မေ့သွားသဖြင့် တီချာမေပင် အံ့သြသွားရသေးသည်။ တီချာမေ့ကို တောင်းပန်၍ မုန့်စားလွှတ်ချိန်ကျမှ မေမေ့ရုံးကို အမြန်ပြေးရသည်။ ဟိုရောက် တော့လည်း မေမေက မရှိ။ မြို့နယ်ရုံးကို ကိစ္စရှိလို့ သွားတယ်တဲ့။ ဒါနဲ့ ဖေဖေ့အလုပ်ရုံကို သွားရပြန်သည်။ အလုပ်ရုံထဲ ဝင်လိုက်သောအခါ သူတို့ ကို လှမ်းမြင်နေရသည်။ အန်တီလူးက ဖေဖေ့ကို စကားတွေ ပြောနေသည်။ သူ့ထုံးစံအတိုင်း စကားပြောရင်း အိုက်တင်ကလည်း ပါသေးသည်။ ခေါင်း ရော၊ ကိုယ်ရော၊ လက်ရော လှုပ်ပြီး ရှုပ်ယှက်ခတ်နေတာပဲ။ တစ်ချက် တစ်ချက်လည်း ရယ်သေးသည်။ ဖေဖေကတော့ သိပ်မပြော။ တစ်ချက် တစ်ချက်ကျမှ နည်းနည်းဝင်ပြောသည်။ ကိုယ့်ကို မြင်သောအခါ သူတို့





ပြောနေသော စကားကို ဆက်မပြောတော့။ ကိုယ်လည်း ဖေဖေ့ကို ကတ်ပြား မှာ လက်မှတ်ထိုးခိုင်းပြီး ပြန်ထွက်လာခဲ့သည်။ အဲဒီတုန်းကလည်း ကိုယ် မကျေနပ်။ သူနဲ့ ဖေဖေ့အလုပ်ရုံနဲ့ ဘာဆိုင်လို့လဲ။ ပြီးတော့ အန်တီလူးသည် စကားပြောနေရင်းက ဖေဖေ့လက်မောင်းကို လှမ်းလှမ်းပုတ်တော့ မလိုပဲ။ ဖေဖေကကော မေမေနဲ့ကျတော့ စကားမပြောဘဲ အန်တီလူးနဲ့ကျတော့ ဘာလို့ ပြောရသလဲ။ ဖေဖေနှင့် မေမေတို့ပြဿနာတက်အောင် သူကြားထဲ က ဝင်လုပ်နေတာလား မသိ။

'ဟေး... အိမ်တောင်ရောက်လာပြီကွ'

အန်တီလူးက ပြောလိုက်မှ အိမ်နားရောက်လာကြောင်း သတိထား မိသည်။ ကိုယ်သည် ရှေ့က ခပ်မြန်မြန်လျှောက်၍ အိမ်ထဲဝင်လိုက်သည်။ လွယ်အိတ်ကို စားပွဲပေါ်တင်ပြီး အိပ်ခန်းထဲဝင်သည်။ ဘောင်းဘီတိုကလေး ပဲ ဝတ်ပြီး ပြန်ထွက်လာသည်။ ရေချိုးခန်းဘက် သွားမည်လုပ်ပြီးမှ အိပ်ခန်း ထဲပြန်ဝင်ပြီး လုံချည်တစ်ထည် ယူလိုက်သည်။ နောက် ရေချိုးခန်းထဲ ငင်လိုက်သည်။

ကိုယ် ရေချိုး၊ အဝတ်အစားလဲပြီးသည်အထိ မေမေ ပြန်မလာသေး ချေ။ ထမင်းစားခန်းထဲသို့ ဝင်လိုက်သောအခါ စားပွဲမှာ အန်တီလူး ထိုင်နေ သည်ကို တွေ့ရသည်။ ထမင်းလည်း ပြင်ထားပြီးပြီ။

'ဆော်လီမားက ကိစ္စရှိလို့ ပြန်ချင်တယ်ဆိုတာနဲ့ ပြန်လွှတ်လိုက်ပြီ၊ ထမင်းပွဲတော့ အန်တီပဲ ပြင်ထားလိုက်တယ်၊ ဝင်စားလိုက်လေ'

ကိုယ် ဘာမှုမပြောဘဲ ထမင်းဝင်စားသည်။ ကိုယ်စားသည်ကို အန်တီလူးက ကြည့်နေသည်။ သူကတော့ မစားချေ။ ကိုယ်သည် သူ့ကို ထမင်းစားပါဦးလို့ မပြောမိ။

'ညီညီက တစ်ယောက်တည်း စားတာပဲ၊ အန်တီ့တော့ မကျွေးဘူး လား'

'ကျွေးပါတယ်'

ကိုယ်က မကြည့်ဘဲ ပြောသည်။

'ညီညီက အန်တီ့ကို စိတ်ကောက်နေတာလားဟင်'


www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တစ်ချက်မော့ကြည့်ပြီး ခေါင်းခါပြလိုက်၏။

'ဟုတ်ပါတယ်ကွာ၊ အန်တီ သိပါတယ်၊ တကယ်တော့ကွာ အန်တီဟာ ညီညီတို့မိသားစု ပျော်ပျော်ရွှင်ရွှင် နေတာကို သိပ်ကြည့်ချင်တဲ့ သူပါ'

ကိုယ် သူ့ကို ဖျတ်ခနဲ ကြည့်လိုက်သည်။ ကိုယ့်စိတ်ထဲကလည်း အန်တီလူးဆီက တစ်ခုခု သိရတော့မည်ဟု ထင်လိုက်မိသည်။

'ကိုယ်တို့က ခု ဘာဖြစ်နေလို့လဲ'

ကိုယ် လွတ်ခနဲ မေးလိုက်မိသည်။

'ဪ… ဟိုဒင်း ဘာမှမဖြစ်ပါဘူးကွယ့်'

ဟု ပြောပြီး ကိုယ့်ကို အကဲခတ်သလို ကြည့်ကြောင်း ကိုယ်သိလိုက်သည်။

'ကဲ ကဲ… ထမင်းစားလိုက်ဦးလေ၊ ပြီးမှ စကားပြောတာပေါ့'

ကိုယ် သိသည်။ ကိုယ်ထမင်းစားပြီးလျှင် သူဘာမျှ ထပ်ပြောမည် မဟုတ်တော့။ အန်တီလူးသည် ကိုယ်က သူ့ကို မကြည့်ကြောင်း ရိပ်မိနေပြီ ထင်သည်။ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ သူ့ကို ကြည်တာ မကြည်တာထက် သူ့ဆီက တစ်ခုခု သိရဖို့ အရေးကြီးသည်။ ကိုယ်သည် သူ့ကို ပြုံးပြလိုက်၏။

'အန်တီကော ထမင်းမစားသေးဘူးလားဟင်၊ ခု တစ်ခါတည်း ဝင်စားပါလား'

'ဟင့်အင်း… မင်းမေမေလာမှ စားတော့မယ်၊ ညီညီသာ ဝအောင်စားလေ'

'ကိုယ် တော်ပြီ'

ဟုပြောပြီး ကြွေဇလုံထဲ ထည့်သွား၍ လက်ဆေးလိုက်သည်။ ကိုယ်စားတာ ထမင်းတစ်ဝက်လောက်ပဲ ရှိသေးသည်။ ကိုယ်သည် ထမင်းစားပွဲသို့ ပြန်လာပြီး လက်သုတ်သည်။ အန်တီလူးကို တစ်ချက်လှမ်းကြည့်ပြီး လှည့်ထွက်မည် ပြုသည်။

'ညီညီ'

သူ့ကို လှည့်ကြည့်လိုက်သည်။





'ခဏ ထိုင်ပါဦးကွ'

ကိုယ် ပြန်ထိုင်လိုက်သည်။

'အန်တီ ပြောပြမယ်၊ သေသေချာချာ နားထောင်နော်'

ကိုယ် ခေါင်းညိတ်ပြလိုက်၏။ အန်တီလူးသည် တော်တော်ကြာအောင် စဉ်းစားသလို လုပ်နေသည်။ ပြီးမှ…

'မင်း ဖေဖေရယ်၊ မောင်မောင်ကြီးရယ်၊ အန်တီရယ်က ငယ်ငယ်က အခင်ဆုံး သူငယ်ချင်းတွေပေါ့၊ တစ်တန်းထဲ တူတူကျောင်းတက်ကြတာ၊ ဆယ်တန်းအောင်တော့ အန်တီတို့က ကျောင်းဆက်တက်တယ်။ကောလိပ်ကျောင်းကိုပေါ့။ ဖေအောင်ကတော့ ဆက်မတက်တော့ဘူး။ အလုပ်ဝင်လုပ်တယ်။ ကျောင်းအတူတူ မတက်ကြတော့ပေမယ့် အန်တီတို့ သုံးယောက်က တွဲလျက်ပဲ။ တစ်ခုတော့ ရှိတယ်။ ဖေအောင်က အလုပ်ချိန်များလာတော့ အရင်လောက်တော့ မတွေ့ကြဘူးပေါ့။ ကောလိပ်မှာ အန်တီနဲ့ မင်းမေမေနဲ့ သိကြတာ။ အတန်းချင်းလည်းတူ ဝါသနာချင်းလည်း တူတော့ အရမ်းတွဲမိကြတာပေါ့။ စာရေး၊ အန်တီရေး သီချင်းဆိုတာ ဝါသနာပါကြတယ် မဟုတ်လား။ တစ်နေ့တော့ အန်တီတို့အသင်းက ဝဲလ်ကမ်းလုပ်တယ်။ ကျောင်းသား ကျောင်းသူအသစ်တွေကို ကြိုဆိုတဲ့ပွဲပေါ့။ အဲဒီတုန်းက အန်တီတို့ တတိယနှစ် ရောက်နေပြီ။ အဲဒီပွဲမှာ စောက သီချင်းဆိုရတယ်။ ဘာသီချင်းလဲ ဆိုတော့ သူ့အကြိုက်ဆုံး 'သီတဂူ' ဆိုတဲ့ သီချင်းပေါ့'

ဟု ဆိုပြီး သီချင်းကို ညည်းပြနေသေးသည်။ 'ဘုန်းမယ့်နန်းသာကီနွယ်၊ မြစံပယ်ငုံ၊ လလယ်ယုန်၊ ဆဆယ်ပုံပျက်ပါပေါ့ ဘုရား'

ဒီသီချင်းကို ကိုယ်မသိဘဲရှိပါ့မလား။ ညတိုင်ကျလျှင် မေမေဆိုနေကျ သီချင်းပဲဟာ။

'အဲဒီပွဲကို ဖေအောင်ကိုလည်း ဖိတ်သေးတယ်၊ သူက မလာချင်ဘူး။ အပျော်အပါးတွေ ဝါသနာမပါဘူး။ အလုပ်ပျက်တယ် ဘာတယ်နဲ့ ပေကပ်ကပ် လုပ်နေသေးတယ်။ မောင်မောင်ကြီးက အတင်းဆွဲခေါ်လာမှ ပါလာတာ။ အဲဒီမှာတင် စောသီချင်းဆိုတာကို တွေ့သွားတာ။ နောက်တစ်ခါ အန်တို့မွေးနေ့မှာ သူတို့နှစ်ယောက်ထပ်ဆုံတယ်၊ အန်တီတို့က မိတ်ဆက်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ သိသွားကြတာပေါ့၊ ဖေအောင်က သိလား၊ စောကို ကြိတ်ပြီး ကြိုက်နေတာ။ အန်တီတို့ကတော့ ဘာမှမပြောဘူး။ ဒါပေမယ့် သိတာပေါ့ ကွ၊ ဟဲ… ဟဲ…'

အန်တီလူးက ရယ်လိုက်သည်။ ပြီးတော့ 'ရေငတ်လိုက်တာ' ဆိုပြီး ရေထသောက်သည်။ ကိုယ်လည်း ရေသောက်ချင်လာ၏။ သို့သော်လည်း စကားပြတ်သွားမည်စိုးသောကြောင့် ဒီအတိုင်း ထိုင်နေရသည်။ အန်တီလူးက ပြန်လာထိုင်ပြီး…

'အဲဒါနဲ့… အဲ… အန်တီပြောတာ ဘယ်ရောက်သွားပလဲ'

'အန်တီတို့ကလည်း သိတယ်တဲ့'

'အေး… အေး… ဟုတ်တယ်'

သူ ကိုယ့်မျက်နှာကို ကြည့်ပြီး ရယ်သည်။ 'ညီညီက သိပ်စိတ်ဝင်စားနေလား' ဟု မေးသည်။ ကိုယ်က ဘာမျှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလိုက်၏။

'အင်း… အန်တီတို့ အနေနဲ့ကလည်း တကယ်တော့ သဘောတူတာပါပဲ၊ ဖေအောင်က လူရိုးလူဖြောင့် ဆိုတာလည်း သိတယ်။ စောက စိတ်ထားကောင်းတာလည်း သိတယ်။ အဲဒီတော့ အန်တီတို့ကလည်း မြှောက်ပေးတာပေါ့၊ စောကိုလည်း အန်တီက အရိပ်အမြွက်လောက် ပြော ထားရတာပေါ့။ ခက်တာက မင်းအဖေကွ၊ သူ့ဟာသူလည်း မပြောရဲဘူး၊ အန်တီတို့က ပြောပေးမယ်ဆိုတော့လည်း မပြောရဘူးတဲ့။ ဖေအောင်က လူတစ်မျိုးကွ၊ ဒီလိုနဲ့ အချိန်တွေလည်း ကြာလာတာပေါ့။ အန်တီတို့ နောက်ဆုံးနှစ် စာမေးပွဲဖြေပြီးတဲ့ အခါကျမှ အဲ… မင်းအဖေလုပ်ပုံ၊ ပြော မယ့်ပြောတော့လည်း ဘာပြောတယ် မှတ်သလဲ၊ သိလား မင်း'

ကိုယ် ခေါင်းခါပြလိုက်၏။

'အေး… အဲဒါ ပြောမလို့ဘဲ၊ ဖေအောင်က စောကို ဘာပြောသလဲ ဆိုတော့ ကျွန်တော်ကတော့ မင်္ဂလာဆောင်ကို သိပ်ခမ်းခမ်းနားနားကြီး လုပ်ပေးနိုင်မှာ မဟုတ်ဘူး။ ဒါပေမယ့် မစောမြင့်ကို တစ်သက်လုံး မပြောင်





မကျေထားနိုင်အောင် ကျွန်တော် ကြိုးစားပါမယ်တဲ့။ ကဲ… အဲဒါ သူ ပထမဆုံးပြောတဲ့ ရည်းစားစကားပဲ'

အန်တီလူးက အကြာကြီးရယ်နေသည်။ ကိုယ်လည်း ဘာမှန်းရေရေရာရာ မသိသော်လည်း လိုက်ရယ်မိသည်။

'အင်း… အတိုချုပ်ကတော့ကွယ်၊ ကြိုက်သွားကြရောပေါ့၊ စောတို့ဘက်က သဘောမတူဘူး၊ ဒါနဲ့ ဖေအောင်က ခိုးပြေးတာ။ နောက်တော့လည်း စောမိဘတွေက ပြန်ခေါ်ပြီး လက်ထပ်ပေးလိုက်တာပါပဲ။ အဲ… မင်းတို့ အဖေက ဘယ်လောက် ဂျစ်ကန်ကန်နိုင်သလဲဆိုရင် မင်္ဂလာဆောင်တဲ့နေ့က တိုက်ပုံအင်္ကျီ မဝတ်ပါဘူးလုပ်နေလို့ မောင်မောင်ကြီးတို့ တော်တော်ပြောယူရသေးတယ်'

အန်တီလူး ဘာဆက်ပြောဦးမလဲလို့ နားထောင်နေသေးသည်။ ဘာမျှထပ်မပြောတော့။ ကိုယ်သိချင်နေတာတွေ ကျန်သေးသည်။ သူကလည်း ပြောတော့မယ့် ပုံမပေါ်။

'နောက်တော့ကော ဘာဖြစ်သေးလဲဟင်'

ဟု ကိုယ် အရဲစွန့်၍ မေးလိုက်သည်။

'နောက်တော့လား၊ ညီညီကို မွေးလာတာပေါ့ကွ'

ဟု ပြောပြီး သူရယ်နေသည်။ ကိုယ့်ဆံပင်များကို သူ့လက်ဖြင့် ပွတ်သပ်ရင်း သူပြောသည်။

'မင်း နောက်တော့ သိလာမှာပေါ့ကွာ'

အိမ်ရှေ့က 'ကလင်'ဆိုသော ခေါင်းလောင်းသံ ကြားသည်။ မေမေပြန်လာပြီ။

■

www.burmeseclassic.com

ကိုယ်က မွေးနေ့လက်ဆောင်အထုပ်ကလေးကို မိခိုင်လက်ထဲ ထည့်လိုက်သည်။ မိခိုင်က 'ဘာတွေလဲ'ဟု မေးသည်။

'သိချင်ရင် ဖွင့်ကြည့်ပေါ့ဟ'

ကိုယ်က ပြောလိုက်သည်။ မိခိုင်က အထုပ်ကို ဖောက်ကြည့်လိုက်သည်။ အထဲက အင်္ကျီပိတ်စကလေး ထွက်လာသည်။ ပန်းရောင်အပွင့်ကလေးတွေနှင့်။ ဘာသားမှန်းတော့ ကိုယ်လည်း မသိ။

'ဟယ်... လှလိုက်တာ'

မိခိုင် အရမ်းပျော်သွားသည်။ ကိုယ်တို့လည်း သိပ်ဝမ်းသာသွားကြသည်။

'ကြည့်ပါဦး ပန်းရောင်ကလေး၊ ဒါ ငါအကြိုက်ဆုံး အရောင်ပဲဟ'

ကိုယ်က မီးမီးနှင့် ကစ်တီတို့ဘက် လှည့်ကြည့်ပြီး ဘယ်နှယ့်လဲဆိုသောသဘောဖြင့် မေးငေါ့ပြလိုက်သည်။ ပြီးတော့ မီးမီးက ကိုယ်တို့ လက်ဆောင်ပေးဖို့ စီစဉ်ကြပုံကို ပြောပြနေသည်။

ကိုယ်တို့ သူငယ်ချင်းတွေ တစ်ယောက် သုံးကျပ်စီစုကြသည်။ ...က်ဘာဝယ်မလဲဟု တိုင်ပင်ကြသည်။ တစ်ယောက်တစ်မျိုး လျှောက်ပြော





ကြ၏။ ကစ်တီက လက်သည်းဆိုးဆေး ဝယ်ပေးချင်သည်။ ကျောင်းကို လက်သည်း ဆိုးမလာရဘူးလို့ တီချာမေက ပြောထားသဖြင့် ဝယ်ပေးလို့ မဖြစ်။ ကိုယ်က မှန်ကလေးတစ်ချပ် ဝယ်ပေးချင်သည်။ မီးမီးက မတော်တဆကျကွဲနေရင် နိမိတ်မကောင်းဘဲနေမည်ဟု ပြောသည်။ တင်အောင်နိုင်က ကင်းဗတ်ဖိနပ်ဝယ်ပေးရအောင်ဆိုသဖြင့် ဝိုင်းဟားကြရသေးသည်။ ဌှုန်ဆင်နှင့် ဇော်ဝင်းကတော့ မင်းတို့ ကြိုက်တာဝယ်ဟု ပြောသည်။ နောက်ဆုံး မီးမီးက အင်္ကျီစတစ်စဝယ်ပေးဖို့ အကြံပေးသည်။ နင်ဝယ်တတ်လို့လားဆိုတော့ ဒါများ ဘာခက်လို့လဲတဲ့။ ဒါနဲ့ပဲ မီးမီးက လူတတ်ကြီးလုပ်ပြီး ဈေးကို ဦးဆောင်ခေါ်သွားသည်။ တကယ့်တကယ် ဝယ်ကြမယ်ဆိုတော့ သူလည်း အိယောင်ဝါးလုပ်နေသည်။ ဘာသား ဝယ်ရမလဲ၊ ဈေးဘယ်လောက်လဲ မသိကြ။ နောက်မှ ကိုယ် သွားသတိရလိုက်၏။ ဟိုတစ်ခါ ဖေဖေ ကိုယ့်ကို လုံချည်လိုက်ဝယ်ပေးသောဆိုင်က အဒေါ်ကြီးဆီ သွားကြသည်။ သူ့ကို အကျိုးအကြောင်းပြောပြပြီး ဝယ်ခိုင်းသည်။ ဝယ်ပြန်တော့လည်း ကိုယ်တို့တစ်တွေ ဘယ်အစ ဝယ်မယ်ဆိုတာ ငြင်းနေကြတာက တော်တော်ကြာသည်။ ဈေးတန်းထဲမှာ ကိုယ်တို့ အသံတွေချည်း။ တခြားလူတွေကပင် ပြုံးစေ့စေ့လုပ်၍ ဝိုင်းကြည့်ကြသည်။ အပွင့်ကလေးတွေ ဝယ်မယ်ဆုံးဖြတ်ပြီးတော့လည်း အရောင်ရွေးကြပြန်သည်။ တင်အောင်နိုင်က အစိမ်းဟု ပြောသည်။ ကစ်တီက အစိမ်းရောင် မပေးကောင်းဘူး စိမ်းကားတဲ့သဘောမို့ဟု ကန့်ကွက်သည်။ မီးမီးက အနီဝယ်ချင်သည်။ ကိုယ်က ငါသိတယ်။ မိခိုင်က ပန်းရောင်ကြိုက်တယ်လို့ ငါ့ကို တစ်ခါပြောဖူးတယ်ဟု ပြောလိုက်သဖြင့် ပန်းရောင်အပွင့်ကလေး ဝယ်ဖြစ်ခဲ့ခြင်း ဖြစ်သည်။

'ဟင်... ညီညီက ငါ ဘာရောင်ကြိုက်တယ်ဆိုတာ မှတ်မိတယ်၊ နင် သိပ်တော်တာပဲ'

ဟုပြောသည်။ ကစ်တီက မိခိုင်ကို မျက်စောင်းထိုးသည်။ မီးမီးက မဲ့ပြသည်။ ဌှုန်ဆင်က...

'ငါ မပြောဘူးလား၊ နောက်ဆုံးတော့ မိခိုင်က ညီညီ့ကိုပဲ ချီးကျူးရမှာပဲလို့'



www.burmeseclassic.com

www.burmeseclassic.com

'အမယ် ဟုတ်တာပြောတာ၊ မဟုတ်ဘူးလား၊ ခု ညီညီ ပြောတဲ့ အရောင်ဝယ်လာလို့ မဟုတ်လား'

'အင်္ကျီစဝယ်ပေးဖို့ အကြံပေးတာက ငါပါနော်'

မီးမီးက ဝင်ပြောသည်။

'အေးပါဟယ်၊ ငါက အားလုံးကို ကျေးဇူးတင်တာပါ'

ကိုယ်တို့ ဆူဆူညံညံ လုပ်နေကြတုန်း မိနိုင်တို့ မေမေအနားရောက်လာသည်။

'ကဲ… ပြီးမှ စကားပြောကြ၊ ခေါက်ဆွဲစားကြရအောင်'

မိနိုင်က အင်္ကျီစကလေးကိုပြပြီး…

'သူတို့ သမီးကို လက်ဆောင်ပေးတာ မေမေရဲ့'

'အေးဟဲ့၊ လှလိုက်တာ'

မိနိုင်တို့ မေမေက ကိုယ်တို့ကို ထမင်းစားခန်းထဲ ခေါ်သွားသည်။ စားပွဲရှည်ကြီးပေါ်မှာ ခေါက်ဆွဲပန်းကန်တွေ ပြင်ထားပြီးပြီ။ ကြက်သားနှင့် အုန်းနို့ခေါက်ဆွဲ။ မိနိုင်တို့ မေမေက ပြောသည်။

'ကဲ… ကြိုက်သလောက် စားကြ၊ ဒေါ်ဒေါ် အပြင်မှာ ထွက်နေမယ်၊ ဒေါ်ဒေါ်ရှိနေရင် ရှက်ပြီး သိပ်မစားကြဘဲ နေဦးမယ်၊ သမီးက လိုတာ ထည့်ပေးနော်'

ဟုပြောပြီး ထွက်သွားသည်။ တင်အောင်နိုင်က…

'နင်တို့အမေက အလိုက်သိတတ်သားပဲ၊ မီးမီးကို စောင်းပြောတာ ဖြစ်ရမယ်'

'အမယ်၊ မျောက်စုတ် မျောက်နှာ၊ နင်သာ အစားပုတ်'

'ကဲ… ကဲ… စားကြလေဟာ'

အုန်းနို့ခေါက်ဆွဲက အရမ်းကောင်းသည်။ တစ်ယောက်ကို နှစ်ပန်းကန်စီထက် ပိုမစားနိုင်ကြ။ အုန်းနို့တွေများလို့ အီပြီး မစားနိုင်ခြင်း ဖြစ်သည်။

ခေါက်ဆွဲစားနေရင်းကျမှ မိနိုင်ကို သတိထားကြည့်မိသည်။ သူသည် ကျောင်းမှာလို အင်္ကျီအဖြူ၊ စကတ်အစိမ်းနှင့် မဟုတ်ချေ။ နိုင်ငံခြားဖြစ် စပို့ရှပ်ပန်းရောင်ကလေးနှင့်။ ပြီးတော့ စကတ်က အနီရဲရဲကလေး။





စားပြီးကြတော့ အိမ်ရှေ့ကိုသွားပြီး ဝိုင်းထိုင်၍ စကားပြောကြသည်။ မိနိုင်က သူဝတ်ထားသော စပို့ရှပ်ကို သူ့ဖေဖေက မွေးနေ့လက်ဆောင်ပေးတာဟု ပြောသည်။ သူ့မေမေကပေးသော သမင်ရုပ်စုဘူးကလေးကိုလည်း ပြသည်။ သူတို့မေမေက ကိုယ်တို့ကို လီမွန်ဘာလီ ဖျော်ရည်တွေ လာတိုက်သည်။ ကိုယ်တို့ စကားတွေပြောနေကြရင်းက 'သီချင်းဆိုကြရအောင်' ဟု မီးမီးက ပြောသည်။ တစ်ယောက်တစ်ပုဒ်စီ ဆိုရမယ်ဟု ဆိုသည်။

'ကိုယ်တော့ မဆိုချင်ဘူး'

ကိုယ်က ပြောသည်။

'ဘယ်ရမလဲ ဆိုရမှာပေါ့'

'ဟင့်အင်း၊ ကိုယ်မှ မဆိုတတ်ဘဲ'

'ရှုပ်ပါတယ်ဟာ၊ အားလုံး ဝိုင်းဆိုမယ်'

သူတို့ မိန်းကလေးတွေက 'နှယ်နယ်းဆံ' သီချင်းကို ပြိုင်တူဆိုကြသည်။ တင်အောင်နိုင်က 'နောက်တစ်ခါ လာပြန်ပြီဟေ့' ဆိုသောနေရာမှာ ဝင်ဆိုသည်။ 'ဟေး ဟေး… ဝါး' ဆိုသော နေရာတွင် ကိုယ်တို့က ဝင်အော်ပေးရ၏။

*'မင်းတို့ ရန်ကုန်မြို့မှာ အချစ်ကို ခါးပိုက်နှိုက်တတ်တာ မောင်မကြားဘူးလို့ မှားခဲ့ပါပြီကွယ်… ရန်ကုန်သူရယ်'*

မင်းယုဇာ၏ သီချင်းကို ကိုယ်တို့ ယောကျ်ားလေးအုပ်စုက ဆိုသည်။ ကိုယ်တို့တစ်တွေ သီချင်းဆိုနေကြတုန်း မိနိုင်တို့ မေမေရောက်လာပြီး ပြုံးပြုံးကြီးကြည့်ရင်း နားထောင်နေသည်။ တင်အောင်နိုင်က ထအော်လိုက်၏။

'ဒေါ်ဒေါ် သီချင်းဆိုပြပါ'

မိနိုင်တို့ မေမေက ရယ်၍…

'ဒေါ်ဒေါ် မဆိုတတ်ပါဘူးကွယ်'

'အမယ်… ဆိုတတ်ပါတယ်၊ မေမေကလည်း မရဘူး ဆိုပြရမှာပဲ'



www.burmeseclassic.com

www.burmeseclassic.com

မိနိုင်က အတင်းဆိုခိုင်းသည်။ ဒီတော့…

‘ကဲ ကဲ… ဆိုပြပါ့မယ်၊ ဘာဆိုရမလဲ ပြော’

‘ဒသလို မိန်းမဆိုပါ’

ရွှန်ဆင်က ပြောသည်။

‘ဟဲ့ စတီရီယိုတော့ ဒေါ်ဒေါ် မရဘူး’

‘ဒါဆို ဟိုဟာလေ မေမေ၊ ဟို… ဘာဆိုခိုင်းရမှန်းတောင် မသိတော့ဘူး’

မိနိုင်က ခေါင်းကုတ်ပြီး စဉ်းစားနေသည်။ ကိုယ်က…

‘သီတဂူသီချင်း ဆိုပြပါ ဒေါ်ဒေါ်’

မိနိုင်တို့မေမေသည် ကိုယ့်ကို အံ့သြသလို လှမ်းကြည့်ပြီး…

‘သားက အဲဒီသီချင်းကို သိလို့လား’

ကိုယ် ခေါင်းညိတ်ပြပြီး…

‘ကိုယ်တို့မေမေ အမြဲဆိုတယ်’

မိနိုင်တို့ မေမေသည် သီတဂူသီချင်းကို ဆိုပြသည်။ အဲဒီ ဒေါ်ဒေါ်အသံကလည်း တော်တော်ကောင်းပါသည်။ သို့သော်လည်း မေမေ ဆိုတာလောက်တော့ မကောင်းဘူးဟု ထင်သည်။ သီချင်းဆုံးတော့လည်း ကိုယ် လှိုက်ခနဲ့ သိပ်မဖြစ်မိ။ လက်ခုပ်တွေ ဝိုင်းတီးလိုက်လို့လား။ ဒေါ်ဒေါ် က မေမေ့လို သီချင်းဆုံးလျှင် သက်ပြင်းကြီးမချဘဲ ပြုံးနေလို့လား မသိ။

ခဏကြာတော့ မိနိုင်တို့ဖေဖေ ရောက်လာသည်။ ကိုယ်တို့အားလုံး ကို ပြုံး၍ နှုတ်ဆက်သည်။ ဒေါ်ဒေါ်က ကိုယ်တို့ လက်ဆောင်ပေးသော အင်္ကျီစကလေးကို ပြသည်။

‘ဟာ… တယ်ဟုတ်ပါလား၊ လှတယ်ဟ၊ ငါတူတွေ တူမတွေက ရွေးတတ်သားပဲ’

ဟုပြောပြီး ကိုယ်တို့ကို တစ်ယောက်စီ လိုက်ကြည့်သည်။ ကိုယ့်ကို မြင်သောအခါ…

‘ဟော့… မင်းက ဟိုတစ်ခါ မိနိုင်ကို ထီးနဲ့ လိုက်ပို့တာ မဟုတ် လား’





‘ဟုတ်ကဲ့၊ ဦးဦး’

‘အေး… ကြည့်စမ်း၊ ငါ့တူက ထွားလာလိုက်တာ၊ ရုတ်တရက်ဆို တော့ မှတ်တောင်မမှတ်မိဘူး၊ ဒါနဲ့ အုန်းနို့ခေါက်ဆွဲစားလို့ ကောင်းကြရဲ့ လား’

‘ကောင်းတယ် ဦးဦး’

‘သိပ်ကောင်းတာပဲ’

‘အေး… ကောင်းမှာပေါ့ကွ၊ မင်းတို့ ဒေါ်ဒေါ်ချက်တာကိုး၊ ဟဲ… ဟဲ…’

ဆိုပြီး ဒေါ်ဒေါ်ဘက်လှည့်၍ မျက်စိမှိတ်ပြသည်။ ဒေါ်ဒေါ်က…

‘မောင်ပဲ ချီးကျူး သိလား’

ဟုပြုံး၍ ပြောသည်။

ကိုယ်သည် မိနိုင်တို့ ဖေဖေနှင့် မေမေကို ငေးကြည့်နေသည်။

*

ကိုယ်တို့တစ်တွေ ထိုင်စကားပြောနေရင်းက ကိုယ်သည် ဗိုက်နာ လာသည်။ စကားကောင်းနေသောကြောင့် ခဏအောင့်ထားကြည့်သော် လည်း မရချေ။ ထို့ကြောင့် ကိုယ်က ‘ခဏနေခဲ့ကြဦး၊ ကိုယ်အိမ်သာသွား ဦးမယ်’ ဟုပြောပြီး ထသည်။ တင်အောင်နိုင်က သူလည်းပါချင်သည်ဆိုပြီး လိုက်လာသည်။

ကျောင်းက အိမ်သာတွင် အခန်းငါးခန်း ရှိသည်။ တစ်ခန်းက ဆရာတွေအတွက်မို့ သော့ခတ်ထားသည်။ ကျန်လေးခန်းထဲက သုံးခန်းက မအားချေ။ တစ်ခန်းပဲ လွတ်သည်။ ကိုယ်က ပြော၏။

‘တင်အောင်နိုင် မင်းခဏစောင့်ကွာ၊ ကိုယ်အရမ်းဗိုက်နာနေပြီ’

‘ဟော့ကောင် မရဘူးကွ၊ ငါလည်း ထွက်တော့မယ်’

‘ဟာ… ပြဿနာပဲ’

‘ဒီလိုလုပ်၊ တို့နှစ်ယောက်စလုံး ဝင်မယ်၊ ကျောချင်းကပ်ထိုင်ကြ ပါတာပေါ့’



www.burmeseclassic.com

www.burmeseclassic.com



‘ဟာ… ဟော့ အေးကွာ’

‘အမယ်… မင်းက ခုမှ ဘာရှက်နေတာလဲ၊ ငါတို့ အရင်ကလဲ ဒီလိုပဲ ပါနေကျ မဟုတ်ဘူးလား’

ပြောပြောဆိုဆို တင်အောင်နိုင်က အိမ်သာထဲဝင်သွားပြီး အပေါက်ဝဘက်ကိုကျောပေး၍ ထိုင်ချလိုက်သည်။ ကိုယ်သည် နှစ်ယောက်ပူးထိုင်ရမှာကိုလည်း ရှက်နေသည်။ ဗိုက်ကလည်း မနေနိုင်အောင် နာလာပြီ။

‘ဟော့ကောင်… ဝင်ချင်လည်းဝင်၊ မဝင်ရင်လည်း တံခါးပိတ်လိုက်’

တင်အောင်နိုင်က ပြောသည်။ ကိုယ်လည်း မတတ်နိုင်သောကြောင့် အထဲဝင်ပြီး သူနှင့် ကျောချင်းကပ်ထိုင်ချလိုက်ရသည်။ တံခါးကိုလည်း ပိတ်လိုက်၏။

ကိုယ်သည် ဘယ်လိုဖြစ်နေမှန်း မသိ။ အရင်ကဆိုလျှင် တခြားအိမ်သာခန်းတွေ အားနေတာတောင် တစ်ယောက်တစ်ခန်းစီ မဝင်ကြ။ တစ်ခန်းတည်း တူတူ ခုလိုထိုင်ပြီး ပါတတ်သည်ကများ၏။ ခုကျတော့ တစ်မျိုးပဲ။ ကိုယ်သည် တင်အောင်နိုင့်ကို ရှက်နေမိသည်။ ဗိုက်က နာနေသော်လည်း မထွက်ဘဲ ဖြစ်နေသည်။ အရမ်းလွတ်ချလိုက်လျှင် အသံထွက်သွားမှာကို စိုးရိမ်နေ၏။ တဖြည်းဖြည်းချင်း ထိန်းပြီးသွားမှ နည်းနည်းအဆင်ပြေသွားသည်။

ခဏကြာတော့ တင်အောင်နိုင်က ကိုယ့်ကို မေးသည်။

‘ညီညီ၊ မင်းကို ငါ တစ်ခုမေးစရာ ရှိသေးတယ်’

‘ဘာလဲကွ’

‘ခုတစ်လော မင်း ဘာဖြစ်နေသလဲ မသိဘူး’

‘ဘာဖြစ်လို့လဲ တင်အောင်နိုင်ရ’

‘တစ်မျိုးပဲကွ၊ မင်းကြည့်ရတာ၊ တစ်ခါတစ်ခါကျရင် ငိုင်ပြီး ဘာတွေစဉ်းစားနေမှန်း မသိဘူး၊ ငါတို့ သူငယ်ချင်းတွေနဲ့လည်း အရင်လို အမြဲတမ်းတွဲမနေတော့ဘူး၊ မိခိုင်နဲ့လည်း ထမင်းသွားမစားတော့ဘူးဆို’

‘အေး’





‘ဘာဖြစ်လို့လဲကွ’

ကိုယ် ခဏစဉ်းစားလိုက်သည်။ ပြီးမှ…

‘မသိပါဘူးကွာ’

‘ဟင်… မင်းဟာကလဲ ကိုယ့်ဟာကိုယ်တောင် မသိဘူးလား’

‘အေး… ကိုယ်တို့ မသိသေးတာတွေ အများကြီးမဟုတ်လား’

ကိုယ်ပြောတာကို သူနားလည်သွားလို့လား၊ နားမလည်လို့လား မသိ။ ကိုယ့်ကို ထပ်မမေး။ ကိုယ်က…

‘တင်အောင်နိုင် မင်းပြီးပြီလား’

‘ကြာလှပြီ၊ မင်းပါတာ စောင့်နေတာ’

‘ကိုယ်လည်းပြီးပြီ၊ အပြင်ထွက်ရအောင်ကွာ၊ ဒီထဲက သိပ်နံတာပဲ’

‘အမယ်၊ ကိုယ်ချေးကိုယ် ပြန်နံနေတယ်’

ဟုပြောပြီး တင်အောင်နိုင် ရယ်သည်။ ကိုယ်တို့အပြင်ထွက်ပြီး စိန်ပန်းပင်ကြီးဘက်သို့ ပြန်လျှောက်လာကြ၏။ လမ်းမှာ တင်အောင်နိုင် ထပ်ပြောပြန်သည်။

‘မင်း မိခိုင်နဲ့ ထမင်းတူတူမစားတော့ပေမယ့် တစ်ခါတလေကျရင် မင်းတို့ နှစ်ယောက်တည်း သွားသွားထိုင်ကြတယ် မဟုတ်လား’

ကိုယ်က ဘာမျှပြန်မပြောဘဲ နေလိုက်သည်။

‘အဲဒါ သူများတွေက ပြောကြတယ်ကွ’

‘ဟာ… ဘာတွေပြောကြလဲ’

ကိုယ်က အလန့်တကြား မေးမိသည်။ တင်အောင်နိုင်က ပြုံး၍…

‘မင်းတို့ နှစ်ယောက်က တစ်ခုခု ဖြစ်နေကြတယ်တဲ့’

‘ဘာဖြစ်နေကြလို့လဲ’

‘ဒါတော့ ငါလည်း မသိဘူး၊ သူတို့ ပြောသလို ပြောရတာ’

ကိုယ်တို့က ဘာဖြစ်နေကြတာလဲ။ ကိုယ်လည်း မသိ။

‘အဓိပ္ပာယ် မရှိတာကွာ၊ ကိုယ်တို့ဘာသာတောင် ဘာဖြစ်နေမှန်း မသိဘဲနဲ့ သူတို့က သိမလားကွ’



www.burmeseclassic.com

www.burmeseclassic.com



'အေးလေကွာ၊ သူတို့ကလည်း ဘာဖြစ်နေကြမှန်း မသိဘူး။ မင်းတို့နှစ်ယောက် တစ်ခုခု ဖြစ်နေကြတယ်လို့ ပြောတာပဲဟာ'

'ဟာ… ရှုပ်လိုက်တာကွာ'

'ငါထင်တာ တစ်ခုပြောပြမယ် ညီညီ'

ကိုယ် တင်အောင်နိုင့်ကို ဖျတ်ခနဲ ကြည့်လိုက်၏။

'မင်းတို့နှစ်ယောက်က သူငယ်ချင်းတွေကိုပစ်ထားပြီး လစ်သွားကြတော့ ဘော်ဒါတွေကို မခင်သလို ဖြစ်နေတာပေါ့၊ မင်းတို့နှစ်ယောက်ထဲခင်သလိုဖြစ်နေတာပေါ့'

'အေးကွာ… ဆောရီးပဲ၊ ကိုယ်လည်း ဘာမှန်းမသိပါဘူး။ သူဟာသူ ဖြစ်သွားတာပဲ'

အားကစားရုံကြီးနားက ဖြတ်လျှောက်လာသောအခါ မိနိုင်နှင့်ထမင်းတူတူစားခဲ့ပုံကို သတိရသည်။ မိနိုင်တို့ မေမေကိုရော သတိရသည်။ ပြီးတော့… မိနိုင်မွေးနေ့။ မိနိုင်တို့ ဖေဖေနှင့်မေမေ။

လျှောက်နေရာမှ ကိုယ်ရပ်လိုက်သည်။

'တင်အောင်နိုင်'

'ဘာလဲ'

'မင်းတို့ အဖေနဲ့ မင်းတို့အမေ ရန်ဖြစ်ဖူးသလားကွ ဟေ'

သူ ကြောင်သွားသည်။

'ကိုယ် မေးတာသာ ဖြေစမ်းပါကွာ'

'မင်းကလဲကွာ၊ တစ်ခါတလေတော့ ဖြစ်တာပေါ့'

'ရန်ဖြစ်ပြီးရင် ပြန်ခေါ်ကြသလား'

'ဟင်'

'ဒီလိုလေကွာ၊ ရန်ဖြစ်ပြီး နောက်တော့ စိတ်ဆိုးပြေသွားတဲ့အခါ စကားတွေဘာတွေ ပြန်ပြောကြသလားလို့'

'ဟာ… ပြောရုံဘယ်ကမလဲကွ'

'ဟင်… ဘာဖြစ်သေးလို့လဲ'

'ဒီလိုကွာ… တစ်ခါတုန်းကပေါ့။ ငါတို့ အဖေနဲ့အမေ ရန်ဖြစ်ကြ





ရော။ ပြီးတော့ တစ်နေ့လုံး စကားမပြောကြဘူး အဲဒါညနေကျတော့ မေမေက သူတို့အခန်းထဲမှာ မအိပ်ဘူး။ အပြင်မှာ ဖျာကလေးခင်းပြီး ထွက်အိပ်တယ်။ နောက်တော့ ငါလည်း အိပ်ပျော်သွားတာပေါ့ကွာ။ ငါတရေးနိုးလို့ သေးထပေါက်တော့ သူအိပ်တဲ့နေရာမှာ မေမေ မရှိတော့ဘူးကွ။ အဲဒါနဲ့ ငါလည်း သူတို့အခန်းထဲကို အသာလေးချောင်းကြည့်တော့ ဟားဟား… ဘာပြောကောင်းမလဲ'

'ဘာဖြစ်လို့လဲကွ'

'ဖေဖေက မေမေ့လက်ကိုကိုင်ပြီး ချော့နေတာကွ၊ ပြီးတော့ နဖူးကိုလည်း နမ်းသေးတယ် ဟေဟေ့'

တင်အောင်နိုင်က ရယ်နေသည်။ ကိုယ်က မရယ်မိ။ မိနိုင်မွေးနေ့တုန်းက မိနိုင်တို့ ဖေဖေနဲ့ မေမေကို သွားသတိရသည်။ ပြီးတော့ ကိုယ့်ဖေဖေ။ ကိုယ့်မေမေ။

■



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်သည် ပြတင်းပေါက်ဘောင်ပေါ်၌ လက်ကိုထောက်၍ မေးတင်ပြီး အပြင်ကို ငေးကြည့်နေသည်။ မေမေ့ကို စောင့်နေခြင်းပင် ဖြစ်ပါသည်။ မေမေသည် ခုတစ်လော ရုံးဆင်းဆင်းချင်း အိမ်ကို တန်းပြန်မလာတတ်ချေ။ ညကျမှပင် ပြန်ပြန်လာတတ်သည်။

အိမ်ရှေ့ရှိ တိုင်ကပ်နာရီကြီးမှ နာရီသံ ခုနစ်ချက်ကြားရသည်။ မေမေ ပြန်မလာသေးချေ။ သီချင်းဆိုလျှင် ကောင်းမလားဟု စဉ်းစားမိသည်။ သို့သော်လည်း မဆိုချင်။ မေမေဆိုသော သီချင်းများကိုလည်း ကိုယ် မဆိုတတ်။ ကိုယ်ရသော သီချင်းတွေကိုလည်း မဆိုချင်။ နောက်တော့ မေမေ ဆိုနေကျသီချင်းများကိုပင် စိတ်ထဲက ဆိုကြည့်နေမိသည်။

မေမေ ဘယ်ကိုသွားနေသောကြောင့် အိမ်ပြန်နောက်ကျရကြောင်း ကိုယ်သိပါသည်။ ပထမဆုံး မေမေအိမ်ပြန်နောက်ကျသောညက 'မေမေ ဘယ်သွားနေတာလဲ'ဟု မေးရာ 'ကိစ္စရှိလို့ပေါ့ သားရယ်'ဟူ၍သာ ပြန်ဖြေခဲ့လေသည်။ နောက်တော့ နှစ်ရက်သုံးရက်ဆက်၍ အိမ်ပြန်နောက်ကျလာခဲ့သောအခါ ကိုယ်ထပ်၍ မေးပြန်သည်။ ထိုအခါကျမှ မေမေက ရုံးဆင်းလျှင် တရားပွဲသွားကြောင်းကို ပြောပြပါသည်။





နောက်တစ်နေ့ကျသောအခါ ကျောင်းဆင်းချိန်တွင် ကိုယ်အိမ်မပြန်ဘဲ မေမေအလုပ်လုပ်သော ရုံးရှေ့မှာ သွားစောင့်သည်။ မေမေ ရုံးဆင်းလာလို့ ကိုယ့်ကိုတွေ့သောအခါ . . .

'ဟဲ့ . . . သား၊ ဘာဖြစ်လို့ လာစောင့်နေတာလဲ'

'ကိုယ်လည်း မေမေနဲ့ တရားပွဲလိုက်မလို့'

မေမေကပြုံးပြီး . . .

'သားရဲ့ . . . တရားပွဲက သားနဲ့ မဆိုင်သေးပါဘူးကွယ်၊ ဟိုရောက်ရင် သားပျင်းနေမှာပဲ'

'အိမ်မှာ တစ်ယောက်တည်းနေရတာက ပိုတောင်ပျင်းသေးတယ် မေမေရဲ့'

မေမေက ဘာမျှမပြောတော့ဘဲ ကိုယ့်ကို တရားပွဲခေါ်သွားသည်။ လမ်းမှာ ကိုယ်တို့ ဆီချက်ခေါက်ဆွဲ ဝင်စားကြသေးသည်။ တရားပွဲသည် ဘုရားစောင်းတန်းရှိ ဇရပ်ထဲမှာ ဖြစ်သည်။ တရားပွဲလာသူတို့မှာ အဘိုးအိုအဘွားအိုကြီးတွေသာ များပါသည်။ မေမေတို့အရွယ်မိန်းမကြီးတွေ လေးငါးယောက်လောက်သာ ပါသည်။ ဖေဖေတို့အရွယ်လူကြီးတွေတော့ တစ်ယောက်မျှ မပါချေ။ ကိုယ်တို့အရွယ်ဆိုလို့ ကိုယ်တစ်ယောက်တည်းသာ ပါသည်။ တရားပွဲလာကြသူများ၏ မျက်နှာများမှာ ပျော်ပျော်ရွှင်ရွှင်လည်း မရှိကြ။ ဟက်ဟက်ပက်ပက် ရယ်မောသည်ကိုလည်း မတွေ့ရ။ တစ်ယောက်နှင့်တစ်ယောက် နှုတ်ဆက်သောအခါ ပြုံးရုံကလေး ပြုံးပြကြပြီး စကားပြောလျှင်လည်း တိုးတိုးကလေးသာ ပြောကြလေသည်။

တရားပွဲစသောအခါ ခေါင်းပေါင်းပေါင်းထားသော အဘိုးကြီးတစ်ယောက် ဝင်လာသည်။ ဟိုးရှေ့ဆုံးက အဝါရောင် ကော်ဇောကြီးပေါ်မှာ ထိုင်သည်။ နောက် ဘုရားရှိခိုးကြသည်။ ပြီးလျှင် ထိုအဘိုးကြီးက တရားဟောလေသည်။ သူ့တရားကို ကိုယ်နားမလည်ပါ။ ဒုက္ခရောက်တာတွေလည်း ပါသည်။ လူ၏ ကိုယ်သည် အရိုးတွေဟုလည်း ပြောသည်။ သေနပ်ခါးလိမ်းထားပေမယ့် မမွှေးဘူးတဲ့။ ပုပ်စော်နံသည်ဆိုသော အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



လည်း ပြောသည်။ ကိုယ်သည် နားထောင်ရင်း နားထောင်ရင်း ကြောက်လာလေသည်။

နောက်နေ့များတွင် တရားပွဲသို့ ကိုယ် လိုက်မသွားတော့ချေ။

ခုနစ်နာရီခွဲကာနီးကျမှပင် မေမေပြန်လာသည်။ ကိုယ်သည် ခုတင်ပေါ်မှ ဆင်း၍ အိမ်ရှေ့တံခါးဆီသို့ ပြေးသွားသည်။ တံခါးကို မြန်မြန်ဖွင့်သည်။ မေမေ ဝင်လာသောအခါ ဆီး၍ ဖက်ထားလိုက်သည်။

မေမေက ကိုယ့်ကို ပြုံး၍ ငုံ့ကြည့်သည်။ မေမေ့မျက်နှာမှာ ခါတိုင်းတုန်းကလို တစ်ခုခုကို လွမ်းနေသလိုလို ဖြစ်မနေတော့ပါ။ ပြီးတော့ ရယ်ရယ်မောမော၊ ပျော်ပျော်ရွှင်ရွှင်လည်း မဟုတ်ပါ။ ဘယ်လိုမျိုးဆိုတာတော့ တိတိကျကျ ပြောမပြတတ်။ တရားပွဲတွေမှာ တွေ့ဖူးရသော မိန်းမကြီးများ၏ မျက်နှာမျိုးပင် ဖြစ်လေသည်။

တရားပွဲတွေ သွားနားထောင်ပြီး နောက်ပိုင်းတွင် မေမေ ဒီလိုဖြစ်လာခြင်းဟု ထင်ပါသည်။ ဒီလို မျက်နှာမျိုးကို ကိုယ်သိပ်တော့ မကြိုက်လှပါ။ ပျော်ပျော်ရွှင်ရွှင်သာ မြင်ချင်ပါသည်။ သို့သော်လည်း ခါတိုင်းတုန်းကလို တစ်ခုခု ဝမ်းနည်းနေသလို မျက်နှာမျိုးနှင့်စာလျှင် ခုလို တရားပွဲမျက်နှာမျိုးကမှ တော်သေးသည်ဟု ထင်သည်။ ထို့ကြောင့် မေမေ့ကို တရားပွဲမသွားဘဲ အိမ်ကို စောစောပြန်လာဖို့ပင် မပြောဖြစ်တော့ပါ။

ရေမိုးချိုး၊ အဝတ်လဲ၊ ထမင်းစားပြီးတော့ မေမေ အိပ်ရာပေါ်မှာ ခဏလှဲသည်။ ကိုယ်လည်း မေမေ့ဘေးနားမှာ ဝင်လှဲနေလိုက်သည်။

မေမေ့ကို ကိုယ်မေးချင်တာတွေ အများကြီး။ ဦးလေးမောင်မောင်ကြီးနှင့် မေမေ။ ပြီးတော့ အန်တီလူးနှင့် မေမေပြောကြသည့် စကားတွေအကြောင်း၊ ဟိုတစ်ခါတုန်းက အိပ်မက်လိုလို၊ ငယ်ငယ်တုန်းက အကြောင်းတွေ သတိရသလိုလို ဖြစ်ခဲ့ဖူးသည့်အကြောင်း၊ ခုတလော ဖေဖေသည် နှစ်ရက်၊ သုံးရက်ဆက်၍ အိမ်ကို ပြန်မလာဘဲ နေတတ်သည့် အကြောင်း အရင်ကလည်း ဖေဖေရန်ကုန်ဆင်းသွားလျှင် နှစ်ရက်၊ သုံးရက် ကြာတတ်တာပါပဲ။ သို့သော်လည်း ခုဟာက ရန်ကုန်သွားတာ မဟုတ်။ ကိုယ်တို့မြို့မှာပဲ ရှိနေလျက်နှင့် အိမ်မပြန်ဘဲ အလုပ်ရုံမှာ နေနေတာ၊ တစ်ရက်တလေ





ကျမှ အိမ်ပြန်လာသည်။ ပြန်လာလျှင်လည်း ယူစရာရှိတာ ယူပြီး ပြန်ထွက်သွားတတ်သည်။ ပြီးတော့ ဖေဖေနှင့် မေမေသည် ရန်ဖြစ်ထားကြသလား။ ရန်ဖြစ်တာဆိုလျှင်လည်း ခုလောက်ကြာအောင် ပြန်မခေါ်ကြဘဲ ဘာလို့နေကြတာလဲ။ ကိုယ် အဲဒါတွေ မေးချင်သည်။ မေးလိုက်ပြန်လည်း မေမေစိတ်မကောင်းများ ဖြစ်သွားမလားဟု ထင်နေမိပြန်သည်။ မေးချင်နေသော စိတ်ကလည်း တားလို့ပင် မရနိုင်။

ကိုယ်သည် မေမေ့လက်မောင်းကို ဆုပ်ကိုင်၍ ဖက်ထားလိုက်ပြီး မေမေ့ပခုံးပေါ်မှာ မှီထားလိုက်သည်။ မေမေက ကိုယ့်ကို စောင်းပြီး ငုံ့ကြည့်၏။

'မေမေ'

မေမေသည် နည်းနည်းပြုံးပြီး . . .

'ဘာလဲ သားရဲ့'

ကိုယ်သည် ဘယ်ကနေ ဘယ်လိုစ၍ မေးရမှန်း မသိ။ ပြောချင်တာတွေကများပြီး ပြောစရာစကား ရှာလို့မရ။ ကိုယ်သည် စကားတစ်ခွန်းကို လွှတ်ခနဲ ပြောမိသည်။

'ကိုယ့်ကို ချစ်ရဲ့လားဟင်'

မေမေသည် 'ချစ်တာပေါ့ သားရဲ့'ဟု ပြောပြီးမှ ဘာကို သတိရသွားသလဲ မသိ။ မျက်နှာတစ်မျိုး ဖြစ်သွားသည်။ ကိုယ့်ဆံပင်များကို လက်ဖြင့် ပွတ်သပ်ပြီး . . .

'ဘာဖြစ်လို့ မေးတာလဲ သားရယ်'

မေမေ့အသံသည် တုန်နေ၏။ မေမေ့မျက်နှာသည် တရားပွဲတွေ မသွားခင် ဟိုအရင်လို မျက်နှာမျိုး ပြန်ဖြစ်လာကာနီးပြီဟု ထင်သည်။ မေမေ ဘာဖြစ်သွားမှန်း ကိုယ်မသိ။ ကိုယ်မေးမှာကို မပြောဘဲ သိသွားသလားဟု စိုးရိမ်သွားမိပြန်သည်။ ထို့ကြောင့် ကိုယ်မေးချင်နေတာတွေကို မမေးတော့ဘဲ မေမေ့လက်မောင်းပေါ်တွင် မျက်နှာကို အပ်၍ ငြိမ်နေလိုက်သည်။

ခဏကြာသောအခါ မေမေ့တရားစာ ရွတ်ဖတ်သံကို ကြားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မေမေသည် ခုခါတွင် အရင်ကလို သီချင်းတွေ မဆိုတော့။ ညတိုင်း တရားစာတွေချည်းပဲ ရွတ်သည်။ တရားစာရွတ်ဖတ်သံသည် အရင်ကလို လွမ်းစရာ သီချင်းသံ မဟုတ်သော်လည်း ကိုယ့်ကို ဘာကြောင့် လှိုက်ခနဲ ဖြစ်သွားစေရပြန်တာလဲ။

*

ကိုယ်ကျောင်းက ပြန်လာသောအခါ အိမ်မှာထုံးစံအတိုင်း ဆော်လီမား တစ်ယောက်တည်း ရှိသည်။ သူကလည်း ကိုယ့်ကို ထမင်း၊ ဟင်း မြန်မြန်ထည့်ပေးပြီး ပြန်သွားသည်။ ကိုယ်တစ်ယောက်တည်း ကျန်ခဲ့၏။

ကိုယ်သည် ထမင်းကို စိတ်မပါဘဲ စားနေရသည်။ ခုမှ မဟုတ်။ ရန်ကုန်က ဘွားမေသိန်းတို့ဆီက ပြန်လာပြီးကတည်းက ကိုယ်ထမင်းစားလို့ သိပ်မကောင်းချေ။ ခုလည်း ထမင်းတစ်ပန်းကန်ကို ကုန်အောင် မနည်းကြိတ်မှိတ်ပြီး စားရသည်။ ဆိတ်သားဟင်းတစ်တုံး ခပ်ထည့်ထားပြီး ထပ်မထည့် ဖြစ်။ မန်ကျည်းသီးဟင်းချိုကို ကိုယ်သောက်မှ သောက်မိပါရဲ့လား မသိပါ။

တစ်ချက် တစ်ချက်ထမင်းစားနေတာကို မေ့ပြီး လျှောက်စဉ်းစားနေမိသည်။ ကိုယ်သိချင်နေတာတွေမှာ မသိရတာက များသည်။ နားမလည်နိုင်တာတွေသာ နောက်ထပ် တစ်ခုပြီး တစ်ခုတိုးလာသည်။ အန်တီလှူးက တစ်ခါက ကိုယ့်ကို ပြောပြတော့ ပြောပြသည်။ သို့သော်လည်း ကိုယ်သိချင်နေသော အပိုင်းမပါချေ။ ကိုယ်သည် ဦးလေးမောင်မောင်ကြီးကို သွားသတိရမိသည်။ သူရှိလျှင် ကိုယ့်ကို ရှင်းပြမည်လား မသိ။

ထမင်းဆက်မစားတော့ဘဲ ထလိုက်သည်။ လက်သွားဆေးပြီး လက်သုတ် ပဝါယူဖို့ စားပွဲကို ပြန်လာသည်။ ထမင်းပန်းကန်ထဲမှာ ထမင်းတော်တော်ကျန်သေးသည်။ ဒီအတိုင်းထားခဲ့လို့ မေမေမြင်သွားလျှင် မေးနေဦးမည်။ ပန်းကန်ကို ယူပြီး ထမင်းတွေကို သွန်လိုက်သည်။ ပန်းကန်ကို ရေဇလုံထဲ ပစ်ထည့်လိုက်ပြီး ထွက်လာခဲ့သည်။

စာကျက်ရဦးမည်ဟု စဉ်းစားပြီး စာရေးစားပွဲသို့ လာခဲ့သည်။ စားပွဲမှာထိုင်ပြီးမှ လွယ်အိတ်က အိပ်ခန်းထဲမှာဖြစ်ကြောင်း သတိရသည်။





ထမယူဖြစ်သေးဘဲ ဒီအတိုင်းထိုင်နေမိပြန်၏။ ကိုယ်သည် ကျောင်းစာကိုတော့ မကျက်ဘဲ မနေမိအောင် ကြိုးစားရသည်။ တစ်ခုတော့ရှိသည်။ အရင်ကဆိုလျှင် စာတစ်ပုဒ်ကို ခဏလေးနှင့် ရသည်။ သင်္ချာတွက်လျှင်လည်း ချက်ချင်းပြီးသည်။ ခုတစ်မျိုး ဖြစ်နေသည်။ စာကျက်နေရင်းက တခြားအကြောင်းတွေ သွားစဉ်းစားနေမိသည်။ တစ်ခါတလေ သင်္ချာတွက်နေရင်း ဖောင်တိန်ကို ကိုင်ပြီး ငိုင်နေမိသည်။ သတိရ၍ ပြန်တွက်သောအခါ ဖောင်တိန်က မှင်ခြောက်ပြီး မလိုက်တော့သဖြင့် မှင်ခါရသည်မှာ ခဏခဏပင်။

လွယ်အိတ်သွားယူမည်ဟု ကိုယ်တို့ အိပ်ခန်းဆီသို့ လျှောက်လာသည်။ ဖေဖေ့အခန်းနားက ဖြတ်လျှောက်မိသောအခါ အပေါက်ဝကို လှမ်းကြည့်မိသည်။ ဖေဖေ့အခန်းသည် တံခါးပိတ်မထား။ နည်းနည်းဟနေသည်။ တံခါးအောက်မှ စာရွက်အပိုင်းကလေးတစ်ရွက် ထွက်နေသည်။ အဲဒီကို လျှောက်သွားပြီး စာရွက်ကိုယူ၍ ဖြန့်ကြည့်လိုက်သည်။

'အလုပ်ရုံ၏ စုစုပေါင်းတန်ဖိုး'

ဟု အပေါ်ဆုံးက ရေးထားပြီး အောက်က စက်ကရိယာတွေရဲ့ တန်ဖိုးကို တစ်ခုစီ တွက်ထားသည်။ အောက်ဆုံးက 'စုစုပေါင်း ရှစ်သောင်းသုံးထောင်ကျပ်' ဟု ရေးထားသည်။

ကိုယ့်စိတ်တွင် လုပ်ချင်တာတစ်ခု ဖြစ်လာသည်။ ဖေဖေ့အခန်းထဲကို ဝင်ကြည့်ချင်စိတ် ဖြစ်လာခြင်းပင်။ ကိုယ်သည် ဦးလေးမောင်မောင်ကြီးခါသောကြောင့် စာကြည့်ခန်းထဲ တစ်ခါရောက်ဖူးသည်။ စာကြည့်ခန်းရဲ့ ဟိုဘက်မှာ ဖေဖေအိပ်သော နေရာရှိသည်။

အထဲကို ဝင်ကြည့်ချင်စိတ်က အရမ်းပဲ။ ကိုယ်အထဲရောက်နေတုန်း ဖေဖေရောက်လာမှာကိုလည်း ကြောက်နေမိသည်။

အရဲစွန့်ပြီး တံခါးကို အသာလေးတွန်းလိုက်၏။ ကျွီခနဲ မြည်သွားသဖြင့် ကိုယ်လန့်သွားသေးသည်။ စာကြည့်ခန်းထဲကို ဝင်လိုက်သည်။ စာကြည့်ခန်းဆိုသော်လည်း စာအုပ်တွေ ဘာတွေ သိပ်များများမရှိပါကတော့ မဆန်း။ ဖေဖေသည် ဝတ္ထုတွေ၊ ဘာတွေ ဖတ်လေ့မရှိ။ သူ့



www.burmeseclassic.com

www.burmeseclassic.com



စက်ကရိယာတွေနှင့် ဆိုင်သော စာအုပ်တွေသာ ရှိသည်။ စာကြည့်ခန်းသည် အရင်တစ်ခေါက် ဦးလေးမောင်မောင်ကြီးနှင့် လိုက်ဝင်ခဲ့ရတုန်းကလောက် မရှုပ်တာကို တွေ့ရသည်။ အဲဒီတုန်းက စာကြည့်ခန်းထဲမှာ စက်ပစ္စည်း အစိတ်အပိုင်းတွေ ဟိုတစ်စ ဒီတစ်စ တွေ့ရသေးသည်။ ခု အဲဒါတွေ မတွေ့ရ။ စာကြည့်ခန်းနှင့် အိပ်ခန်းကို ကြားထဲက စာအုပ်စင်တစ်ခုနှင့် ဗီရိုတစ်လုံးခြား၍ ကာထားသည်။

အိပ်ခန်းထဲ ဝင်ကြည့်ချင်စိတ်ကို တားလို့မရတော့။ ကိုယ်ခြေလှမ်း ပြင်လိုက်သည်။

'မဝင်နဲ့'

အိပ်ခန်းအဝင်ဝက ဗီရိုမှာကပ်ထားသော စာကို မြင်လိုက်သော အခါ ဖေဖေ့ကို မြင်ရသလို ဆတ်ခနဲ တုန်သွားသည်။ စိတ်ကို တင်း၍ အခန်းထဲ ဝင်လိုက်သည်။

ဖေဖေ့အိပ်ရာသည် မခင်းဘဲထားတာ ကြာသောကြောင့် ဖြစ်မည်။ ရှုပ်ပွပေကျံနေသည်။ ခြင်ထောင်ကလည်း တစ်ခြမ်းပဲ တင်ထားသည်။ ခေါင်းအုံးတစ်လုံးက ခုတင်ပေါ်မှာ ခေါက်ချိုးရှိနေပြီး တစ်လုံးက ကြမ်းပေါ် ကျနေသည်။ ခေါင်းအုံးစွပ်တွေကလည်း မည်းတူးနေတာပဲ။ အိပ်ရာခင်းက တွန့်လိပ်ပြီး အောက်က အိပ်ရာတစ်ဝက်လောက် ပေါ်နေသည်။ စောင်က လည်း ထောင့်တစ်ထောင့်မှာ လုံးထွေးနေ၏။ ကြမ်းပေါ်မှာလည်း ဆေးလိပ် ပြာတွေ ပြန့်ကျဲနေသည်။

ခုတင်ဘေးမှာ စားပွဲတစ်လုံးနှင့် ကုလားထိုင်တစ်လုံး ရှိသေး သည်။ စားပွဲပေါ်မှာ ဝါယာကြိုးစတွေ၊ စက္ကူစုတ်တွေ၊ သံတိုသံစလေးတွေ ရှုပ်ယှက်ခတ်နေလေသည်။ ကြမ်းပေါ်ကျနေသော ခေါင်းအုံးကို ပြန်တင်ပေး မည်ဟု ကိုင်လိုက်ပြီးမှ ပြန်တင်လိုက်လျှင် အခန်းထဲကို ကိုယ်ဝင်ကြောင်း ဖေဖေသိသွားနိုင်သည်ဟု တွက်လိုက်ပြီး ဒီအတိုင်းထားလိုက်၏။

စားပွဲမှာ အံဆွဲနှစ်လုံးရှိသည်။ တစ်လုံးက သော့ခတ်ထား၏။ တစ်လုံးက သော့မရှိ။ ကိုယ်သည် သော့မရှိသော အံဆွဲကို ဆွဲဖွင့်လိုက် မိသည်။ အထဲမှာလည်း စားပွဲပေါ်မှာလိုပင် သံတိုသံစ၊ ဝါယာကြိုးစ၊





စက္ကူစုတ်တွေ။ ပြီးတော့ မှောက်လျက်သား ရှိနေသော ဓာတ်ပုံမှန်ဘောင် တစ်ခု။ ကိုယ်ယူပြီး ကြည့်လိုက်သည်။

ကိုယ်တို့မိသားစု ဓာတ်ပုံ၊ ဖေဖေရယ်၊ မေမေရယ်၊ ကိုယ်ရယ်၊ ဖေဖေက ကိုယ့်ကို ချီထားသည်။ မေမေက ကိုယ့်ကို ကြည့်ပြီး ရယ်နေ သည်။ ကိုယ်ကလည်း မေမေ့ကို ပြန်ကြည့်၍ ရယ်နေသည်။ ဖေဖေကတော့ ရှေ့တည့်တည့်ကို ကြည့်နေသည်။ ဖေဖေ့မျက်နှာက ပြုံးမနေသော်လည်း ခပ်တည်တည်ကြီး မဟုတ်။ ပျော်နေကြောင်း သိသာသည်။ ကိုယ်သည် ဓာတ်ပုံထဲမှာ အသက်နှစ်နှစ်၊ သုံးနှစ်လောက် ရှိမည်ထင်သည်။

ဓာတ်ပုံကလေးကို ကြည့်လို့ပင် မဝနိုင်။ အဲဒီအခါတုန်းက ဘယ် လောက်များ ပျော်စရာကောင်းလိုက်မလဲ။ ဖေဖေနှင့် မေမေတို့သည် စကား ပြောကြမှာ သေချာသည်။ တစ်ယောက်နှင့် တစ်ယောက်သိပ်ချစ်ကြမှာပဲ။

ဖေဖေနှင့် မေမေသည် တစ်ယောက်နှင့် တစ်ယောက်ပြုံးပြီး ကြည့် နေကြသည်။ ကိုယ့်မွေးနေ့အတွက် အုန်းနို့ခေါက်ဆွဲ ကျွေးသည်။ ဖေဖေက ကိုယ့်အတွက် စပို့ရှပ်အင်္ကျီကလေးတစ်ထည် လက်ဆောင်ပေးသည်။ မေမေ က သမင်ရုပ်စုဘူးကလေး ပေးသည်။ ဖေဖေက ကိုယ့်သူငယ်ချင်းတွေကို 'အေး··· ကောင်းမှာပေ့ါကွ၊ မင်းတို့ ခေါ်ခေါ်ချက်တာကိုး'ဟု ပြောသည်။ မေမေက 'မောင်ပဲချီးကျူး သိလား'ဟု ပြန်ပြောပြီး ရယ်သည်။ ဖေဖေက မေမေ့နဖူးကို နမ်းသည်။

တကယ့် တကယ်တော့ အဲဒါတွေဟာ ကိုယ်စိတ်ကူးယဉ်ကြည့်ရ တာပါ။ အဲဒီလို ပျော်စရာကောင်းတာတွေကို ကိုယ်မမှတ်မိ။ ကိုယ်စပြီး မှတ်မိတာက လေထဲမှာ ဝဲပြီး ပြတင်းပေါက်မှန်ကို ခွဲထွက်သွားတဲ့ ပန်းကန် ပြား၊ ဓာတ်ပုံထဲက လူများသည် ဖေဖေ၊ မေမေ၊ ကိုယ်တို့နှင့် မတူဘူးဟု ထင်လာသည်။

တစ်ယောက်ယောက်က ကိုယ့်ပခုံးပေါ် လက်လာတင်လိုက်သော ကြောင့် ထိတ်ခနဲ တုန်သွားသည်။ ကိုယ်လှည့်မကြည့်ရဲ။

'ညီညီ'



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးမောင်မောင်ကြီးရဲ့ အသံ၊ ကိုယ် လှည့်ကြည့်သည်။ ဦးလေးမောင်မောင်ကြီးက ကိုယ့်ကို ကြည့်နေသည်။

'ကိုယ်တို့ ဓာတ်ပုံ'

ဟု ကိုယ်ပြောသည်။ ပြီးတော့ ရယ်ပြမလို လုပ်သည်။ ကိုယ်ရယ်လို့မရ။ ဦးလေးမောင်မောင်ကြီးသည် ကိုယ့်လက်ထဲက ဓာတ်ပုံကို အသာဆွဲယူ၍ အံဆွဲထဲ ပြန်ထည့်လိုက်သည်။ အံဆွဲကို ပြန်ပိတ်ပေးသည်။ 'လာကွာ… အိမ်ရှေ့သွားရအောင်' ဟု ပြောပြီး ကိုယ့်ပခုံးကို ဖက်၍ ခေါ်သွားသည်။ ဧည့်ခန်းထဲမှာ ထိုင်ကြသည်။

ဦးလေးမောင်မောင်ကြီးသည် သက်ပြင်းချလိုက်သည်။

'မစောမြင့် ပြန်မလာသေးဘူးလား' ဟု မေးသည်။ ကိုယ်က 'မလာသေးဘူး' ဟု ဖြေလိုက်သည်။

'နောက်ကျလှချည်လား'

'မေမေက ခုနောက်ပိုင်း ရုံးဆင်းရင် တရားပွဲသွားတာ ဦးလေးရဲ့'

ဦးလေးမောင်မောင်ကြီးက ခေါင်းတညိတ်ညိတ် လုပ်နေသည်။ သူဘာမျှထပ်မပြော။ စားပွဲပေါ်က သတင်းစာကိုသာ ငေးကြည့်နေသည်။ ကိုယ်ကတော့ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်မိသည်။

'ဦးလေး'

ကိုယ့်ခေါ်သံကြားတော့ သူလန့်သွားသလိုပဲ ဖြစ်သွား၏။

'ကိုယ်တစ်ခုမေးချင်တယ်'

သူဘာမျှမပြောဘဲ ကိုယ့်ကိုသာ ကြည့်နေသည်။

'ဖေဖေက ခုရက်ပိုင်းမှာ ဘာဖြစ်လို့ အိမ်ပြန်မအိပ်တာလဲ၊ သုံးလေးရက်နေမှ တစ်ခေါက်လောက် ပြန်လာတယ်'

'အလုပ်များနေလို့ပေါ့ကွ၊ အလုပ်ရုံမှာ အရေးကြီးတဲ့ အလုပ်တွေရှိ…'

'ဦးလေး'

သူ့စကားကို ဖြတ်၍ ကိုယ်ပြောလိုက်သည်၊ ပြီးတော့ ကိုယ့်ပါးစပ်က အလိုလိုဆက်ပြောမိသည်။





'ဦးလေး… ဖေဖေနဲ့ မေမေဘာလို့ စကားမပြောကြတာလဲဟင်၊ အဲဒါ ကိုယ်သိချင်တယ်'

ဦးလေးမောင်မောင်ကြီးသည် သက်ပြင်းချလိုက်သည်။

'တစ်နေ့နေ့မှာ ညီညီ ဒီလို မေးလာလိမ့်မယ်လို့ ဦးလေး သိပါတယ်ကွာ၊ မေးလည်း မေးသင့်ပါတယ်၊ သိလည်း သိသင့်ပါတယ်၊ တစ်ခုပဲရှိတယ်။ အဖြစ်အပျက်အားလုံးရဲ့ အကြောင်းရင်းခံကို ညီညီ နားမလည်မှာဘဲ ဦးလေး စိုးရိမ်တယ်။ ဘာပဲဖြစ်ဖြစ် အတတ်နိုင်ဆုံး ရှေလည်အောင် ဦးလေး ပြောပြပါ့မယ်။ ကြိုပြီးပြောထားချင်တာကတော့ ညီညီ့ဖေဖေမှာရော၊ ညီညီ့ မေမေမှာပါ အပြစ်မရှိဘူး ဆိုတာကိုပဲကွာ'

ဒါဆို ဘယ်သူ့မှာ အပြစ်ရှိတာလဲဟု ကိုယ်မေးလိုက်ချင်သည်။ သို့သော်လည်း စကားဆက်ပြတ်သွားမည် စိုး၍ မမေးဖြစ်တော့။ ဦးလေးမောင်မောင်ကြီးသည် ကိုယ့်ကို မကြည့်ဘဲ အပြင်ကို ငေးနေသည်။ သူ့ပုံစံမှာ ကိုယ့်ကို ပြောပြနေတာနဲ့ မတူဘဲ သူ့တစ်ယောက်တည်း ပြောနေပုံမျိုး။

'ဖေအောင်ဟာ ငယ်ငယ်တုန်းက သိပ်ဒုက္ခရောက်ခဲ့တယ်'

ဟု ဆိုပြီး ဘွားမေသိန်းပြောပြဖူးသော ဖေဖေငယ်ငယ်တုန်းက အကြောင်းကို ပြန်ပြောပြသည်။

'သူ့အဖေနဲ့ အမေကွဲကြတော့ သူက အဖေနဲ့ ပါသွားတယ်၊ သူ့အဖေက အရက်ကို အလွန်အကျွံသောက်လာတယ်။ အမြဲလိုလို မူးနေတော့ သွန်သင်ဆုံးမဖို့၊ ကျွေးမွေးစောင့်ရှောက်ဖို့၊ ပြုစုယုယဖို့ ကိစ္စတွေကို မလုပ်နိုင်တော့ဘူး။ နောက် သူ့အဖေသေလို့ သူ့အမေလက်ထဲရောက်ပြန်တော့ ပိုလို့တောင် ဆိုးသေးတယ်။ အရိုက်အနှက်၊ အနှိပ်အစက်ခံရတာပဲ ပိုလာတယ်။ ကလေးတစ်ယောက်အနေနဲ့ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ တစ်ခုမှ မရခဲ့ဘူး။ အထူးသဖြင့် မိဘရဲ့မေတ္တာ၊ ပြုစုယုယမှုတွေကို သူမခံစားခဲ့ရဘူး။ အဲဒီမှာ ဖေအောင်ဟာ လူတွေကို မယုံကြည်တတ်တဲ့ အကျင့်ဖြစ်လာတာပါပဲ။ လောကကြီးကို စိတ်နာတယ်ဆိုတာ အဲဒါမျိုးပေါ့ကွာ'

ဦးလေးမောင်မောင်ကြီးက ဆေးပေါ့လိပ်ကို မီးကောက်ညှိပြီး မှာနေသည်။ ကိုယ်ကလည်း မိဘမေတ္တာဆိုသော စကားကို စဉ်းစားကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ မိဘမေတ္တာဆိုတာ အဖေရယ်၊ အမေရယ် တစ်ယောက်စီမှာ သပ်သပ်စီ ရှိနေတာလား။ နှစ်ယောက်ပေါင်းပြီးမှ ရှိရတာလား။ ကိုယ် မသိ။

‘ဒေါ်ဒေါ်သိန်းဆီ ရောက်သွားတဲ့အချိန်ဟာ သူ့အတွက် ကံကောင်းတဲ့ အချိန်လို့ပြောရမယ်။ အေးလေ… သူ့အတွက် ကံကောင်းတယ် ဆိုတာ အရင်ကထက်စာရင်သာ အခြေအနေပိုကောင်းလာတာကို ပြောတာ။ သူများ တွေနဲ့ ယှဉ်ရင်တော့ သိပ်မဟုတ်တော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီ အချိန်မှာ ဦးလေးတို့နဲ့ ကျောင်းမှာခင်ကြတဲ့အချိန်ပဲ။ ဦးလေးတို့မှာက ဘာ အပူအပင်မှ မရှိဘူး။ အဝတ်အစားကောင်းကောင်းနဲ့ မုန့်ဖိုးအပြည့်အစုံနဲ့ ဖေအောင်ကတော့ သိပ်ချို့တဲ့ရှာတယ်။ ဒေါ်ဒေါ်သိန်းခများလည်း မဆိုးမ မဟုတ်လား။ သူ့သားလေးနှစ်ယောက်က သိပ်ငယ်ကြသေးတယ်။ ဖေအောင့် ကို သနားလွန်းလို့သာ ခေါ်ထားရတာ။ သိပ်အဆင်ပြေလှတာ မဟုတ်ဘူး။ အိမ်ဆိုင်ကလေးဖွင့်ပြီး စားသောက်နေရတာ ဒီတော့ ဖေအောင်က ကျောင်း တက်တာတောင် ဖြောင့်ဖြောင့်မတက်နိုင်ဘူး၊ စာတစ်ခုတည်းမှာ စိတ် မဝင်စားနိုင်ဘူး၊ အိမ်ရဲ့စားရေးသောက်ရေးအတွက် တစ်ဖက်တစ်လမ်းက ရှာကြံလာရတယ်။ ဖေအောင်ဟာ ရေလည်းထမ်းဖူးတယ်။ ဆိုက်ကားလည်း နင်းဖူးတယ်။ ဆယ်တန်းအောင်ကျတော့ ဦးလေးနဲ့ လစ်က ကောလိပ်ဆက် တက်နိုင်တယ်။ သူကတော့ မတက်နိုင်ရှာဘူး။ အချိန်ပြည့်အလုပ် ထွက်လုပ် ရတော့ တွင်ခုံတစ်ခုမှာ အလုပ်သင်သဘော ဝင်လုပ်ရင်းက သူ့ကြိုးစားမှု ကြောင့် ဒီအခြေအနေ ရောက်လာရတာပဲ’

စကား ခဏရပ်သွားသည်။ မေမေနဲ့ အကြောင်းကို ဆက်မပြော ဘဲ နေမည်စိုးရိမ်မိ၏။ သို့သော်လည်း သူဆက်ပြောသည်။

‘ဦးလေးတို့ ဘွဲ့ရတဲ့အချိန်လောက်မှာ ဖေအောင်နဲ့ မစောမြင့် လက်ထပ်ကြတယ်၊ လက်ထပ်ခါစတုန်းက ဘာပြဿနာမှ မရှိဘူး။ ညီညီ့ ကို မွေးပြီးတဲ့ အချိန်ထိ သူတို့အိမ်ထောင်ရေးဟာ အဆင်ပြေပြေပဲ။ ညီညီ သုံးလေးနှစ်သားလောက်မှာ ပြဿနာဖြစ်ကြတာပဲ’

‘ဘာပြဿနာလဲဟင်’





ကိုယ်သိချင်လွန်းအားကြီးသဖြင့် ပြောမည်မှန်း သိရက်နဲ့ မေးမိ သည်။

‘ဘာပြဿနာလဲဆိုတာ တိတိကျကျ ပြောရခက်တယ်ကွာ၊ တ ကယ် တိတိကျကျသိရင်လည်း ခုလို ဘယ်ဖြစ်မလဲ၊ ရှင်းလို့ လွယ်တာပေါ့၊ ဦးလေးခန့်မှန်းလို့ ရတာတော့ ရှိတယ်ကွာ၊ ဒါပေမယ့် မင်းနားလည်အောင် ပြောပြရမှာ ခက်တယ်’

‘ပြောပါ ဦးလေးရာ၊ ကိုယ် သိမှာပါ’

‘လွယ်လွယ်ပြောရရင် စိတ်သဘောထားချင်း မတိုက်ဆိုင်တာလို့ ပြောရမှာပေါ့။ ဖေအောင်ဟာ ကလေးဘဝထဲက ဆင်းရဲဒုက္ခရောက်ခဲ့ရ တယ်။ သူ့အတွက် ပျော်စရာဆိုတာ မရှိခဲ့ဘူး။ လူတွေကို စိတ်နာတတ် တယ်။ အရွယ်နဲ့ မမျှတဲ့ ဒုက္ခကို ခံစားခဲ့ရတယ်။ လူ့ဘဝရဲ့ ပျော်စရာ အကောင်းဆုံးအချိန်တွေမှာ သူဟာ စိတ်ဆင်းရဲစရာအကောင်းဆုံးနဲ့ပဲ တွေ့ခဲ့ ရတယ်။ သူ့အတွက် ပျော်ပျော်ပါးပါး လည်ပတ်သွားလာရတာကို မသိဘူး။ ဦးလေး ပြောမယ်ကွာ။ ဖေအောင်ဟာ ရယ်တာတောင် ဒွန်ကရိုဏ်း ကျအောင် ရယ်တတ်တာမဟုတ်ဘူး။ မစောမြင့်ကတော့ ဖေအောင်နဲ့ မတူ ဘူး။ မစောမြင့်တို့မိဘက ချမ်းသာတယ်။ စိတ်ထားလည်း ကောင်းတယ်။ သူတို့မိသားစုဟာ ပျော်ပျော်ရွှင်ရွှင် သိုက်သိုက်ဝန်းဝန်း နေကြတာပဲ။ ပူပင် စရာဆိုလို့ ဘာမှမရှိဘူး။ မစောမြင့်ဟာ မိဘရဲ့ စောင့်ရှောက်မှုကို အပြည့်အဝ ခံခဲ့ရတယ်။ အဲဒီလို လူနှစ်ယောက် ပေါင်းဖက်မိတဲ့အခါ ဘာဖြစ်လာသလဲ’

ကိုယ် မသိ။ သိသလိုလို ရှိသည်ဟုလည်း ထင်သည်။ မသေချာ ပါ။

‘ဖေအောင်အတွက် ပျော်စရာဆိုတာ အလုပ်ပဲ။ အလုပ်ထဲမှာနှစ်ပြီး လုပ်တယ်။ ပင်ပင်ပန်းပန်းလုပ်မယ်။ ငွေရအောင် ရှာမယ်။ အဲဒါ သူ့တာဝန် လို့ တွက်တယ်။ ဖေအောင်ဟာ မိဘရဲ့မေတ္တာ၊ အယုအယကို မခံခဲ့ရဘူး၊ ခံလည်း မခံစားတတ်တော့ဘူး။ ဒီတော့ သူကလည်း သားမယားအပေါ်မှာ မယုယတတ်ဘူး။ ချစ်တာတော့ ချစ်တာပဲ။ ဒါပေမယ့် ဖွင့်မပြောတတ်ဘူး။ သိအောင်လည်း လုပ်မပြတတ်ရှာဘူး။ အဲဒီအခါ အမြဲတမ်းပြည့်စုံခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com

မစောမြင့်အတွက် ဖေအောင်ဟာ အလိုမကျစရာ ဖြစ်လာတာပဲ။ သားမယား ကို အလုပ်လောက်တောင် ဂရုမစိုက်ဘူး။ လူ့ဥစ္စာလို့ ထင်လာတယ်။ ဖေအောင်အနေနဲ့ကလည်း မစောမြင့်ဟာ ဘဝမနာခဲ့ဘူး။ အလုပ်လုပ်မှ ထမင်းစားရတယ်ဆိုတာ မသိဘူး။ အလုပ်ကို အရမ်းကြိုးစားတာကို အပြစ် ပြောတယ်။ အထက်တန်းလွှာကလာတဲ့လူမို့ ပညာမတတ်တဲ့ သူ့ကို အထင် သေးတယ်လို့ ယူဆလာတယ်။ တကယ်တော့ သူတို့ဟာ တစ်ယောက်နဲ့ တစ်ယောက် နားမလည်ကြတာပါပဲကွာ'

'ဦးလေးက နားလည်အောင် ပြောပြလိုက်ပေါ့'

ဦးလေးမောင်မောင်ကြီးက ရယ်သည်။ တကယ် မရယ်ချင်ဘဲ ရယ်ကြောင်း သိသာလေသည်။ ကိုယ့်ပခုံးကို တစ်ချက်လှမ်းပုတ်ပြီး . . .

'မင်း မသိသေးပါဘူးကွာ၊ ဒါပေမယ့် တစ်နေ့နေ့မှာတော့ မင်း နားလည်လာမှာပါ။ အဲဒီအခါကျရင်သာ အကောင်းဆုံးအခြေအနေ ဖြစ်လာဖို့ မျှော်လင့်ရတာပဲပေါ့ကွာ'

*

ဦးလေးမောင်မောင်ကြီး ပြောသွားသော စကားတွေထဲတွင် ကိုယ် နားလည်တာလည်း ပါသည်။ နားမလည်တာလည်း ပါသည်။ ဖေဖေနှင့် မေမေတို့သည် တစ်ယောက်နှင့် တစ်ယောက် သဘောထားချင်း မတိုက်ဆိုင် လို့တဲ့။ ကိုယ့်သဘောအရဆိုလျှင်တော့ မတိုက်ဆိုင်တာကို တိုက်ဆိုင်အောင် လုပ်ပေးလိုက် ပြီးတာပဲ။ သို့သော်လည်း တိုက်ဆိုင်အောင် ဘယ်လိုလုပ်ပေးရ မှာလဲ ကိုယ်မသိ။

ဦးလေးမောင်မောင်ကြီးက ပြောသွားသေးသည်။ ဖေဖေက အလုပ် ထဲမှာပဲ စိတ်ရောက်နေလို့ မေမေနဲ့ သိပ်စကားမပြောဖြစ်ဘူးတဲ့။ မေမေက တစ်ခုခု ပြောမယ်ကြံရင်လည်း ဖေဖေက အလုပ်ကိစ္စ စဉ်းစားနေတာကို နှောင့်ယှက်ရမလားဆိုပြီး ဆူတယ်တဲ့။ အဲဒီလို နေကြရင်းက တစ်ယောက်နဲ့ တစ်ယောက် ခပ်စိမ်းစိမ်း ဖြစ်လာကြတာ။ ကြာတော့ စကားမပြောတဲ့အထိ ဖြစ်သွားရောတဲ့။ ဒီလိုဆိုလျှင် တစ်ယောက်ယောက်က ပြန်ပြောလိုက်





ပြီးတာပဲ မဟုတ်လား။ သို့သော်လည်း ဦးလေးမောင်မောင်ကြီးက ပြောပြန် သည်။ မင်းမသိသေးပါဘူး။ တစ်နေ့နေ့တော့ သိလာမှာပါတဲ့။ သိတဲ့အခါ အကောင်းဆုံးဖြစ်လာဖို့ မျှော်လင့်ရတာပဲတဲ့။ အဲဒါကကော ဘာအဓိပ္ပာယ် လဲ။

အခြေခံချင်းမတူတဲ့ လူနှစ်ယောက်ကို ဆုံစည်းအောင် ဖန်တီးပေးခဲ့ တာ ဦးလေးတို့ လုစ်တို့အမှားများ ဖြစ်နေသလား မသိဘူးတဲ့။ ကိုယ့်စိတ် ထင်တော့ အဲဒီလို မဟုတ်နိုင်။ ဒါဖြင့်ရင် ဘယ်သူက မှားတာလဲ။

ဦးလေးမောင်မောင်ကြီးက ပြောပြန်သည်။ ဖေဖေလည်း မမှားဘူး။ မေမေလည်း မမှားဘူး။ ဒါပေမယ့် နှစ်ယောက်စလုံး မမှန်ဘူးတဲ့။ ရှုပ်လိုက် တာ။

'မင်းဖေဖေက မင်းမေမေကိုရော၊ မင်းကိုရော မချစ်ဘူးလို့ မထင်နဲ့ သိပ်ချစ်တယ်၊ ဒါပေမယ့် ချစ်တယ်ဆိုတာ ဘာလဲလို့ သူဟာသူတောင် မသိရှာဘူးကွာ'

ဘာတွေလဲ၊ ဘာတွေလဲ။ ကိုယ်ဖြင့် စဉ်းစားလို့ပင် မရတော့။ သူရှင်းပြမှပင် ပိုရှုပ်ကုန်ပြန်ပြီလား မသိပါ။

■



www.burmeseclassic.com

www.burmeseclassic.com

မုန့်စားကျောင်းဆင်း ခေါင်းလောင်းထိုးသည်။ သိပ္ပံဆရာက နှုတ်ဆက်ပြီး ထွက်သွားသည်။ အတန်းထဲက ကျောင်းသား ကျောင်းသူတွေ အပြင်ထွက်ကြသည်။ ကိုယ်လည်း စာအုပ်ကို ပိတ်၍ လွယ်အိတ်ထဲ ထည့်လိုက်သည်။

ခုနောက်ပိုင်း ကိုယ်ထမင်းဘူး မယူတော့ချေ။ မုန့်ဖိုးရသော တစ်ကျပ်ထဲကနေ တစ်ခုခု ဝယ်စားလိုက်သည်။ ခေါက်ဆွဲသုပ်ဖြစ်ဖြစ်၊ မုန့်ဟင်းခါးဖြစ်ဖြစ်၊ အားလူးပူရီဖြစ်ဖြစ်···။

ကိုယ့်နေရာက တံခါးပေါက်ရှိရာသို့ လျှောက်သွားသည်။ အပေါက်ဝနား ရောက်သောအခါ ကိုယ်အရမ်းအံ့သြသွားသည်။ အပြင်မှာ ရပ်နေသော ဖေဖေ။ ကိုယ် ဖေဖေ့ကို ကြောင်ပြီး ကြည့်နေမိသည်။

'သား··· ဖေဖေနဲ့ ခဏလိုက်ခဲ့ကွာ'

ကိုယ် ယောင်ပြီး ဆက်ရပ်နေမိသည်။

'သွားလေ လွယ်အိတ်ပါ ယူခဲ့၊ သား ဆရာမကိုလည်း ဖေဖေ ခွင့်တိုင်ပြီးပြီ၊ ဒီနေ့ နေ့တစ်ဝက် ခွင့်ပေးဖို့ ပြောထားတယ်'

ကိုယ် လွယ်အိတ်သွားယူသည်။ ပြီးတော့ ဖေဖေနှင့် လိုက်လာခဲ့သည်။ ဖေဖေက ကိုယ့်ကို ဘာကြောင့်လာခေါ်မှန်း မသိ။ မေးလည်း မမေးရဲ။





ဈေးနားရောက်တော့ ဖေဖေက မေးသည်။

'သား··· ဘာစားမလဲ'

ကိုယ် ဘာပြောရမှန်း မသိ။ စောစောတုန်းကတော့ ကိုယ် သိပ်ဆာနေသည်။ အခု မဆာတော့ပြန်ပါ။ ဖေဖေက ငုံ့ကြည့်နေ၏။

'မသိဘူး ဖေဖေ၊ ဖေဖေ စားချင်တာစားပေါ့'

ဖေဖေက တရုတ်ဆိုင်ထဲ ခေါ်သွားသည်။ ခေါက်ဆွဲကြော် နှစ်ပွဲမှာသည်။ ဘဲကင်လည်း မှာသည်။ ယိုးဒယားဟင်းချိုဆိုတာလည်း မှာသည်။

ရောက်လာတော့ အများကြီးပဲ။ ဘယ်လိုမှ ကုန်အောင်မစားနိုင်။ နောက်ပြီး ဘာဖြစ်လို့လဲ မသိ။ ကိုယ်နည်းနည်းလေး စားပြီးတာနဲ့ ဝသွားသည်။

'သား··· နည်းလှချည်လား၊ ဘဲကင် စားဦးလေ'

'တော်ပြီ ဖေဖေ၊ ကိုယ် ဗိုက်တင်းနေပြီ'

'နည်းနည်းဖြစ်ဖြစ် စားဦးကွာ'

ဖေဖေက ဘဲကင်မှ ပေါင်တစ်ခု ယူပေးသောကြောင့် ကိုယ်စားရသည်။ စားပြီးကြတော့ ကိုယ်တို့ ဈေးထဲဝင်လာခဲ့ကြ၏။ ဟိုတစ်ခါ လုံချည်ဝယ်သော ဆိုင်ကို သွားကြသည်။ ဟိုရောက်တော့ လုံချည်အစိမ်းကလေးနှစ်ထည်နှင့် အကွက်ကလေးတစ်ထည် ဖေဖေက ဝယ်ပေးသည်။ ပြီးတော့ နောက်တစ်ဆိုင်မှာ ချုပ်ပြီးသား အင်္ကျီနှစ်ထည်လည်း ဝယ်ပေးသေးသည်။ အစင်းကလေး တစ်ထည်။ အပွင့်ကလေးတစ်ထည်။ ဝယ်ပြီးထွက်လာကာနီးမှ ဆိုင်ထဲပြန်ဝင်ပြီး အဖြူတစ်ထည် ထပ်ဝယ်ပေးသေးသည်။ ပြီးတော့ ကိုယ်တို့ ဆိုက်ကားစီးပြီး အိမ်ကို ပြန်လာကြသည်။

အိမ်ထဲရောက်တော့ ဖေဖေက ပြောသည်။

'သား··· အခန်းထဲ ဝင်ကြည့်စမ်း'

ကိုယ်သည် အိပ်ခန်းထဲ ဝင်ကြည့်သည်။ ကိုယ် အရမ်းအံ့သြသွား၏။ ဝမ်းလည်း သာသွားသည်။ ကိုယ်တို့ အခန်းထဲမှာ စက်ဘီးအသစ်ကလေး တစ်စီး။ ကိုယ်သည် စက်ဘီးကလေးကို တွန်းပြီး ပြေးထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဖေဖေ ဝယ်လာတာလားဟင်၊ ဖေဖေ ကိုယ့်ဖို့လားဟင်'

ဖေဖေက ခေါင်းညိတ်ပြသည်။

'သား… ကျောင်းသွား ကျောင်းပြန် လမ်းမလျှောက်ရတော့ဘူးပေါ့'

'ကိုယ် စီးကြည့်မယ်နော် ဖေဖေ'

'အေး… အေး'

ကိုယ်သည် စက်ဘီးကလေးကို ခြံဝသို့ တွန်းထုတ်သွားသည်။ လမ်းပေါ်ရောက်သောအခါကျမှ အိမ်ဘက်သို့ ပြန်လှည့်သည်။ ဖေဖေက ခြံအဝမှာ ရပ်ပြီး ကြည့်နေသည်။ ကိုယ်က ရယ်ပြလိုက်ပြီး…

'ဖေဖေ… ခဏ'

'ဘာလဲ သား'

'ကိုယ်မှ စက်ဘီးမစီးတတ်ဘဲ ဖေဖေရဲ့'

'ဟေ'

ဖေဖေက ရယ်သည်။ ကြည့်ပါဦး၊ ဖေဖေရယ်သည်။ ဖေဖေ ရယ်နေပြီ။ ဖေဖေက ရယ်တာတောင် ဌာန်ကရိုဏ်းကျအောင် ရယ်တတ်တာ မဟုတ်ဘူးလို့ ဦးလေးမောင်မောင်ကြီးက ပြောတာ။ ဌာန်ကရိုဏ်းတွေ ဘာတွေ ကိုယ်မသိ။ ဖေဖေရယ်ဖို့သာ အဓိကပါ။

'ကဲ… ဖေဖေ သင်ပေးမယ်၊ တက်'

ဖေဖေက စက်ဘီးကို ကိုင်ထားသည်။ ကိုယ်က ခွတက်သည်။ မရ။ လုံချည်နဲ့ တုပ်ပြီး ခံနေသည်။

'ခဏလေးနော် ဖေဖေ'

ကိုယ်အိမ်ထဲ ပြန်ပြေးဝင်ခဲ့သည်။ လုံချည်ကို ချွတ်ချလိုက်ပြီး ဘောင်းဘီတိုတစ်ထည် ယူဝတ်သည်။ ပြီးတော့ ပြန်ပြေးထွက်လာခဲ့သည်။ သည်တစ်ခါတော့ စက်ဘီးပေါ်ကို လွှားခနဲ ရောက်သွားလေသည်။

ဖေဖေက နောက်ကနေ တွန်းပေးသည်။ ဖင်ထိုင်ခုံကို ကိုင်ပြီး ထိန်းထားပေးသည်။

'သား… ကိုယ်ကြီးကို စောင်းမထားနဲ့လေကွာ၊ တည့်တည့်ထား





လက်က တောင့်တောင့်ကြီး လုပ်မထားနဲ့၊ အေး… ဟုတ်ပြီ၊ ခြေထောက်ကလည်း နင်းဦးလေ'

ကုန်းဆင်းကလေးကို ရောက်သောအခါ စက်ဘီးက နည်းနည်းပိုမြန်လာသည်။

'ဖေဖေ ထိန်းထားနော်'

ဖေဖေ ပြန်ပြောသံ မကြားရ။ ကိုယ်စောင်းကြည့်လိုက်သည်။ ဟင်… နောက်မှာ ဖေဖေမရှိတော့။ စက်ဘီးကို ကိုယ်တစ်ယောက်တည်း နင်းနေရတာပါလား။

'ဖေဖေ လာပါဦး၊ ကိုယ်ကြောက်တယ်'

ဖေဖေက 'ထိန်းထား သား၊ ရတယ် ထိန်းထား' ဟု နောက်ကနေ လှမ်းအော်သည်။ စက်ဘီးသည် ပို၍ မြန်လာသည်။ ကိုယ်လည်း အရမ်းကြောက်လာသည်။ ဘယ်လိုမှ ထိန်းမထားနိုင်တော့ဘဲ လမ်းဘေးကို ထိုးဆင်းသွား၏။ ချုံပုတ်တစ်ခုထဲ စိုက်ဝင်သွားပြီး စောင်းလဲသွားသည်။ ကိုယ် ခုန်ဆင်းလိုက်ရသည်။ တော်သေးသည်။ ဘာမျှမဖြစ်။

ဖေဖေက…

'သား… ဘာဖြစ်သွားသေးလဲ'

'ဘာမှမဖြစ်ပါဘူး၊ ဖေဖေကလည်း ဘာလို့ လွှတ်ပေးလိုက်တာလဲ'

'စက်ဘီးစီးသင်တယ်ဆိုတာ ဒီလိုပဲကွ၊ လွှတ်မပေးရင် ဘယ်တတ်တော့မလဲ၊ ကဲ… နောက်တစ်ခေါက်ကွာ'

'ဟာ… တော်ပြီ ဖေဖေရာ၊ ကိုယ်ကြောက်တယ်'

'အေး… အေး၊ ဒါဆိုလည်း နောက်တစ်ခါပေါ့ကွာ'

ကိုယ်တို့ အိမ်ထဲပြန်ဝင်ပြီးနောက် ကိုယ်ရေချိုးသည်။ ဖေဖေက အင်္ကျီအသစ်ကလေး ဝတ်ကြည့်ပါဦးကွဟု ဆိုသဖြင့် ဝတ်ရသည်။

'ဖေဖေ မေ့သွားတယ်ကွာ၊ လုံချည်လေးတွေပါ ဈေးထဲမှာ တစ်ခါတည်း ချုပ်ခဲ့ရကောင်းသား'

'ကိစ္စမရှိပါဘူး ဖေဖေရဲ့၊ ဒီနားမှာပဲ ချုပ်ရင်လည်း ရတာပဲဟာ'



www.burmeseclassic.com

www.burmeseclassic.com

'သား… ဘာစားဦးမလဲကွ'

'ဟာ… ဖေဖေကလည်း ဆယ့်နှစ်နာရီလောက်ကမှ စားတာ၊ ဘယ်ဆာမလဲ'

ဖေဖေသည် ကိုယ့်အင်္ကျီကို ကိုင်ကြည့်သည်။ 'ကြိုက်ရဲ့လားကွ' ဟု မေးသည်။

'ကြိုက်တာပေါ့ ဖေဖေရ၊ ဒီအစင်းကလေးရော ဟိုအပွင့်ကလေးပါ ကြိုက်တာပဲ'

'အေး… အေး၊ ထိုင်ပါဦး သားရဲ့'

ကိုယ်သည် ဖေဖေ့ရှေ့က ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

'သားကို ဖေဖေပြောစရာ ရှိသေးတယ်ကွ'

'ဟုတ်ကဲ့ ဖေဖေ'

ဖေဖေက ပြောစရာရှိတယ် ဆိုသော်လည်း ဘာမျှမပြောဘဲ တော်တော်ကြာအောင် သည်အတိုင်းနေသည်။ စီးကရက်ကိုသာ တစ်ဖွာပြီး တစ်ဖွာ ဆက်တိုက်ဖွာသည်။ ရှေ့က နံရံကို ငေးကြည့်နေသည်။ ကိုယ်လည်း ယောင်ပြီး ဖေဖေကြည့်နေသော နေရာသို့ လှည့်ကြည့်မိသည်။ နံရံမှာ ချိတ်ထားသော မေမေ့ဓာတ်ပုံ။ ကိုယ်သည် ဖေဖေ့အခန်းထဲက ကိုယ်တို့ မိသားစုဓာတ်ပုံကို သွားသတိရမိသည်။

ငေးနေသော ဖေဖေ့မျက်နှာကို ကြည့်မိပြန်သည်။ ဖေဖေသည် အရမ်းပိန်သည်။ နဖူးမှာလည်း အသားတွေ တွန့်ပြီး အစင်းကြောင်းကြီးတွေလို ဖြစ်နေသည်။ ကိုယ်တို့မိသားစုဓာတ်ပုံထဲက ဖေဖေနှင့် တခြားစီ။ ခုမြင်နေရသော ဖေဖေက အရမ်းအသက်ကြီးနေသလိုပဲ။ ဖေဖေ့မျက်လုံးတွေကလည်း မိခိုင်ရဲ့ ဖေဖေတို့၊ ဦးလေးမောင်မောင်ကြီးတို့နှင့် မတူ။ နီနေသလို ထင်ရသည်။

'သား'

'ခင်ဗျာ… ဘာလဲ ဖေဖေ'

ဖေဖေသည် ကိုယ့်ကို စိုက်ကြည့်ပြီး မေးသည်။

'ဖေဖေ့ကို ချစ်ရဲ့လားကွာ'





'ချစ်တာပေါ့ ဖေဖေရဲ့'

ဖေဖေသည် အသက်အရမ်း ရှူသွင်းသလို လုပ်လိုက်ပြီး…

'ဖေဖေနဲ့ မင်းမေမေနဲ့ ဘယ်သူ့ကို ပိုချစ်သလဲ'

ကိုယ်အံ့သြပြီး ဖေဖေ့ကို ငေးကြည့်နေမိသည်။ ခုရက်အတွင်း ကိုယ် အဲသလို အမေးခံရတာ နှစ်ခါရှိပြီ။ ဟိုတစ်နေ့ကလည်း မေမေက ကိုယ့်ကို အဲသလို မေးခဲ့သေးသည်။ မေမေက မေးတုန်းက 'နှစ်ယောက်စလုံးကို တူတူပဲ ချစ်တာပေါ့ မေမေရဲ့' ဟု ဖြေခဲ့သည်။ ခုတစ်ခါ…

'မသိဘူး ဖေဖေ'

ကိုယ် လွှတ်ခနဲ ပြောမိသည်။ ဖေဖေသည် နံရံက မေမေ့ဓာတ်ပုံကို ပြန်ငေးကြည့်နေပြန်သည်ဟု ကိုယ်ထင်သည်။

*

မုန့်စားလွှတ်သောအခါ သူငယ်ချင်းတွေနှင့် ဆုံနေကျ စိန်ပန်းပင်ကြီးဆီ မသွားဘဲ ဟိုးကျောင်းထောင့်က ညောင်ပင်ကြီးအောက်မှာ သွားထိုင်နေလိုက်သည်။ ဒီနေ့ ကိုယ်ဘယ်သူနှင့်မျှ စကားမပြောချင်။ တစ်ယောက်တည်းနေပြီး စဉ်းစားချင်သည်။

မနေ့တုန်းက ဖေဖေလာခေါ်သော ကိစ္စကို အိပ်မက်လို့တောင် ထင်နေမိသည်။ ဖေဖေသည် ကိုယ့်ကို ဘာလို့ကျောင်းမှာ လာခေါ်ရတာလဲ။ ပြီးတော့ အရင်တုန်းကနှင့် လုံးဝမတူဘဲ အရမ်းအလိုလိုက်ခဲ့တာကကော။ အဲဒီအချိန်တုန်းက ကိုယ့်စိတ်ထဲမှာ ဘယ်လိုတွေ ဖြစ်နေမှန်းတောင် သတိမရ။ ပျော်လည်း ပျော်သည်။ အံ့လည်း အံ့သြနေသည်။ ပြီးတော့ ဝမ်းနည်းသလိုလိုလည်း ဖြစ်နေသလား မသိ။ အဲဒါကကော ဘာဖြစ်လို့လဲ။ တစ်ခုတော့ ရှိသည်။ သိပ်ဝမ်းသာလွန်းရင်လည်း မျက်ရည်ကျတယ်လို့ လူကြီးတွေ ပြောကြသည် မဟုတ်လား။ ဦးလေးဦးမောင်မောင်ကြီးပြောသော တစ်နေ့ကျရင် သိလာလိမ့်မယ်။ အကောင်းဆုံးအခြေအနေကို မျှော်လင့်ရတာပဲဆိုတာ ဒါကို ပြောတာလား မသိ။

'ဟိတ်'


www.burmeseclassic.com

www.burmeseclassic.com



မိနိုင်၏အသံကို နောက်မှ ကြားရသောကြောင့် လှည့်ကြည့်လိုက်သည်။ ကိုယ်အံ့သြသွား၏။ ရယ်လည်း ရယ်ချင်သွားမိသည်။ သူသည် ခါတိုင်းလို စကတ်လေးဖြင့် မဟုတ်တော့ဘဲ ထဘီအစိမ်းကလေးကို ဝတ်ထားသည်။ သူထဘီဝတ်ထားပုံမှာ အတန်းကြီးက အစ်မတွေလို သပ်သပ်ရပ်ရပ် မရှိချေ။ ထဘီအောက်စသည် ရွှဲစောင်း၍ ထွက်နေသည်။

သူသည် ထဘီဝတ်ထားသောကြောင့် ရှက်နေပုံ ရလေသည်။ ကိုယ့်ကို သေသေချာချာ မကြည့်ဘဲ သူ့လက်ထဲက ဓားလိုးရေခဲမုန့် နှစ်ခုထဲက တစ်ခုကို လှမ်းပေးသည်။ ကိုယ်သည် ရယ်ချင်စိတ်ကို မအောင့်နိုင်ဘဲ ရယ်မိသည်။

'ဘာရယ်တာလဲ'

ဟု ပြောပြီး ကိုယ့်ဘေးမှာ ဝင်ထိုင်ရင်း ကိုယ့်လက်မောင်းကို ထုမလို လုပ်သည်။ နောက် မထုတော့ဘဲ နေလိုက်၏။

'နင်က ထဘီနဲ့ အပျိုလုပ်လာတာပေါ့လေ'

'မဟုတ်ပါဘူးဟာ၊ မေမေက အတင်းဝတ်ခိုင်းလို့'

ခါတိုင်း စကတ်ဝတ်တုန်းကဆိုလျှင် သူ့ခြေသလုံး ဖြူဖြူလေးတွေကို အမြဲမြင်နေရသည်။ ခု ထဘီနဲ့ဆိုတော့ မမြင်ရတော့ချေ။ ဘာဖြစ်လို့လဲ မသိ။ ခုမှ သူ့ခြေသလုံးတွေကို ပြန်ကြည့်ချင်နေမိသည်။

'နင်က ဒီမှာ တစ်ယောက်တည်း ဘာလာလုပ်နေတာလဲ'

'ဘာမှ မလုပ်ပါဘူးဟာ'

'နင်… ခုတလော ဘာဖြစ်နေတာလဲဟင်၊ သိပ်ငိုင်တာပဲ'

'ဘာမှမဖြစ်ပါဘူး၊ နင်ကကော ကိုယ့်ကို ဘာလို့လိုက်ရှာရတာလဲ'

'ဟို… ဟိုဒင်းလေ၊ ငါပြောစရာရှိလို့၊ မဟုတ်ဘူး… မဟုတ်ဘူး ဓားလိုးရေခဲမုန့် ကျွေးမလို့။ အဲဒါနဲ့ ငါ ဟိုကောင်မတွေ မသိအောင် လှိုးပြီး ထွက်လာတာ၊ သိသွားရင် ငါ့ကို ပြောကြဦးမယ်'

'ဘာပြောမှာလဲ'

'စမှာပေါ့ဟ'

'ဘာ… ဘယ်လို စမှာလဲ'





'မပြောချင်ပါဘူးဟာ၊ ဘာမှန်းလဲ မသိဘူး'

သူ့မျက်နှာသည် အရင်က တစ်ခါမှ မမြင်ဖူးသော ပုံစံမျိုး ဖြစ်နေသည်။

'မပြောချင်လည်း နေဟာ၊ ဒါပေမယ့် နင်ပြောမယ့်ဟာ ကိုယ်သိတယ်'

'ဟင်… ဘာလဲ၊ ဘာလဲ ပြော'

'ဟိုဥစ္စာလေ'

ကိုယ်သည် ပြောမည်ပြုလိုက်ပြီးမှ မပြောတတ်ဘဲ ဖြစ်သွားသည်။

'ဟို… အေးဟာ၊ ကိုယ်သိတယ်ဆိုရင် ပြီးတာပဲ မဟုတ်လား'

'အေးလေ… ပြီးရောပေါ့'

အမှန်မှာ ကိုယ်ဘာမှမသိဘူးဟု ထင်ပါသည်။ စကားမရှိ စကားရှာပြီး ပြောလိုက်ရခြင်း ဖြစ်မည်။

'ပြီးတော့ တင်အောင်ခိုင်ကလည်း ကိုယ့်ကို ပြောတယ်'

'ဘာပြောတာလဲ'

ကိုယ့်ကို မကြည့်ဘဲ မေးသည်။

'နင် မသိဘူးလား'

သူ ခေါင်းခါသည်။

'နင် သိမှာပါ'

သူ ကိုယ့်ကို တစ်ချက်မော့ကြည့်သည်။ ပြီးတော့ ခေါင်းခါပြသည်။ ကိုယ်သည် တံတွေးကို မျိုချလိုက်ပြီး…

'နင်… နင် ထဘီဝတ်တာက ရယ်စရာကြီး'

သူရယ်သည်။ ခါတိုင်းတုန်းက ရယ်သလိုမျိုး မဟုတ်တော့ချေ။ အရင်ကဆိုလျှင် သိပ်ရယ်စရာမကောင်းသော ကိစ္စပင်ဖြစ်စေ အသံစာစာကလေးဖြင့် အကြာကြီး ရယ်တတ်သည်။ သူရယ်ပြီဆိုလျှင် သူ့ကိုယ်ကလေးရော၊ သူ့ဆံပင်များပါ လှုပ်ယမ်း၍ နေတတ်လေသည်။ ပြီးတော့လည်း စကားပြောလျှင် ကိုယ့်လက်မောင်းကို သူ့လက်ညှိုးကလေးဖြင့် ထိုး၍ ထိုး၍ ပြောတတ်သည်။ ခုတော့ဖြင့် သူသည် ခဏကလေးသာ ရယ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြန့်တည်သွားသည်။ သူ့လက်ကလေးများကလည်း သူ့ပေါင်ပေါ်မှာ ငြိမ်ငြိမ်ကလေး နေနေကြသည်။

'မေမေက နောက်ဆိုရင် ထဘီပဲ ဝတ်ရမယ်လို့ ပြောတယ်'

သူ တိုးတိုးလေး ပြော၏။

'ကိုယ်ကတော့ ကြိုက်ပါတယ်'

'ဟင်… ဘာလဲ'

သူ ကိုယ့်ကို ကြည့်ပြန်သည်။

'ဟုတ်တယ်၊ နင် ထဘီဝတ်တာပဲ ကောင်းတယ်၊ စကတ်နဲ့ဆိုရင်'

ကိုယ်ဆက်မပြော။ 'စကတ်နဲ့ဆိုရင် နင့်ခြေထောက်တွေက အငြိမ်မနေဘူး'ဟု ကိုယ်ပြောချင်သည်။ သို့သော်လည်း ပြောလို့မထွက်။ ကိုယ်သည် သက်ပြင်းကို အသံမမြည်အောင် ဖြည်းဖြည်းလေး ချလိုက်ပြီး…

'ထဘီဝတ်တာပဲ ကောင်းပါတယ်ဟာ'

သူသည် ကိုယ့်ဘေးနားမှာ ထိုင်နေရာမှ ဟိုဘက်သို့ နည်းနည်းလေး ရွှေ့ထိုင်သည်။ ရွှေ့ထိုင်သည် ဆိုသော်လည်း တကယ်တော့ နေရာမရွှေ့ချေ။

ဒီနေ့ သူ့ကိုကြည့်ရတာ တစ်မျိုးကြီး ဖြစ်နေသည်။ ကိုယ့်စိတ်တွေကလည်း ထူးခြားနေသလိုပဲ။ သူ့မျက်နှာကို ခါတိုင်းလို စေ့စေ့ကြည့်ရဲ့မရဲချေ။ သူသည်လည်း ကိုယ့်ကို မကြည့်ဘဲ ခေါင်းငုံ့နေ၏။

လေတစ်ချက် တိုက်သောအခါ ညောင်ရွက်တွေ လှုပ်သွားသည်။ ကိုယ့်ရင်ထဲက တလှပ်လှပ် ဖြစ်လာ၏။ သူ့ဆီက သနပ်ခါးနံ့ကို တစ်ချက်တစ်ချက် ရသောအခါ စိတ်ထဲက တစ်မျိုးကြီးဖြစ်နေသည်။ ကိုယ့်ရင်သည် တဒိတ်ဒိတ်ခုန်နေသည်။ ဘာစကားမှလည်း ပြောလို့မရ။ သူကကော ဘယ်လိုဖြစ်နေသလဲ။ ပေါင်ပေါ်မှာ တင်ထားသော သူ့လက်ကလေးသည် ထဘီစကို ဆုပ်ကိုင်ထားသည်။ ထူးဆန်းသည်ဟုပင် ထင်သည်။ ခုနလေးပဲ ကြာဇံကြော်သုပ် စားလာသော်လည်း ခု ဗိုက်ထဲက ဆာသလိုကြီး ဖြစ်လာ





သည်။ ရေငတ်သလိုလည်း ဖြစ်နေသည်။ ကိုယ်သည် လွတ်ခနဲ ပြောမိသည်။

'နင့်လက်ကလေးတွေက သိပ်လှတာပဲ'

ကိုယ်သည် သူ့လက်ကလေးကို ဆတ်ခနဲ ဆုပ်ကိုင်မိသည်။

'အို'

သူ့မျက်နှာသည် ချက်ချင်းအရောင်ပြောင်းသွားသည်။ အရင်လို ဖြူဖြူကလေး မဟုတ်ဘဲ ပန်းရောင်ဖြစ်သွား၏။ သူ့လက်ကလေးသည် အေးစက်နေသည်။ ကိုယ်ချက်ချင်း ပြန်လွှတ်လိုက်၏။

'တဒေါင်ဒေါင်' ခေါက်လိုက်သော ကျောင်းတက်ခေါင်းလောင်းထိုးသံသည် ကိုယ်တို့ကို လန့်ဖြန့်သွားစေသည်။

'ဟော… ကျောင်းတက်ပြီ'

သူ့အသံသည် အရင်ကလို ရှုးရှုးကလေး မဟုတ်တော့ဟု ကိုယ်ထင်သည်။

'သွားကြစို့ မိနိုင်'

ကိုယ့်အသံသည်လည်း ချက်ချင်းသြလာသလို ထင်ရ၏။ ကိုယ်တို့ ထရပ်လိုက်သည်။ စောစောက ပစ်ချထားသော စားလို့ရေခဲမုန့်မှာ ထိုးသည့်တုတ်ချောင်းတွင် နားနေသော ယင်ကောင်တွေ လန့်ပြီး ထပျံကုန်ကြသည်။

■



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်သည် ကျောင်းမှအိမ်သို့ လျှောက်ပြန်လာခဲ့သည်။ နောက် ကိုယ်စက်ဘီးစီးတတ်သွားလျှင် ခုလို လျှောက်စရာမလိုတော့။ လမ်းလျှောက်ရင်း ကိုယ် စဉ်းစားလာသည်။

ဒီနေ့ မိခိုင်သည် ဘယ်လိုဖြစ်နေသလဲ မသိ။ ကိုယ်လည်း ဘယ်လိုဖြစ်နေမှန်း မသိ။ တကယ့်တကယ်တော့ ကိုယ်တို့ ဘာတွေမှန်းမသိဖြစ်နေကြတာ ခုတလော ခဏခဏပဲ။ အိမ်မှာလည်း ဒီအတိုင်းပဲ။

ဦးလေးမောင်မောင်ကြီးသည် ကိုယ်တို့မြို့ကို ခဏခဏလာသည်။ လာတိုင်းလည်း မေမေနှင့် လာလာစကားပြောသည်။ ဘာတွေပြောမှန်းတော့ ကိုယ်မကြားရလို့ မသိ။ အန်တီလူးကလည်း မေမေ့ဆီ ညတိုင်းလိုလာသည်။ ကိုယ်အိပ်သွားသည်ထိ မီးဖိုချောင်ထဲမှာ တိုးတိုးတိုးတိုး ပြောကြသည်။ တစ်ခုခုတော့ တစ်ခုခုပဲ။

ကိုယ်သည် လမ်းလျှောက်လာရင်းက ကောင်းကင်ကို မော့ကြည့်မိသည်။ အရှေ့ဘက်တွင် လကွေးကွေးကို မှုန်မှုန်ကလေး မြင်နေရသည်။ ညနေခင်းအချိန်မှာလည်း လထွက်တတ်ကြောင်းကို အရင်က သတိထားမကြည့်မိဖူးသဖြင့် အံ့သြနေမိသည်။ အနောက်ဘက်ကို ကြည့်သောအခါမှာလည်း တိမ်တိုက်တွေ ကြားထဲသို့ ဝင်ကာနီး ဖြစ်နေသော နေမင်းကြီးကို မြင်ရသည်။





အိမ်ရှေ့သို့ ရောက်သောအခါ ခြံဝင်းထဲသို့ မဝင်သေးဘဲ နေမင်းကြီးကို ခဏကြည့်သေးသည်။ နေမင်းကြီးသည် တိမ်တိုက်ထဲသို့ လုံးဝဝင်သွားတော့မှ အိမ်ထဲသို့ ဝင်ခဲ့သည်။

လွယ်အိတ်ကို စားပွဲပေါ်တင်သည်။ ဖေဖေအခန်းဘက်သို့ လှမ်းကြည့်သေးသည်။ တံခါးပိတ်ထားသည်။ ကိုယ်တို့ အိပ်ခန်းထဲသို့ ဝင်လိုက်၏။

ကိုယ်အရမ်းအံ့သြသွားသည်။ မေမေသည် ခုတင်ပေါ်မှာ ထိုင်နေသည်။ ကိုယ့်ကို မေမေလှမ်းကြည့်သည်။ မေမေ့မျက်နှာက ဘယ်လိုဖြစ်နေသလဲ။ မေမေ ဘာဖြစ်နေတာလဲ။ မေမေ့ကို ကြည့်ရင်း ကိုယ်စိုးရိမ်လာသည်။ လန့်လည်း လန့်လာသည်။ ဘာဖြစ်တာလဲ။

ကိုယ် မေမေ့နားကို လျှောက်သွားသည်။ ဘေးမှာ ဝင်ထိုင်လိုက်သည်။ မေမေသည် ကိုယ့်ကို ကြည့်နေတုန်း။ ပြီးတော့ ကိုယ့်ကို သူ့ရင်ခွင်ထဲဆွဲသွင်းပြီး ဖက်ထားလိုက်သည်။ ခုမှ ကိုယ်သတိထားလိုက်မိသည်။ မေမေ့ဘေးက အိပ်ရာပေါ်မှာ စာရွက်တစ်ရွက်။ မေမေ့ရင်ခွင်ထဲက ရုန်းထွက်လိုက်သည်။ စာရွက်ကို ဆွဲယူပြီး···

သား ညီညီနဲ့ မစောမြင့်···

ကျုပ် စဉ်းစားခဲ့တာ ကြာပြီ။ သားရဲ့ သံယောဇဉ်ကြောင့် မဆုံးဖြတ်ဖြစ်ခဲ့ဘူး။ ခင်ဗျားနဲ့ ကျုပ်ဟာ သဘောထားချင်း မတိုက်ဆိုင်ဘူးဆိုတာ အမှန်ပဲ။ ဘယ်လိုမှ ညှိလို့ရမှာ မဟုတ်ဘူးဆိုတာလည်း ကျုပ်သိတယ်။ ဒီအတိုင်းဆက်နေရင် နှစ်ယောက်စလုံး စိတ်ဆင်းရဲရုံပဲ ရှိမယ်။ ဒါကြောင့် ကျုပ်ခုလို ဆုံးဖြတ်လိုက်တာပါပဲ။ သားကို ကျုပ်ခေါ်သွားချင်ပေမယ့် ခင်ဗျားနဲ့ထားခဲ့တာဟာ သားအတွက် ပိုကောင်းမယ်လို့ထင်တယ်။ အလုပ်ရုံကို ရောင်းလို့ရတဲ့ငွေ ထားခဲ့တယ်။ အိမ်ကိုလည်း သားကိုပဲ ပေးခဲ့ပါတယ်။ ကျုပ်ဘဏ်မှာရှိတဲ့ ငွေနှစ်သောင်းပဲ ယူသွားတယ်။ သားအတွက် ငွေမှန်မှန်ပို့ပေးမယ်။ သားကို နှုတ်ဆက်ခဲ့ချင်ပေမယ့် သားမျက်နှာကိုမြင်ရရင် ကျုပ်ငိုမိလိမ့်မယ်။ သားလည်း ကျုပ်ကို ခွင့်လွှတ်ဖို့ ပြောပြပါ။ ကျုပ် ဒီညနေရထားနဲ့···



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သည် လက်ထဲက စာရွက်ကို ပစ်ချလိုက်သည်။ မေမေ့ကို ကြည့်သည်။ မေမေကလည်း ကိုယ့်ကို စေ့စေ့ကြည့်နေသည်။ မေမေ့ လက်မောင်းနှစ်ဖက်ကို ကိုင်ပြီး ကိုယ်ခေါ်မိသည်။

'မေမေ'

ကိုယ်အခန်းထဲက ပြေးထွက်လာခဲ့သည်။ အိမ်ပေါ်မှ ခုန်ဆင်းလိုက်သည်။ ဝင်းတံခါးကို ကိုယ်နှင့်တိုက်ပြီး တိုးထွက်သည်။ 'သား··· သား···'ဟု မေမေခေါ်လိုက်သော အသံကို သဲ့သဲ့ကြားရသည်။ ကိုယ်လှည့် မကြည့်။ ပြေးသည်။

မော်တော်ကားတွေ၊ ဆိုက်ကားတွေ ကိုယ့်ဘေးမှ ဖြတ်သွားကြ သည်။

ကိုယ့်စိတ်သည် ဘူတာရုံသို့ ရောက်ခါနီးလေ ပို၍ စိုးရိမ်လာလေ ပင်။

ပြေးရလွန်း၍ မောလာသော်လည်း မရပ်ဘဲ ဆက်၍ ပြေးသည်။ ဘူတာရုံထဲကို ဟိုဘက်က ပတ်မဝင်တော့ဘဲ ကုန်းပေါ်မှ ဖြတ်ဆင်းပြေး သည်။ ကုန်ရထားကြီး တစ်စင်းက ရှေ့မှခံနေသည်။ သစ်လုံးတွေ တင်ထား သော တွဲပေါ်သို့ ကိုယ်ကျော်တက်သည်။ ခုန်ချပြီး ဆက်ပြေးသည်။ ဘူ တာရုံထဲသို့ ဝင်လိုက်သောအချိန်တွင် ရထားဥသြဆွဲသံ ကြားရသည်။ လူကြီးတစ်ယောက်သည် သားရေအိတ်အနီကြီးကို ဆွဲ၍ ရထားပေါ်ပြေးတက် သွားသည်။ 'ဖေဖေ'ဟု လှမ်းခေါ်သော်လည်း မကြား။

ခရာမှုတ်သံ ကြားရသည်။

ရထား၏ နောက်ဆုံးတွဲကို ဖြတ်ကျော်မိစဉ်မှာပင် ရထားကြီးသည် လှုပ်ခါသွား၏။

ရထားထွက်ပြီ။

ကိုယ်သည် ရထားတွဲများကို တစ်တွဲပြီး တစ်တွဲဖြတ်ကျော်ပြေး ရင်း ဖေဖေ့ကို ရှာသည်။ ပါးစပ်ကလည်း 'ဖေဖေရေ··· ဖေဖေ'ဟု အဆက်မပြတ် အော်နေမိသည်။ တွဲတစ်တွဲကို ဖြတ်ကျော်ပြေးလိုက်သော





အချိန်မှာပင် ရထားပြတင်းပေါက်မှ အပြင်သို့ ကြည့်နေသော ဖေဖေ့ကို···

'သား'

ဖေဖေ့မျက်နှာပေါ်မှာ အံ့သြတာရော၊ ထိတ်လန့်တာရော၊ ဝမ်းနည်း တာရော။ ဖေဖေသည် ပြတင်းပေါက်မှ ခေါင်းကိုထုတ်လိုက်သည်။ကိုယ် သည် တဖြည်းဖြည်းချင်း လိမ့်နေသော ရထားကြီးကို အမှီပြေးလိုက်နေရ သည်။ ကိုယ့်ပါးစပ်ကလည်း အဆက်မပြတ် ပြောနေဆဲ။

'ဖေဖေ ဘယ်သွားမလို့လဲ၊ မသွားပါနဲ့၊ ပြန်ဆင်းခဲ့ပါ၊ ဖေဖေ သားကိုချစ်ရင်···'

'သား မလိုက်နဲ့လေ၊ သားလေး ရပ်လိုက်တော့'

ဖေဖေက ပြန်အော်သည်။ ရထားသည် တဖြည်းဖြည်း မြန်လာ သည်။ ကိုယ်သည် ပို၍ မြန်အောင်ပြေးရသည်။ မျက်ရည်တွေ ကျလာ သောကြောင့် ဖေဖေ့ကို သေချာစွာ မမြင်ရ။ ရထားကြီးသည် ပို၍ မြန်လာ သည်။ ကိုယ်အတင်းပြေးသည်။ သို့သော်လည်း မမှီတော့။ ဖေဖေထိုင်နေ သော ပြတင်းပေါက်သည် ကိုယ့်ကို ကျော်တက်သွားသည်။ ဖေဖေသည် ပြတင်းပေါက်မှ ကိုယ်တစ်ခြမ်းထွက်ပြီး အော်နေသည်။ ကိုယ်မကြားရ တော့။ အရမ်းမောလာသည်။ မျက်လုံးတွေ ပြာလာသည်။ ရှိသမျှအားကို ဖြစ်ညှစ်၍ ပြေးရင်း ကိုယ် တစ်အားကုန်းအော်လိုက်သည်။

'ဖေဖေ ကိုယ့်ကို မချစ်ဘူး'

မျက်လုံးထဲက ဝင်းခနဲ လက်သွားသည်။ ရင်ထဲက စူးခနဲ နာလာ သည်။ ကိုယ်တစ်ကိုယ်လုံး ချာလပတ် လည်သွား၏။ 'ဟော့လူ မဆင်းနဲ့ မဆင်းနဲ့'ဆိုသော အသံတွေကို ကြားရသလား မသိ။ ကိုယ်မျက်လုံးကို ကြိုးစား၍ ဖွင့်ကြည့်သည်။ လူတစ်ယောက်သည် ရထားပေါ်မှ ခုန်ချလိုက် ပြီး ပလက်ဖောင်းပေါ်သို့ လိမ့်ထွက်သွားသည်။ ကိုယ် သတိလစ်သွား၏။

*



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သည် မျက်စိဖွင့်ကြည့်လိုက်သည်။ ချက်ချင်းမမြင်ရ။ ဝါးနေသည်။ ခေါင်းထဲကလည်း အရမ်းပူသည်။ တစ်ကိုယ်လုံးလည်း နာနေသည်။ တဖြည်းဖြည်းမှ မြင်လာရသည်။

ကိုယ့်ဘေးနားမှာ လူတွေ ဝိုင်းနေကြသည်။ ကိုယ် တစ်ယောက်စီ လိုက်ကြည့်သည်။ မေမေ၊ ဦးလေးမောင်မောင်ကြီး၊ အန်တီလူး၊ မိခိုင်၊ မိခိုင်တို့မေမေ။

'ဖေဖေရော'

'ရှိပါတယ်၊ ခေါင်းမှာ နည်းနည်းပေါက်သွားလို့ ဆေးရုံမှာ တင်ထားတယ်၊ ညီညီနေကောင်းရင် သွားကြည့်တာပေါ့'

အန်တီလူးက ပြောသည်။ ကိုယ်သည် သူတို့တစ်ယောက်စီရဲ့ မျက်နှာများကို ထပ်ကြည့်ပြန်သည်။ ကြည့်လိုက်တဲ့ လူတိုင်းက ကိုယ့်ကို ပြုံးပြကြသည်။ သို့သော်လည်း သူတို့ပြုံးတာကို ကိုယ် မသင်္ကာဘူး။

မိခိုင်ကို လှမ်းကြည့်သည်။ သူ့မျက်နှာကို မမြင်လိုက်ရ။ မိခိုင်ရဲ့ မေမေက သူ့ကို ဆွဲခေါ်သွားသည်။

'ကဲ… ညီညီ ပြန်အိပ်လိုက်ဦးကွာ၊ အားရှိသွားအောင်'

ဦးလေးမောင်မောင်ကြီးက ပြောသည်။ မေမေ့ကို လှမ်းကြည့်လိုက်သည်။ မေမေက မျက်နှာလွှဲသွားသည်။ နောက် သူတို့ ကိုယ့်နားက ထွက်သွားကြသည်။ ကိုယ်သည် ပြန်အိပ်လို့ မရဘဲ အပေါက်ဝကို ငေးကြည့်နေမိသည်။

မိခိုင်။

မိခိုင်သည် ကိုယ့်ဆီကို ပြေးလာသည်။ ခုတင်ဘေးမှာ ဒူးထောက်ထိုင်ချလိုက်သည်။ အိပ်ရာပေါ်မှာ မျက်နှာကို မှောက်ထားသည်။ သူ့ပြောဏ်။

'နင့်ဖေဖေ၊ နင့်ဖေဖေ မရှိတော့ဘူး'

'ဟင်'

လဲနေရာမှ အတင်းထလိုက်သည်။ ရင်ထဲက အရမ်းအောင့်တက်သွားသည်။ ကိုယ်ရင်တွေ အရမ်းတုန်နေသည်။ အိပ်ရာခင်းကို အတင်း





ဆုပ်ကိုင်ထားမိသည်။ ကိုယ်ဘာဖြစ်နေမှန်း ကိုယ့်ဘာသာ မသိ။ အိပ်ရာပေါ်မှာ မျက်နှာကို မှောက်ထားသော မိခိုင်ထံမှ ရှိုက်သံကို ကြားရမှ ကိုယ်သတိရသည်။ ကိုယ် ငိုချင်သည်။ ငိုလို့မရ။ ကိုယ် အရမ်းမောလာပြန်ပြီ။ ကိုယ့်ကိုယ်ကို ထိန်းထားလို့ မရ။ ထိုင်နေရာမှ လန်ကျသွားသည်။

'ညီညီ'

'သား'

'ညီညီ'

'သား…'

အသံတွေ အများကြီး။ လူတွေ အများကြီး ကိုယ့်ဆီ ပြေးဝင်လာကြသည်။ ကိုယ့်ကို ပွေ့လိုက်ကြ၏။ အိပ်ရာခင်းကို ဆုပ်ထားသော လက်ကို အတင်းဆွဲဖြည်ကြသည်။ နောက် ကိုယ်ဘာမှမသိတော့။ တစ်ခုပဲ သိသည်။

ကိုယ် ငိုနေသည်။ အသံလည်း မထွက်။ မျက်ရည်လည်း မကျ။ သို့သော်လည်း ကိုယ် ငိုနေသည်။ ကိုယ့်ငိုသံကို ကိုယ်တစ်ယောက်တည်းသာ ကြားရသည်။

*

BURMESE CLASSIC .com

ဖေဖေနှင့် မေမေသည် ဆေးရုံပေါ်မှာ စကားတွေ အများကြီး ပြောခဲ့ကြသည်တဲ့။ သို့သော်လည်း ကိုယ် မကြားလိုက်ရ။ မေမေက ဖေဖေ့နဖူးကို နမ်းသည်တဲ့။ ကိုယ် မမြင်ရ။

မေမေသည် ဖေဖေ့အသုဘကို လိုက်ပို့တော့ မငိုခဲ့ချေ။ သို့သော်လည်း ကိုယ် သိသည်။ မေမေသည်လည်း ကိုယ့်လိုပင် အသံလည်းမထွက်။ မျက်ရည်လည်း မကျဘဲ ငိုလိမ့်မည်။ မေမေ့ငိုသံကို ကိုယ်ကြားပါသည် မေမေ။

မိခိုင်က သူ့အမေရင်ခွင်ထဲ တိုးဝင်၍ တရှုံ့ရှုံ့ ငိုနေသည်။ တင်အောင်နိုင်နှင့် ဂျွန်ဆင်က ကိုယ့်လက်မောင်းကို ကိုင်ထားကြသည်။ ဖေဖေ့အလောင်းကို အုတ်ဂူထဲ ထည့်သောအခါကျမှ ကိုယ့်ရင်ထဲက တလိပ်လိပ်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



'ငိုချလိုက် ညီညီ၊ ငိုချလိုက်'

ကိုယ် မငို။ အံကြိတ်ထားသည်။

'ငိုလေ၊ ရင်ထဲမှာ ကြိတ်မခံနဲ့'

'ဖွင့်ငိုလိုက်၊ ငိုလေ၊ ငို… ငို… ငို…'

မရဘူး၊ ရင်ထဲက ဆို့နေသည်။ အသံမထွက်။ အသက်ရှူလို့လည်း မရ။ အုတ်ဂူကို ပိတ်နေကြပြီ။

'ဖေဖေ'

ကိုယ် ဒူးထောက်ထိုင်ချလိုက်သည်။ ဘာလုပ်မိမှန်း မသိ။ အုတ်ဂူနှင့် နဖူးကို ဆောင့်သည် ထင်၏။ လူတွေက ကိုယ့်ကို ဝိုင်းဆွဲသည်။ ကိုယ်အတင်းရုန်းသည်။ ကိုယ့်ကို ဝိုင်းချုပ်ထားကြသည်။ မေမေ့ကို ဟိုဘက်မှာ လှမ်းမြင်နေရသည်။ ဦးလေးမောင်မောင်ကြီးနှင့် အန်တီလူးက တစ်ဖက်စီ တွဲထားသည်။ မေမေသည် အုတ်ဂူကို ငေးကြည့်နေသည်။ မေမေ့မျက်နှာ ပြာခနဲ ဖြစ်သွားသည်။ မြေကြီးပေါ်သို့ ပုံကျသွားသည်။ ကိုယ်လည်း…

ကိုယ်ရယ်၊ ဖေဖေရယ်၊ မေမေရယ် အုတ်ဂူထဲမှာ တူတူနေကြရပါပြီ။ ကိုယ်တို့မိသားစု ဓာတ်ပုံကလေးကို ဖေဖေ့ရင်ခွင်ထဲမှာ ထည့်ပေးလိုက်ပါတယ်။

ဖေဖေရေ၊ နေရစ်ခဲ့ပေတော့။

■

*ကြာချည်ရှန်၊ နာရီပြန် ဗဟိုငြိမ့်ပါပေါ့*
*မေးမှိတ်လို့ စက်ပါသော်…*
*ရေး… မှ မပျော်။*

မေမေသည် ပြတင်းဘောင်ပေါ်တွင် လက်ထောက်၍ မေးတင်ရင်း သီချင်းဆိုသည်။ ကိုယ်သည် အိပ်ရာပေါ်တွင် လှဲနေရင်း မေမေသီချင်းဆိုသည်ကို နားထောင်နေ၏။ မေမေ့မျက်နှာသည် ရွှင်ရွှင်ပျပျ မရှိ။ မေမေ့ကို ကိုယ် သနားနေမိသည်။ မေမေ့အသံသည် လွမ်းစရာကောင်းနေပါသည်။

ခုတော့ဖြင့် မေမေ ဘာကို လွမ်းနေကြောင်း ကိုယ် သေသေချာချာ သိပါပြီ။ ကိုယ်သည်လည်း ဘာကြောင့် လှိုက်ခနဲ ဝမ်းနည်းသွားရကြောင်း သိပါပြီ။

ဘာပဲဖြစ်ဖြစ် ဒီအိမ်ကြီးမှာ မေမေရယ်၊ ကိုယ်ရယ် နှစ်ယောက်တည်း။

ဖေဖေဝယ်ပေးခဲ့သော စက်ဘီးကလေးသည် ဖေဖေနေခဲ့သော အခန်းထဲမှာ ဒီအတိုင်း။ ဒီစက်ဘီးကို ကိုယ် စီးလည်း မစီးချင်။ စီးလည်း မစီးတတ်။ ကိုယ့်ကို စက်ဘီးစီးသင်ပေးမယ့်လူလည်း မရှိပါ။

မင်းလူ
(၆-၇-၈၁)





www.burmeseclassic.com